www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၃၉၀၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၆၈၂၂၀၉

အကြိမ် – ပထမအကြိမ်၊

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ရှိတ်

မိုးတိမ်နန်းမှာပွင့်တဲ့ပန်း/ ရှိတ်၊ – ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၀၉။

၂၇၀ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) မိုးတိမ်နန်းမှာပွင့်တဲ့ပန်း




"ယုန်ဖြူ .."

"ရှင် .."

"စက်ဆိုင်တန်းဘက် ရောက်ဦးမလား"

"ဟုတ် .. ကြီးကြီး .."

"သွားလက်စနဲ့ဟယ် .. ငါ့ရဲ့ပိတ်စလေး ယူသွားပြီး အပျိုကြီး ဆိုင်မှာ ဝင်အပ်ခဲ့စမ်းပါ၊ ငါကိုယ်တိုင်း ပေးထားပြီးပြီ၊ ပုံစံလဲ ပြောပြ ပြီးပြီ၊ ဒီမှာ လက်ဖက်ခြောက်တွေ ထိုင်ထုပ်နေရတာနဲ့ မအားလို့ ကြီး ကို ကူညီစမ်းပါဟယ် ..."

ကုန်ခြောက်သည် ဒေါ်သေးက လက်ဖက်ခြောက် ထိုင်ထုပ်နေ ရာကနေ ကုန်းထပြီး ပိုက်ဆံသေတ္တာပေါ်က အဝတ်စထုပ်ကို လှမ်းယူ ပြီး ဆိုင်ရှေ့မှာရပ်နေသည့် ယုန်ဖြူ ဆိုသောမိန်းကလေးထံ ကမ်းပေး လိုက်၏။ ယုန်ဖြူ ဆိုသော အမည်လေးနှင့်လိုက်အောင် လှပကျော့ ရှင်းနေသော နားဆွဲတန်းလန်း၊ ဆံတိုကုပ်ဝဲ၊ ကိုယ်ကျပ်အကျီလှလှ၊

www.burmeseclassic.com



ထဘီစကတ်ကလေး ဝတ်ထားသည့်မိန်းကလေးက လှမ်းယူလိုက်ပြီး ရှေ့ဆက်လျှောက်လာလိုက်၏။

"ယုန်ဖြူ .."

"ရှင့် .."

"ဦးလေးကြီးရဲ့သား ပေါတာကို အထည်ဆိုင်တန်းဘက်မှာတွေ့ရင် လွှတ်လိုက်စမ်းပါ၊ ဒီမှာ ဆီလက်ကားဝယ်တဲ့သူတွေ ရောက်နေတယ်၊ ငါတစ်ယောက်တည်း မနိုင်လို့ ပေါတာကို ဈေးကထိန်မှာဝတ်ဖို့ အကျီအသစ်ချုပ်ခိုင်းလိုက်တာ .. မနက်ကတည်းက၊ ခုပဲ ဈေးခေါင်းကွဲနေပြီ၊ ပေါ်ကိုမလာဘူးဖြစ်နေလို့ပေါ့ .."

"ဟုတ် .. ဦးလေးကြီး .."

ယုန်ဖြူက ဒီစည်ပင်သာယာဈေးကြီးထဲမှာ မသိတဲ့သူ မရှိသလောက်ပါပဲ။ ယုန်ဖြူတို့ဆိုင်က မုန့်ဟင်းခါးဖတ်၊ ခေါက်ဆွဲဖတ်တွေရောင်းသလို ကွမ်းယာပစ္စည်းမျိုးစုံလည်း ရောင်းဝယ်တဲ့ ဆိုင်ကလေးပေါ့။

ယုန်ဖြူနဲ့မိခင်ဖြစ်သူတို့ ဆိုင်ထွက်ရောင်းကြရ၏။ ယုန်ဖြူမှာ ဖခင်နှင့်အစ်ကိုတစ်ယောက်ရှိ၏။ ဖခင် ဦးထွန်းမြိုင်မှာ ပန်းနာရင်ကျပ်ရောဂါဖြင့် ဆုံးသွားတာ သုံးနှစ်လောက်ရှိပြီဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်သန်းရင်က ယုန်ဖြူနှင့် ယုန်ဖြူ့အစ်ကို လင်းယုန်တို့နှစ်ယောက်ကို ပညာတမ်းစေ့နေနိုင်အောင် ဆက်လက်ကျွေးမွေးစောင့်ရှောက်နေဆဲ။

ယုန်ဖြူက ဆယ်တန်း (၂) နှစ်ကျ၍ အဖြေကပြန်ဖြေဖို့ ပြင်ဆင်နေရသူ။ လင်းယုန်ကတော့ ဆယ်တန်း တဖုတ်ဖုတ်ကျတာနှင့် မဖြေ





တော့ဘဲ လူငယ်တွေနှင့်ပေါင်းကာ လေမ်းသရဲလုပ်နေသူ။ ညနေစောင်းရင် အရက်ကလေး အမြီအဝဲလေးတွေ ခပ်ထွေထွေနှင့်ပေါ့။ ဒေါ်သန်းရင်က ဆုံးမလို့လဲမရ၊ လွှတ်ထားလိုက်ရတော့၏။

လင်းယုန်က ယုန်ဖြူ့ကိုချစ်သော်လည်း အမြဲလိုလို အပြစ်တင်မာန်မဲချင်နေတတ်၏။

စက်ဆိုင်တန်းဘက်ကို ဖြတ်သွားတော့ ...

"အပျိုကြီး မမွှန် .."

"ဟဲ့ .. ယုန်ဖြူ လှမ်ပြန်ပြီ၊ ငါ့ကို အပျိုကြီးဆိုတာကြီး တပ်တပ်ခေါ်ပါနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

"ဟုတ် .. မေ့သွားလို့၊ ဒီမှာ ဒေါ်သေးက ပေးလိုက်လို့ သူ့အကျီချုပ်ပေးပါတဲ့"

"သြော် .. အေး .. ခုပေါ်တင်ထားခဲ့၊ ဒီမှာ ဒီဖိုင်းဆွဲနေတာမအားလို့၊ ဒါနဲ့ ညည်းရော ရည်းစားဘယ်နှစ်ယောက်ရနေပြီလဲ"

"ဟာ .. မမွှန်ကလဲ"

ယုန်ဖြူ ရှက်မျက်နှာရဲရဲလေးနှင့် စက်ဆိုင်ထဲက အမြန်ထွက်လာ၍ လမ်းမှာ ဝတုတ်တုတ်ကောင်လေးတစ်ယောက်နှင့် ဝင်တိုးမိမလိုဖြစ်သွား၏။

"မဖြူ .. ဝင်တိုက်မိရင် လျော်ရမှာနော်"

"ဟဲ့ .. ပေါ်ဘာ .. ငါက ဘာလို့လျော်ရမှာလဲ၊ ပြောင်းပြန်ပြောရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်ပြောတာဗျ၊ ကျုပ်ဥတွေ ကွဲကုန်ရင် ဘယ့်နှယ့်လုပ်မလဲ"

"ငါ ဝင်တိုက်မိရုံနဲ့ နှင့်ဥက ကွဲရမလား"

"ကြက်ဥတွေ ခါးပိုက်ထဲထည့်ထားတာ၊ ဒါ ဆေးကြက်ဥဗျ၊ ရှား ပါးပစ္စည်း၊ မတော်ကွဲရင် ဘယ့်နှယ့်လုပ်မလဲ"

"အမလေး .. ကြီးကျယ်လိုက်တာ၊ ဟဲ့ .. ပေါတာ နှင့်အဖေ ဦးလေးကြီးက နှင့်ကိုတွေ့ရင် ပြောလိုက်ပါတဲ့၊ ငါနဲ့မှာလိုက်တယ်"

"ဘာမှာလိုက်တာလဲ၊ ငါ့ကို မိန်းမပေးစားမလို့လား၊ ငါ ကြုံပြော ထားတယ်၊ ယုန်ဖြူကိုရမယ်ဆိုရင်တော့ အသေရရ အရှင်ရရ ယူမှာ ပဲလို့ .."

"ငနာကောင် .. အစုတ်ပလုတ်၊ နှင့်ကိုများ စိတ်ကူးထဲတောင် မထည့်ဘူး .. ဟွန့် .. သွား .."

"ဘယ်ကိုသွားရမှာလဲ"

"နှင့်[redacted]ဖေဆီကိုလေ၊ ဆိုင်မှာ အဝယ်တွေများနေလို့ သူတစ် ယောက်[redacted]ည်း မနိုင်တော့ဘူး၊ နှင့်ကို လာကူခိုင်းနေတာဟဲ့ ငနာရဲ့"

"ဪ .. ဂလိုလား"

"ဟုတ်တယ် .. ရှေ့ကဖယ် .."

ပေါတာကို အတင်းဝင်တိုးတိုက်ပြီး ယုန်ဖြူတို့ဆိုင့်ရှေ့ရောက် အောင် ပြန်လာလိုက်၏။ ဆိုင်ရောက်တော့ မိခင်ကိုမတွေ့။ ပိုက်ဆံ သေတ္တာထဲက ပိုက်ဆံကို ခိုးယူနေသော အစ်ကိုလင်းယုန်ကို ပက်ပင်း ခတွေ့လိုက်ရ၏။





"အစ်ကို .. အဲဒါဘာလုပ်တာလဲ"

လင်းယုန်က လူမိသွား၍ လန့်ရုက်သွားရာက ချက်ချင်းပင် မျက်နှာ ကြောတင်းမာလိုက်ပြီး ...

"ဘာလုပ်လုပ် နှင့်အပူပါသလား၊ နေစမ်းပါဦး၊ နင်က ဆိုင်မထိုင် ဘဲ ဘယ်လျှောက်သွားနေတာလဲ"

"စုမဲ သွားသွင်းနေတာလေ အကြီးမကြီးဆိုင်ကို ..၊ အလကား လျှောက်သွားနေတာမဟုတ်ဘူး၊ ကိုလင်းသာ ဒီနေ့ရောင်းရငွေတွေကို ဖြတ်ယူနေတော့ ဒီလိုနေရင် ကြာတော့ အရင်းပြုတ်ပြီပေါ့"

"နှင့်ပါးစပ်ပိတ်ထား၊ ငါယူတာ ဘာမှမပြောပလောက်ဘူး၊ စီးပွား မပျက်ဘူး၊ နှင့်အသံကျယ်ကြောင့် ဘေးဆိုင်တွေက အတင်းတုပ်ဖို့ ဝိုင်းကြည့်ကုန်ပြီ။ ငါလုပ်လိုက်ရ ဟိုဘက်နားနဲ့ဒီဘက်နား နံပြားလို ကပ်သွားမယ်"

"ကိုလင်းနော် .. လူကို ကြိမ်းလား ဟောက်လားနဲ့ အဟင့် .. ဟင့် .. ဟင့် .."

"ဟဲ့ .. နှင့်ကို လက်ဖျားနဲ့တောင် မထိရသေးဘူး မိုင်ပိုမ၊ အဖြစ် သည်းပြမနေနဲ့"

မောင်နှမနှစ်ယောက် ရန်ဖြစ်နေတုန်း ဒေါ်သန်းရင် ကသောကမျော နဲ့ ဆိုင်ထဲရောက်လာ၏။

"ဟဲ့ .. ဟဲ့ .. ဘာဖြစ်နေကြတာလဲ၊ ဪ .. ငါ့နှယ် .. ဈေးခေါ်မိ သာလေး အသွားတာတောင် စိတ်မဖြောင့်ရပါလားနော်"

www.burmeseclassic.com



"ဘာဖြစ်ရမလဲ အမေရဲ့၊ ကိုလင်းပေါ့၊ ပိုက်ဆံတွေ နိုက်ယူနေတယ်၊ ဘယ်လောက်နိုက်သွားမှန်းမသိဘူး၊ အဲဒါကိုပြောလို့ ယုန်ဖြူကို ရန်လုပ်နေတယ်လေ"

"အမေ့သမီးက သားကို အရှက်ခွဲနေတာ၊ ငါလုပ်လိုက်ရ၊ ငွေလေးငါးထောင်ထဲယူတာကို သူ့မှာ ဖြစ်နေတာလေ"

"ဟဲ့ .. ဟဲ့ .. တော်ကြပါတော့၊ ကဲ ကဲ .. ငါ့သား ယူပြီးရင်လဲ သွားတော့၊ သမီးကလဲ .. မကြီးမငယ်နဲ့ ဘာလို့ ငိုနေရတာလဲ၊ ငါ့နှယ် ဒီမောင်နှမ ဒီလိုတကျက်ကျက်ဖြစ်လွန်းလို့ စိတ်ဆင်းရဲရပါတယ်ဟာယ် တကယ် .. တကယ် .."

လင်းယုန်က ယုန်ဖြူကို လက်သီးဆုပ်ပြပြီး ဂျစ်ကန်ကန်ဆိုက်တင်ဖြင့် ဆိုင်ထဲက ထွက်သွား၏။ ယုန်ဖြူက လက်ကိုင်ပဝါဖြင့် မျက်ရည်သုတ်ပြီး နှပ်ရည်ယိုလာ၍ ငိုခနဲ ညစ်ပြီး ဆိုင်ရှေ့မြောင်းဘက်ကို အမှတ်တမဲ့ ပက်ပစ်လိုက်၏။

"ဟိုက် .."

"အဲတော် .."

"ဟယ် .. ယုန်ဖြူ ညည်းအေ .. လုပ်ချလိုက်ပြန်ပြီ၊ ဈေးဝယ်လာတာကို မမြင်ဘူးလား"

"ရုတ်တရက် မမြင်လိုက်လို့ပါ"

ဆိုင်ထဲကို မရှုံးလာဝယ်သည့် ဘက်ကိုပဲန်ဝတ်ထားသော အရပ်မြင့်မြင့်၊ အသားလတ်လတ်၊ လှပုံချောချောနှင့် လူက သူ့ဘောင်းဘီမှာ





ပေသွားသော နှပ်တွေကို မျက်နှာရှုံ့မဲ့ပြီး ကြည့်နေ၏။

"ဟို .. အစ်ကို မတော်လို့ပါနော်၊ ကျွန်မ ပြန်သုတ်ပေးပါ့မယ်"

ကိုလူချောက ယုန်ဖြူကိုမြင်သွားပြီး မျက်နှာအရှုံးကို ချက်ချင်းပြင်သွား၏။ ပြေပြစ်သော မျက်နှာထားနှင့် ယုန်ဖြူကို ကြည့်လိုက်ပြီး ...

"ရပါတယ်ဗျာ၊ ဒါမျိုးကဖြစ်ခဲပေမယ့် ဖြစ်တတ်ပါတယ်၊ မင်းလေးကိုတောင် ကျေးဇူးတင်ရဦးမယ်"

"ရှင် .."

"ဒီလိုလေ၊ ဒီမနက်ပဲ ဗေဒင်ဝင်မေးလာတာ၊ ယတြာ ချေရမယ်တဲ့၊ သူများ တံတွေးထွေးခံရကိန်းရှိတယ်တဲ့၊ ခုတော့ ယတြာချေစရာမလိုတော့ဘူး၊ ပွတ်သွားပြီ"

ယုန်ဖြူက တစ်ရှူးစတွေဆုတ်ပြီး ကိုလူချောရဲ့ ဘောင်းဘီကို သုတ်ပေးဖို့ ပြင်သောအခါ ...

"နေ .. နေ .. ရပါတယ်ကွာ၊ ပေး .. တစ်ရှူး၊ ကိုယ့်ဘာသာပဲ သုတ်လိုက်ပါ့မယ်"

ဒေါ်သန်းရင်ကတော့ ဈေးဝယ်သူ အခြားတစ်ဦးရောက်လာ၍ ထ ရောင်းနေရတာနှင့်ပင် ဒီဘက်ကို အာရုံမလှည့်နိုင်။

"မုန့်ဟင်းခါးဖတ် လာဝယ်တာပါ၊ လူငါးယောက်စာဆိုရင် ဘယ်လောက်ဝယ်သွားသင့်သလဲ"

"အစားနည်းရင် တစ်ပိဿာဆို လောက်ပါတယ်၊ အစားများကြရင်တော့ တစ်ပိဿာခွဲလောက် ဝယ်သွားပေါ့၊ ယုန်ဖြူ ထည့်ချိန်လိုက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မယ်နော်"

"မင်းကောင်းမယ်ထင်ရင် ကြည့်သာထည့်လိုက်ပေတော့၊ ဒါနဲ့ မင်းလေးရဲ့နာမည်က ယုန်ဖြူတဲ့လား"

"ဟုတ် .."

"ကိုယ်တို့အိမ်က မုန့်ဟင်းခါးတို့၊ အုန်းနို့ခေါက်ဆွဲတို့ဆို သိပ်ကြိုက်တယ်၊ မကြာခဏလုပ်စားဖြစ်တယ်၊ ကိုယ်တို့က ဟိုဘက်ရပ်ကွက်ကြီးထဲ ပြောင်းလာတာ မကြာသေးဘူး။ ဒီလိုဆိုင်မျိုးကိုတော့ မိတ်ဖွဲ့ထားသင့်တာပေါ့"

"ဟုတ် .. အဲ .."

"ရှက်မသွားပါနဲ့ ယုန်ဖြူရယ်၊ ကိုယ့်နာမည် မင်းခန့်ထည်ပါ၊ မင်းက ကိုယ့်ထက်တော့ ငယ်မှာပါ၊ အသက်ဘယ်လောက်ရှိပြီလဲဟင်"

"ဆယ့်ရှစ်နှစ် .."

"တန်းနေတာပဲ၊ ကိုယ်က နှစ်ဆယ်ကျော်ရုံပေါ့၊ ဘာပဲဖြစ်ဖြစ် မင်း ထက်ကြီးကာပါပဲနော် ချာတိတ်"

မင်းခန့်ထည်ဆိုသော ကိုလူစိမ်းကြီးရဲ့ ညို့ပြော ညို့မြူ ဆွဲဆောင်တာလူနိုင်မှုတွေကြောင့် ယုန်ဖြူခမျာ အယောင်ယောင်အမှားမှားတွေ ဖြစ်ခဲ့ကုန်ပါရော။ တစ်ပိသာချိန်ရမှာကိုလည်း နှစ်ပိသာ ချိန်လိုချိန်မိ၍၊ အလေးကိုလည်း မုန့်ဖတ်ရောင်းရဖိုးထည့်သည့် ငွေသေတ္တာထဲ ထည့်လိုထည့်မိ။ ဈေးရောင်းကောင်းပြီး အတိုက်အခိုက်ကင်းအောင် ပူဇော်ထားသည့် မန်လေးပုခက်နှင့် နဖူးတိုက်မိလိုတိုက်မိတွေ





ဖြစ်ကုန်ပါရော။ ဒါကိုကြည့်ပြီး မင်းခန့်ထည် ရိပ်မိသွား၍ထင့်၊ ခပ်ပြုံးပြုံးလေးနှင့် စိုက် ကြည့်လာ၏။

အို .. ဘုရားရေ ဒီလူ ဆိုးလိုက်တာ။ သူ့ရဲ့ ဆွဲဆောင်အားပြင်းလွန်းတဲ့ မျက်လုံးကြီးတွေနဲ့ စိုက်ကြည့်နေလိုက်တာ .. ရင်ကို ဖောက်ထွင်းသွားမတတ်ပါပဲ။ လူကိုလည်း ပိုင်စိုးပိုင်နင်းနဲ့ ချာတိတ်တဲ့။

"မုန့်ဟင်းခါးထက် ခေါက်ဆွဲက ပိုရောင်းကောင်းမယ်ထင်တယ်နော် ယုန်ဖြူ .."

မင်းခန့်ထည်က ခေါက်ဆွဲဖတ်ကလေးတွေကို တို့ထိရစ်နှောင်ရင်း ပြောလာ၏။ ဒေါ်သန်းရင်တစ်ယောက် အခြားဈေးဝယ်သူတွေရောက်နေ၍ သူ့အာရုံနှင့်သူ ဖြစ်သွားပြန်၏။

"အတူတူလောက်ပဲ ရောင်းရတာပါရှင့်"

"မသိပါဘူး၊ မင်းရဲ့ လက်ချောင်းကလေးတွေက ခေါက်ဆွဲဖတ်ကလေးတွေနဲ့ တူလုလုဖြစ်နေလို့ပါ။ ခေါက်ဆွဲဖတ်ကိုင်ရလွန်းလို့ လက်ကလေးတွေ ခေါက်ဆွဲရောင်ပေါက်ကုန်သလားလို့ပါ"

ဒီလူ မလွယ်ပါလားနော်၊ ရဲတင်းလိုက်တာ။ ခုမှတွေ့ရုံရှိသေး သူ့ အပြောအဆိုတွေက ခင်မင်ပြီးသားပုံစံနဲ့။

ယုန်ဖြူ ခေါင်းလေးဖွက်ပြီး ရှက်နေလိုက်ချင်၏။ ခေါက်ဆွဲထုပ်ကလေး ပေးပြီး ငွေရှင်းလို့ပြီးတာတောင် ယုန်ဖြူကို ရပ်ကြည့်နေသေး မြင့်မားမိုးမတ်သော သူ့ကို ယုန်ဖြူ မော့ကြည့်နေရ၏။ ယုန်ဖြူ အရပ်က မြန်မာအမျိုးသမီးတစ်ယောက်အနေနှင့်ဆိုလျှင် အလော



www.burmeseclassic.com

www.burmeseclassic.com



တော်ပင်။

မနိမ့်လွန်း မမြင့်လွန်း၊ မပုလွန်း မရှည်လွန်း ဆိုသော အရပ်မျိုးမို့ မင်းခန့်ထည်ကို မော့ကြည့်ပြီး နှုတ်ခမ်းလေး ပြုံးပြနေမိ၏။ မင်းခန့်ထည်က ကြည်လင်ရှင်းသန့်နေသော မျက်နှာဖြင့် ရီဝေ့လဲ့လေးပြုံးလိုက်ပြီး ...

"နောက်နေ့တွေတိုင်း မုန့်ဖတ်လာဝယ်မယ်နော်၊ မင်း ကိုယ့်ကိုမှတ်ထား။ တာ့တာ .. သွားပြီ"

မင်းခန့်ထည် ထွက်သွားတော့မှပဲ ယုန်ဖြူ့အာသာသယုန်ဖြူ အလုဆုံးဖြစ်အောင် ပဲခံထားရသည့်အိုက်တင်တွေကို ဟူးခနဲ လျှော့ချလိုက်ရတော့၏။

"ဟဲ့ .. ယုန်ဖြူ .."

"အမေ့ .. ပလုတ်တုတ် .."

"ဘာငိုင်ငူနေတာလဲ၊ စုမဲငွေ ပေးခဲ့ပြီးပြီလား"

"ဟာ .. မေမေကလဲ... ပေးခဲ့ပြီးပါပြီ၊ လူကို အလန့်တကြားမလုပ်ပါနဲ့"

"ညည်းကိုက ဖြစ်နေတာပါ၊ ဘာတွေအတွေးလွန်သလဲ မသိဘူး၊ ခုန လူရည်သန့်လေးက ဘာလဲ၊ သမီးနဲ့ အချိတ်အဆက်များလား"

"ရှူး .. တိုးတိုးလုပ်ပါ အမေရဲ့၊ ခုနကမှ ဈေးလာဝယ်တာ၊ ဘာအချိတ်အဆက်မှ မဟုတ်ဘူး၊ အမေ့သား လင်းယုန်ရဲ့လက်သံကိုကြောက်လို့ နောက်တီးနောက်တောက်ကောင်တွေကအစ





သမီးအနား ကို မကပ်ရဲကြဘူး"

"အမလေးအေ .. ပေါ်တာကျတော့ လင်းယုန်ရှေ့လဲမရှောင်နောက်တာပါပဲ"

"ပေါ်တာ ပေါ်ကြောင်တာ ကိုလင်းယုန်ကသိထားလို့ ခွင့်လွှတ်ထားတာပါ၊ ကိုလင်းယုန် ငွေလိုရင် ပေါ်တာအိတ်ထဲက နှိုက်သွားတာပဲ၊ အဲဒီမျက်နှာကြောင့်ပေါ့"

ဈေးဝယ်သူတွေဝင်လာမှ သားအမိနှစ်ယောက် [illegible] တွေ [illegible]လိုက်ရတော့၏။

"ကွမ်းတစ်ပီသာပေးဟေ့ .."

"ဟုတ် .."

"အဒေါ့ဖို့ ကွမ်းသီးခွဲခြမ်း အစိတ်သားထုပ်ပေး .."

"ရမယ် .. မဓာလေးနော်"

ယုန်ဖြူလေးရဲ့ဘဝဟာ ဈေးရောင်းလိုက်၊ အိမ်အလုပ်ကူလိုက်၊ မိခင်ကြီးကို ပြုစုလိုက်နှင့် လုံးချာလည်လိုက်နေရတာပါ။ ဒီကြားထဲ အစ်ကိုကမူးရင် ရစ်လား ရမ်းလားလုပ်တာ ခံရသေးရဲ့။ ညအိပ်ရာဝင်မှာ အမေ့ကိုနှိပ်ပေးပြီး ဘုရားရှိခိုး၊ ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ ငပ်ပန်းတဲ့ဒဏ်နဲ့ တန်းပြီးခလေ့သွားရတာပါပဲ။

ဒီညမှာတော့ ယုန်ဖြူ အိပ်လို့မရတာ အိမ်ရာဝင်မှပဲ သိလိုက်ရတော့၏။ နဖူးပေါ် လက်တင်ပြီး စဉ်းစားခန်း ဖွင့်လှစ်လိုက်မိတာနှင့် ရှမင်းသားလေး မင်းခန့်ထည်က ဘွားခနဲ ရောက်ချလာလေ့တော့။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ခြောက်နှစ်ထက် ရင့်ကျက်မှု အနည်းငယ်ရှိတဲ့အရွယ်မို့ လေတိုက်လို့ သစ်ရွက်လှုပ်တာကို ရယ်ချင်တဲ့စိတ်မျိုး မရှိချင်ချင်ပေမယ့် 'အဖဲ' လို့တော့ ရင်ထဲက ရယ်လိုက်မိလေတော့သည်။





"ယုန်ဖြူ .."

"ဗုဒ္ဓေါ .."

ဆိုင်ခင်းခါစမှာပင် နောက်တော်ပါးက သူ့အသံကြားလို့ အလန့်တကြား ဘုရားတ,ပြီး လှည့်ကြည့်လိုက်မိ၏။ ထရက်ဆုဝတ်စုံနှင့် ဝေါ့ကင်းရှူး စီးထားပြီး ဆံပင်ကို ဂျယ်ထောင်ထားသော သူ့ပုံစံက ကိုရီးယားမင်းသားတွေထက်သာအောင် ချောမောလှပနေတော့၏။

"ကိုယ်က ဘုရားတ,ရတဲ့အထိ လန့်စရာကောင်းနေလို့လား ဟင်"

သူ့အသံက နူးညံ့ချိုမြိန်နေ၏။ မျက်ခုံးနှင့်ထည်က တည်ငြိမ်နေသလောက် ယုန်ဖြူ့ဘက်ကတော့ ကပျာကသီ နိုင်လှ၏။ စက်ဘီးကယ်ရီဖြင့်လာပို့သော မုန့်ခြင်းကို သွားဆွဲမ,စဉ် သူက ဝင်ကူညီပြီး မ,ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အို .. နေပါစေ မုန့်ဖတ်ယူမှာလား၊ ခေါက်ဆွဲဖတ် ယူမှာလား ဟင် .."

"အဲဒါတွေ တစ်ခုမှမယူဘူး၊ ကိုယ်ယူချင်တာ တစ်ခုပဲရှိတယ်"

"ရှင် ..."

"စီကနယ်တစ်ဘူးလောက် ..၊ ကိုယ့်အဘိုးက ကွမ်းစားရင် စီကနယ်နဲ့ စားတတ်လို့ လာဝယ်တာ"

"ဩော် .. ဟုတ်လား၊ ကျွန်မ ရှာပေးမယ်နော်၊ ပစ္စည်းတွေက ရောပြီးသိမ်းရတော့ ဆိုင်ဖွင့်ခါစဆိုရင် ကသီတယ်၊ နောက်တော့မှ သူ့ပစ္စည်းနဲ့ သူနေရာ အစီအစဉ်ချလို့ရတာမျိုးမို့ပါ"

"အို.. ကိုယ်က အချိန်ကြာလေ ကြိုက်လေပဲ၊ အေးအေးဆေးဆေး သာရှာ၊ ကိုယ်စောင့်နေမယ်၊ ထိုင်ခုံလေးတစ်လုံးလောက်၊ အလှနတ်သမီးလေးကို တဝကြီး ကြည့်ချင်လို့ .."

"ရှန် ..."

"မင်းလေးဟာ အလှနတ်သမီးလေးပါ ယုန်ဖြူ"

ယုန်ဖြူ့စိတ်ထဲမှာ ဝမ်းလည်းဝမ်းသာ၊ ရှက်လည်း ရှက်သွားတာမို့ ထုံးထုပ်တွေကို ဆော့ကစားနေမိ၏။

ဘာသဘောနဲ့ ကျွန်မကို ဒါတွေ လာပြောနေရတာလဲ ကိုကိုလူချော လူဆိုးကြီးရယ် ..။

မင်းခန့်ထည်က ပလတ်စတစ်ထိုင်ခုံတစ်လုံးကို သူ့ဘာသာဆွဲယူထိုင်ပြီး ယုန်ဖြူ့ကို ရှုစားတော့၏။ ဘေးဆိုင်က ကောင်မတွေကညည်း မနာလိုမရှုဆိတ်ပုံစံတွေနှင့် အလုပ်တစ်ဖက်လုပ်ရင်း ယုန်ဖြူ့ကို လှမ်းရှိုးနေကြ၏။

ပြီးလျှင် အပြစ်မရှိ အပြစ်ရှာကာ စုဖွဲ့ပြီး သွားပုပ်လေလွင့် ပြောကြဆိုကြဦးမည်။ မချစ်သော်လည်း အောင့်ကာနမ်းရသော ဆက်ဆံရေးမျိုးတွေနှင့် ပတ်ဝန်းကျင်ဆိုင်တွေကို ဆက်ဆံနေရသည်က ယုန်ဖြူ တို့ရဲ့နေသားကျနေသော အလေ့အထ။

မင်းခန့်ထည်အတွက် စီကနယ်ဘူးကို ရှာတွေ့သွားလေပြီ။ မင်းခန့်ထည်တစ်ယောက် ယုန်ဖြူရဲ့ အားနည်းချက်ရှိသော အလှတွေကို မြင်သွားမှာစိုးမိ၏။

ပမာဆိုရလျှင် နှာရွက်ကလေး နည်းနည်းကုပ်နေတာ၊ လက်သန်းလေး နည်းနည်းကောက်နေတာ၊ ချိုင်းမွှေးရှည်နေတာလေး မနုတ်ရသေးတာ၊ ချိုင်းပတ်နံ့တွေ ထွက်နေမှာလည်း စိုးမိ၏။ ဒီမနက် ဆိုင်ထွက်ဖို့ စိတ်စောနေ၍ ရေမချိုးဖြစ်ခဲ့။ တိုယ်လက်သန့်စင်ပြီး သနပ်ခါးလေးသာ လူးလာဖြစ်ခဲ့၏။

သုံးစွဲနေကျ ရေမွှေးလေးပင် မဆွတ်ဖြစ်ခဲ့။ ဒီလို သူလာတွေ့မယ်မှန်း ကြိုသိခဲ့လို့ကတော့ အစွမ်းကုန် ပြင်ဆင်လာခဲ့မိမှာ အမှန်ပင်။ တစ်ကိုယ်လုံး လှပသင်းကြိုင်နေတဲ့အခါမှ သူ့ကို စိတ်ကြိုက်ကြည့်စေချင်မိ၏။ ခုဖြင့် ...။

"ယုန်ဖြူ .."

"ရှန် .."




www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားရှိနေပြီလားဟင် .."

"ဟင့်အင်း ..."

"ယုံရမှာလား၊ ကြိုက်တဲ့လူ မရှိဘူးလား"

"ရှိတာပေါ့၊ အများကြီး ..၊ ကျွန်မအစ်ကို လင်းယုန်ကိုကြောက်လို့ အနားမကပ်ရဲတာ၊ အစ်ကိုက ဖိုက်တာလေ၊ ဝယ်ချင်တာတွေ အားလုံး ရပြီးရင် ပြန်တော့နော်၊ ဇော်ကြာ ကိုကိုနဲ့ တိုးနေမှာစိုးလို့ပါ"

"ပိုက်ဆံ မရှင်းပေးရတော့ဘူးလား၊ ယုန်ဖြူ့အစ်ကိုနာမည်က လင်းယုန်တဲ့လား၊ တိုက်ခိုက်တဲ့နေရာမှာ သိပ်လျင်မြန်ဖျတ်လတ်ပြီး လက်ဦးမှုနဲ့ ရန်သူကိုတိုက်ခိုက်အောင်မြင်တတ်တဲ့ ငှက်မျိုးပဲ၊ သူနဲ့တွေ့ လဲ အကြောင်းမဟုတ်ပါဘူး၊ ယောက်ဖ လို့ ခေါ် လိုက်ရင် သူကျေနပ်မှာပါ"

"အို ..."

နားရက်လိုက်တာ[illegible]။ ယုန်ဖြူ မနေတတ်တော့ဘူး၊ တွေ့တာမှ နှစ်ခါပဲရှိသေးတယ်၊ မရိုးသားတဲ့စကားနဲ့ ယုန်ဖြူ့ရင်တွေ ခုန်ခါတုန်လှုပ်အောင် ညှို့ဆွဲဆောင်နေပါရောလား။ သူကြည့်ရတာ ပြည့်စုံကြွယ်ဝချမ်းသာပြီး ပညာတတ်တစ်ယောက်လည်းဖြစ်ပုံရပါရဲ့။ သို့ပြား ယုန်ဖြူတို့လို ဈေးရောင်းပြီး ဝမ်းစာရှာရသည့် မိန်းမသားတွေအပေါ်မှာ အညာလွယ်မယ်အထင်နဲ့ လာငြိပြီး အိစိကလိရိုက်နေပုံတွေက ကျောရှုံ့ ကြံချင်နေလို့များလား။

ဝိုက်တိုက်ဆိုင်ဆိုင် အဲဒီအချိန်မှာပဲ ကိုလင်းယုန် ရောက်ချလာ





၏။ ဂျင်းဘောင်းဘီနှင့် ဂျင်းဂျာကင်ကိုဝတ်ပြီး အောစတားဖိနပ်အနီကို စီးထားသည့် လင်းယုန်ရဲ့အသွင်က မိုက်တိမိုက်တိုက် ဂျစ်ကန်ကန်ပုံစံ။ ဆိုင်ထဲမှာ ခုံနှင့် အခန့်သားထိုင်နေသော မင်းခန့်ထည်ကို တွေ့သွားသောအခါ မျက်မှောင်ချိုးကြည့်နေ၏။

ယုန်ဖြူ ခများမှာတော့ ဘုရားတနေရပြီပေါ့။

မင်းခန့်ထည်ကလည်း အရိပ်အကင်းပါးသူပီပီ လင်းယုန် ဖြစ်မယ်မှန်း ရိပ်မိ၍ လိုက်လိုသောအပြုံးဖြင့် ဆီးကြိုလိုက်၏။

"ကောင်းသောနံနက်ခင်းပါ ကိုလင်းယုန် .."

လင်းယုန်က ပြန်မပြော။ ဘုကြည့်ကြည့်ပြီး ...

"ယုန်ဖြူ .. သူ ဘယ်သူလဲ"

"ရှင် ..ဟို .. ဟိုလေ ..."

"ကျွန်တော် ယုန်ဖြူရဲ့ ချစ်သူပါ"

"ဘုရားရေ ..."

ယုန်ဖြူ မေ့မူးလဲကျမတတ် တုန်လှုပ်အံ့သြမှင်တက်သွားရတော့၏။ လင်းယုန်လည်း ဆတ်ခနဲ တုန်သွား၏။ ဒီလောက်ပွင့်လင်း ရဲရင့်နေသော မင်းခန့်ထည်ကို စူးလက်သော ဒေါသအကြည့်ဖြင့် ဆိုင်ကြည့်လိုက်ပြီး ...

"မင်း ဘာစကားပြောတာလဲ .. ထပ်ပြောစမ်း"

ရှယ်တွန်းပါးရှိမည့် လူငယ်နှစ်ယောက်။ တစ်ယောက်က နေလိုလလို အေးဆေးတည်ငြိမ်လျက် တစ်ယောက်က မီးလို နေလို ပုန်း



www.burmeseclassic.com

www.burmeseclassic.com



ဟုန်းထတောက်ဖို့ နဂါးအမောက်တလူလူ စ,ထောင်လျက် ...။

"ယောက်ဖရယ်၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့ တစ်ယောက်နဲ့တစ်ယောက် ရန်သူတွေမှမဟုတ်တာ"

"မင်းက ငါ့ညီမနဲ့ ကြိုက်နေတဲ့ကောင်ပေါ့လေ"

"ဟုတ်တယ်၊ ကျွန်တော်က ယုန်ဖြူ့ကို တွေ့တွေ့ချင်း တစ်ဖက်သတ် အသည်းအသန်ကို ချစ်ကြိုက်နေမိတဲ့သူပါ။ ယုန်ဖြူရဲ့သဘောကတော့ ဘာမှပြန်မပြောသေးပါဘူး"

"သူပြောတာ ဟုတ်သလား ယုန်ဖြူ .."

လင်းယုန်က မာဆတ်ဆတ်လေသံဖြင့် မေးလာ၏။ ယုန်ဖြူခမျာ ဘယ်လိုပြဿနာတွေ တက်လာမလဲဆိုတာကို စိုးထိတ်ပြီး နံရံကို အသာကပ်တာ ...

"ဟုတ်"

"မင်း ဘာလဲ၊ မင်း ဘယ်ကကောင်လဲ၊ ပမာမခန့်နဲ့ ငါ့ညီမကို ငါ့ အစ်ကိုတစ်ယောက်လုံးရှေ့မှာတောင် ဒီလောက် စော်ကားနေတာ၊ မင်း အခု ထ,ရပ်လိုက်စမ်း"

ဘေးဆိုင်တွေက ဆိုင်ခင်းလက်စတွေ ရပ်ထားပြီး တစ်ဆိုင်နှင့် တစ်ဆိုင်ကူးကာ တီးတိုးတီးတိုး သဖန်းပိုးတွေ လုပ်ကုန်ကြပြီ။ ဘယ်လို ပြဿနာမျိုးတွေ တက်လာလေမလဲပေါ့။

ယုန်ဖြူ ကိုယ်၌ကပင် ရင်တွေ တဒိန်းဒိန်းခုန်နေဆဲ။ မင်းခန့်ထည်က အသာထရပ်လိုက်ပြီး ...





"ရွှေအိမ်နန်း ရက်စဝေ့ရှင့်ပိုင်ရှင် ဦးခင်မောင်လွင်ဆိုတာ ကိုယ့်ဦးလေးပါ။ ဦးခင်မောင်လွင်ရဲ့သား ဖွဲ့အာကာမင်း ဆိုတာ ကိုယ့်ညီဝမ်းကွဲ၊ လင်းယုန်နဲ့အာကာမင်းက သိပ်ချစ်ကြတဲ့ ဆိုးတူကောင်းဖက် သူငယ်ချင်းတွေ၊ ဒီလောက်ဆို ကိုယ့်အကြောင်းကို အာကာမင်းဆီမှာ စုံစမ်းလို့ရပါတယ်၊ ကိုယ့်နာမည် မင်းခန့်ထည်ပါ"

လင်းယုန်ရဲ့ ခေါသလက်သီးဆုပ်တွေ အလိုလိုပြေလျော့သွား၏။ ခုန တိုက်ခိုက်ဖို့ အသင့်ပြင်ထားတာတွေ ပုံမှန်အခြေအနေ ပြန်ဖြစ်သွား၏။ ကျားရဲတစ်ကောင်ရဲ့ အကြည့်၊ လင်းယုန်တစ်ကောင်ရဲ့ ခေါသတွေ သိသိသာသာ လျှော့ကျသွား၏။

"အာကာမင်းမှာ အစ်ကိုရှိနေတာ တစ်ခါမှ မပြောဖူးပါဘူး"

လင်းယုန်က ဘောက်ဆတ်ဆတ် မေးလာပြန်၏။ မင်းခန့်ထည်က ဘောင်းဘီအိတ်ထဲက ဆယ်လူလာဖုန်းကိုထုတ်ပြီး လင်းယုန်ဆီ ကမ်းပေးလိုက်၏။

"ဖုန်းဆက်ကြည့်လိုက်ပေါ့။ အာကာရဲ့ဖုန်းနံပါတ်ကို လင်းယုန်သိပါတယ်လေ"

လင်းယုန်က မယုံ့တယုံကြည့်ပြီး ဖုန်းကို ဆတ်ခနဲ လှမ်းယူလိုက်၏။ ပြီးနောက် ဆိုင်ပြင်ထွက်ပြီး ဖုန်းဆက်လိုက်၏။

"အာကာ လား .."

"ဗျား .. အိပ်ရေးပျက်လိုက်တာ၊ ပြော .. ကိုခန့် .. မနက် စောစောစီးစီး ဘာကော့စ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် အာကာ .. ဒါ လင်းယုန်ကွ"

"ဘာ .. ဘယ်လိုဖြစ်ပြီး မင်းက ကိုခန့်ရဲ့ဖုန်းနဲ့ ပြောနေတာလဲ"

"အကြောင်းရှိလို့ပေါ့ကွာ၊ ဒီဖုန်းပိုင်တဲ့ ကိုခန့် ဆိုတာ မင်းအစ်ကို ဝမ်းကွဲဆို .. ဟုတ်လား"

"အေး .. ဟုတ်တယ်လေ၊ သူ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ငါ့ညီမကို လာရစ်နေလို့ပေါ့ကွ .."

"ဗုဒ္ဓေါ ..."





"ကိုခန့်ဆိုတဲ့ မင်းခန့်ထည်ဆွိတာ ငါ့အန်တီ ဒေါ်ကြည်ကြည်ခန့်ရဲ့သား၊ သူ့အဖေဘက်က မျိုးရိုးက ကျောက်တွင်းပိုင်ရှင်သူဌေးတွေ၊ ကိုခန့် ဆယ်နှစ်သားလောက်ကတည်းက သူ့အဖေ ဦးပြည့်စုံကြွယ် နှလုံးရောဂါနဲ့ ဆုံးသွားတယ်၊ အမွေအနှစ်တွေ အများကြီးထားခဲ့တယ်၊ ကိုခန့်တို့သားအမိအတွက် ထိုင်စားရုံပဲ၊ ဟိုးအရင်က ထိုင်စားလို့ရတာပေါ့၊ ဒီဘက်ခေတ်ရောက်တော့ ငွေကြေးအပြောင်းအလဲနဲ့ ဈေးကွက်တွေ၊ ဈေးနှုန်းအတက်အကျစာရင်းတွေကြောင့် ထိုင်စားလို့ မရတော့ဘူး၊ ကိုခန့်က ကျောင်းတစ်ဖက်တက်ရင်းနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ခဲ့တယ်၊ သူ့အဖေဘက်က အမျိုးတွေဆီ သွားလက်တွဲပြီး ကျောက်မျက်ရတနာရောင်းဝယ်ရေးဆိုင် ဖွင့်ခဲ့တယ်၊ အကျိုးပေးပါတယ်၊ လူလိမ်ခံရတာတွေလဲ ရှိတာပေါ့၊ တစ်ခါတစ်ခါ အလိမ်ခံရရင် သိန်းရာကျော်တယ်လေ၊ တစ်ချက်မှာ အထိနာပြီး ပိုင်သမျှ အိမ်ရာနဲ့ ကားအကောင်း



www.burmeseclassic.com

www.burmeseclassic.com



စားတွေ ရောင်းချခဲ့ရတယ်၊ ဈေးနှုန်းသက်သာတဲ့ ဒီရပ်ကွက်ထဲက တိုက်အိမ်နဲ့ တစ်ပတ်ရစ်ကားကို ပြန်ဝယ်ပြီး ဟာန်မပျက်ပြန်နေလို့ ကျောက်ပွဲစားအလုပ်ကို ဆက်လုပ်နေတယ်ပဲဆိုပါတော့ ..”

“အထည်ကြီးပျက်တွေပေါ့”

“အဲ .. အဲဒီလိုဆိုလို့ရပေမယ့် ငါတို့ဘက်က အမျိုးတွေရဲ့ ဝိုင်းဝန်းစောင့်ရှောက်မှုလဲ ရှိနေပါတယ်၊ ဆင်ပိန်ပေမယ့် ကျွဲလောက်တော့ ရှိပါသေးတယ်ကွာ”

“ငါ့ညီမက ဆင်နဲ့ပဲ တန်တာတွ ..”

“ဟိုက် ..”

“ဆင်လို အဆင့်အတန်းရှိတဲ့လူမျိုးနဲ့မှ ငါက သဘောတူတယ်လို့ပြောတာ ...”

“မင်းနဲ့ငါ သူငယ်ချင်းတွေပါ”

“အေး .. မင်းမျက်နှာထောက်နေလို့ ငါ မဆုံးမဘဲ ပြန်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆို ငါ ဆုံးမမှာနော်”

“မင်းကလဲ .. နှမချောချောလေး ရှိနေတာနဲ့ မာန်တက်နေတာပဲ၊ အေး .. ငါ့အစ်ကိုကို မိမွေးတိုင်း ဖမွေးတိုင်းသာ ပြန်လွှတ်လိုက်ပါပဲ”

အာကာမင်းဘက်က ဖုန်းပိတ်သွား၏။ လင်းယုန်လည်း ဖုန်းပိတ်ပြီး မင်းခန့်ဆွာည်ဆီ လှမ်းပစ်ပေးလိုက်၏။ မင်းခန့်ထည်ခမျာ ကမန်းကတန်း ဖမ်းလိုက်ရ၏။





“မင်းက ဆင်မဟုတ်ဘူး ကျွဲ .. ဒါကြောင့် ငါ့ညီမနဲ့ သဘောမတူဘူး ပြန်တော့ ..”

“ဆင် .. ဘာဆင်လဲ၊ ကျွဲကရော .. ဘာကျွဲလဲ”

“မင်းရဲ့ ညီအစ်ကိုဝမ်းကွဲ အာကာမင်းကိုသာ ပြန်မေးကြည့်လိုက်ကွာ၊ အခု ပြန်တော့ ...၊ နောက် ငါ့ညီမအနားကို မကပ်နဲ့၊ သတိပေးလိုက်တယ်နော်”

“ဈေးဝယ်ခွင့်တောင် မရှိတော့ဘူးလား”

“မရှိဘူး”

“ကိုလင်း .. ညီမတို့စီးပွားရေးကို ဖျက်လိုဖျက်ဆီး လုပ်နေတာလား”

ယုန်ဖြူ မနေနိုင်လို့ ကြားဝင်ပြောရတော့၏။

“နင့်ပါးစပ်ပိတ်ထားစမ်း ..”

“မပိတ်နိုင်ဘူး၊ ကိုလင်း လွန်နေပြီ”

“ဘာ .. မိယုန်ဖြူ .. ငါလုပ်လိုက်ရ ..”

“ဟဲ့ ဟဲ့ ဟဲ့ .. အမလေး .. မိုးမလင်းသေးဘူး၊ နင်တို့က ကြောင်နဲ့ခွေးလို ကိုက်နေကြပြန်ပြီလား လင်းယုန်၊ နင်က လက် ဘာလို့ပါရတာလဲ”

တောင်းကြီးရွက်ပြီး ရောက်လာသော ဒေါ်သန်းရင်ကြောင့် ယုန်ဖြူ သက်သာရာရသွား၏။ လင်းယုန် ဒီလောက်စိတ်ဆိုးအောင် ယုန်ဖြူ ပြန်မပြောရဲခဲ့။ ထို့ကြောင့်လည်း အရိုက်မခံခဲ့ရ။ ယင်တုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပေ့ါ၊ မုဖြင့် ခွန်းတုံ့မခံ ပြန်လှန်ပြောရဲသည့် သတ္တိတွေ ရှိလာခဲ့လေပြီ။ ဒါ မင်းခန့်ထည်ကြောင့်များလား။

"အမေ့သမီး ဖြစ်ချင်တိုင်းဖြစ်နေလို့ ကျွန်တော်က ဆုံးမနေတာ၊ ဒီမှာလေ ... ကျွဲလိုကောင်နဲ့ ချိန်းတွေ့နေတယ် .."

"ဘုရား .. ဘုရား .. ဘယ်မှာလဲ ကျွဲလိုကောင် .."

"ဒီကောင်လေ ..."

"ဟဲ့ .. အဲဒါ မနေ့က ဈေးလာဝယ်တဲ့ ကလေးပါ၊ ရည်ရည်မွန်မွန် လူရည်သန့်လေးပါ၊ နင် ဘာတွေပြောနေတာလဲ လင်းယုန်ရယ်၊ အမိ ယုတ်တော့ နှုတ်ကြမ်းသတဲ့၊ အဖယုတ်တော့ ဘာဖြစ်တယ်ဆိုလား.. ငါလဲ မေ့နေပြီ၊ နင်လေ .. ဖါ့ကို အမိယုတ်ဖြစ်အောင် မလုပ်ပါနဲ့၊ သွားပါတော့ ..."

"အမေကလဲဗျာ ... အဲဒါတွေ ခက်နေတာ၊ ဟော့ကောင် .. ထွက်သွားကွာ .. ထွက် .."

"ဟဲ့ .. လင်းယုန်၊ ငါ့ဆိုင်လာတဲ့ ဈေးဝယ်ကို နင်စော်ကားနေတာလား၊ ခက်တော့တာပဲ၊ အဲဒါ ထမင်းအိုးဟဲ့ .. လာရိုက်ခွဲနေတယ်"

"ထမင်းအိုးမဟုတ်ဘူး၊ အဲဒါ ကျွဲဗျ ..ကျွဲ၊ အမေ အမြင်မှားနေပြီ၊ ဟော့ကောင် ... ဘာလို့ ပေကပ်ပြီးရပ်နေတာလဲ၊ ငါ ဒီလောက်သွားခိုင်းနေတာတောင် ဂျစ်တေနေတယ်ပေါ့လေ"

လင်းယုန်က မင်းခန့်ထည်ကို ပြဿနာရှာဖို့ ရှေ့တိုးသွားစဉ် ယုန်ဖြူလည်း ရင်ထိတ်ပျာပြီး ...





"ကိုလင်းနော် .. ဈေးဝယ်သူကို မစော်ကားနဲ့၊ မေမေ .. မေမေ့သား လွန်နေပြီနော်"

ဒေါ်သန်းရင် ထဘီတိုကျိုဝတ်ပြီး လင်းယုန်ရှေ့မှာ ခါးထောက်ရပ်လိုက်ပြီး မင်းခန့်ထည်ကို ကွယ်နေလိုက်၏။ ဘေးနားမှာ ယုန်ဖြူကလည်း အရန်သင့်။ လင်းယုန် လက်လှုပ်လိုက်တာနှင့် လက်ကို ပုတ်ချဖို့ရာအသင့်။

"မင်းက ဘာလဲ၊ မအေက ဒီလောက်ပြောနေဆိုနေတာတောင် ပြောမရ ဆိုမရနဲ့ မိုက်ရိုင်းနေဝါလား၊ ဒီမှာ .. ငါ့သမီး ဘာဖြစ်ဖြစ် မင်း အပြစ်ဆိုစရာ မလိုဘူး၊ ငါ့သမီးက လိမ္မာပြီးသား၊ ဒီကလေးနဲ့ ရည်းစား ဖြစ်လဲ ငါ မကန့်ကွက်ဘူး၊ နောက်ဆုံး ကုန်ကုန်ပြောဦး၊ ညားသွားပါ စေ .. ငါ သဘောတူတယ်ဟေ့ .."

ယုန်ဖြူ့ခမျာ ရှက်လိုက်တာလေ ..။ မေမေက တစ်ခါတလေ ပြောချင်ရာ ဖွတ်ပြောတတ်၏။ လင်းယုန်တစ်ယောက် လက်မြှောက်သွားပြီး ...

"ဟာ .. လန်သွားပြီ၊ လန်သွားပြီ၊ အမေတို့က အတွင်းထဲရဲ့ အမြင်ကာပြီး အပြင်ထရဲ့ အတွင်းကာလိုက်တာကိုးဗျ၊ ကျွန်တော့်လို သားအရင်းကို ချိုးဖဲ့ပြီး ဘာမဟုတ်တဲ့ ကျွဲလိုကောင်ကို မနေ့တစ်နေ့ကမှ တွေ့သိရုံနဲ့ ဒီလောက်တောင် မြှောက်စားနေလိုက်တာ ..."

"အဲဒါ ဘာဖြစ်လဲ၊ ထွက်သွားရမှာက နင်၊ ရော့ .. တစ်နေ့တာ မုန့်ဖိုး၊ သုံးထောင်မဟုတ်ဘူး၊ ငါးထောင်သာယူသွား ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန်းရင်က ရင်ကြားထဲက ပိုက်ဆံခေါက်ကို အမြန်ထုတ်ရေတွက်ပြီး လင်းယုန်ကို လှမ်းပေးလိုက်၏။ လင်းယုန်က ဆတ်ခနဲလှမ်းယူပြီး ဂျင်းပဲန်အိတ်ထဲ ဆောင့်အောင့်ထိုးထည့်လိုက်၏။ ပြီးနောက် မင်းခန့်ထည်ကို လက်ညှိုးနှင့် သတိထားဖို့လုပ်ပြပြီး နောက်ပြန်လှည့်ကာ ဆောင့်ကြွားကြွားနှင့် လစ်သွား၏။ ဒီတော့မှ ယုန်ဖြူခမျာလည်း ပင့်သက်လေး ချလိုက်ရတော့၏။

ဒေါ်သန်းရင်က မင်းခန့်ထည်ကို အမသအချာ ကြည့်လိုက်ပြီး စိတ်မကောင်းသည့် မျက်နှာပေးလေးနှင့် ...

"အဒေါ့်သား မိုက်ရိုင်းသွားတာ ခွင့်လွှတ်ပါကွယ်၊ ကြားထဲက အန်တီ တောင်းပန်ပါတယ်"

မင်းခန့်ထည်က ဘာမှမဖြစ်သလို ရှင်ချိုမျက်နှာထားဖြင့် ...

"အကြောင်းမဟုတ်ပါဘူး ကိုလင်းယုန်အပေါ်မှာလဲ ကျွန်တော်ဘာယ်လိုမှ သဘောမထားပါဘူး ကြီးကြီး ခုနကပြောခဲ့သလို ကျွန်တော်နဲ့ယုန်ဖြူ ကို တကယ်သဘောတူမှာနော်"

ဒေါ်သန်းရင်က ဆတ်ခနဲ ယုန်ဖြူ ကို ကြည့်လိုက်၏။ ယုန်ဖြူက ရှက်လွန်းလို့ ခေါင်းကြီးငုံ့ပြီး ကွမ်းရိုးတွေ ချိုးနေ၏။

"တူရမှာပေါ့ကွယ်၊ သမီးနဲ့သားက ဖြစ်နေတာ ကြာပြီနဲ့တူတယ်"

"ဟုတ်ကဲ့ ... နှစ်ရက်တည်း ရှိပါသေးတယ်"

"မြတ်စွာဘုရား .. ကယ်တော်မူပါ"

* * *





"ဒီလိုရှိပါတယ် ကြီးကြီး၊ ကျွန်တော်က ယုန်ဖြူ ကို မြင်မြင်ချင်းချစ်မိသွားတာပါ၊ အဲဒါ ယုန်ဖြူက ကျွန်တော့်ကို ပြန်မချစ်သေးပါဘူး၊ ခဏအတွေ့ ပေမယ့် တစ်ဘဝမမေ့နိုင်တဲ့ အချစ်မျိုးပါ"

ဒေါ်သန်းရင်ပါ ရောရှက်ပြီး အံ့အားသင့်လျက် ရှိနေ၏။ ဘေးဆိုင်တွေက ပြဿနာတက်ပြီထင်နေရာက မတက်လာ၍ ရှုပွရှုပ်ပြောပြီး သူတို့အလုပ် သူတို့ဆက်လုပ်ကုန်ကြ၏။

မင်းခန့်ထည်လည်း အရှက်လွန်နေသော သားအမိကိုကြည့်ပြီး ဆက်ပြောရမှာ အားနာနေ၏။ တစ်ဖက်သားအပေါ် ဖိစီးပြီး ပြောရာရောက်နေမလား။ ယုန်ဖြူလေး ဆာစ်မျိုးထင်သွားမှာလည်း စိုးမိ၏။

"ကျွန်တော် ယုန်ဖြူ ကိုချစ်တယ် ကြီးကြီး ..."

"ပလုတ်တုတ် ... မင်းဟာက ငါ့အမေတစ်ယောက်လုံးရှေ့မှာမှ ညည်းစားစကားပြောရသလား၊ ဖြစ်မှဖြစ်ရလေလေတယ်၊ ငါ့မှာတော့ အရင်ကတည်းက ငြီးငွေ့ပြီးသားအောက်မေ့လို့ သဘောတူတယ်တွေ ဆုတ်ပြောလိုက်တာ ...၊ ခုတော့ ကိုယ့်ဘက်က ဟင်းရွက်ကန်စွန်းလို ဈေးပေါပေါနဲ့ သာသာထိုးထိုး ရောင်းပေးသလိုတော့ ဖြစ်ကုန်ပါပြီ"

"အဲ .. အဲဒီလိုလဲ သဘောမထားပါနဲ့ ကျွန်တော်လဲ သဘောမထားပါဘူး၊ တရုတ်ကားတွေထဲကလို မပြောမိဘူးလို့ပဲ အောက်မေ့လိုက်ပါ ကြီးကြီး ..."

ဒေါ်သန်းရင်က ညှော်ထောက်ခံစကားပြောရင်း တစ်ဖက်ကလည်း ဆိုင်ခင်းစရာလေးတွေကို ဖယ်ဆက်သလို လုပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ ... ဒီနေ့ခေတ် လူငယ်တွေရဲ့သဘောထားကိုတော့ ကြီးကြီး လိုက်မမီတော့ပါဘူး၊ ကဲ ..သမီးတို့ချင်း ဆက်ပြီး ပြောကြဆို ကြ၊ အမေပဲ ဆိုင်ဆက်ခင်းလိုက်မယ်"

ယုန်ဖြူလည်း ဘာ ပြောရမယ်မှန်းမသိတော့ မင်းခန့်ထည်က ယုန် ဖြူ့အနားကို တိုးကပ်ပြီး ...

"မနက်စာ စားပြီးပြီလားဟင် .."

"ဟင့်အင်း .."

"ကိုယ်တို့ အတူစားရအောင်လား၊ ကိုယ် ဒကာခံမယ်လေ၊ မုန့် ဟင်းခါး စားမလား၊ အုန်းနို့ခေါက်ဆွဲ စားမလား"

"ရှင်စားပါ၊ ယုန်ဖြူတို့က လပေးနဲ့ မှာစားနေကျပါ၊ ဟော .. ပြောရင်းဆိုရင်း မုန့်ဟင်းခါးမှာပေးတဲ့ကောင်မလေး ရောက်လာပြီ"

"ဒါဆို အတော်ပဲ၊ ကိုယ့်အတွက်ပါ ရောမှာပေး၊ ကိုယ်လဲ မစား ရသေးဘူး၊ ဒီနေ့အတွက် ကိုယ်ရှင်းပေးမယ်၊ ဟော့ .. ချာတိတ်မလေး"

မုန့်ဟင်းခါးလိုက်ပို့ပေးသည့်ကောင်မလေးကို လှမ်းခေါ်လိုက်၏ ကောင်မလေး အနားရောက်လာတော့ ...

"ကိုယ့်အတွက် အုန်းနို့ခေါက်ဆွဲ အချဉ်ညစ်မယ်၊ ကြက်သွန်ဥ လိုက်ထည့်မယ်၊ ကြက်သွန်ကြော်တွေ၊ ငါးသလောက်ဥကြော်တွေ၊ ငါး ဖယ်ကြော်တွေ အကုန်ထည့်မယ်နော်၊ ပြီးတော့ ယုန်ဖြူတို့သားအမိ အတွက်လဲ သူတို့စားချင်တာကို ရှယ်လုပ်ပေး ..."

ယုန်ဖြူက ကြားဝင်ပြောရတော့၏။ အကောင်းကြိုက်တဲ့ မင်းခ





ထည်ကို မကြည့်တကြည့်လေး ကြည့်လိုက်ပြီး ...

"ငါးသလောက်ဥတွေ၊ ငါးဖယ်တွေက အဲဒီဆိုင်မှာမရဘူး၊ ကျန် တာတွေတော့ ရမယ်"

"ရတာတွေပဲ မှာလိုက်ပေါ့"

"နေပါစေကွယ်၊ ကြီးကြီးတို့ဘာသာပဲ မှာစားပါ့မယ်"

"မရဘူး၊ ကျွန်တော် ကုသိုလ်ပြုပါရစေ"

ဒေါ်သန်းရင် ဝင်ပြောလည်းမရ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ စားပွဲဝိုင်းလေးဖြင့် မျက်နှာစုံညီ စားသောက်ရင်း မင်းခန့်ထည်တစ်ယောက် ယုန်ဖြူတို့သားအမိနှင့် ရင်းနှီးမှုကို ခိုင်မာအောင် တည်ဆောက်သွား နိုင်လေသည်။

သင်းကွဲသွားရသော လင်းယုန်တစ်ယောက်မှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ချက်တွေ ရင်ထဲ ဗလောင်ဆူဝေလာ၍ ဖောက်ခွဲထုတ်ပစ်လိုက်သည့်အနေဖြင့် လမ်းဘေးက Ve Ve ဘူးခွံကို လင်းယုန် အားနှင့် ကျူးကန်ပစ်လိုက်၏။

"ဒေါင် ..."

လမ်းသွယ်ထဲကထွက်လာသော ဇိမ်ခံကားပေါ်က လှလှပပ မမအရွယ် တစ်ယောက်ရဲ့ နဖူးစောင်းကို ဘူးခွံက သွားထိမှန်၏။

"ဟိုက် ..."

ထိုမမက ကားကို တုံ့ခနဲ ထိုးရပ်လိုက်ရင်း ...

"ဟိတ် ... မင်းဘယ်လိုလုပ်တာလဲ၊ ဘာလို့ ငါ့ကို ဘူးခွံအစုတ်ပလုတ်နဲ့ လှမ်းပစ်ရတာလဲ ကောင်အစုတ်ပုလုတ်ရဲ့ .."

လင်းယုန်လည်း မဆိုင်သူကို ဒေါသထိမှန်သွား၍ အားနာသွားသော်လည်း ကားပေါ်က မချော့ရဲ့ အပေါက်ဆိုးစကားကြောင့် ...





"ဒီမှာ အမိ၊ ကျုပ်လမ်းကြောင်းထဲကို ခင်ဗျားဖြတ်ဝင်လာတာ၊ မတော်တဆ ဖြစ်သွားတယ်၊ ဒါကိုမှ ခင်ဗျားမကျေနပ်ရင် အဲဒီဘူးခွံနဲ့ ကျုပ်ကို ပြန်ပစ်လိုက် .."

ကားပေါ်က မချေအထက်တန်းစားကြီးက နှုတ်ခမ်းကို ဖိကိုက်၊ မျက်လုံးပြူးကြီးနှင့် လှန်ကြည့်လိုက်ပြီး ...

"တောက် ... တစ်ချက်ကလေးတောင် မတောင်းပန်ဘူး၊ ဒါမျိုးနဲ့ ပြောရတာ လေကုန်တယ် .. ဟွန့် .."

ကားကို ဝူးခနဲ မောင်းထွက်သွား၏။ လင်းယုန်က ကားနံပါတ်ကို မှတ်သားထားဖြစ်လိုက်၏။ ၎င်း၏ ဆက်လျှောက်လာသောအခါ ကားတစ်စီး က ဘေးနားကနေ ထိုးဆိုက်လာပြန်၏။

"တီတီ .. တီတီ ..."

ပါးစပ်က တီသံပေး၏။ ကားဟွန်းသံပေးလို့မရသောဇုန်ဖြစ်နေ၍ ပါးစပ်က အချက်ပေးလိုက်ခြင်းဖြစ်၏။ ဒါဆို ဘယ်သူလဲဆိုတာ အတပ်သိလိုက်ပြီ။ ရောထွန်း ဆိုသော သူငယ်ချင်း။

လင်းယုန်မှာ အချစ်ဆုံးသူငယ်ချင်း နှစ်ယောက်ရှိ၏။ တစ်ယောက်က အာကာမင်းနှင့် ရောထွန်းတို့ဖြစ်၏။

"ကိုယ့်ခြေထောက် ကိုယ်သုံးမနေနဲ့၊ အခု ခြေနင်းစကြာရောက်လာပြီ၊ ကားပေါ်တက် .."

လင်းယုန်လည်း လေတစ်ချက်ချွန်လိုက်ပြီး ကားပေါ် ခွေ့ခနဲ တက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘီလီယက်ခုံကိုလား၊ KTV ကိုလား၊ မာဆတ်ကိုလား၊ စာဖတ်ဝိုင်းကိုလား၊ ဂိမ်းစင်တာကိုလား .. ဘယ်ကိုဒိုးမလဲ ပြော"

"တစ်ခုမှမသွားဘူး၊ အရေးတကြီး လိုက်စရာရှိတယ်၊ အဲဒီကားနောက်ကိုလိုက်၊ ဒီလမ်းအတိုင်းမောင်း .."

ကားနံပါတ်ကို ရွတ်ပြလိုက်၏။ ဇရာထွန်းက မဆိုင်းမတွပင် ကား ဆက်မောင်း၏။ ငါးမိနစ်ခန့် ဘင်မောင်းလာသောအခါ ....

"မင်းပြောတဲ့ ကားနံပါတ်ကို တွေ့နေပြီ၊ ကားက အပျံစားပဲကွ၊ မင်းနဲ့ ဘယ်လိုပတ်သက်သလဲ လင်းယုန်"

လင်းယုန်က လေတစ်ချက် ချွန်လိုက်ပြီး ...

"မကြာခင်မှာ ပတ်သက်မှုရှိလာတော့မှာပါကွာ၊ မီအောင် လိုက်စမ်းပါ"

"ကားမောင်းနေတာ မိန်းကလေးဖြစ်ရမယ်၊ တွန့်ဆုတ် တွန့်ဆုတ်နဲ့၊ ကားမောင်းမကျင်လည်သေးဘူး"

"မင်းတော်တယ်၊ ရှားလော့ဟုမ်းနဲ့အမျိုးတော်တယ်နဲ့တူတယ်၊ ဆက်လိုက်ကွာ"

ဇရာထွန်းက ဘုကြည့်ပြန်ကြည့်ပြီး ကားကို မီးပွိုင့်မှာ ဘေးချင်းယှဉ်ရပ်နိုင်အောင် မောင်းနှင်ရပ်တန့်လိုက်၏။ ဘေးချင်းယှဉ်ရပ်တော့မှ အပျံစားကားပေါ်က ဘယ်လိုမိန်းမလှလေးမျိုးလဲဆိုတာကို လှမ်းရှုံ့လိုက်၏။

"အိုး မိုင်ဂေါ့ဒ် .."





"ဘယ်လိုလဲ ဇရာ၊ မြင်ရုံနဲ့ ရှူးသွပ်ရင်ခုန်စေတဲ့အလှမျိုးဆိုတာ ယုံသွားပြီမဟုတ်လား"

"အေးကွာ ...၊ အသားအရောင်က ထောပတ်ရောင်လိုပဲ၊ ဝင်းဝါ အိလဲ့နေတာပဲ၊ မျက်နှာလေးကပဲ ဝင်းဝင်းပပ၊ ရွှေလည်တိုင်ဖော့ရိုးနဲ့ ဆင်စွယ်ရောင်လက်မောင်းသွယ်လေးကလဲ ကိုက်စားချင်စရာကြီးကွာ"

"ဟော့ကောင် .. မင်းက ကြက်ပေါင်လို မြင်နေတာကိုး .."

"ဟော .. ဟော့ကောင် လင်းယုန်၊ မင်းဘက်ကို လှည့်ကြည့်နေပါလား၊ အဲဗျာ ... မျက်မှောင်ကြီး ကြုတ်သွားပြန်ပြီ၊ ရန်ကုန်မိုးယိုပဲ ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ ခုနက ကြည်လင်နေတဲ့မျက်နှာလေး မင်းကိုတွေ့မှ လပုပ်ဖမ်းသလိုပဲ ညိုသွားတယ်"

"ချစ်ခြင်းအစ အမုန်းကတဲ့ .."

"ဟင်း .. တစ်ခါမှလဲ မကြားဖူးပါဘူး၊ ချစ်ခြင်းအစ မျက်လုံးကတို့၊ ချစ်ခြင်းအစ ရင်ခုန်ခြင်းကတို့ပဲ ရှိပါတယ်၊ မင်းဟာက ဟုတ်ပါ့မလားကွာ"

လင်းယုန်က ပခုံးတစ်ဖက် တွန့်ပြလိုက်ပြီး တစ်ဖက်ကားဆီကို 'ရှစ် .. ရှစ် .. ချစ် .. ချစ်' နှင့် အသံပြုကာ လှမ်းစလေသည်။ သူမဟာလည်း ကားမှန်အော်တိုခလုတ်ကိုနှိပ်ကာ မှန်ပိတ်လိုက်၏။ အသံနှင့် လှမ်းအချက်ပြ၍မရတော့ ဟန်အမူအရာတွေ လုပ်ပြနေပြန်၏။ လက်နှစ်ဖက်နှင့် အသည်းပုံလုပ်ပြကာ ရင်ဘတ်မှာ ကပ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ က နေကာမျက်မှန်အဝိုင်း မဲည်းမည်းကြီးကို ထုတ်တပ်ပြီး ရှေ့တူရူကိုသာ စိုက်ကြည့်နေတော့၏။

"မင်းရဲ့ အလုနှတ်ဖုရားမကြီးက ဥပေက္ခာပြုလှချည်လား လင်းယုန်ရာ ..."

"ဒါက အစမို့ပါကွာ၊ ခုနလေးတင်ကမှ တွေ့တဲ့ပဟာကို၊ အစိမ်းသက်သက်ကြီးလေကွာ၊ တောထဲက မြင်းရိုင်း ဆင်ရိုင်းတွေတောင် စဖမ်းတဲ့အချိန်မှာ ရိုင်းနေကြသေးတာပဲ၊ နောက်ကျမှ ယဉ်အောင် လုပ်ယူရတာပေါ့၊ ဒါမျိုးပဲ၊ ငါလဲ သူ့ကို ယဉ်အောင်လုပ်ဖို့ ကျူးသွင်းရမယ့် အတတ်တွေ ငါ့မှာရှိပါတယ်"

ဇရာထွန်းကတော့ ခပ်ချဉ်ချဉ်ပြန်ကြည့်ပြီး ခေါင်းခါပြနေ၏။ မီးပွိုင့်လွှတ်တော့ ဝူးခနဲ မောင်းထွက်သွားသည့် သူမ ကားနောက်ကို ဇရာထွန်းရဲ့ မတ်တူးတစ်ပတ်ရစ်ကလေးက ငယ်သံပါအောင်အော်ပြီး လိုက်နေရတော့၏။ သူမရဲ့ လင့်ခရူဇာကားနက် တောက်ပြောင်ကြီးကတော့ ခုနက မောင်းနှင်မှုနှင့် တခြားစီ ဟိုက်စပီ တင်သွားလေပြီ။ လမ်းမကျယ်ကြီးမို့ ဟိုက်စပီတင်မောင်း၍ရသောနေရာဖြစ်နေ၏။

"မမီတော့ဘူးနဲ့ တူတယ်ကွ"

"လိုက်စမ်းပါ၊ ရန်ကုန်မြို့ထဲကနေ ဘယ်မှပြေးထွက်မသွားပါဘူး၊ မင်းမမောင်းရဲရင် ငါမောင်းမယ်"

"အဲမယ် .. ကားမောင်းတတ်တာမှ ဘာမှမကြာသေးဘူး၊ လာသေးတယ် သူက၊ ရှစ်နှစ်သားကတည်းက ကားမောင်းလာတဲ့ ဇရာထွန်း





ပါကွ၊ ကြည့်နေ .. မီအောင်လိုက်ပြမယ်"

ဇရာထွန်းကို မခံချင်အောင် စကားဖြင့်ကလိလိုက်၍ ဇရာထွန်း အရှိန်စွတ်တင်မောင်းတော့၏။ လင့်ခရူဇာကားကြီးကို မီဖို့မလွယ်ပေယ့် အရှိန်စွတ်မတင်ရဲသော သူမ ကြောင့် နောက်ကနေ လိုက်မီလာ၏။ သူမ ဝင်သွားသော ဆိတ်ငြိမ်ရပ်ကွက်လမ်းသွယ်ထဲကို လိုက်ဝင်ခဲ့ကြ၏။ သူမ နေသော အိမ်နှင့်နံပါတ်ကို မှတ်သားထားလိုက်၏။ လမ်းသွယ်ထဲက အိမ်ကြီးအိမ်ကောင်းတစ်ခုမှာ နေထိုင်ခြင်းဖြစ်၏။

"ကဲ .. မင်းရဲ့အသည်းကြီးလဲ အိမ်ထဲဝင်သွားပြီ၊ ငါ ဘာဆက်လုပ်ရမလဲ"

"နောက်ပြန်ဆုတ်၊ လာလမ်းကို ပြန်လှည့်မယ်၊ ဘီယာဆိုင်ရောက်မှ အသည်းကြီးအကြောင်းကို စားမြုံ့ပြန်ကြမယ်၊ ဒီနေ့ ငါ စိတ်တွေညစ်ထွေးလာတာ ဒီအသည်းကြီးနဲ့တွေ့မှ လုံးဝကို မေ့ပျောက်သွားတယ်၊ ဒါ ငါ့မေ့ဆေးကြီးပဲ"

ဇရာထွန်း တစ်ယောက် ကားကို ဘက်ဂီယာထိုးပြီး နောက်ပြန်ဆုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာတော့ ယုန်ဖြူတစ်ယောက် လက်မလည်အောင် ဈေးရောင်းနေရ၏။ ဒီကြားထဲ ပေါ်တာက လာရစ်နေသေး၏။ လင်းယုန် ကတော့ ယုန်ဖြူနှင့်အကြောမတည့်၍ ခပ်ရှောင်ရှောင်နေ၏။ မနက်မိုးလင်းကတည်းက ဒေါ်သန်းရင်ထံ မုန့်ဖိုးတောင်းပြီး ရှောင်နေ၏။ ဈေးဆိုင်ကို ရောက်မလာ။

ယုန်ဖြူ မှာတော့ ဈေးသာရောင်းနေရသည်။ မင်းခန့်ထည်ကို မျှော်နေမိသား။ နေ့လယ်ပိုင်း ထမင်းစားပြီးနားချိန် (အတင်းပြောသန်သော ဈေးသည်မတွေ အတင်းစုဝေးချိန်) မှာ မင်းခန့်ထည်တစ်ယောက် သားနားသပ်ရပ်စွာ ပေါ်လာ၏။

ပြုံးရွှရွှလေးဖြင့် ဆိုင်ထဲဝင်လာ၏။ ဒေါ်သန်းရင် အိမ်ခဏပြန်ပြီး တရေးတမောနပ်နေ၏။ ယုန်ဖြူတို့နေထိုင်ရသည့် ရပ်ကွက်က ဈေးနားနီးသော ဆင်ခြေဖုံးရပ်ကွက်ကလေးဖြစ်၏။ ဆင်းရဲသူများပြီး ပြေလည်သူ ရှားပါး၏။





"ယုန်ဖြူ .. စားပြီးပြီလား"

နူးညံ့ချိုသာသောစကားဖြင့် နှုတ်ဆက်၏။ ယုန်ဖြူက ကွမ်းသီးအစိတ်သားထုပ်ကို ငါးဆယ်သားထုပ်ဖြင့် မှားချိန်လိုက်၏။

"ဟုတ် .."

"ကိုယ်တော့ မစားရသေးဘူး၊ ဒီနေ့ ယုန်ဖြူတို့ ဘာဟင်းချက်သလဲဟင် .."

"ဟိုလေ .. ဟင်းတော့ သိပ်မကောင်းပါဘူး။ ရွှေဖရုံသီးနဲ့ ပုဇွန်ဆိတ်ဟင်းချိုချက်တယ်၊ ပြီးတော့ ငရုတ်သီး လေးခြမ်းကြွဲထောင်းတယ်၊ ဆိတ်သားမွကြော်တယ်၊ ဒါပါပဲ"

"အဲဒါ ဟင်းကောင်းပဲပေါ့၊ ခံတွင်းမြိန်စရာပဲနော် ..."

"သူဌေးတွေအိမ်ကဟင်းလောက်တော့ ဘယ်ကောင်းမှာလဲရှင် .."

"ယုန်ဖြူ ပြောတတ်လာပြီ၊ အရင်က မပြောရဲဘူး"

"အဲ့ .."

"အဲဒီလို ရှက်ကိုးရှက်ကန်းဖြစ်သွားတဲ့ပုံစံလေးက ချစ်စရာလေးကွာ ..."

"အို .."

"ထပ်ချစ်သွားအောင် လုပ်ပြန်ပြီ"

ယုန်ဖြူ ခေါင်းကြီး တွင်တွင်ငုံ့နေမိတော့၏။ မင်းခန့်ထည်က ဘေးနားရှိ ခုံကို ဆွဲယူထိုင်လိုက်ပြီး ..

"မိုက်ဆာလိုက်တာကွာ၊ ဒါပေမယ့် ယုန်ဖြူကို တွေ့နေရရင်



www.burmeseclassic.com

www.burmeseclassic.com



အာဟာရသိဒ္ဓိ ပြီးနေသလိုပဲ၊ မဆာချင်တော့ပြန်ဘူး"

"ဗိုက်ဆာရင်တော့ တစ်ခုခုဝယ်စားမလား ယုန်ဖြူ ကျွေးပါ့မယ်၊ ဒီတစ်ခါ ယုန်ဖြူရဲ့အလှည့်ပေါ့"

"အဲဒီလိုကြေးမဟုတ်ဘူးနော်၊ အဲဒါ သူ့စိမ်းဆန်တယ်၊ ယုန်ဖြူရဲ့ ထမင်းချိုင့်လက်ကျန်လေးကိုပဲ အမှတ်တရ စားချင်တယ်"

"အို .. မဟုတ်တာ ..၊ အကျန်တွေ မကျွေးချင်ပါဘူး"

"ယုန်ဖြူ စားပြီးသားပဲ စားချင်လို့ပါ"

ပြောပြောဆိုဆို မင်းခန့်ထည်က ယုန်ဖြူရဲ့နောက်ကျောဘက်မှာ ထားသော ချိုင့်ကို လှမ်းဆွဲကိုင်လိုက်၏။ ယုန်ဖြူ ဆွဲထားလို့လည်း မရ။ ချိုင့်တွေဖွင့်ပြီး စီချတော့၏။ ဟင်းနှင့်ထမင်းတွေ တစ်ဝက်လောက်စီ ကျန်နေသေး၏။ သူက ဇွန်းလေးနှင့် ခပ်စားနေတော့သည်။

ဒီအချိန်မှာပဲ ပေါ်တာ ထပ်ရောက်လာပြန်၏။ ရင်းရင်းနှီးနှီး စားသောက်နေသော မင်းခန့်ထည်ကိုတွေ့တော့ တွန့်ခနဲ ဖြစ်သွား၏။ ပြီးနောက် အိုးတိုးအမ်းတမ်း ဖြစ်နေသော ယုန်ဖြူကို အကဲခတ်ကြည့်လိုက်ပြီး ...

"ယုန်ဖြူ .. ဒါ နင့်ဧည့်သည်လားဟင်"

"အေး ..."

"အရင်က မတွေ့ဖူးပါဘူး"

"ခုတွေ့ဖူးပြီမဟုတ်လား"

မင်းခန့်ထည်က ပေါ်တာကိုကြည့်လိုက်ပြီး ထမင်း ဆက်မစား





တော့။ ပေါ်တာကိုယ်က ဆီကိုင်ထားရ၍ အနည်းငယ်နံပြီး ပေရေညစ်ပတ်နေတာကို။ မင်းခန့်ထည်က ပေါ်တာကို အလိုမကျသလို ကြည့်၏။ ပေါ်တာကလည်း မင်းခန့်ထည်ကို မကြည်တော့။

"နင့်အစ်ကို လင်းယုန်နဲ့ကို တိုင်ပြောမယ်"

ပေါ်တာက ဒေါပါပြီး ပြောလာ၏။ မင်းခန့်ထည်က ယုန်ဖြူကို အသာငဲ့ကြည့်ပြီး ...

"ယုန်ဖြူ ..ဒီလူ ဘယ်သူလဲ၊ စိတ်မနှံ့တဲ့လူလား"

"ဘာကွ၊ ငါ လူကောင်းကွ၊ ပေါ်တာပဲရှိတယ်၊ မင်းက ရာရာစစနဲ့ ချေပေါ် ဆီတွေ .. မိဘလုပ်စာ ထိုင်ဖြုန်းပြီး မိန်းကလေးတွေကို လိုက်ဖျက်ဆီးနေတဲ့ အညွန့်ချိုးကောင်ကများ .. ငါ့ကို အရူးတဲ့ .. တောက်"

"ပေါ်တာ ..နင်သွားတော့ဟယ် ဒါ ငါ့ဖောက်သည်ဟဲ့၊ နင် လာပြီး ခိုက်ရိုင်းနဲ့"

"ဩော် .. ခုတော့ နင်ကပြောပြီပေါ့၊ ခိုင်းစရာရှိတော့ ငါ့ကိုသတိရတဲ့မိန်းမ၊ ဟောဒီလို ကျားတွေရှေ့မှာ နင် ရွှေသမင်မလို ကစားပြချင်နေတာလား မိယုန်ဖြူ"

"ပေါ်တာ ... ငါ ကွမ်းညှပ်နဲ့ ကောက်ပေါက်လိုက်မှာနော်၊ နင် သွန်လာပြီ၊ သွား .. ထွက်သွား .."

"သွားမှာပါ၊ သွားမယ်၊ ဘယ်တော့မှ ဒီဆိုင်ကို ခြေဦးမလှည့်တော့ဘူး ပေါ်တာတို့က ပြတ်ပြီဆို လှည့်ကိုမကြည့်ဘူး၊ ဟင်း .. တောက်"

ပေါ်တာက ဘုကြည့်ကြည့်ပြီး မင်းခန့်ထည်ကို ဘီလူးသရဲလို ဖြ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လာပြန်၏။ မင်းခန့်ထည်က ထရပ်ပြီး လက်သီးဆုပ်ကာ တဖျစ်ဖျစ်ညှစ်ပြလိုက်တော့ ပေါ်တာလည်း လန့်ပြီး ပြေးပါလေရော။

"လင်းယုန်က ဒီလိုကောင်မျိုးကျတော့ အနားကပ်ခံတယ်၊ လင်းယုန်နဲ့သူနဲ့တောင် ပြောရေးဆိုခွင့်ရနေသလိုပဲ"

"သူက အရူးအပေါ်မို့ ခွင့်လွှတ်ထားတာပါ၊ စိတ်မဆိုးပါနဲ့နော်၊ ယုန်ဖြူ ကြားထဲက တောင်းပန်ပါတယ်"

"ဘာမှမဖြစ်သွားဘူး၊ ကိုယ် နေတတ် ပြောတတ်ပါတယ်၊ ဒီအရူးနဲ့ ဇာတ်လမ်းပြတ်သွားတော့ ကိုယ်လဲ စိတ်အေးသွားရတာပေါ့၊ အရူးအရူးနဲ့ တချို့အရူးတွေက အိမ်ဦးချေးတက်ပါတတ်ကြတာ ယုန်ဖြူလေးရဲ့"

"ဟုတ် .."

မင်းခန့်ထည်က ဆက်စားနေ၏။ ညနေသုံးနာရီထိုးသည်အထိ မင်းခန့်ထည်က တွေ့ရာလေးပါး စကားတွေ ထိုင်ပြောနေ၏။ အချစ်ကဗျာလေးတွေ ရွတ်ပြ၏။ အချစ်တေးလေးတွေ ဆိုညည်းပြ၏။ ဈေးဝယ်ရောက်လာလျှင် ကူရောင်းပေး၏။ အချစ်ပုံပြင်ကလေးတွေကတော့ ယုန်ဖြူ အကြိုက်ဆုံး ပုံပြင်လက်ဆောင်ကလေးတွေပဲပေါ့။ သုံးနာရီခွဲဆိုလျှင် မိခင်ရောက်လာတော့မည်။ မိခင်က သိပ်မကန့်ကွက်ပါ။ သို့ငြား မနေ့ညတုန်းကတော့ စစ်စစ်ပေါက်ပေါက် မေးဖူး၏။

"အဲဒီကောင်လေးက ဘယ်ကလဲ"

"သိဘူး .."





"ကောင်းရော .."

"သူ့မိဘတွေကရော ဘာလုပ်သလဲ"

"ဘာမှမသိဘူး"

"တော်လိုက်တဲ့ ငါ့သမီး၊ ဦးနှောက်ကို ရွှေချထားဖို့ကောင်းတယ်"

"ဟာ .. မေမေကလဲ၊ မာခေါက်ခေါက်ကြီး ဖြစ်နေမှာပေါ့၊ မနေတတ်ပါဘူး၊ လက်ပြောင်ပြောင်နဲ့ .."

"တယ်လေ .. ငါ မပြောလိုက်ချင်ဘူး .. ဟွန်း ..."

ဒီနေ့ မေမေ မရောက်ခင် ကိုလင်း (လင်းယုန်) ရောက်ချလာ၏။ ပေါ်တာရဲ့လက်ချက်။ ကိုလင်းကို လိုက်ပတ်ရှာပြီး ချွန်တွန်းပို့လိုက်ဟန်တူ၏။

ဒေါသတောင်ပံတွေ တဖျတ်ဖျတ်ရိုက်ခတ်သလို လမ်းလျှောက်လာ၏။ ဘေးဆိုင်တွေက မင်းခန့်ထည်နှင့် ယုန်ဖြူတို့ ကြည်နူးနေတာကို ကြည့်မရဖြစ်ကြ၊ မနာလိုကြ၊ တီးတိုးအတင်းတုပ်ကြနှင့် ဖြစ်နေဆဲမှာ လင်းယုန် ရောက်ချလာတော့ သည်းထိတ်ရင်မ ကြည့်ရတော့မည့်အထင်နှင့် နားရွက်တောင်မခတ်ဘဲ အသက်ရှူရပ်သလို ဝိုင်းငေးကြည့်ကုန်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. မင်း ရောက်လာပြန်ပြီလား၊ မင်းကို ဒီတစ်ခါ တော့ မှတ်လောက်သားလောက်အောင် ဆုံးမမှရလိမ့်မယ်၊ ထစမ်း... ပိုင်စိုးပိုင်နင်းနဲ့ ငါ့ညီမအနားမှာ ထိုင်နေသေးတယ်"

မင်းခန့်ထည်က ခပ်ပြုံးပြုံးလေး ပြန်ကြည့်နေ၏။ လင်းယုန်က အတန့်ငယ်တွေလာပုံရ၏။ ယုန်ဖြူက ထရပ်ပြီး ...

"ကိုလင်း ... ညီမလေးရဲ့လူကို လုံးဝမထိနဲ့နော်"

"အောင်မာ .. နင်က ငါ့ကိုတောင် ပြန်လှန်ရဲတယ်ပေါ့၊ ဒီကောင် နဲ့ ငါနဲ့ မတည့်ရဘဲ နင်နဲ့ငါနဲ့ တည့်ရတော့မယ်၊ ငါ့ညီမကိုတော့ နာအောင် မလုပ်ချင်ဘူး၊ မင်းကိုပဲလုပ်မယ်"

လင်းယုန်က မင်းခန့်ထည်ရဲ့ ရင်ဘတ်အကျီစနှစ်ဖက်ကို ဆောင့် ဆွဲပြီး မတ်တတ်ရပ်စေကာ ဆွဲထိုးဖို့အပြင် ...

"ကိုလင်း .. မလုပ်နဲ့"





"ဟော့ကောင် လင်းယုန်၊ မင်း ငါ့အစ်ကိုကို မလုပ်နဲ့နော်၊ ငါ သည်း ခံမှာမဟုတ်ဘူး"

ယုန်ဖြူ က ထအော်နေတုန်း အာကာမင်း နောက်ကရောက်လာ ပြီး လင်းယုန်ကို ဆောင့်တွန်းလိုက်၏။ လင်းယုန် မထိုးလိုက်ရဘဲ ယိုင် ထိုးပြီး ဘေးဘက်ရောက်သွား၏။

"ဟင် .. ဟော့ကောင် အာကာ .. မင်းလိုက်လာတာလား၊ မလိုက် ခဲ့နဲ့လို့ ငါ ပြောထားရဲ့သားနဲ့ .."

လင်းယုန်နှင့်အာကာ အတူသောက်စားရာမှ ထ လာပုံရ၏။

"မင်းကို ငပေါတစ်ကောင်က လာပြောတာနဲ့ မင်း ဒေါကန်ပြီး ထလိုက်သွားတာ၊ ငါ့အစ်ကိုမို့ မလုပ်ပါနဲ့လို့ ငါတားတာလဲ မရဘူး၊ စိတ်မချလို့ ငါလိုက်လာတာ ..."

"အာကာ .. ဟော့ကောင် .. မင်းကို အချစ်ဆုံးသူငယ်ချင်းဆိုပြီး အခွင့်အရေးယူတာလား၊ ချစ်တော့ ချစ်တယ် အလိုမလိုက်ဘူးနော်၊ မင်းရှေ့ကဖယ် .."

"မဖယ်ဘူးကွာ .."

"ဟော့ကောင် အာကာ .. မင်း ငါ့အကြောင်းသိတယ်နော်"

"အပိုတွေပြောမနေနဲ့၊ မင်း ဘာဖြစ်ချင်သလဲ"

"မင်းတို့နှစ်ယောက်စလုံး ငါ့ဆိုင်ထဲကထွက်သွား .."

"အေး .. သွားမယ်၊ လာ .. ကိုခန့် .. သူဘက်ကတောင်းဆိုတာ ခံတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်ထည်က အံပြုံးမပျက် ကြည့်နေရာမှ မျက်နှာပျက်သွားပြီး ယုန်ဖြူကို လှမ်းကြည့်၏။ ယုန်ဖြူကလည်း မင်းခန့်ထည်ကို စိတ်မကောင်းဟန်နှင့် ပြန်ကြည့်၏။

မင်းခန့်ထည် .. အာကာမင်း လက်ဆွဲခေါ်ရာသို့ လိုက်ပါသွားလေသည်။ လင်းယုန် က ...

" မင်း စာတတ်သွားလို့ပေါ့ အာကာရာ၊ နို့မို့ဆို ငါကြမ်းရင် ခွမ်းခနဲ ခွမ်းခနဲ မင်းတို့ဘာတ်သီးတွေ ကျွမ်းသွားအောင် ကျွေးပစ်မယ်"

အာကာတို့ညီအစ်ကို ဘာမှတုံ့ပြန်မပြော၊ လှည့်၍မျှပင်မကြည့်။ ယုန်ဖြူက ဆေးမွှေးဘူးတွေ ဆောင့်ချပြီး လင်းယုန်ကို မျက်စောင်းကြီးခဲကြည့်နေ၏။ လင်းယုန်က လက်ပြန်ဖြင့်ရှယ်ပြီး ...

"ငါလုပ်လိုက်ရ နှပ်ချေး အတောင့်လိုက်ထွက်သွားတော့မှာပဲကွာ"

"လုပ်ရဲလုပ်ကြည့်ပါလား၊ လူဆိုးလူမိုက် ဒုစရိုက် .."

"ဘာ .. ဟာ ..."

"ဟဲ့ ဟဲ့ ဟဲ့ ... လုပ်ပြန်ပြီ၊ လင်းယုန် .. ငါ ခဏပြန်နားတာနဲ့ ညီမဆိုင်ကို ပြဿနာလာရှာတော့တာပဲ"

ထုံးစံအတိုင်း လင်းယုန်တို့သားအမိတွေ ပြဿနာတက်ပြီး စကားများကုန်တာကို ဘေးဆိုင်က ခေါ်စိန်မ၊ ရေခဲမုန့်ရောင်းတဲ့ သူတောင်းစားဝိုဏ်းချုပ်ကြီး မောင်ကျော်၊ မုန့်ဟင်းခါးသည် ဒေါ်ပိန်ရှု နဲ့သမီး အံပုမ၊ ရုပ်ဆိုးကြီးနဲ့ သူ့သားဘဲခေါင်းခြောက်၊ ဟိုတို့ဒီတို့





ခဲမဲနိုင်တို့တစ်တွေ ရယ်ဝေ့၏။ ယုန်ဖြူလည်း ထဘီမ,ပြီး အံကြိတ်ခါးထောက်ကြည့်လိုက်တော့မှ ဟိုဒီကြည့်သလို အကြည့်တွေ ရုပ်သိမ်းကုန်၏။ ဈေးထဲမှာ မတည့်တဲ့လူနှစ်ယောက်ရှိရင် ကြားဝင်ရန်တိုက်ပေးတဲ့ စိန်ပိုမ ဆိုတာကြီးက ခေါင်းကကြာဆံတွေသာ ဖွေးနေတယ်၊ စိတ်ကောင်းတစ်စက်မှမရှိတဲ့ စုန်းမကြီး။ ဟိုဘက်တိုက်လိုက်၊ ဒီဘက်တိုက်လိုက်နဲ့လုပ်မှ၊ သူများ ပြဿနာတက်တာကို ကြည့်ရမှ စားဝင်အိပ်ပျော်တဲ့ မိစ္ဆာမကြီးပေါ့။ သူက ယုန်ဖြူကို ထိုင်ကြည့်နေသေးတယ်။ ယုန်ဖြူက ကွမ်းရိုး ဖြတ်တဲ့ခါးကို လက်ထဲ ဆုပ်ကိုင်ပြလိုက်မှ လစ်ပြေးတော့၏။

ယုန်ဖြူက မဟုတ်မခံ၊ ပျော့ရင်ဖယောင်း၊ မာရင်သံချောင်း၊ ဘာတ်လမ်းက မသန်းလို ကြမ်းတဲ့အခါ ကြမ်းတတ်တယ်၊ ရမ်းတဲ့အခါ ရမ်းတတ်တယ်။ ဒီစရိုက်တောထဲမှာ နေနေရလို့ကတော့ မကြမ်းမရမ်းဘဲ နုနုလေးလုပ်နေလျှင် ကိုယ့်အပေါ် တက်ဖိသွားလိမ့်မည်။

လင်းယုန် ပြန်ထွက်သွားတော့မှသာ စကားနည်းရန်စဲ ဖြစ်သွားရတော့၏။ ပုထုဇဉ်ပီပီ တစ်ခါတလေ စိတ်ညစ်လျှင် အစ်ကိုဖြစ်သူကိုပဲ ကျိန်ဆဲမိ၏။

"ဟွန်း .. အမြန်သေ .. အေးရော .."



www.burmeseclassic.com

www.burmeseclassic.com



"အန်တီကြည်၊ အန်တီ့သားကို ထိန်းဦး၊ ဒီကောင် ဈေးထဲက ကောင်မလေးတစ်ယောက်အနားကို သွားရစ်နေတယ်၊ သူ့အစ်ကို လင်းယုန် ဆိုတာ ကျွန်တော်နဲ့တွဲတာမှန်ပေမယ့် ဒီကောင်က တစ်ခါ တလေ ပြောမကောင်းဘူး ကိုခန့်ကြောင့် လင်းယုန်နဲ့ကျွန်တော် ရန်သူ တွေ ဖြစ်တော့မယ်"

အာကာမင်းက ဒေါနှင့်မောနှင့် ပြောလာ၏။ ဒေါ်ကြည်ကြည်ခန့် က ကျောက်တွေကို မှန်ဘီလူးနှင့် စစ်ဆေးနေရာမှ ရွှေမျက်မှန်ကို ဝင့်ခနဲ မော့ကြည့်လာ၏။ မင်းခန့်ထည်က အာကာ့ကို လက်ကုတ်ပြီး တားတာလည်းမရ။ ဒေါ်ကြည်ကြည်ခန့်ရဲ့ စူးလက်ပြိုးပြက်သော အကြည့်က မင်းခန့်ထည်အပေါ် စိုက်ခနဲ ကျရောက်လာ၏။

"မင်းခန့်ထည်"

ဟိန်းထန်သော သံပြင်းဖြင့် ခေါ်လိုက်၏။

"ပြောပါ မေမေ"





"မင်း ဘာတွေလျှောက်လုပ်နေတာလဲ၊ မင်းကို မေမေ ဘာတွေ ကြို့ပြောထားသလဲ၊ မှတ်မိလား"

"မှတ်မိပါတယ် မေမေ .."

"အေး .. တစ်ချက်ချင်း ပြန်ပြောစမ်း"

"အရက်မသောက်ရ၊ ဆေးလိပ် ကွမ်းယာ မစားရ၊ လောင်း ကစား မလုပ်ရ၊ မိန်းမ မပွေမရှုပ်ရ"

"တော်ပြီ၊ ဒီအချက်နဲ့တင် ငြိနေပြီ၊ မင်း ဘာလို့ အဲဒီအချက်ကို ကျူးလွန်ဖောက်ဖျက်ရတာလဲ .. ပြောစမ်း .."

"ကျွန်တော် မိန်းမ မရှုပ်ပါဘူး မေမေ .."

"ကြောင်ညာတယ်၊ အာကာ လာပြောနေတာ ဘာလဲ"

"အဲဒါက ဈေးထဲက အဲဒီကောင်မလေးကို ကျွန်တော် တကယ် မေတ္တာသက်ဝင်နေလို့ပါ"

ဒေါ်ကြည်ကြည်ခန့် ဝုန်းခနဲ ထရပ်လိုက်၏။ အာကာပင် လန့် ဖွန့်သွား၏။ ရင်ဘတ်တွေ မို့မောက်လှိုင်းထန်ရင်းက ,..

"မင်းကို မေမေ သဘောတူတဲ့မိန်းမနဲ့ပဲ ပေးစားမယ်လို့ မေမေ ပြောခဲ့ပြီးပြီလေ၊ ဒေါက်တာဝင်းဝင်းလက် ဆိုတဲ့ မိန်းကလေးနဲ့ ပေးစား ယ်၊ သူ့ မေမေ လဲ့လဲ့ဝင်းနဲ့ မေမေတို့က သူငယ်ချင်းတွေ၊ သဘောတူ ထားတာ ကြာပြီ၊ ကလေးမလေး ပြည်ပမှာ ပညာဆက်သင်နေလို့ သော စောင့်ခိုင်းထားတာ၊ အဲဒါကို မင်း မစောင့်နိုင်ဘူးလားဟင် .."

"ဟာဗျာ .. မေမေကလဲ၊ အဲဒီကောင်မလေးက ဆရာဝန်မသော

www.burmeseclassic.com



ဆိုတယ်၊ ချောလဲမချောဘူး၊ ဝတုတ်ပြဲကြီး၊ သူနဲ့သာ ကျွန်တော်ရရင် စဉ်အိုးမှာ ဖားဖျံကပ်သလို ဖြစ်နေမှာပေါ့"

"ဘာပဲကပ်ကပ် အမိကက ချမ်းသာပြည့်စုံပြီး ပညာတတ်ဂုဏ်သရေရှိ မိန်းမမျိုးကို မင်းရဖို့ပဲအရေးကြီးတယ်၊ နေစမ်းပါဦး .. ဈေးထဲက ဘာမဟုတ်တဲ့ကောင်မလေးကရော .. ဘယ်လောက်လှနေလို့လဲ"

"ဘာလှသလဲ မမေးနဲ့ မေမေ၊ မေမေမြင်ရင် ချွေးမလေးလို တန်းချစ်သွားလိမ့်မယ်"

"တိတ်စမ်း .. ရွံ့ပြောလို့ပြောမှန်းလဲမသိဘူး၊ မှတ်ထား .. လှတာမက်ရင် ညစာခက်တယ်တဲ့၊ ဘာအရည်အချင်းမှမရှိတဲ့ မိန်းမကို မင်းမို့စဉ်းစားသေးတယ်၊ မြင်းရဲ့ပြီး ဆင်စီးတာမျိုးပဲ မိဘက သားသမီးကိုဖြစ်စေချင်တယ်၊ မြင်းကန်ပြီး ဆင်နင်းတာမျိုးတော့ အဖြစ်မခံနိုင်ကြဘူး၊ ဒါကို သားသဘောပေါက်ရင် အချိန်မလွန်ခင်ကတည်းက နောက်ဆုတ်၊ မေမေ အလုပ်ရှုပ်နေတာ၊ ပြောချင်တာ ဒါပဲ"

မင်းခန့်ထည် ငြိမ်နေလိုက်၏။ အာကာက ...

"အန်တီကြည် .. ဈေးကို ကိုခန့် မသွားစေနဲ့"

အိမ်ခန်းထဲမှ နားထောင်နေသော အဘိုးဖြစ်သူက တောင်ဝှေးဖြင့် ထောက်လှမ်းရှေ့ထွက်လာရင်း ...

"ဟေ့ကောင် .. ငါ့မြေးအာကာ ..."

"ဗျာ .. အဘိုး ..."

"အဲဒါဆို မင်း ငါ့ကို စိတ်ကနယ်ဆေးဘူး နေ့တိုင်းဝယ်ပေးမလာ





ဒီမှာ ငါ့မြေးကြီး မင်းခန့် နေ့တိုင်းဝယ်ပေးနေတာ ဘူးအစစ်အမှန်တွေချည်းပဲ၊ တစ်ခါတလေ အိမ်ဖော်မလေးတွေ သွားဝယ်ခိုင်းရင် အတုတွေချည်း တိုးနေတယ်ကွ၊ အဲဒီတာဝန် မင်းယူနိုင်ရင် ကိုခန့်ကို ဈေးမလွှတ်တော့ဘူး"

"အဘိုးကလဲ .. စိတ်ကနယ်ဘူးပဲဟာ၊ တခြားဆိုင်တွေမှာ ကြိုက်သလိုဝယ်လို့ရပါတယ်၊ ဈေးထဲက လင်းယုန်ရဲ့ညီမဆိုင်မှာမှ စစ်တာမဟုတ်ပါဘူးဗျ၊ ကျွန်တော်က အလုပ်အားတာမဟုတ်ဘူး၊ အချိန်ပိုင်းနဲ့ကောင်တာထိုင်ရသေးတယ်"

"ဟေ့ကောင် အာကာ ... မင်းပြောလိုက်ရင် ဒီလိုချည်းပဲ၊ မင်းခလုပ်နိုင်ဘဲ ဘာမှ လာမပိတ်ပင်နဲ့၊ ငါ့မြေးကြီးကို ငါ ဈေးလွှတ်စရာရှိရင် လွှတ်မှာပဲ၊ တို့အိမ်က မုန့်ဟင်းခါးဖတ်၊ ခေါက်ဆွဲဖတ်လိုချင်ရင်ငါ့မြေးကြီးကိုလွှတ်မှာပဲ၊ မင်းပြန်တော့ .. အတို့အထောင်ကောင်"

"အဘိုးကလဲ အဖေ့လိုပဲ ဘုဘောက်ကြီး .."

အဘိုးက တုတ်ကောက်ကြီးနှင့် လိုက်ရိုက်တော့မှ အာကာလဲ အောင်မလေးဗျ လို့အော်ပြီး အိမ်ပြင်ထွက်ပြေးတော့၏။ မင်းခန့်ထည်ရဲ့ဘဝမှာ အဘိုးရှိလို့သာ သက်သာရာရနေခြင်းပဲဖြစ်၏။ မေမေနှင့်သာဆိုလျှင် မင်းခန့်ထည်ရဲ့ဘဝက ကောင်းကင်ကို မတော်လှန်နိုင်သော မြေပြင်ပမာသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက် ဘာတွေစိတ်ဝမ်းကွဲနေကြတာလဲ လင်းယုန်နဲ့အာကာ"

ရောထွန်းရဲ့ ကားနှင့် ခေါ်တင်လာ၍ တစ်နေရာစီကနေ နှစ်ယောက်သား တက်လိုက်လာကြရ၏။ မျက်နှာတွေကတော့ဖြင့် သိပ်မကြည်။ ဒီသုံးယောက်က ရန်ဖြစ်လည်းအတူတူ၊ စံစရာရှိ စံသလို ခံစရာရှိ ခံကြစတမ်း။ ဒီသုံးယောက်ထဲမှာ လင်းယုန်က ချွန်မိုက်သလို ချွန်ဖိုက်တတ်၏။

အာကာမင်းတစ်ယောက် ရည်းစားလှပွဲအတွက် ပြိုင်ဘက်နှင့် ယှဉ်ရသောအခါ ပြိုင်ဘက်ဗေဒါတို့အဖွဲ့က အင်အားတောင့်တင်း၏။ ထိုအဖွဲ့ကို အလဲထိုးခဲ့သူမှာ လင်းယုန်။

ငါးယောက်နှင့်တစ်ယောက်လည်းဖိုက်တင်ပလေးရဲ၏။ အာကာမင်းကို ဗေဒါက ခုံနှင့် အလစ်ဝင်ရိုက်တော့ လင်းယုန်က အချိန်မီ တိုက်ခိုက်ပစ်လိုက်နိုင်၏။ လင်းယုန် ဆက်ဖိုက်တာ လက်လွန်သွား၍ ဗေဒါ အထိနာသွားသည်။





ဒီမှာတင် အာကာနှင့်ဗေဒါတို့ အပြိုင်ကြိုက်နေကြသော ဟန်နီမိုးဆိုသည့်ကောင်မလေးမှာ ဗေဒါကိုသနား အာကာ့ကို စိတ်ဆိုးပြီး ဗေဒါဘက် ပါသွားခဲ့၏။

အာကာ ရှင်နာခဲ့ရသည်။ ဝင်ကာကွယ်ခဲ့သော သူငယ်ချင်းကိုလည်း အပြစ်မဆိုရက်၊ ရန်ပွဲကို စတင်စိန်ခေါ်ခဲ့သည့် သင်းယုန်အပေါ်မှာတော့ အမျက်သိုခဲ့၏။

လင်းယုန်က ရောထွန်းရဲ့အမေးကို ပြန်မဖြေ။ ကန်ရှေပြင်ပေါ်က ိုင်းကြက်ခွပ်ကလေးတွေအပေါ် ခဲလုံးလေးဖြင့် ရှုပ်ပစ်နေ၏။ ာကာက ဇာတ်စုံခင်းလေပြီ။ ရောထွန်းက ပုရောဟိတ်အိုက်တင်နှင့် းထောင်ပြီး ခေါင်းတညိတ်ညိတ်လုပ်ကာ ...

"အင်း ..ဒီကိစ္စကတော့ သူ့ဘက်နဲ့သူ မှန်နေတာပဲ၊ ဒီလိုလေ၊ ာကာကလဲ မင်းအစ်ကိုကိုထိန်း၊ လင်းယုန်ကလဲ ယုန်ဖြူကိုထိန်း၊ င်းယုန်က သူညီမနဲ့ပတ်သက်ရင် တို့သူငယ်ချင်းရင်းချာကြီးတွေကို ာင် လက်ခံတာမဟုတ်ဘူး။ ဒါကြောင့် ယုန်ဖြူနဲ့တောင် မိတ်ဆက် းတာမဟုတ်ဘူး"

လင်းယုန်က အာကာ့ဘက်ကို ဆတ်ခနဲ လှည့်လိုက်ပြီး ...

"ငါ့ညီမက တော်ဝင်နန်းထိုက် ပန်းမကိုင်းကွ၊ တော်တန်ရုံလူနဲ့ းလားမှ မထိုက်ဘူး"

"မင်းဘက်ကိုမင်း သိပ်အမွှမ်းတင်မနေနဲ့ ကောက်ညှင်းက မစေး ဲ ဆန်ကြမ်းက စေးနေတာ မကောင်းဘူး ကိုခန့်အနား... ရှိနေမဲ



www.burmeseclassic.com

www.burmeseclassic.com



လှလေးတွေ ဝိုင်းနေတာပဲ၊ မင်းညီမကိုရမှ မင်းညီမနှာခေါင်းပေါက်နဲ့ အသက်ရှူရှင်သန်ရမယ့်ယောက်ျားထဲမှာ ကိုခန့် မပါတာတော့ ကျိန်းသေတယ် လင်းယုန်"

"ဟော့ကောင် အာကာ ... မင်းကွာ .. သူငယ်ချင်းမို့လို့ ကြည့်နေတာ၊ တခြားကောင်ဆို လုံးဝဖြောင်ပစ်လိုက်ပြီ၊ နှမချင်း ကိုယ်ချင်းစာနာပြီးပြောစမ်း၊ မင်းစကားကို ပြင်ပြောလိုက်စမ်း အာကာ ..."

လင်းယုန်က အာကာရဲ့ပါးစပ်ကို လက်တစ်ဖက်နှင့် ဆွဲညှစ်ရင်း ပြောလိုက်၏။ အာကာက နာကျင်သွား၍ လင်းယုန်၏လက်ကို အတင်း ပုတ်ထုတ်ပစ်လိုက်၏။ ပြီးနောက် ဝုန်းခနဲ ခုန်ထရပ်လိုက်ပြီး...

"မင်းအပေါ် တင်စီးပြောတာမကြိုက်ရင် သူများကိုလဲ တင်စီးမပြောနဲ့၊ ငါ မကြိုက်ဘူး"

"ဘာလဲ .. မင်းအစ်ကိုအတွက် မင်းက စတေးခံရဲတဲ့ လူစွမ်းကောင်းကြီးလား၊ သူငယ်ချင်းဆိုတဲ့မျက်နှာကို မထောက်တော့ဘူးလား"

"မင်း ငါ့အစ်ကိုအကြောင်းမပါစေချင်ရင် မင်းညီမအကြောင်းလဲ နောက်ဆို မပါနဲ့ကွာ၊ အဲဒီကိစ္စကိုမေ့ထားမှ မင်းနဲ့ ငါနဲ့ ရှေ့ဆက်ပြီး ဆက်ဆံရေးပြေလည်လိမ့်မယ်"

"သွားစမ်းပါ အာကာရာ၊ ဘာလဲ .. မင်းတို့မှာ ငွေဝိတ်လေး သေးသေးရှိတာနဲ့ ငါ့အပေါ် ဖိအားပေးတာလား၊ မင်းအစ်ကို ငါ့ညီမအနား ကပ်ရစ်နေတာကို ငါက လျစ်လျူရှုထားပေးရမယ့်သဘောလား၊ မင်း





တော်တော်ရယ်စရာပြောတဲ့ကောင်ပဲ၊ ဒင်းနဲ့ပေါင်းရဖို့ ငါက ဒူးထောက်ပြီးတောင်းပန်မယ့်ကောင်လို့ မင်းထင်နေသလား၊ ထွီ .. သွားသေလိုက်၊ လာရှုးမနေနဲ့"

လင်းယုန်က ဝေ့စကုတ်အင်္ကျီကို ဆွဲချွတ်ပစ်ပြီး တိုက်ခိုက်ဖို့ အကြောလျှော့လေ့ကျင့်ခန်းတွေ စတင်လုပ်ဆောင်နေ၏။ ရောထွန်းက ကြားဝင်ရပ်လိုက်ချိန်မှာ အာကာကလဲ တုံ့ပြန်ဖို့ ပြင်ဆင်နေပြန်ပြီ။

"ဟော့ကောင်တွေ ... မင်းတို့ ရန်သူတွေလဲမဟုတ်ဘူး၊ သွေးသောက်ညီအစ်ကိုတွေလေ၊ ဘယ်တော့မှ အချင်းချင်း ပြန်မတိုက်ခိုက်ပါဘူးလို့ လေနဲ့ရေကို သစ္စာပြုထားကြပြီးပြီလေ"

ရောထွန်းပြောသလို သူတို့သုံးယောက် ပြုလုပ်ခဲ့ကြ၏။ သွေးသောက်ညီအစ်ကိုဖွဲ့သည့်အနေဖြင့် အချဉ်ရည်အနီတွေ မော့သောက်ခဲ့ကြ၏။ မိုးနဲ့မြေနတ်မင်းကြီးတွေ မတိုင်တည်ရဲသဖြင့် ရေနှင့်လေနတ်မင်းတွေကိုသာ တိုင်တည်သစ္စာပြုဖြစ်ခဲ့ကြ၏။

ရေသောက်လိုက်၊ လေလည်လိုက်၊ သစ္စာဆိုလိုက်နှင့်ရယ်ပေ့ါ။ ဒီလိုသုံးယောက်ကြားမှာ စိတ်ဝမ်းကွဲစရာတွေ လိမ့်ဝင်လာလေပြီ။

"ဟော့ကောင် လင်းယုန်၊ မင်းက ငါ့ကို လက်ပါတဲ့အထိ လက်တုံ့ပြန်ချင်လို့လား၊ လုပ်ရဲရင် လုပ်ကြည့်လိုက်လေ .."

"ဟာ .. ကဲကွာ .."

"ဖြောင်း .."

လင်းယုန်က လက်ပြန်လှည့်ရိုက်ထည့်လိုက်၍ အာကာသည်း



www.burmeseclassic.com

www.burmeseclassic.com



ဖက်လည်ပြီး မြေပေါ်ကို ဒူးတစ်ဖက်ထောင်၊ ဒူးတစ်ဖက်ထောက် လျက် ကျသွား၏။

"လင်းယုန် ... မလုပ်နဲ့လေကွာ .."

"ဒီကောင် အာကာက ငါ့ကိုစိန်ခေါ်စကားပြောတာပဲ၊ လင်းယုန်ကို ဘယ်တော့မှ လာစိန်မခေါ်နဲ့၊ အိမ်ပေါ်အထိ လိုက်ဖိုက်ရဲတယ်၊ ဇာတ်တူသားမစားချင်လို့ မင်းကိုချော့လိုက်ခြောက်လိုက် လုပ်နေတာ"

လင်းယုန် စကားမဆုံးခင်မှာ အာကာက ခုန်ထပြီး ဒူးပုံဖြင့် လင်းယုန် ရင်ဘတ်ကို တိုက်ပစ်လိုက်၏။

"ဒုတ် .."

"အင့် .."

အလစ်အငိုက်တို လင်းယုန် ခံလိုက်ရပြီးနောက် ပက်လက်လန် လဲကျသွားသည်မှာ မရှုမလှ။

"ဟေ့ကောင် အာကာ .. တော်တော့"

လင်းယုန် အမြန်လူးလဲထလာ၏။ အာကာကလည်း တိုက်ကွမ်ဒို သမားပီပီ အကွက်ဆွဲပြီး အသင့်ပြင်ထား၏။ လင်းယုန်က ကရာတေး ခါးပတ်နက်အဆင့်မို့ ကီဆွဲပြီး အာကာ့ကို လက်ဝါးစောင်းတွေနှင့် ဝင် ခုတ်တိုက်နိုက်၏။

ကြားထဲက ရောထွန်း ဝင်ခံလိုက်၍ နှစ်ယောက်စလုံးရဲ့ ထိုးချက် တွေထိပြီး ရောထွန်း လဲကျသွား၏။ အာကာက ...

"တော်တော်ကြားဝင်ချင်တဲ့ကောင် .. ခံပေါ့"





ပြောပြီး အမြန်လစ်သွား၏။ ရောထွန်းကို ပြုစုနေရ၍ လင်းယုန် လည်း လိုက်မတားနိုင်တော့။ ရောထွန်းကို ပွေ့ချီပြီး ရောထွန်းရဲ့ကား ဆီရောက်အောင် ပြန်ရ၏။ အာကာကတော့ အငှားကားငှားပြီး ပြန်လစ် သွားပုံရ၏။ ကားပါကင်မှာ မတွေ့တော့။

ရောထွန်းရဲ့ကားကိုမောင်းပြီး နီးရာဆေးခန်းကို သွားရ၏။ ဖြစ် ချင်တော့ အထူးကုဆေးခန်းကို ရောက်သွား၏။ အတွေ့တွေ့ရောဂါကု ဆရာဝန်မ အသင့်ရှိနေ၍ ပြသဖို့ ထမ်းပိုးသွင်းရတော့၏။ အခန်းဝမှာ တော့ ...

ဒေါက်တာ ပိုးလွှန်းနွယ်
**M.B.B.S**

ဆိုသည့် စတေကာဘုတ်ကို အမှတ်မထင် လှမ်းဖတ်ဖြစ်လိုက် ၏။ နာမည်လေးက အလှသား၊ ဒေါက်တာပိုးလွှန်းနွယ်တဲ့။ အထဲ ရောက်မှ နာမည်နှင့်တခြားစီဖြစ်သော မည်းမည်းလုံးလုံး ဖြားဖြား ကားကားကြီးဖြစ်နေရင်တော့ ...

ရောထွန်းကို လူနာခုတင်ပေါ် အသာလှဲချပြီး ဆရာမဝင်အလာ ကိုစောင့်ကာ အတွေးရပ်ထားတာကို ဆက်တွေးမိပြီး ပခုံးတွန့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရောထွန်း သတိရနေပါပြီ။ သက်သက်မဲ့ လင်းယုန်ကိုနှိပ်စက်ချင်အသည်းအသန် မေ့ချင်ယောင်ဆောင်ပြီး ကုန်းပိုးစီးလိုက်နေခြင်းဖြစ်၏။ ဆရာဝန်မ ဝင်လာလေပြီ။ လိုက်ကာခန်းဆီးစလေးကို အသာမ,တင်လိုက်သည့် လက်ချောင်းလေးတွေက ဖြူဖြူစင်စင်သွယ်သွယ်လျလျလေး။

"ဗွား ..."

လင်းယုန်တစ်ယောက် ဆရာဝန်မကိုကြည့်ပြီး ပါးစပ်ဟောင်းလောင်းပွင့်သွား၏။ တရုတ်တွေ အံ့သြသလို ဗွားခနဲ အာမေဋိတ်သံထွက်လိုက်သူကတော့ လူနာ ရောထွန်းပဲပေါ့။

လင်းယုန် မြင်မြင်ချင်း တန်းသိလိုက်၏။ တစ်ခါတွေ့ဖူးရုံနှင့်ရင်ထဲ စာတ်ပုံရိုက်ထားသလို စွဲထင်စေသောမျက်နှာ ...။





လင်းယုန် ကန်လိုက်သော ဘူးခွံလေး ထိမှန်ခဲ့ရသော မိန်းမချောလေးဖြစ်နေ၏။ သူမ က ဒေါက်တာပိုးလွန်းနွယ် ဖြစ်နေပါရောလား။ အဆင်းရော၊ အချင်းပါ ပြည့်စုံသည့် မိန်းမ၊ ကားကောင်းကားသန့်ကြီးနှင့် အထူးကုဆေးခန်းကြီးမှာ ဝင်ထိုင်နေသည့် မိန်းမလှ။

ဘယ်လိုမှ အဒိုမဖြစ်နိုင်။ အပျိုမှိုလို့သာ သူမရဲ့ ခန္ဓာကိုယ်တည်ဆောက်ပုံက အချိုးကျလှပနေ၏။ မှုလီတစ်ချက်.မလှည့်ရသေးသော ပြိုင်ကားသစ်လှလှလေးတစ်စင်းပမာ။

"လူနာ ဘယ်လိုဖြစ်နေတာလဲ၊ ပြောတော့ မေ့နေတယ်ဆို၊ ခုတော့ ခေါင်းထောင်ကြည့်နေပါလား"

ဒေါက်သံနွယ်ချင်သော်လည်း ကရုဏာသံထက် ငွေကြေးမျက်နှာလိုက်သံမျိုးနှင့်ပြောလာ၏။ ဘေးနားမှာရပ်နေသော လင်းယုန်ကို သတိမပြုမိသေး။ အလုပ်သဘောအရ သူမ လုပ်ဆောင်စရာရှိတာတွေကိုသာ အာရုံစိုက်လုပ်ဆောင်နေ၏။

မာန်မာနကြီးနေတာလား။ အလုပ်အပေါ် မှာပဲ အာရုံနစ်တတ်တဲ့အကျင့်ရှိသူပေပဲလား။ ရောထွန်းလည်း ပက်လက်လှဲပြီး မျက်လုံးစုံမှိတ်နေလိုက်၏။ မျက်ခွံမှေးမှေးမ,ပြီး ခိုးကြည့်နေ၏။ လင်းယုန် ကတော့ တိုက်ဆိုင်ပြီး လာဆုံနေတာကို အံ့သြနေမိ၏။

"လူနာရှင် .. လူနာဘာဖြစ်သလဲဆိုတာကိုပြောပါ"

မော့မကြည့်၊ လှည့်မကြည့်၊ သွေးပေါင်ချိန်တိုင်းယူနေ၏။ ရောထွန်းကလည်း မျက်နှာကြီး ပြုးချင်ဖြဲချင်ဖြစ်နေ၏။ ဒီကောင်က လက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းကိုင်လျှင် လွှတ်ယားတတ်တဲ့ ငနဲပေါ့။

"ချော်လဲလာတာပါ။ ခေါင်းထိသွားတယ်၊ ကျောကုန်းနဲ့ရင်ဘတ်၊ လည်ပင်းတွေပါ ထိသွားတယ်"

"အို .. ဘယ်လိုလဲတာလဲ၊ ဖားပြုတ်ကြီးလို အမြင့်ပေါ်ကနေ ပစ်လဲကျတာလား"

"မဟုတ်ဘူး၊ ကားပေါ်ကနေ မှူးပြီးလဲကျတာ၊ ဒီကောင်က ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်၊ လိပ်ခေါင်း ရောဂါစုံတယ် ဒေါက်တာ"

လင်းယုန်ရဲ့အသံကို ဒေါက်တာ မမှတ်မိ။ ဘေးကိုလည်း ငဲ့စောင်းမကြည့်။ သွေးပေါင်ချိန်တာရပ်ပြီး ရင်ဘတ်ကို နားကျပ်နှင့် စမ်းသပ်နေ၏။

"ဒေါက်တာ .. ကျွန်တော် ရင်တွေခုန်နေလို့ .."

လူနာ ရောထွန်းက မှိတ်ခနဲ မျက်လုံးဖွင့်ပြီး ဆတ်ခနဲ ပြောလာ၍ ဒေါက်တာမပင် လန့်သွားရ၏။

"သတိရနေရဲ့သားနဲ့ ခုနက ဘာလို့ မေ့ချင်ယောင်ဆောင်နေရတာလဲ၊ အပ်ကြီးကြီးနဲ့ ဆေးထိုးခံချင်လို့လား"

"မလုပ်ပါနဲ့ ဒေါက်တာ့ကိုတွေ့လိုက်တာနဲ့ ရောဂါ သက်သာသွားပါပြီ။ ရှင်တွေခုန်နေတာ ကြားလားဟင် .."

"ကြားတယ်၊ မင်းရှူးနေလား၊ ရင်မခုန်ရင် သေသွားမှာပေါ့၊ ဘယ်လိုလူနာလဲ၊ ပါးချိတ်တွေရော၊ လည်စောင်းတွေရော ညိုမည်းနေပါ





လား၊ မျက်ကွင်းတစ်ဖက်ကလဲ ဖူးကိုင်းနေတာပဲ၊ ဒါ ချော်လဲတဲ့ လက္ခဏာမဟုတ်ဘူး၊ ရန်ဖြစ်လာတဲ့ပုံစံ၊ ဆရာဝန်ကို မညာနဲ့၊ မှန်မှန် ပြောစမ်း"

ရောထွန်းက လင်းယုန်ကို မျက်စပစ်ပြ၏။ လင်းယုန်က ပခုံးတစ်ဖက်ကို တွန့်ပြလိုက်၏။ အချက်ပြနေတာကို သတိပြုမိသွားမှ ဒေါက်တာက ဘေးစောင်းငဲ့ကြည့်လာ၏။ မြင်လိုက်တာနှင့် မျက်မှောင်လေး ရှုံ့ကုပ်သွား၏။ လေးကိုင်းပုံစံနှုတ်ခမ်းလေး မပွင့်တပွင့်ဖြစ်သွား၏။ လင်းယုန် တည်ယောင်ပြုံးယောင်လေးနှင့် ဒေါက်တာ့ကိုကြည့်လိုက်ပြီး ...

"ကျွန်တော့်ကို မှတ်မိရဲ့လား ဒေါက်တာ"

ပိုးလွှန်းနွယ်က နှာခေါင်းရှုံ့ကြည့်လိုက်ပြီး ...

"မင်းတို့လမ်းသူရဲတွေ ရန်ဖြစ်လာတဲ့ဒဏ်ရာကို ငါ ကုပေးရင် ငါပဲ အမှုပတ်မှာ၊ ရဲစခန်းမှာ တိုင်ချက်ဖွင့်ပြီးမှ ရဲနဲ့ လာကုရင်ကု၊ ဒီလို မှမဟုတ်ရင် မကုပေးနိုင်ဘူး၊ ပြန်ထွက်သွားကြတော့ .."

ရောထွန်းလည်း ငုတ်တုတ်ထထိုင်လေပြီ၊ လင်းယုန်လည်း မျက်ခုံးတွန့်သွားရလေပြီ။

"ရင့်လှချည်လား၊ ဒီမှာ ဒေါက်တာ .. ဆရာဝန်ဆိုတာ လူနာကို ဆေးကုပေးရမှာပဲ၊ ရန်ဖြစ်တာမဟုတ်ဘူးလို့ ပြောပြီးပြီပဲ"

ဒေါက်တာပိုးလွှန်းနွယ်နှင့်လင်းယုန်တို့ရဲ့ မာန်မာနအကြည့်ချင်း ဆုံတိုက်သွား၏။

ရောထွန်းက ခုတင်ပေါ်ကဆင်းပြီး မတ်တတ်ရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါလဲ ဒီလောက်ကြီးအထိမနာပါဘူး၊ ငါတို့ပြန်ကြမယ် လင်းယုန်"

ပိုးလွန်းနွယ် ဆိုတာ ဒေါသထွက်ပုံလေးကအစ ချစ်စရာကောင်းနေတဲ့သူပါ။ လင်းယုန်က အလုတရားကိုရှုစားသလို ပြင်ဆင်ငေးမောလိုက်သောအခါ ဆတ်ခနဲ မျက်နှာလွှဲသွားသူက ပိုးလွန်းနွယ် ရယ်ပေါ့။

"ဒေါက်တာ့ကိုတော့ ကျွန်တော့်အသည်းထဲမှာ စွဲနေအောင် မှတ်မိတယ်၊ ကျွန်တော့်အသည်းထဲကဆဲလ်တွေကို ပျက်စီးအောင် ဒေါက်တာပြုစားရင်တော့ အသည်းကင်ဆာလိုမျိုး အသည်းရင်နာရတဲ့ရောဂါမျိုးဖြစ်လာရင် ဒေါက်တာ့တာဝန်ပဲ၊ ဒေါက်တာ ပြန်ကုပေးရမယ်၊ ပေါက်တယ်နော်"

"သွားသေလိုက်ပါလား လမ်းသူရဲရဲ"

လင်းယုန် က ဟားတိုက်ရယ်မောလိုက်၏။

"တိတ် .. ဒါ ဆေးခန်း၊ ဟာဒယရှင်ဆေး တိုက်ကျွေးနေတဲ့နေရာမဟုတ်ဘူး၊ ထွက်သွား"

"နောက်မှ ထပ်တွေ့ကြသေးတာပေါ့ ဒေါက်တာ၊ မာန်တက်ပြီးလန့်ထွက်မနေနဲ့ ကံပက်လက်လန်တဲ့အခါ နံကို အကာန်ခံရသလို ခံစားရလိမ့်မယ်"

"ဘလူးဘလားနဲ့ အရူးစကားတွေ ..."

ရေထွန်းက ဆွဲခေါ်လာ၍ လင်းယုန် ပါလာရ၏။ ဖြစ်နိုင်လျှင် ဒေါက်တာ ပိုးလွန်းနွယ်နှင့် စကားစစ်ထိုးလိုက်ချင်ပါသေး၏။

သိပ်လှသလို သိပ်မာနကြီးပြချင်တဲ့မိန်းမ။ အဲဒါမျိုးကိုမှ လင်းယု





ဆိုတဲ့ကောင်ကလည်း ဖျောက်ခနဲ ချိုးဖဲ့ပစ်ချင်တာလို့ လင်းယုန် ရင်ထဲက ပြောလိုက်မိ၏။

ပိုးလွန်းနွယ်တစ်ယောက်မှာလည်း ကိုရိုးယားဂိုဏ်းစတားခင်းသားနှင့်တူသော လူပုံချောညစ်ကို သဘောထစ်ပြီး ပြောဝစ်လိုက်ချင်သေး၏။

ကျွန်းကလေးမှာနှစ်ယောက်တည်းဆိုရင် ဒီလိုလူမျိုးနှင့် စိတ်လွတ်ကိုယ်လွတ်နှင့်နေပစ်လိုက်မှာပင်။ ဂုဏ်၊ ပကာသန၊ စည်းစိမ်၊ ချမ်းသာ၊ လူမှုပတ်ဝန်းကျင်ကမ္ဘာထဲမှာရှိနေသရွေ့ စောင့်ထိန်းရမှာတွေကတစ်ပုံတမေ့မို့ ဒီလိုငနဲမျိုးကို ယောင်လို့တောင် မစဉ်းစားရဲပေါင်လို့ အပျို မကြီးတကြီးလေးအတွေးဖြင့်တွေးမိရင်း ကိုယ့်ဘာသာ နှာခေါင်းရှုံ့တွေးမိလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်နေ့မှာ ရွှေတိဂုံဘုရားသွားဖူးကြဖို့ မင်းခန့်ယည်က ချိန်းဆိုထားသဖြင့် ယုန်ဖြူ အလှဆုံး ပြင်ဆင်ထားမိ၏။

မိန်းမတို့၏ ကောင်းခြင်းငါးဖြာထဲမှာ ဆံပင်ပါတယ်ဆိုလျှင် ယုန်ဖြူဟာ တစ်ဖြာလိုသော မိန်းကလေးပါပဲ။ ဈေးရောင်းရင်း မတော်တဆ အရင်းပြုတ်တဲ့အခါတိုင်း ဆံပင်ရှည်တွေ ဖြက်ရောင်းရလို့ ဆံတိုမလေး ဖြစ်နေရသူပါ။

ယုန်ဖြူ ဆံပင်တိုသွားလည်း မင်းခန့်ထည်က ဘာမှမပြော။ သတိတောင်ထားမိပုံမရ။ လင်းယုန် အပြင်ထွက်တဲ့အချိန်ကျမှ အလှဆုံးပြင်ဆင်ထွက်လာရ၏။ အမေကတော့ ဈေးပိတ်ရက်မို့ ပင်ပန်းပြီး အနားယူအိပ်စက်တာတ်၏။ မအိပ်ခင်တော့ အပြောသား။

"ညည်းအေ ... အရွယ်လဲရောက်နေပြီ နေရာတကာ မျက်လုံး





ဒေါက်ထောက်ကြည့်ပြီး ငါ မဆုံးမချင်ဘူး။ ကိုယ့်ခေါင်းကိုယ်သုံးပြီး ကြည့်သာလုပ်တော့၊ မိန်းကလေးအဝဆိုတာ အမည်းစက်တောင် အစွန်းခံလို့မရဘူး၊ အတည်ကြံတဲ့လူ တွေ့ရင်တော်သေးရဲ့၊ အတည်မကြံတဲ့ လူနဲ့တွေ့မှ ဒူးနဲ့မျက်ရည်သုတ်နေရတာမျိုးတော့ မဖြစ်စေနဲ့တဲ့ပြောချင်တာကတော့ ကြည့်လုပ် သမီးရေ .. ကြည့်လုပ် .."

ယုန်ဖြူ ဘာမှပြန်မပြောပါ။ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ၊ အိုင်းရှဒိုးတွေ၊ မျက်တောင်တုတွေနှင့် ဆံပင်တိုဆံကပ်ကို ဆံညှပ်ရောင်စုံလေး ညှပ်ထိုးကပ်လို့ပေါ့။ ဂါဝန်အညို၊ အင်္ကျီလက်တို ကိုယ်ကျပ်အညိုလေးနှင့် အသားဖြူဝင်းနေတဲ့ ယုန်ဖြူကို ရပ်ကွက်ထဲက ပုရိသတွေက ခေါ်တော့တစ်သိန်းအားတွေနှင့် ဝိုင်းရှူးလိုက်ကြတာ ...။

ဂါဝန်နဲ့ဘိုဆန်ဆန်လှပနေတဲ့ ယုန်ဖြူကို လမ်းထိပ်ကွမ်းယာဆိုင်က ကတုံးက ...

"လေယာဉ်မှားဆင်းလာတာလား" တဲ့။ မကြားတကြား နောက်လိုက်သေးရဲ့။ အဂုက် ဆိုတဲ့ ကုန်မာဆိုင်က တရုတ်ကတော့ ...

"ဝေါ်အိုက်လီ .. ဝေါ်အိုက်လီ" နဲ့ လိုက်ခေါ်နေလို့ "တော်အိုက်ရင် ရေခဲသေတ္တာထဲ ဝင်နေလိုက်" လို့ ယုန်ဖြူက ပြန်အငေါ်တူးလိုက်သေးတယ်။ ပိုက်ဆက်ပစ္စည်းတွေရောင်းတဲ့ အနဲကုလားက ...

"အားပါး .. အားပါး ... အားလားလား .. အရမ်းမိုက်တယ် စတား၊ ဟာရေး .. ဟော့ ဂျစ်ဂျစ် .."

"ပါးကွဲသွားမယ် .. တောဂျင်းရှီး .."



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲက နေ့သားတွေကို တော်လှန်ပြီး တစ်ဖက်မှတ်တိုင်ရောက်အောင် ခြေကျင်လျှောက်ရပြန်တယ်။ ဒေါက်ဖိနပ်နဲ့ ခေါက်ထီးနဲ့။ ခေါက်ထီးက ဆောင်းကျင့်သိပ်မရှိတော့ ခဏခဏမေ့တတ်လွန်းလို့ ခေါက်ထီးကချိတ်ကို လက်မှာစွပ်ထားရ၏။ ဒေါက်ဖိနပ်ကလည်း စီးကျင့်မရှိတော့ ဖိနပ်ပေါက်ချင်၏။ မြေမညီတဲ့လမ်းဆို ဖနောင့်က ချော်ထွက်ပြီး ခွေခေါက်မှောက်လဲချင်၏။ ထို့ကြောင့် သတိထားပြီး သွားနေရ၏။

တစ်ဖက်မှတ်တိုင် (ချိန်းဆိုရာနေရာ) ကိုရောက်သောအခါ မှတ်တိုင်ဘေးမှာ အတ်စ်စောင့်သလိုလို ဘာလိုလိုနှင့် အထာပိုကာ စောင့်နေလိုက်၏။ ချိန်းထားတဲ့အချိန်နှင့် ကွက်တိလိုလိုပါပဲ။ မင်းခန့်ထည်ရဲ့ ကားက မှတ်တိုင်အလွန်မှာ ထိုးရပ်ပေးလာ၏။

ယုန်ဖြူလည်း မသိမသာလေး တားနားကပ်သွားပြီး ကားပေါ်တက်ဖို့ ကားတံခါးကို ဆွဲဖွင့်၏။ မပွင့်။ ဒီလိုဓိမ်ခံကားမျိုး စီးကျင့်သိပ်မရှိတာမို့ မဖွင့်တတ်။ မင်းခန့်ထည်က အမြန်ဆင်းဖွင့်ပေး၏။ ကားထဲ ခါးချိုးပြီးမဝင်တတ်လို့ အမိုးနှင့်နဖူး ဒုတ်ခနဲ မိတ်ဆက်ပေးလိုက်လို့လည်း အာလူးသီးလေး ဖုသီးသွားရပြန်၏။

မြင်ရသောလူတွေက တစ်မျိုးတစ်မည် ထင်ကုန်ကြမှာအမှန်။ ဒီလို အချိန်းအချက်တွေနှင့် ဓိမ်ခံကားပေါ် ပါသွားကြသည့် အပျော်မယ်တွေကလည်း ရှိခဲ့ကြတာကိုး။

ကားပေါ် ရောက်ပြီး မောင်းထွက်လာတော့မှပင် ယုန်ဖြူ ခမျာ အသက်ရှူချောင်ရတော့၏။





"သိပ်လှတာပဲ ယုန်ဖြူရယ် .."

မင်းခန့်ထည်က သားနားခံ့ညား ချောမောနေ၏။ နှုတ်ခမ်းမွေး ရေးရေးကို ရိတ်သင်ထား၍ စိမ်းဖန့်ဖန့်ရောင်သမ်းသော နီတွေးဆွတ် မြိန်းသည့်နှုတ်ခမ်းနှင့် လူပုံချောကြီးဖြစ်နေ၏။ ဒီလိုလူက အမွှမ်းတင် လိုက်တော့မှ ယုန်ဖြူလည်း လက်သည်းကိုက်နေရပြီပေါ့။ ရှက်လွန်းလို့ လေ။ ဆောင့်မိလို့ နဖူးဘုထတာတောင် မေ့လို့ ..။

"ညက ယုန်ဖြူ အိပ်ပျော်ရဲ့လားဟင် .."

"ဟင့်အင်း ... အဲ .. အင်း ..."

"ကိုယ်ကတော့ အိပ်လို့မပျော်ဘူး။ ယုန်ဖြူနဲ့ ဘုရားအတူဖူးရမှာ လို့ တွေးမိပြီး ကြည်နူးနေလို့ ..."

ယုန်ဖြူ နှုတ်ခမ်းကြီး စေ့ပိတ်ထားမိ၏။ ကိုယ်က မိန်းကလေးလေ။ စကားတွေ လွှန်ကျူးလို့မဖြစ်။ မင်းခန့်ထည်က ကားကို ကျင်လည်စွာ မောင်းနေရင်းမှ ...

"ကိုယ့်ညီအာကာနဲ့ လင်းယုန်တို့ ပြဿနာတက်ကြသေးတယ် တဲ့၊ အဲဒါ ယုန်ဖြူ သိလား"

"ရှင် ..."

"ဘာမှတော့ဖြစ်မသွားကြပါဘူး၊ ကိုယ်နဲ့ ယုန်ဖြူ ကိစ္စကြောင့် သူတို့ရဲ့ ခင်မင်မှုတွေ ပျက်စီးသွားတာပဲ အဖတ်တင်လိုက်တာပါ၊ ဘယ် သူက အပြုံးကြောင့်လဲမသိဘူး။ လင်းယုန်က ကိုယ့်ဆိုရင် အလိုလိုကို မုန်းနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ယုန်ဖြူ ငြိမ်ကုပ်တွေဝေနေ၏။ မင်းခန့်ထည်က ကားကို မီးပွိုင့်မှာ ထိုးရပ်လိုက်ရင်း ...

"ရှေးဘဝက ရေစက်ကြောင့်ပဲထင်ပါရဲ့၊ ကိုယ်လဲလေ ယုန်ဖြူကို စတွေ့ကတည်းက ယုန်ဖြူမှယုန်ဖြူ ဖြစ်သွားတယ်၊ မထူးဆန်းဘူးလား"

"ရှင် ..."

"ဒါပဲပြောတတ်တော့သလား ယုန်ဖြူလေးရယ် ..."

"အဲ .. ဟို .."

"ပြောလေ ..."

"ပြောတတ်တော့ဘူး .."

မင်းခန့်ထည်က ယုန်ဖြူရဲ့လက်ကလေးကို လှမ်းကိုင်လိုက်၏။

အလို .. လက်ဖဝါးလေးတွေလှပေမယ့် ဘဝမလှလို့ ကွမ်းခြင်းတွေ အလေးအပင်တွေ ဆွဲမ ထားရလို့ လက်ဖဝါးလေးကတော့ အနည်းငယ် ကြမ်းရှနေ၏။

"ယုန်ဖြူ ... လက်တွေကြမ်းနေပါလား"

"ဘဝကကြမ်းတော့ ဝမ်းရေးအတွက် အမေ့ကိုကူညီရင်း ယုန်ဖြူပဲ ပိုအပင်ပန်းခံခဲ့ရတာလေ၊ လက်ကြမ်းတာကို မကြိုက်ဘူးလားဟင်"

"ကြိုက်ပါတယ်၊ အားလုံးကြိုက်တယ်"

မီးပွိုင့်လွတ်သွား၍ ရှေ့ကားတွေ ထွက်သွားကုန်ကြလေပြီ၊ မင်းခန့်ထည်ရဲ့ကားက မထွက်သေး။ နောက်ကားတွေ ဟွန်းမတီး၍





အော် ဟစ်ကြိမ်းဝါးသံတွေနှင့် ဝိုင်းအော်ကုန်ကြလေပြီ။ ဒီတော့မှ ယုန်ဖြူထဲ စိတ်နစ်နေသည့် မင်းခန့်ထည်တစ်ယောက် ကားကို ကမန်းကတန်း မောင်းထွက်ရတော့၏။

"ကိုယ် မင်းကို အဲဒီလောက် နစ်မျောအောင်ချစ်နေမိတယ် ဆိုတာ ယုံပြီလား ယုန်ဖြူ"

ယုန်ဖြူ နှုတ်ခမ်းလေး ဖိကိုက်ထား၏။ ယခင်ကဆိုလျှင် ဘယ်ရှိသကိုမဆို ခွန်းတုံ့မခံ တုံ့ပြန်ရဲသည့်ယုန်ဖြူတစ်ယောက် မင်းခန့်ထည်နှင့်တွေ့မှ တကယ့်ယုန်ဖြူမလေးအသွင် ပေါက်နေတော့၏။

ဘုရားမုခ်ဦးဝ ရောက်လာ၏။ ပတ်ကင်မှာ ကားထိုးရပ်ပြီး ခတ်လှကားဖြင့် တက်ကြ၏။ သောကြာသမီးဖြစ်သော ယုန်ဖြူက သောကြာထောင့်မှာ ရေသပ္ပာယ်ပြီး ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်ကာ ဆုတောင်း၏။ မင်းခန့်ထည်ပါ လိုက်ဆုတောင်း၏။

"သ .. ဟ .. သောကြာနံလဲ မပါဘဲနဲ့ ဘာလို့ ယုန်ဖြူလို့ မှည့်ရတာလဲဟင်"

"ငယ်ငယ်ကတည်းက ယုန်ဖြူလေးနဲ့တူလို့ ဝိုင်းခေါ်ကြရာက ယုန်ဖြူ နာမည်တွင်သွားတော့တာ၊ ကျောင်းနာမည်က သွယ်ကြေးနှံ ပါ၊ အိမ်နဲ့ဈေးထဲမှာတော့ ယုန်ဖြူ လို့ပဲ ခေါ်ကြတယ်"

"သြော် .. ဒီလိုကိုး၊ ဗေဒင်ကိန်းခန်းအရဆိုရင်တော့ သောကြာသမီးဆိုတာ ဟိုဟာကြီးတယ်ဆိုလား .."

"အဲ့ .. ဘယ်ဟာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာနကြီးတယ်လို့ ပြောမလို့ ပါးစပ်ဖျားလေးတင်မေ့နေလို့ ခုမှ သတိရပြီး ပြောလိုက်တာ ... ဟဲဟဲဟဲ .."

"ကိုကိုနော် ..."

ယုန်ဖြူက ချစ်မျက်စောင်းလေးနှင့် ရင်ထဲမှာ ခေါ်ဆိုတမ်းတနေကျ စကားလုံးလေးကို လွှတ်ခနဲ ခေါ်လိုက်မိ၏။ ဒါကို ကိုခန့်တနားကြောစိမ့်သွားဟန်ဖြင့် ...

"ကိုယ့်ကို ကိုကိုလို့ခေါ်တယ် ဟုတ်လား .. ယုန်ဖြူ၊ ပြန်ခေါ်လိုက်စမ်းပါဦး ယုန်ဖြူလေးရယ်"

လပြည့်နေ့မို့ ရင်ပြင်တော်ပေါ်မှာ လူတွေ အလွန်စည်ကားနေ၏။

"ဘယ်လိုဖြစ်နေတာလဲ၊ လူကြားထဲမှာ .. ဟွန်း ..."

"အဲဒါလေးကိုကလဲ ချစ်ဖို့ကောင်းနေပြန်တာပဲ"

"အခါကြီးရက်ကြီးမှာ မကဲနဲ့နော်"

ရင်ပြင်တော်ပေါ်မှာမို့ ကုသိုလ်စိတ်ကို ပြန်မွေးမြူရပြန်၏။ မင်းခန့်ထည်ရဲ့ မွေးနံထောင့်မှာ ဘုရားဝတ်ပြု လှူဒါန်းကြပြန်၏။ ပြီးနောက် အလှူငွေများကို လိုက်လံလှူဒါန်းဖြစ်ကြ၏။

"ယုန်ဖြူ ... ငွေလှူဖို့ ကိုကို့ဆီကယူလေ"

"အို .. ယူပါဘူး၊ ယုန်ဖြူ့မှာလဲ ငွေပါပါတယ်၊ လှူနိုင်ပါတယ်"

"ပါတာက ပါတာပေါ့၊ ကုသိုလ်ကောင်းမှုကို ယုန်ဖြူကတစ်ဝက်၊ ကိုယ်ကတစ်ဝက် စုစပ်ပြီး လိုချင်လို့ပါ၊ သံသရာမှာအတူဆုံဖို့ ရေစက်





မပြတ်အောင်လို့တော့ မဟုတ်ပါဘူး၊ နှုတ်ဖြစ်ရင်လဲ အတူတူဖြစ်ကြအောင်လို့ပါ"

ယုန်ဖြူက 'ဘာမှန်းလဲမသိဘူး' လို့ပြောကာ ရှေ့က လျှောက်ထွက်သွား၏။

ဘုရားဖူးပြီး ခါတော်လေ့ကားဖြင့် ပြန်ဆင်းလာသောအခါ ...

"ပြည်သူ့ရင်ပြင်ထဲမှာ အေးအေးလူလူ သွားအနားယူရအောင်ကွာ"

ပြည်သူ့ဥယျာဉ်ထဲကို ကားဖြင့်မောင်းဝင်ပြီး အရိပ်ကောင်း၍ လူရှင်းသောနေရာလေးမှာ နှစ်ယောက်သားထိုင်ပြီး စကားဆက်ပြောဖြစ်ကြ၏။

တခြားစုံတွဲတွေကတော့ ထီးတွေနှင့် ကွယ်ကာထားကြ၏။

"ယုန်ဖြူလေး ..."

ဆံတိုကလစ်ညှပ်ကလေးနှင့် ရင်တမို့မို့ဖြစ်နေဟန်တူသော ယုန်ဖြူ့ ကို မင်းခန့်ထည်က ဆွဲဖက်ပစ်လိုက်၏။

"အို .. ကိုကလဲကွာ ..."

"ကိုယ် မင်းကို သိပ်ချစ်တယ်ကွာ .."

"ကို .. ကိုကလဲကွာ ..."

"ကိုကို့ကို ပြန်ချစ်လိုက်ပါလား ..."

"အို ..."

"ကိုကလဲကွာ မလုပ်နဲ့တော့၊ ကိုယ့်ကို ယုန်ဖြူလေး ပြန်ချစ်မှာပါ၊ ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ယုန်ဖြူ ခေါင်းငြိုးတွင်တွင်ငုံ့နေ၏။ မင်းခန့်ထည်ဖက်ထားတာကို လှုးလွန့်ရုန်းကြည့်သေး၏။ မရတော့မှ ငြိမ်နေ၏။ နွေးအိနေသော ယုန်ဖြူလေးကို လက်တစ်ဖက်ဖြင့်ဖက်ရတာ အားမလိုအားမရဖြစ်လာ၍ ပိုမိုတင်းကျပ်စွာ ဖက်ပွေ့ပစ်လိုက်၏။

"အို .. အဲလိုကြီး ဖက်မထားပါနဲ့၊ လွှတ်ပါ ရှင်ရယ်၊ ဘေးလူတွေမြင်ကုန်ပြီ"

"လူတိုင်းမှာ အချစ်ရှိတာပဲ၊ သူတို့လဲ ကိုယ်ချင်းစာနာတတ်မှာပါ၊ အားကျလို့ ကြည့်ကြတာနေမှာပေါ့"

"ဟင့်အင်းကွာ ... ယုန်ဖြူ ရှက်တယ်"

"တစ်ခါမှ ရည်းစားမထားဖူးဘူးလား"

"ဟင့်အင်း ..."

"ယုံအောင်ပြောပြီး လှမ်းအောင်ချွဲပြလိုက်တာလား"

"တကယ်ပြောနေတာပါဆို .."

"ဒါဆို ယုန်လေးရဲ့ ပထမဆုံးရည်းစားက ကိုကိုပဲပေါ့နော်"

"အင်း ..."

ယုန်ဖြူ သတိလက်လွတ် ဖြေလိုက်မိ၏။ မင်းခန့်ထည်ရဲ့အနမ်းတွေက တရမန်းကြမ်း ပေါက်ကွဲကုန်၏။ ယုန်ဖြူရဲ့ပါးပြင်၊ လည်တိုင်၊ မေးစေ့၊ နားရွက်တွေမှာ ...။

"ယုန်ဖြူ့အချစ်ကို ကိုကိုရလိုက်ပြီ၊ အရမ်းပျော်သွားပြီ ယုန်ဖြူလေးရယ်"





မင်းခန့်ထည်က ယုန်ဖြူ့တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ပစ်လိုက်၏။ မင်းခန့်ထည်ရဲ့ ရင်အုပ်ကျယ်ကြီးထဲမှာ ယုန်ဖြူ မြုပ်ဝင်သွား၏။

ကိုကို့ရဲ့ ထွက်သက်ဝင်သက်နဲ့ အထိအတွေ့တွေက ယုန်ဖြူရဲ့ အာရုံတွေကို သိမ်းပိုက်သွား၏။

ယုန်ဖြူ မလှုပ်နိုင်တော့။

"အို .. ကိုကိုရယ်၊ ယုန်ဖြူ့ကို တကယ်ချစ်တာမှဟုတ်ရဲ့လား၊ ယုန်ဖြူ့မှာတော့ ကိုကို့ရဲ့ဆွဲဆောင်မှုတွေထဲမှာ လှုပ်လေမြုပ်လေ ဖြစ်နေရပါပြီ၊ သိပ်ချစ်ပါတယ် ကိုကိုရယ်"

ယုန်ဖြူရဲ့ ရင်တွင်းစကားလေးတွေရယ်ပါ။ ကိုကိုကြားသွားရင်လည်း ရှက်လှချည်ရဲ့။ ကိုကို့ရဲ့ခါးကို ယုန်ဖြူ ပြန်ဖက်ထားချိန်မှာတော့ ကိုကို့ရဲ့အနမ်းမိုးတွေ သွန်းဖြိုးစွေချလာပါလေရော။

ဘေးလူတွေရှိနေတယ်ဆိုတာကိုတောင် သတိမေ့ကုန်ကြတယ်လေ။ နောက်မှ ကိုကို့ဘောင်းဘီအိတ်ထဲက ဆဲလ်ဖုန်းမြည်လာလို့ ဖက်ပွေ့ခြင်းကို ရပ်တန့်လိုက်ရတော့တယ်။ ကိုကိုက ဖုန်းနားထောင်လိုက်တယ်။

"အေး .. ငကျော် ပြော ...."

"..... ..... ..... ...."

"ဘာ .. မင်း တကယ်ပြောနေတာလား"

"..... ..... ..... ....."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဒါဆိုရင် မေမေတို့အဖွဲ့ ပြည်သူ့ဥယျာဉ်ထဲကို ဝင်ရှာနေကြပြီပေါ့"

"... .... ..... ...."

"ဟာ .. မဖြစ်ဘူး မီးရင် ရှင်ကွဲကွဲအောင် ခွဲမှာ၊ ပြီးတော့ ယုန်ဖြူ့ကိုလဲ အပြတ်ရှင်းချင်ရှင်းပစ်မှာ၊ မေမေ့အကြောင်း ငါအသိဆုံး၊ အပြတ်ဖြတ်ချင်ရင် အပြတ်လုပ်တတ်တယ်ကွ"

".... .... .... ...."

"အေး .. ငါ အခုပဲ ယုန်ဖြူ့ကို ခိုးပြေးမှဖြစ်မယ်၊ မေမေတို့အဖွဲ့တွေ အမိခံလိုက်လို့ လုံးဝမဖြစ်ဘူး"

မင်းခန့်ထည်က ဖုန်းကိုပိတ်လိုက်ပြီး ပျာပျာသလဲဟန်ဖြင့် ...

"ယုန်ဖြူ .. ကိုယ့်အမေက ကြေးစားလူမိုက်တွေငှားပြီး ကိုယ်တို့နောက်ကိုလိုက်လာပြီ၊ ကိုယ့်နောက်ကို လိုက်ချောင်းရင်းနဲ့ ယုန်ဖြူနဲ့ကိုယ် ချိန်းတွေ့တာ မေမေသိသွားပြီး လူမိုက်တွေခေါ်ပြီး လိုက်လာတာဖြစ်လိမ့်မယ်၊ မိသွားရင် မေမေက ဒေါသကြီးတယ်၊ သားသမီးပါမညှာဘူး၊ အပြတ်ရှင်းတတ်တယ်၊ ဒါကြောင့် ကိုယ်တို့ ထွက်ပြေးကြမယ်၊ သူတို့ ပန်းခြံထဲရောက်နေပြီ၊ ပတ်ရှာနေကြတယ်"

ယုန်ဖြူ လန့်ထိတ်သွားတာမှ သေလုမတတ်။ စိတ်တွေကယောက်ကယက်နဲ့ သွေးပျက်ချင်ချင် ဖြစ်သွားမိ၏။

"ကျွန်မတို့ ဘာလုပ်ကြမလဲဟင်"

"ယုန်ဖြူ့ကို ခိုးပြေးမှဖြစ်မယ်၊ ဒီလိုမှမဟုတ်ရင် နောက်တစ်ကြိမ်





ကိုယ်တို့ပြန်ဆုံဖို့ လုံးဝမဖြစ်နိုင်တော့ဘူး၊ ကိုယ့်ကို နိုင်ငံခြားပို့ပစ်မှာ၊ ပြီးတော့ ခုလိုမိသွားရင်လဲ လုံးဝမလွယ်ဘူး၊ အသက်အန္တရာယ်ပေးနိုင်တယ်၊ ဒါကြောင့် ကိုကိုခေါ်ရာ လိုက်ခဲ့ပါတော့ကွာ"

"ဟို .. အဲ .. အင်း ..."

"တွေဝေမနေနဲ့၊ မေမေက ယုန်ဖြူနဲ့ ဇာတ်လမ်းဖြတ်ဖို့ ကိုကို့ကိုတားထားတာ အကြိမ်ကြိမ်ပဲ၊ သတိပေးထားတဲ့ကြားက ဒီလိုချိန်းတွေ့တာ သိသွားတော့ ယမ်းပေါ် မီးကျ ဒေါသဟုန်းဟုန်းထတောက်ကုန်ပြီ၊ မိသွားရင် လုံးဝမလွယ်ဘူး"

"ကိုကိုရယ် ... ကိုကို့မေမေက ကိုကို့ကို မသတ်ပါဘူး၊ ကိုကိုပြန်ပါ"

"ယုန်ဖြူ့ကို သတ်ချင်သတ်မှာ .."

"ကိုကို့ကိုချစ်မိလို့ ယုန်ဖြူ သေရမယ်ဆိုလဲ အသေခံရဲပါတယ်"

"တော်တော့ ယုန်ဖြူ၊ ဘာလို့ အသေခံရမှာလဲ၊ ယုန်ဖြူ ကိုကိုနဲ့မပေါင်းချင်ဘူး"

"ပေါင်း .. ပေါင်းချင်ပါတယ်"

"ဘာမှ တွေဝေမနေနဲ့ ကိုကိုခေါ်ရာကိုသာ လိုက်ခဲ့၊ အစစ အရာရာကိုကို အားလုံးတာဝန်ယူတယ်၊ ကွေကွင်းကွဲဖွာဖို့အရေးကိုတောင် အသက်ပေးရဲနေတာပဲ၊ ပေါင်းဖက်ဖို့အရေး ဘာတွေးစရာလိုသေးလဲ"

"ဟုတ်တော့ဟုတ်ပါတယ် ကိုကိုရယ်၊ ဒါပေမယ့် ..."

"ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့၊ လာ လိုက်ခဲ့၊ ဒီဖို့ အိုက်



www.burmeseclassic.com

www.burmeseclassic.com



တင်ခံနေတာနဲ့တင် ကွဲခနဲ မိတော့မှာ ..၊ ဟော .. ပြောရင်းဆိုရင်း ရင်ပြင်ဘက်မှာ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေကြတယ်၊ ကြာတယ် .. လာ .."

မင်းခန့်ထည်က ယုန်ဖြူရဲ့လက်ကို အတင်းဆွဲခေါ်ပြီး ကားဆီကို ကမူးရှူးထိုးပြေးတော့၏။ ကားပေါ် အမြန်တက်၊ ပြည်သူ့ဥယျာဉ်ထဲက အမြန်မောင်းထွက်လာလိုက်၏။

ယုန်ဖြူ့ခမျာမှာတော့ ဘုရားတ၊ ရုံမှအပ ဘာများတတ်နိုင်တော့မှာမို့လို့လဲ။ ဘဝတစ်ဆစ်ချိုးက မြန်ဆန်လွန်းလှ၏။





"ဒါ ဘယ်နေရာလဲ ကိုကို .."

"လုံခြုံစိတ်ချရတဲ့ ကွန်ဒိုမီနီယံတိုက်ခန်း၊ ကိုယ့်ဦးလေးက သြစတြေးလျမှာ ဒီအခန်းကို စောင့်ရှောက်ဖို့ ကိုယ့်ကို သော့အပ်ထားခဲ့တယ်လေ၊ ဒီမှာ ကိုယ် မကြာခဏ လာနေပေးတတ်တယ်"

မျက်လုံးဝိုင်းလေး ကလယ်ကလယ်နှင့်မေးလာသော ယုန်ဖြူလေးရဲ့ တင်းရင်းဖွံ့ထွားသည့် ခန္ဓာဗေဒအလှကို ရှုစားရင်း မင်းခန့်ထည်က ပြန်ပြောလိုက်၏။

"ဒါဆို ဒီနေရာကို ကိုကို့မေမေ သိနေမှာပေါ့"

မင်းခန့်ထည် မျက်လုံးတွေ အပေါ် ထောင့်ကပ်ပြီး စဉ်းစားသွား၏။ အမှန်တော့ ယုန်ဖြူလေးကို လက်လွှတ်မခံလို၍ အကွက်ချစီစဉ်ပြီး သိမ်းပိုက်လိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်က မိခင် ဒေါ်ကြည်ကြည်ခန့် လိုက်လာသည်ဆိုခြင်းမှာ မင်းခန့်ထည်၏ လုပ်ဇာတ် ထိုးဇာတ်သက်သက်သာ။ ဘယ်သူမှမသိသလို ဘယ်သူမှလည်း လိုက်မလာပါ။ ယုန်ဖြူ ကြောက်လန့်အောင် ခြောက်လှန့်ပြီး ဝေခွဲဆုံးဖြတ်ရခက်နေစဉ်အခိုက်မှာ အငိုက်ဖမ်းပြီး ခိုးပြေးလာခြင်းဖြစ်၏။ ယခုဖြင့် ဟာကွက်ပေါ်နေလေပြီ။ ဟာကွက်ကို ယုန်ဖြူက ထောက်မေးလိုက်သောအခါ မင်းခန့်ထည် ဉာဏ်ကူရတော့၏။

"အဲဒါက ဒီလိုရှိတယ်၊ ဒီဦးလေး ဦးဝင့်ထည်က ကိုယ့်ဖေဖေ ဦးမင်းထည်ရဲ့ညီအရင်းပေါ့၊ မေမေနဲ့ ဦးလေးနဲ့က အကြောမတည့်ဘူး၊ ဖေဖေ့ကို မေမေက နိုင်စားလွန်းတာကို ဦးလေးက မကြိုက်ဘူး၊ အဲဒါကြောင့် ကိုကို့ကိုပဲ ဦးဝင့်ထည်က ဆက်ဆံတယ်၊ ဒီတိုက်ခန်းသော့ကို အပ်ထားတယ်၊ မေမေ မသိစေနဲ့လို့ မှာထားတယ်၊ ဒါကြောင့် မေမေလုံးဝမသိဘူး၊ ကိုယ်က တစ်ခါတစ်လေ သူငယ်ချင်းတွေနဲ့ ဒီမှာ လာအိပ်တတ်တယ်၊ ပျော်ပါးသောက်စားတတ်တဲ့အခါမျိုးမှာပေါ့"

ယုန်ဖြူက မင်းခန့်ထည်ကို မယုံသင်္ကာသလိုကြည့်လိုက်ပြီး ဝင့်မျက်စောင်းလေးခဲ့ကာ ...

"မိန်းကလေးသူငယ်ချင်းရော ပါသေးလား"

"လုံးဝမပါဘူး"

"ကိုကို .. အရင်ကရည်းစားတွေ ရှိခဲ့ဖူးလားဟင် .."

"မရှိဘူး"





"မယုံပါဘူးနော်၊ ယုန်ဖြူနဲ့တွေ့တာတောင် ဆရာကြီးအဆင့်ရောက်နေတဲ့အတိုင်းပဲ ရဲတင်းနေလိုက်တာ .. ဟွန်း .."

"ဒီအထာကိုသဘောပေါက်ပြီး ယုန်ဖြူက ရိုးသားဟန်နဲ့ ရှက်ကြောက်ပြပြီး မိုင်းကောင်းကျောက်ဖိ ဟန်ဆောင်ပြနေတာလား"

"အို .. မဟုတ်ကဟုတ်က .. ကိုကိုနော် ..."

"ကိုကိုက ရိုးသားတဲ့အတွက် ဟန်မဆောင်ဘူး၊ ဒီအတတ်တွေက ရုပ်ရှင်ဗီဒီယိုတွေထဲမှာ အမြဲတမ်းတွေ့နေရတာပဲ ယုန်ဖြူလေးရဲ့၊ ကဲ လာပါ .. အလန့်ပြေ အမောပြေ အအေးလေး သောက်လိုက်ရအောင်"

သားနားသစ်လွင် တောက်ပနေသော တိုက်ခန်းကျယ်ကြီးက အနောက်တိုင်းတိုက်ခန်းအသွင် ဆောင်နေ၏။ ကောင်တာ ဘားငယ်လေးဘေးက ရေခဲသေတ္တာဖွင့်ပြီး အထဲမှ ကိုကာကိုလာနှစ်ဘူး ထုတ်လာ၏။

ယုန်ဖြူ့အတွက်ပါ ဖောက်ပေး၏။

"အိမ်ပြန်ချင်တယ် ကိုကိုရယ်၊ မေမေတစ်ယောက်တည်း ဆိုင်နဲ့ အဆင်ပြေမှာမဟုတ်ဘူး"

"ဘယ်ပြန်လို့ဖြစ်မှာလဲ"

"မေမေနဲ့ အစ်ကိုလင်းယုန့်အတွက်ရော အန္တရာယ်မရှိနိုင်ဘူးလား၊ ကိုကိုပြောပုံအရဆိုရင် ကိုကို့အမေက အရမ်းကြောက်ဖို့ကောင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စကားနဲ့ကိုယ် ပြန်ပတ်နေ၍ မင်းခန့်ထည် ဘောကျပ်နံကျပ်ကြီးဖြစ်သွားရ၏။

"မေမေ့ကို အထင်မလွဲပါနဲ့၊ ကိုကိုက တစ်ဦးတည်းသောသားမို့ သားဓောကပ်သွားလို့ပါ၊ မင်းအစ်ကိုနဲ့ အမေကိုတော့ အန္တရာယ်မရှိပါဘူး၊ ခြေမ,မကောင်း ခြေမ၊ လက်မ,မကောင်း လက်မဆိုတဲ့သဘောကို မေမေသိပါတယ်"

"ဒါဆို ယုန်ဖြူ မကောင်းလို့ ယုန်ဖြူကို တစ်သက်လုံး ပြီးတော့မှာပေါ့နော်"

"နောက်တော့ အမျက်ပြေသွားမှာပါ၊ ယုန်ဖြူနဲ့ကိုကိုတို့ ရုံးတက်လက်မှတ်ထိုးပြီး ဒီမှာ ကလေးတစ်ယောက်ရတဲ့အထိ နေကြမယ်လေ၊ မြေးလေးရလာရင် မေမေ့ဒေါသတွေ ပြေလျော့သွားမှာပါ"

"အကြာကြီးစောင့်ရမှာပေါ့၊ ကိုကိုကလဲ နားရှက်စရာတွေ သိပ်ပြောတာပဲ၊ ယုန်ဖြူ့မှာတော့ အမေ့အတွက် စိတ်ပူနေရတာနဲ့ ရင်ပူနေပြီ"

"အပူလျော့သွားအောင် အအေးလေးသောက်လိုက်"

မင်းခန့်ထည်က ဖန်ခွက်ရှည်ထဲ အအေးငှဲ့ထည့်ပြီး ကမ်းပေးလာ၏။ ယုန်ဖြူ တစ်ငုံမော့သောက်လိုက်၏။

အေးမြရှတ ချိုမြမြအရသာကို ခံစားလိုက်ရင်း အပျိုစင်ဘဝကို စွန့်လွှတ်ရတော့မည့်အရေး ရင်တွေ လေးလေးကြီးဖြစ်နေမိ၏။ မင်းခန့်ထည်က ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေ၏။





ညနေစောင်းမှာတော့ မင်းခန့်ထည်ရဲ့ သူငယ်ချင်း ကိုမင်းမောင်၊ ကိုကျော်သူရ၊ သူငယ်ချင်းမ,များဖြစ်ကြသော မသဲယုစံ၊ မလင်းလင်းလှိုင်တို့ ရောက်လာပြီး တရားရုံးမပိတ်ခင်လေးမှာ တရားသူကြီးရှေ့မှောက်၌ လက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုးဖြစ်လိုက်ကြ၏။

ပြီးနောက် ရက်စတော့ရင့်တစ်ခုရဲ့ သီးသန့်ခန်းမှာ အပျို၊ လူပျိုနှုတ်ဆက်ပွဲလေး လုပ်ဖြစ်၏။

"ဘာတွေကြောက်ပြီး ငြိမ်နေတာလဲ သတို့သမီးလေးရဲ့၊ မကြောက်လို့ ဒီကောင်ကြီးမင်းခန့်က ကြင်နာယုယတတ်ပါတယ်"

ကိုမင်းမောင်က ယုန်ဖြူ့ကို စနောက်အားပေး၏။

မသဲယုစံ က...

"ဟဲ့ .. မင်းမောင်၊ ကိုယ်ချင်းစာပြီးပြောပါ၊ နင့်ညီမ မင်္ဂလာဦးညကျရင် အဲဒီစကားမျိုး နင်ပြောရဲမလား"

"ဘုလိုင်းကြီး ငါ့ကို လာဖွဲ့နေပါလား၊ ဘယ်ပြောရဲမလဲဟ၊ နမပင်နေ မောင်ဖင်ကျိန်းရတဲ့အထဲ နင့်မောင် မင်္ဂလာဆောင်ကျမှသာ သွားမေး .."

"ဟွန့် .. နောကောင် .."

"ငါက နောကောင်မဟုတ်ပါဘူး၊ နင်နဲ့ငါတို့က အပျိုကြီးလူပျိုကြီးချင်းဝင်နေပြီ၊ အသက်နှစ်ဆယ်ကျော်ရင် အိုဗာဖြစ်ကုန်ပြီ၊ နမြောတွေမဖြစ်ရအောင် နင်နဲ့ငါနဲ့ မင်္ဂလာဆောင်ကြရအောင်လား .."

"ဟယ် .. ကြည့်စမ်း၊ သူငယ်ချင်းဆိုတဲ့စည်းတောင် မစောင့်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ အချဉ်ရည်နဲ့ လှမ်းပက်လိုက်မှာနော်၊ ကောင်စုတ် ကောင်ပြတ်”

မင်းမောင်နှင့် သဲယုစံတို့ လက်ဖက်ညီစွာ ရန်တွေထဖြစ်နေ၍ ကိုကျော်သူရက ကြားဝင်လာ၏။

“မင်းတို့နှစ်ယောက်ကလဲ တွေ့တာနဲ့ကိုက်တာပဲ၊ ငါနဲ့ လင်းလင်းလှိုင်ဆိုရင် အပေါက်အလမ်းကိုတည့်လို့ မင်းတို့က တစ်ယောက်တစ်ပေါက်နဲ့ ..”

“အံမာ .. ငါနဲ့ ဘာဆိုင်လို့လဲ ကျော်သူရရဲ့၊ လင်းလင်းလှိုင်ဆိုတဲ့ ငါက ကိုရိုးယားမင်းသားမှ စိတ်ဝင်စားတာ၊ နင့်လို ဘင်္ဂလားဒေ့ရှ်မင်းသားရုပ်မျိုး စိတ်တောင်မကူးဘူး”

“အေးပါ .. နင်က ပြင်သစ်ရုပ်၊ နှာခေါင်းချွန်မျိုး။ ဒါတောင် သူ့ကိုယ်သူ ဇင်ဇင်ဇော်မြင့် လုပ်နေသေးတယ်၊ ဆံပင်နဲ့ လက်သည်းရှည်တာ၊ မျက်ကပ်မှန်ထည့်တာ၊ ဒါတွေပဲတူတာကိုများ .. ဟားဟား ..”

“ဟယ် .. ကျော်သူရ .. နင်တော့လား။ ပန်းသီးနဲ့ လှမ်းထုလိုက်ရ ဂျပုဖြစ်သွားမယ် .. ကုလားဂျပု ..”

မင်းခန့်ထည်က ကြားဝင်တားရတော့၏။

“တော်ကြပါဟာ .. မင်္ဂလာယူနေတဲ့ မင်္ဂလာဦးညမို့ အေးအေးပျော်ရွှင်ကြပါ”

“မင်းအစ်မသိရင်တော့ မိုးမီးလောင်နေမှာပဲ”

“ဘယ်ကမှာလဲ၊ မီးတောင်စာစ်သောင်းလောက် ပေါက်ကွဲသလိုဒေါသဝုန်းဝုန်းပေါက်မှာကွ”





ဒီကောင်တွေကို လျှို့ဝှက်ထားတာတွေ မပြောရသေး၍ စကားအမြန်ပိတ်သိမ်းလိုက်ရ၏။ ရက်စတော့ရင့်မှာဝင် လမ်းခွဲပစ်လိုက်၏။ ပြီးနောက် နှစ်ယောက်သား ကြည်နူးစွာ ဖက်ပွေ့ပြီး ကွန်ဒိုတိုက်ခန်းကျယ်ရောက်အောင် ပြန်လာကြ၏။

မင်္ဂလာဦးည တဲ့ ..။ လှပသာယာပါစေလေ။



www.burmeseclassic.com

www.burmeseclassic.com



ကွန်ဒိုအထပ်နှစ်ဆယ်ရှိ တိုက်ခန်းလေးထဲမှာ မီးရောင်ပြာလဲ့လေးသာ ထွန်းညှိထား၏။ လသာဆောင်ဖွင့်ထား၍ လိုက်ကာခန်းဆီးပဝါတွေ တလူလူလွင့်နေအောင် လေတွေ တိုက်ခတ်နေ၏။ အဲယားကွန်းမလိုသော်လည်း အဲယားကွန်းရှိ၏။ ရေပူရေအေးစနစ်၊ နှစ်ဆယ့်လေးနာရီ မီးပေးစနစ်တွေလည်းရှိ၏။

ခန်းလုံးပြည့်ကော်ဇောတွေ ခင်းထား၏။ အိမ်ခန်းတွင်းသုံးအဝတ်အရုပ်ဖိနပ်ကလေးနှစ်ရန်က အိပ်ခန်းအတွင်းရှိ စပရိန်နှင့်ရေမြှုပ်မွေ့ယာတပ်ဆင်ထားသော ခုတင်ဘေးမှာ စီတန်းညီညီရှိနေ၏။

စပရိန်တပ်ဆင်ထားသည့်အပေါ်မှာ ရေမြှုပ်မွေ့ယာကြီး လှုပ်နေ၏။ မွေ့ယာပေါ်မှာ တက်အိပ်သူအဖို့ ရေလှိုင်းစီးသလို ရေလွှာစီးသလို ရေဘောစီးသလို ငြိမ့်ခနဲ သိမ့်ခနဲ အရသာတွေ တလှိမ့်လှိမ့်ခံစား မေ့မြောသွားရစေလေသည်။





မွေ့ယာပေါ်မှာ မင်းခန့်ထည်နှင့် ယုန်ဖြူတို့ လှဲအိပ်နေကြ၏။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလဲ့လဲ့ ရီဝေနေကြ၏။ အစောပိုင်းက အခြေအနေကားတော့ ဒီလိုမဟုတ်။ ယုန်ဖြူတစ်ယောက် မိခင်ဖြစ်သူ ဒေါ်သန်းရင်ကို သတိရလို့ဆိုပြီး လှိမ့်ငိုနေ၏။ မင်းခန့်ထည်လဲ အသကုန်ချော့မော့နေရ၏။ နာရီဝက်ခန့်ကြာမှ မျက်ရည်ခမ်းပြီး ငြိမ်တိတ်သွား၏။ ဒီတော့မှ အိပ်ယာပေါ် အသာလှဲသိပ်ပြီး ဘေးမှ အသာလိုက်လဲလျောင်းလိုက်၏။ ယုန်ဖြူလေး အားငယ်ဝမ်းနည်းနေရှာမှာ ထပ်မံပြီး မကြောက်လန့်စေလို၍ ယုယကြင်နာစွာဖြင့် လက်မောင်းသွယ်သွယ်လေးကို ပွတ်သပ်ပေးနေမိ၏။

"ယုန်လေး ... မင်းဘဝတစ်သက်လုံးကို ကိုယ်စောင့်ရှောက်သွားမှာပါ။ ဘာမှမစိုးရိမ်ပါနဲ့၊ ကိုကို့ကိုယုံပါ အချစ်လေးရယ်"

ယုန်လေးရဲ့ ဖြူသွယ်ဝင်းသွက်သော မျက်နှာလေးပေါ်မှာ မျက်နှာချင်းဆုံကပ်လိုက်၏။ တဆတ်ဆတ်တုန်နေသော ယုန်လေးရဲ့ နှုတ်ခမ်းလွှာကြားမှာ အနမ်းကစားသည့် ပန်းပွင့်အလွမ်းသားတွေ သိတွေ့နစ်မိုသွား၏။

"ယုန် .. ယုန်လေး ... ချစ် .. အချစ်လေး .. မောင့်အချစ်လေး။ ကိုကို့အချစ် ယုန်လေးရယ် ..."

"အို .. ကိုကိုရယ် ... ယုန် .. ကြောက်တယ် .."

"မကြောက်ပါနဲ့ အချစ်ရယ် ..."

"အိုကွယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ကွန်ဒိုတိုက်အမြင့်ဆုံးထပ်ကို တိမ်မတစ်အုပ်ရဲ့ရင်ဘတ်တွေ ရှပ်တိုက်သွားကြကုန်၏။ လေပြင်းကြမ်းကြမ်းက ပြတင်းပေါက်လေးထဲကို အတင်းတိုးဖြဲ တိုက်ခတ်ပစ်လိုက်၏။ လေပြင်းကြောင့် အသံလေးတွေ ညံစီသွား၏။

"ရွှင်း .. ချလွင်း ... ချလွမ်း ..."

သံသာယာမြည်သော ကြေးချောင်းဆည်းလည်းလေးတွေ ထိခတ်သံက နာပျော်ဖွယ်ကောင်းစရာ ထွက်ပေါ်လာလေသည်။

အချစ်ရင်ခုန်သံလှိုင်းတွေက ကျောက်ဆောင်ဂလိုဏ်တွေကို တဝုန်းဝုန်းရိုက်ခတ်နေ၏။

"ချစ်တယ် ယုန်ဖြူလေးရယ် ..."

"ယုန်လဲ ကိုကို့လိုပါပဲကွယ် ..."

"ယုန် ဗိုက်ဆာနေပြီလား၊ ကိုကိုတော့ ပင်ပန်းသွားလို့လားမသိဘူး၊ ဗိုက်ဆာလာပြီကွာ"

"ကိုကိုနော် .. ဟွန့် .. ဘာပင်ပန်းတာလဲ"

"တစ်နေကုန် ပြေးလွှားနေရတော့ ပင်ပန်းတာပေါ့၊ ဘယ်လိုလဲ ကိုကို့ကို ကြောက်သေးရဲ့လား"

"အာ .. သွား .. ရှက်တယ် .."

"အားအားနေ ရှက်နေတော့တာပဲ ယုန်လေးရာ .."

"ကိုကိုနော် ... အို .. လုပ်ပြန်ပြီကွာ ..၊ ပြောတော့ ဗိုက်ဆာတယ်ဆို ..."





"အင်းလေ .. ကိုကိုက ဗိုက်ဆာရင် နို့သောက်နေကျ၊ ကဲ .. ထနို့ကို အအေးခံတတ်နဲ့ ချက်ထားတယ်၊ နို့ခဲပေါ့၊ အဲဒါကို ကြော်စားမယ်၊ ပြီးတော့ နို့ဖျော်ထားတာ သောက်ကြရအောင်၊ ကြက်ဥတွေလဲ ရှိတယ်၊ ဖီးကြမ်းငှက်ပျောသီးနဲ့ ပန်းသီး၊ နှင်းသီးတွေပါရှိတယ်၊ စားကြရအောင်"

မင်းခန့်ထည် ဆွဲခေါ်သဖြင့် ကမျာကသီ အဝတ်အစား လဲလှယ်ဝတ်ဆင်ပြီး လိုက်လာရ၏။ မီးဖိုခန်းထဲမှာ စားသောက်ဖြစ်ကြ၏။ ယနေ့မှ ညက စတင်မှောင်လေပြီ၊ ဒီတစ်ညမှာတော့ ချစ်သူနှစ်ဦးရဲ့ညအဖြစ်ပီပြင်စွာ ကပြနိုင်ရလေတော့မည်။

အချစ်ဖီလင်ကားတွေ ထိုးကြည့်ဖြစ်ကြ၏။ ညရှစ်နာရီလောက်မှာ ကွန်ဒိုအောက်ထပ်ရှိ စူပါမတ်ကတ်ကို ဈေးဆင်းဝယ်ဖြစ်ကြ၏။ ဟော့ပေါ့လုပ်စားဖို့ ပတ်ကင်ထုပ်ထားသော ပင်လယ်စာနှင့် ဟင်းသီးဟင်းရွက်တွေ ဆင်းဝယ်ဖြစ်ကြ၏။

"ကိုကိုတို့ လူချမ်းသာတွေအဖို့ကတော့ စားချင်တာအစုံစားလို့ရတယ်၊ ကြည့်ချင်တာ အကုန်ကြည့်လို့ရတယ်၊ သွားချင်ရင်လဲ ဗိမ်ခံကားကြီးက အသင့်ပဲ၊ နတ်ဘုံထက်က နတ်နန်းတော်မှာ နတ်စည်းစိမ်ခံစားသလို ခံစားလို့ရတယ်နော်"

"ရှေးဘဝက ကုသိုလ်ပေါ့ ယုန်လေးရယ်၊ ယုန်လေး ချမ်းသာချင်ရင် ဘုရားအမျိုးပြုတဲ့ ရဟန်းသံဃာတော် အရှင်သူမြတ်တွေကို ဆွမ်းမပြတ်လောင်း၊ ဒါန မပြတ်တမ်း ပြုပေးရတယ်၊ အဲဒါဆို နောက်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တောင် မစောင့်ရဘူး။ ဒီဘဝမှာတင် ချမ်းသာရတယ်၊ တချို့က အရင်ဘဝက မိုက်လုံးကြီးခဲ့တဲ့ ကံဆိုးကြောင့် ဒီဘဝမှာ ဘယ်လောက်ကောင်းတာလုပ်လုပ် မချမ်းသာနိုင်ကြသေးဘူး၊ ဒါပေမယ့် တော်ပြတ်တဲ့အထိတော့ မရောက်ပါဘူး။ နောက်ဘဝဆို သူဗွေးကတည်းက သူ့မိဘတွေက သူဌေးဖြစ်နေပြီ၊ သူလဲကြီးရော ချမ်းသာစည်းစိမ်တွေ ခံစားစံစားပေရော့ ..."

နှစ်ယောက်သား အထုပ်အပိုးတွေဆွဲပြီး ဓာတ်လှေကားနှင့် အပေါ် ကိုပြန်တက်ရင်း ပြောဆိုဖြစ်ကြ၏။ အခန်းထဲပြန်ရောက်တော့ စားစရာတွေ အတူတူချက်ပြုတ်ကြ၏။ ယုန်လေးက မကျွမ်းကျင်ပါ။ ကိုကိုကတော့ စာအုပ်ဖတ်ပြီး တတ်သလောက် မှတ်သလောက် ချက်ပြုတ်ရှာ၏။ ကမ္ဘာကျော်စားဖိုမှူးကြီးတွေရဲ့ အခွေထိုးကြည့်ပြီး ...

"ခရုဆီ ထည့်ရမယ်၊ ပြီးတော့ ပိုင်နှစ်ဖွန်းတဲ့"

အစရှိတာတွေ လိုက်ထည့်ပါလေရော။ ပူပူလောင်လောင် ဟော့ပေါ့ဟင်းချိုက ယုန်လေးတို့လို ဆင်းရဲသားတွေရဲ့ဟင်းတွေထက်တော့ အလွန်စားကောင်း သောက်ကောင်းနေပါ၏။

"ဒီအစားအစာတွေဟာ ကုန်ဆုံးသွားတဲ့ခွန်အားတွေကို ပြန်လည်ဖြည့်တင်းပေးတဲ့ အစားအစာတွေပေါ့၊ သောက် .. ယုန်လေး .. ဒီအဖတ်လေးကို စားလိုက် .."

"အဲဒါ ပြည်ကြီးငါးဖတ်လား ကိုကို .."

"ဟုတ်ဘူး .. ပင်လယ်မျှော့ .."





"အဲ .. မစားချင်ပါဘူး"

"စားကြည့် .. အားရှိတယ်၊ ဟိုကြော်ငြာသီချင်းထဲကလိုပေါ့၊ အားရှိရင် အကြာကြီးခံ .. ဆိုတာလေ ..."

"အဲဒါက ဓာတ်ခဲကြော်ငြာကြီး ကိုကိုရဲ့"

"ဟုတ်လား .. ဒါဆိုရင် ဒီအသားပေါင်းလေးကိုစား .."

"ဘာသားလဲဟင် .."

"ပင်လယ်ငါး လေးငါးမျိုးတိုပေါင်းပြီး ဆေဝလုံးလို ပြုတ်ထားတာ၊ သိပ်အရသာရှိတယ်၊ ဂျပန်တွေဆို ရှာလကာရည်နဲ့တို့ပြီး အစိမ်းစားကြတာ၊ ဆယ်လမွန်၊ တူနာ၊ တီလားဗီးယား .. ဒီလိုငါးမျိုးတွေနဲ့ ပေါင်းစပ်ထားတာလားမသိဘူး"

"ကိုကိုတို့သူဌေးတွေက ကြံဖန်စားကြတယ်နော်"

"အကောင်းတွေ စားရဖန်များတော့ ထွင်စားကြတာပေါ့၊ နိုင်ငံခြားမှာဆို မျောက်အရှင်ရဲ့ ခေါင်းကို ဓားနဲ့ဖြတ်ခုတ်ထွင်းပြီး မျောက်ဦးနှောက်ကို ရှာလကာရည်နဲ့ တို့စားကြတာ၊ မျောက်ကလေးခမျာ မသေမရှင်နဲ့ ထွန့်ထွန့်လူးပြီး အတော်ခံလိုက်ရရှာတယ်"

"အမလေး .. သနားစရာ .. ရက်စက်လိုက်ကြတာနော် .."

"ဒါတင်ဘယ်ကမလဲ၊ မြွေအရှင်လတ်လတ်ကို ခေါင်းကနေ ဓားနဲ့ခုတ်ပြီး သွေးစိမ်းရှင်ရှင်သောက်ကြသေးတယ်"

"အို .. မညှိုကြဘူးလားမသိဘူး၊ ဆိုးလိုက်တာနော် ..."

"တချို့ဆို တောက်တဲ့တွေ၊ ပုတ်သင်ညိုတွေ၊ ကင်းလိပ်ချောတွေ၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်မြှောင်တွေတောင် စားကြတာ ...”

“အစားပက်စက်လိုက်တာနော် ...”

“ပက်စက်သလားမမေးနဲ့ နိုင်ငံခြားမှာဆို တချို့ အသားစုံရတဲ့ ဟိုတယ်ကြီးတွေမှာ တိရစ္ဆာန်ရုံထဲက သတ္တဝါမျိုးစုံအပြင် ဆင်ကနေ ပုရွက်ဆိတ်အထိ ကြိုက်တာစားလို့ရအောင် စီမံချက်ပြုတ်ကြော်လှော် ဖုတ်သုတ်ပေးတတ်ကြသေးတယ်”

“တော်ပါတော့ကိုကိုရယ်၊ ကြားရရုံနဲ့တင် ယုန်လေး မူးချင်လာပြီ စိတ်နှလုံးလဲမသန့်တော့ဘူး၊ အော်ဂလီလဲ ဆန်လာတယ်၊ သတ္တဝါတွေအပေါ် မှာလဲသနားတယ်၊ ကိုယ်ချင်းမစာ သူများအသားကို ပိုးစိုးပက်စက်စားတတ်တဲ့ အဲဒီလူဆိုးတွေကိုလဲ အရမ်းမုန်းတယ်.. သိလား”

မင်းခန့်ထည်က ယုန်လေး အဖြစ်သည်းနေတာကို ရယ်မောသဘောကျနေ၏။ ယုန်လေးခမျာမှာတော့ ဟော့ပေါ့တောင် ဆက်မသောက်ရဲတော့။

ည ဆယ်နာရီမှာတော့ ပြင်သစ်ဝိုင်နီတစ်ခွက်စီသောက်ပြီး နူးညံ့သိမ်မွေ့သော အချစ်တေးသီချင်းကိုဖွင့်ကာ ရင်ချင်းအပ်၍ တွဲကကြ၏။ မင်းခန့်ထည်က လှုပ်ရှားရမည့်ခြေကွက်တွေသင်ပေး၏။ ယုန်လေးခမျာလည်း ချစ်သူရဲ့အထိအတွေ့ကြောင့် အသက်ရှူသံတွေမှားပြီး ချစ်သူရဲ့ခြေထောက်ကို မကြာခဏ တက်နင်းမိ၏။

“ဆောရီး ကိုကို ... မတော်လို့နင်းမိတာ အခါနှစ်ဆယ်ကျော်သွားပြီ”





“ကိစ္စမရှိပါဘူး၊ မင်းအနေနဲ့ အားနာတယ်ဆိုရင် ကိုယ့်ပါးကို အခါနှစ်ဆယ်လောက် ပြန်နမ်းလိုက်ပါ”

“သွား .. လူတတ်လူဆိုး လူညာကြီး ...”

“စိတ်ညစ်စရာတွေအားလုံးကိုမေ့ထား၊ ဒီနေ့ ချစ်သူများရဲ့ညပဲ၊ ကိုကိုတို့စိတ်ကြိုက် ပျော်လိုက်ရအောင်နော်”

မင်းခန့်ထည်က ယုန်လေးရဲ့ခါးသိမ်ကျဉ်းကျဉ်းလေးကို ဖက်ထားရင်း တင်းရင်းသော ဗွာဆိုင်လေးတွေနှင့် အမှတ်တမဲ့ ထိတွေ့မှုအပေါ် တပ်မက်သာယာစိတ်တွေ လှိုက်ဖိုလာ၍ ယုန်လေးရဲ့ခန္ဓာကိုယ်လေးကို ကောက်ပွေ့ချီမ,လိုက်၏။

“ကိုကို လွှန်မယ်နော်၊ ယုန်လေး .. ကြောက်တယ်ကွာ ...”

“ဘာမှမလုပ်ပါဘူး ယုန်လေးရယ်၊ အိပ်ရာဝင်ပုံပြင်လေးတွေ ပြောပြချင်လို့ပါ၊ အချစ်ပုံပြင်လှလှလေးတွေပေါ့”

“အို .. ကိုကိုရယ်၊ အရမ်းချစ်တယ် .. သိပ်ချစ်တာပဲကွယ်၊ အိုး .. ကိုကို ... ကိုကို .. ကိုကို ...”

“ယုန်လေး .. မောင့်အချစ်လေး ...၊ ကိုကိုရဲ့အချစ်ဆုံးလေးရယ်၊ ကိုကိုချစ်တယ်၊ ကိုကို သိပ်ချစ်တယ်ကွယ် ..”

မင်းခန့်ထည်ရဲ့စကားသံတွေက အခန်းထဲမှာ ပဲ့တင်မြည်ခတ်သွားကုန်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. အာကာ .. အာကာ ..."

လင်းယုန်က ခေါသလွှိုက်တုန့်သော ခေါ်သံဖြင့် အာကာ့ကို ခေါ်လိုက်၏။ စားသောက်ဆိုင်ကောင်တာမှာထိုင်ပြီး ဘီလ်ရေးနေသော အာကာက မျက်မှောင်ကြုတ်ကြည့်လိုက်၏။ ကောင်တာရှေ့မှာ ဒေါ်ကန်ကန်နှင့်ရပ်နေသော လင်းယုန်ကို ...

"ဘာလဲကွာ .. ဘာကိစ္စရှိလို့လဲ"

"မင်းအစ်ကို မင်းခန့်ထည်ဆိုတဲ့ကောင် ငါ့ညီမကို ခိုးပြေးသွားတယ်၊ မနေ့က လပြည့်နေ့က ခိုးသွားတာ၊ ငါ့ညီမ အိမ်ပြန်မအိပ်ဘူး"

"မင်းပြောတာ သေချာလို့လား"

"တောက် ... ဒါက မိန်းကလေးရှင်ကွ၊ မသေချာဘဲ ဘာမှမပြောဘူး"

"ဒါမျိုးတော့လဲ တွေးပြောတတ်သားပဲ၊ နေဦး ... ငါ့အစ်ကို သူ့အိမ်မှာရှိမရှိ ဖုန်းဆက်မေးကြည့်ဦးမယ်၊ ခဏလေး .."





"မေးမနေနဲ့ မင်းခန့်ထည်ရဲ့မိဘတွေနဲ့ ငါတွေ့ချင်တယ်၊ ငါ့အလစ်မှာ ငါ့ညီမကိုသုတ်သွားတာ ငါမကျေနပ်ဘူး။ သူတို့နဲ့တွေ့ပြီး ရှင်းရမယ်"

"ဘာကိုရှင်းရမှာလဲ၊ ငါ့အန်တီက ပြဿနာရှာတာ ငါမကြိုက်ဘူး။ မင်းညီမ အပျိုပြန်မဖြစ်တော့တဲ့ဟာကို မင်းက ဘာတွေရှင်းချင်သေးတာလဲ"

"မင်း လျှာမရှည်နဲ့၊ မင်းခန့်ထည်ရဲ့ အမေဆီကို လိုက်ပို့ပေး။ မပို့ပေးရင် မင်းဆိုင်ထဲမှာ ငါကြမ်းမှာနော်"

အာကာလည်း မနေသာတော့။ လူယုံတစ်ယောက်ဖြင့် ကောင်တာကို လွှဲပေးလိုက်၏။ ဒီတစ်ကြိမ်မှာတော့ သူငယ်ချင်းချင်း ပြဿနာတက်ရန်ဖြစ်လည်းခဏမဟုတ်တော့။ ယခင်က ပြန်တည့်လို့ရသေး၏။ ခုဖြင့် နောက်ခံအကြောင်းဖြစ်သော ကိုယ့်ညီမ၊ သူ့အစ်ကိုဇာတ်လမ်းက ဇာတ်ကြမ်းဖြစ်နေလေပြီ။

"ကဲ .. ငါလိုက်ပို့မယ်၊ ငါ့အန်တီက သူ့သားအတွက်ဆို မင်းထက်ကြမ်းသေးတယ်ဆိုတာ တွေ့ရလိမ့်မယ် လင်းယုန်"

"သွားစမ်းပါကွာ၊ ငါ့ညီမက သူ့သားထက် ဆယ်ဆလောက် အဖိုးထိုက်သေးတယ်"

အာကာလည်း ရှုံ့မဲ့ပြပြီး ကားပေါ်တက်လိုက်၏။ လင်းယုန်က ဘေးဖက်က တက်လိုက်လာ၏။

"မိလိုကတော့ကွာ၊ မင်းခန့်ထည်ဆိုတဲ့ကောင်ကို အရေခွံဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်မနော်"

"ဟော့ကောင် ... လူငယ်ချင်း အပျို လူပျိုချင်းချင်း ကြိုက်လို့ခိုးပြေးတာ .. ဘာဆန်းသလဲ၊ မင်းဘက်က မိန်းကလေးရှင်ဆိုပြီး သိပ်အသားယူမနေနဲ့၊ ခွီးတဲ့မှ .. နားကြားပြင်းကပ်တယ်"

"မြန်မြန်မောင်းကွာ၊ အဲဒီမိန်းမကြီးနဲ့ ငါ အရှိမ်းတွေ့ချင်နေပြီ"

အာကာလည်း လက်မြှောက်လိုက်ပြီး ကားစက်နှိုးကာ ထွက်လာလိုက်၏။ မင်းခန့်ထည် ညက ပြန်မအိပ်၍ ဒေါ်ကြည်ကြည်ခန့် ခေါင်းမီးတောက်ပြီး အလုပ်မသွားနိုင်၊ အိမ်မှာ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေ၏။

ဒီသား အရင်က ဘယ်သူ့အိမ်မှာ အိပ်သည်ဆိုတာလောက်တော့ ဖုန်းဆက်အကြောင်းကြားသေး၏။ ခုဖြင့် လုံးဝအရှင်း အကြောင်းမကြားမအေကို ဂရုမထား။

ဒေါ်ကြည်ကြည်ခန့်နှင့် အခန့်သား ဆုံတိုး၏။ လင်းယုန်က အိမ်ထဲကို ခေါင်းတင်မောင်းတင် လှမ်းဝင်သွား၏။ ဒေါ်ကြည်ကြည်ခန့်က ဟမ်းဖုန်းခေါ်နေတာကို ရပ်ပြီး ...

"ဟဲ့ .. နင် ဘယ်သူလဲ"

"ကျုပ်နာမည် လင်းယုန်၊ ကျုပ်ညီမနာမည် ယုန်ဖြူ၊ ကျုပ်ညီမယုန်ဖြူကို ခင်ဗျားရဲ့သား မင်းခန့်ထည်ဆိုတဲ့ကောင်က မနေ့က လပြည့်နေ့ကတည်းက ခိုးပြေးသွားလို့ အဲဒါကြောင့် ကျုပ်ရောက်လာတာ၊ ကျုပ်ညီမ ဘယ်မှာလဲ၊ မင်းခန့်ထည်ကိုလဲ ထုတ်ပေးပါ"





ဒေါ်ကြည်ကြည်ခန့် အံ့သြတုန်လှုပ်သွား၏။ နှုတ်ခမ်းတွေ ဆတ်ဆတ်တုန်ပြီး ရင်ဘတ်တွေ မို့မောက်လှိုင်းထလာ၏။ ကြားလိုက်ရတဲ့သတင်းက နားတွင်းကို သံရည်ပူတွေ လောင်းထည့်လိုက်သလိုပင်။

"တကယ်ခိုးပြေးသွားတာမှန်ရင် ငါလဲ ငါ့သားကို အမြန်ဆုံး တွေ့ချင်နေတယ်၊ ဒီအိမ်မှာတော့ သူတို့မရှိတာ သေချာတယ်"

"ကျုပ်မယုံဘူး"

"မင်းရူးနေလား၊ ခိုးပြေးပါတယ်ဆိုမှ မိဘအိမ်ပေါ်မှာ တက်ပုန်းနေရဲကြမလား"

"ပြောလို့မရဘူးလေ၊ ခင်ဗျားပါ ကျုပ်ညီမကို နားချသိမ်းသွင်းပြီး သွေးဆောင်ဖြားယောင်းထားချင်ထားနိုင်တာပဲ"

တင်းမာနေသည့်ဒေါသတွေ ဝုန်းခနဲ ပေါက်ကွဲသွားသည့် ဒေါ်ကြည်ကြည်ခန့်က ...

"ဘာမဟုတ်တဲ့မိန်းမနဲ့ ငါ့သားကို လုံးဝသဘောမတူနိုင်ဘူး၊ မင်းတို့ထက်တောင် ငါတို့ဘက်က ပြတ်သားရဲသေးတယ်"

ယမ်းပုံမီးကျ ဒေါသပုန်ထရသူက လင်းယုန်ရဲ့အလှည့်။

"ကျုပ်တို့ဘက်ကလဲ ခင်ဗျားတို့ထက် ဆယ်ဆသာအောင် သဘောမတူသေးတယ်၊ ကျုပ်ညီမကို ရွှေပေါ်မြတင် ထားတာဗျ၊ ဘာမဟုတ်တဲ့ ဆင်ပိန်ကျွဲလောက်နဲ့တော့ လုံးဝသဘောမတူနိုင်ဘူး"

"နင်က အလာကြီးပါလား၊ နင့်ပုံစံကြည့်ရုံနဲ့ နင်တို့အဆင့်ကိုခန့်မှန်းလို့ရတယ်၊ နင်တို့ထက် အဆတစ်ရာသာအောင် ငါတို့ဘက်က ပို



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူသေးတယ်”

အာကာမင်း ကားသော့ပိတ်ပြီး အိမ်ထဲရောက်လာ၏။

“ညီနိုင်းတိုင်ပင်ဆွေးနွေးလုပ်ကြပါ။ အန်တီ ဒေါသကိုလျှော့၊ ဟော့ ကောင် လင်းယုန်၊ မင်းဘက်ကလဲ ဒေါသကိုလျှော့၊ ဒေါသပါရင် ဘာ မဆို မကောင်းတော့ဘူးကွ”

“အဲဒါဆို ငါ့ညီမ ဘယ်မှာလဲ”

“မင်းကလဲ နိုးပြေးသွားတာ၊ ဘယ်လိုက်ရှာရမှာလဲ၊ အတင်းဖွတ် ကြီး တောင်းဆိုနေတယ်၊ ပိုင်းရှာမယ်တော့ မစဉ်းစားဘူး၊ နှမချင်း ကိုယ် ချင်းစာနာနေလို့ ငါ ဒီလောက်လိုက်လျောနေတာ လင်းယုန်”

လင်းယုန် ပူစပ်ပူလောင်ကြီးဖြစ်နေ၏။ ဒေါ်ကြည်ကြည်ခန့်လည်း နေမထိထိုင်မသာ။ အာကာက ကြားဝင်ဖျန်ဖြေပြောနေရ၏။ ဒေါ်ကြည် ကြည်ခန့်က ...

“စိတ်ချ .. သူတို့ကိုပြန်မိရင် မင်းညီမနဲ့ ငါ့သားကို လုံးဝသဘော မတူစေရဘူး၊ ငါ့သားလူမိုက်ကို ငါလဲ လိုက်ရှာနေတယ်၊ စုံစမ်းနေ တယ်”

“ဟားဟား ..., ကျုပ်ကလဲ ဘဲရီးဆောရီးပဲ၊ ကျုပ်ကိုယ်တိုင် လိုက်ရှာမယ်၊ မိလို့ကတော့ ခင်ဗျားသား တစ်စစီဖြစ်သွားစေရမယ်”

“မင်း ငါ့အိမ်ထဲ ပိုင်စိုးပိုင်နင်းဝင်လာပြီး ခြိမ်းခြောက်နေတာလား၊ အခုထွက်သွား ... မျက်နှာကိုမကြည့်ချင်ဘူး”

“သွားမှာပါ၊ ကျုပ်ညီမအတွက်ကြောင့် ဘာမဟုတ်တဲ့ ဒီအိမ်ထဲ





င်ပြောနေရတာ၊ ကျုပ်ညီမအတွက် နစ်နာကြေးဟာ ခင်ဗျားသားရဲ့ သက် ဖြစ်ချင်လဲဖြစ်သွားလိမ့်မယ်၊ အဲဒါကို မြဲမြဲမှတ်ထား”

လင်းယုန်ကပြောပြီး ခေါင်းတင်မောင်းတင် ပြန်ထွက်သွား၏။ ဒေါ်ကြည်ကြည်ခန့်က ...

“ငရဲမှာ သွားသေပါလား၊ အနုတ်စုတ်ဂုတ်စုတ်ကောင်ရဲ့”

“အန်တီ စိတ်ကိုထိန်းပါ”

“မထိန်းနိုင်ဘူး အာကာ၊ အိမ်ကသား မိုက်လို့ ဘာမဟုတ်တဲ့ လို အတန်းအစားတွေရဲ့ အပြောအဆိုကို ခံရတာ၊ ဟင်း .. တို့တွေ့ရင် တွေ့၊ မတွေ့ရင်တော့ အမွေပြတ်ကြေညာပစ်မယ်”

“အဲဒီလို ပေယျာလကံ မလုပ်ပါနဲ့၊ လင်းယုန်ရဲ့ရန်ကလဲ ရှိသေး ယ်၊ ဒီကောင် ငမွဲ၊ ကြိုလ်မွေ့တဲ့ကောင်ကို ဝညာရှိနည်းနဲ့ အလိမ္မာ ပြီး ရှင်းပစ်မှရမှာ အန်တီရဲ့”

ဒေါ်ကြည်ကြည်ခန့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ကြံ ထုတ်နေမိ၏။ ပြီးနောက် ...

“မင်းဆီကိုတောင် ဖုန်းဆက်မေးမလို့ ဒီနေ့ ဖုန်းလိုင်းတွေ အောက် တယ်၊ မင်းလာတော့ အတော်ပဲဖြစ်သွားတယ်၊ သူ့ ဘာလုပ်သွား ယ်ဆိုတာ သိလိုက်ရပြီ၊ တို့တွေ သွားပုန်းနိုင်မယ့်နေရာတွေကို စဉ်း ပြီး လိုက်ရှာရအောင် ..”

“အဲဒီအစီအစဉ်ကောင်းတယ် အန်တီ၊ လင်းယုန် လက်မဦးခင် န်တော်တို့လက်ဦးမှုဖြစ်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ လင်းယုန် ဆိုတဲ့ကောင်က ဘာကောင်မို့လို့ မင်းဒီလောက်အလေးထားပြီး ပြောနေရတာပဲ၊ ငါနားကြားပြင်းကတ်လိုက်တာ၊ ဘာမဟုတ်တဲ့ကောင်စုတ်ကိုများ ..."

အာကာလည်း မျက်နှာကို စနိုးတာဝါဖြင့် ပွတ်သုတ်လိုက်ပြီး...

"လင်းယုန်ဆိုတာ ဘီလူး၊ သူ့ညီမကို ပန်းကလေးတစ်ပွင့်လို အလှ ကြည့်ပြီး ဥထားတဲ့ ဘီလူး၊ ဘီလူးစောင့်တဲ့ပန်းကို ခူးမှတော့ ဘီလူးနဲ့ ကိုခန့် ထိပ်တိုက်တွေ့ကုန်ကြတော့မှာပေါ့"

"ဘီလူးမကလို့ ဘာကောင်ပဲဖြစ်ဖြစ် ငါ့သားကိုထိလို့ကတော့ ဟင်း .. မီးပွင့်ရုံတင်မဟုတ်ဘူး၊ အဲဒီဘီလူး ကျွမ်းလောင်ပြာကျတဲ့အထိ ငါက မီးဟုန်းဟုန်းတောက်ပြပစ်လိုက်မယ်ဟေ့ .."

သားဇောနှင့် ကြိမ်းဝါးလိုက်သော ဒေါ်ကြည်ကြည်ခန့် စကားကြောင့် အာကာ တစ်ကိုယ်လုံး တွန့်သွားရတော့၏။ အိမ်ပြင်ရောက်တော့ လင်းယုန် မရှိတော့။ ဘတ်စ်ကားနှင့် ပြန်လစ်သွားလေသလား၊ အငှားကားပဲ စီးပြီး ပြန်သွားလေသလား၊ သွားချင်တာနဲ့သွား အမိကက ကိုခန့်ကို လက်ဦးမှုရအောင်ရှာပြီး အုပ်စီးနိုင်မို့သာ အမိကလို့ အာကာ တွေးလိုက်မိ၏။ ဒေါ်ကြည်ကြည်ခန့်ကတော့ လက်ပွေ့အိတ်ကြီးထဲ ငွေအပြည့်ထည့်ပြီး ကားပေါ်တက်ထိုင်၏။

မင်းခန့်ထည်ရဲ့သူငယ်ချင်း ကျော်သူရ၊ မင်းမောင်၊ သဲယုစံတို့တွေဆီ ဝင်ခဲ့စမ်း၏။ အားလုံးကတော့ ကြိုတင်တိုင်ပင်ထားသည့်အတိုင်း 'မသိဘူး' ဆိုတာပဲ ပြောကြသည်ပေါ့။





မျက်နှာပူပူနှင့် ပြောင်လိမ်ပြီး လျှို့ဝှက်ဖုံးကွယ်ထားသဖြင့် ဆက်လိုက်ရခက်ခဲကုန်၏။ အခြားသော စီးပွားရေးမိတ်ဖက်တွေထံ လိုက်စုံစမ်းသော်လည်း ထူးမခြားနား။ ဒေါ်ကြည်ကြည်ခန့်က ဖုံးဖုံးဖိဖိ စုံစမ်း၏။

"သားလေးလေ ... ကျွန်မ ဆုံးမလိုက်တာ လွန်သွားလို့ အိမ်က ဆင်းသွားတာ၊ ဒီများရောက်နေမလားလို့ "

ဒါမျိုး ဒိုင်လျှိုလေးနဲ့ပေါ့။ မိန်းမခိုးပြေးသွားသည်ဆိုသော အမဲစက် ကို အစွန်းထင်းမခံ၊ နောက်ဆုံးမှာတော့ အန်တီ ပင်ပန်းနေတာ မကြည့် ရက်တော့၍ အာကာက သူသိထားသော ကိုခန့်ရဲ့ လျှို့ဝှက်တစ်နေရာ ကို ပြောပြလိုက်၏။

"ကိုခန့်နဲ့ ကျွန်တော် တစ်ခါလိုက်သွားဖူးတယ်၊ သကြန်ညတုန်းက အမူးလွန်နေလို့ အိမ်မပြန်ရဲတာနဲ့ အဲဒီတိုက်ခန်းမှာ လိုက်အိပ်ဖူးတယ်၊ အန်တီ့ယောက်ျားရဲ့ညီပိုင်တဲ့ တိုက်ခန်းလေ"

"ဟုတ်လား ... သား အဲဒီမှာပဲရှိမှာပါ၊ ပြောနေကြာတယ်၊ မိုးလဲချုပ်စပြုနေပြီ၊ အဲဒီတိုက်ခန်းကိုပဲ သွားကြမယ်"

ကားပေါ်တက်ပြီး မိနစ်လေးဆယ်ကျော်ကြာအောင် မောင်းလိုက်သောအခါ ကွန်ဒိုတိုက်ခန်းရဲ့ ကားပါကင်ဆီကို ထိုးဆိုက်လာ၏။

ထိုအချိန်မှာပဲ ကွန်ဒိုတိုက်ခန်းပေါ်မှာ ချစ်သူနှစ်ဦးရဲ့ ပျားရည်လူးဆမ်း အချစ်ပန်းတွေ ပွင့်လန်းနေသည့် အခါသမယဖြစ်နေ၏။

"ယုန်လေး .. ကိုကို့ကို ဘယ်လောက်ချစ်သလဲဟင်"

"ကမ္ဘာကြီးလောက်ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နည်းတယ်ကွာ"

"စကြဝဠာကြီးလောက်ချစ်တယ်"

"နည်းသေးတယ်"

"ကိုကိုထင်ထားသလောက်ကိုချစ်တယ်"

"အိုး ... မိုင်ဆွိတ် ... အိုး မိုင်ဒါလင် .. အိုး မိုင်လပ်ဖ်"

"ဘိုလိုမှတ်နေတာလားဟင် ..."

"သိရဲ့သားနဲ့ ဘိုလိုမှတ်ဘူး၊ ဘိုလိုပြောနေတာ ..."

"ကဲပါ .. ကိုကိုကရော၊ ယုန်လေးကို ဘယ်လောက်အထိချစ်သလဲ၊ မှန်မှန်ပြောကြည့်နော် .."

"ယုန်လေး ထင်ထားသလောက်ကိုချစ်တယ်"

"ယုန်လေးထင်ထားတာက နမ်းစေ့လောက်ကလေးပဲ ချစ်တယ်ထင်နေတာ ..."

"ဩော် .. ဒီလိုလား၊ ယုံအောင် ထပ်ပြီးသက်သေပြမယ်"

မင်းခန့်ထည်က ယုန်လေးရဲ့ ခါးသိမ်ကျဉ်းလေးကို ကောက်ဖွေ့လိုက်၏။ ထွာဆိုင်လေးတွေ တုန်ခါသွားသည်။ ကားတက်နေသော ပုံတူပန်းချီကားထဲမှ မိန်းလှလေးရဲ့ ခြေလှမ်းဟန်က နိမ့်တုံမြင့်တုံ ရင်ခုန်မတတ်။ နွေးအိသော အထိအတွေ့မှာ မွှေးပျံ့သော ရနံ့သင်းသင်းက အာရုံတွေကို လင်းခနဲလက်ခနဲ။

ယုန်လေးရဲ့အပေါ် စီးမိုးအုပ်ကာဝဲလာသော ကိုကို့ရင်အုပ်ကျယ်ကြီးကို ယုန်လေး မတွန်းလှန်နိုင်တော့။ ဆွဲယူစေးကပ်လိုက်သည့်





အနမ်းအတတ်ပညာတွေက ဖိန်းရှိန်းသော ကိုယ်ငွေ့နှစ်ခုကြား လေသလပ်မသွားနိုင်အောင်ပင် စေးလုံးသွား၏။

"ယုန် .. ယုန်လေး .. အချစ်လေးရယ် ..."

"ကို .. ကိုကိုရယ် .. အို .. အ .. အား ..."

"ဘာဖြစ်သွားလို့လဲဟင် ..."

"ဆံညှပ်ကလစ်ထိုးသွားလို့ .."

မင်းခန့်ထည်က တယုတယ ဖယ်ရှားပေး၏။ ချစ်မိုးကြီး သဲသဲမဲမဲ ရွာဖို့ အနမ်းပလူပျံတွေ ခြွေနေဆဲမှာ ဘဲလ်မြည်သံ ပေါ်ထွက်လာ၏။ ဒီအခန်းကို ညှိုသည်လာခဲ၏။ ကွန်ဒိုအိမ်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းမှ မီတာခ၊ ရေဖိုး၊ သန့်ရှင်းရေး၊ လုံခြုံရေး အဖိုးအခ ဝန်ဆောင်မှုတွေ လာတောင်းတာများလား။ ဒီအတွေးနှင့် လူးလဲထလိုက်ကြ၏။ အဝတ်အစားတွေ ကပိုကသီဖြစ်နေတာကို ပြန်လည်ပြင်ဆင်သပ်ရပ်လိုက်၏။ ပြီးနောက် တံခါးအနားကိုကပ်သွားပြီး ချောင်းကြည့်ပေါက်မှ အသာချောင်းကြည့်လိုက်သည်။

"ဟင် .. မေမေ ..."

"ရှင် .. ကိုကို့မေမေလား"

"ဟုတ်တယ် ..."

"အို .. ယုန်လေးကြောက်တယ် ကိုကိုရယ်"

"မကြောက်နဲ့ ယုန်လေး၊ ကိုကိုရှေ့က ရင်ဆိုင်မယ်၊ ယုန်လေး ဆိုဖာမှာ ဣန္ဒြေရရသွားထိုင်နေလိုက်"

www.burmeseclassic.com



ယုန်လေး ဘုရားတ,ပြီး ဆိုဖာဆက်တီမှာ သွားထိုင်နေလိုက်၏။ မင်းခန့်ထည် တံခါးဖွင့်ပေးလိုက်သည်နှင့် ...

"လူမိုက် .."

"ဖြန်း ..."

ဒေါ်ကြည်ကြည်ခန့်က တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းသလို မင်းခန့်ထည်ရဲ့ပါးကို ပိတ်ရိုက်ပစ်လိုက်၏။ မင်းခန့်ထည်မျက်နှာ လည်ထွက်သွားသည်။ အာကာက ဒေါ်ကြည်ကြည်ခန့်လက်ကို အတင်းဆွဲပြီး တားမြစ်၏။

"လွှတ်စမ်း အာကာ၊ ဒီကောင့်ကို ပြတ်ပြတ်သားသား ဆုံးမမှကို ဖြစ်မယ် .. ဖယ်စမ်း .."

"မလုပ်နဲ့ အန်တီ၊ လွန်မယ် .."

"မင်းခန့်ထည် ..."

"ပြောပါ မေမေ"

"မင်းကို လူက မွေးထားပြီး ဘာလို့ ခွေးကျင့်ခွေးကြံ ကြံသွားတာလဲဟင်၊ ပြောစမ်း .. လူမိုက် .. နွား .."

ဒေါ်ကြည်ကြည်ခန့်က အာကာ့ကို ဆောင့်တွန်းလိုက်ပြီး မင်းခန့်ထည်ရှေ့မှာ မဖုရားအိုက်တင်ဖြင့်ရပ်ပြီး လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောချလိုက်၏။ မင်းခန့်ထည် ဘာမှပြန်မပြော။ အပြစ်သားတစ်ယောက်လို ခေါင်းငုံ့ပြီး ပေရပ်နေ၏။ ဒေါ်ကြည်ကြည်ခန့်က မင်းခန့်ထည်ကို စိတ်ရှိလက်ရှိ ထုထောင်းရိုက်ပုတ်ပစ်လိုက်၏။ မင်းခန့်ထည် ပေခံနေ





၏။ ယုန်လေး မနေနိုင်တော့။ ချစ်သူရဲ့အပြစ်ဒဏ်ကို ယုန်လေး ရှေ့ကနေပြီးကာကွယ်ပြီး ခံလိုက်၏။

"မင်းဖယ်စမ်း .. ဖယ် ..."

"မဖယ်ဘူး အန်တီ၊ ကိုကို့ကို ဆက်မရိုက်ပါနဲ့၊ သမီးတောင်းပန်ပါတယ်"

"ဘာကိုကိုလဲ၊ ငါ့သားကိုများ .. နင်က ကိုကိုတဲ့၊ ကဲဟယ် ..."

"ဖြန်း ..."

"အ .."

"ယုန်လေး ..."

လည်ထွက်အောင် အရိုက်ခံလိုက်ရသော ယုန်လေးကို မင်းခန့်ထည်က ဆီးပွေ့လိုက်၏။ ထူပူဖျဉ်းစပ်သွားသော ပါးပြင်ကို လက်နှင့်အုပ်ပြီး မျက်ရည်တွင်တွင်စီးကျလာသည့်ကြားထဲက မပီဝိုးတဝါးအမြင်ဖြင့် ဒေါ်ကြည်ကြည်ခန့်ကို ပြန်ကြည့်လိုက်မိ၏။

ဒေါ်ကြည်ကြည်ခန့်က ဒေါသတကြီး စီးနေ၏။ လက်တွေ ရိုက်လိုက်၍ နာကျင်သွားတာကို ပွတ်သပ်ဆုပ်နယ်နေ၏။

သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတယ် ဆိုသည့် နယူတန်ရဲ့နိယာမကို ဒေါ်ကြည်ကြည်ခန့် သဘောပေါက်ပုံမရသေး။

"မေမေ .. သားကို ကြိုက်သလိုရိုက်ပါ။ ယုန်လေးကိုတော့ ဘာမှ မလုပ်ပါနဲ့ဗျာ ..."

"ဘာ .. မင်းက .. မင်းဟာဘမ,ထိလို့ နာနေတယ်ပေါ့လေ၊ တော်



www.burmeseclassic.com

www.burmeseclassic.com



စမ်း ... ငါနဲ့ပြန်လိုက်ခဲ့၊ ဒါ မင်းနေရမယ့်ဘဝမဟုတ်ဘူး မင်းခန့်ထည် ငါနဲ့ ခုချက်ချင်းပြန်လိုက်ခဲ့"

"မလိုက်ဘူး မေမေ၊ သား ယုန်လေးကို တကယ်ချစ်လို့ လက်ထပ်လိုက်ပြီ၊ သားနဲ့ ယုန်လေးနဲ့ ဗုဒ္ဓိုးတန်းတင် အကြင်လင်မယားဖြစ်သွားပြီ၊ ဒါကြောင့် ပြန်လိုက်လို့မရတော့ဘူး"

ဒေါ်ကြည်ကြည်ခန့် ဒေါသတွေ ပေါက်ကွဲသွားပြန်၏။ ယုန်လေးကိုရော မင်းခန့်ထည်ကိုရော ရိုက်ပုတ်ထုထောင်းတော့၏။ မင်းခန့်ထည် က ယုန်လေးကို သူ့ရင်ခွင်ထဲဖွက်ပြီး သူ့ကျောပြင်ဖြင့် အနာခံလေသည်။

"ဘုတ် .. ဘုန်း .. ဖုတ် ... ဒုတ် ..."

"လူမိုက် .. မင်းမလိုက်ရင် မင်းဟာမကို သတ်ပစ်မယ်၊ ငါ သဘောမတူဘူး၊ မင်းမှာ ပေးစားဖို့ ဒေါက်တာမလေးရှိပြီးသား၊ တံတားပေါ်က မချော်ကျဘဲ ရွှံ့ဗွက်ထဲ ဆင်းချော်တဲ့ကောင်၊ မလိုက်လို့မရဘူး ခုချက်ချင်းပြန်လိုက်ခဲ့"

"မလိုက်ဘူး .."

"ဘာ .. ကဲဟာ ..ကဲဟာ ..."

"အန်တီ လွှန်မယ် .. လွှန်မယ် ..."

"ဖယ်စမ်း အာကာ ..."

"ပြဿနာတစ်ခုကို စိတ်အေးအေးထားပြီး ဆုံးဖြတ်ပါ အန်တီရယ်"

"မထားနိုင်ဘူး၊ ငါ့ရင်ကို မီးရှို့တဲ့ကောင်၊ ငါသဘောမတူတဲ့မိန်းမ





နဲ့ မင်းယူတယ်၊ ဘာလဲ .. မင်းကို သေလှလို့ ငါ သတ်မှတ်လိုက်ရ မလား မင်းခန့်ထည်"

"မေမေ ကြိုက်သလိုစီရင်ပါ"

"ငါ စီရင်ချင်တာက နင်ပြန်လိုက်ခဲ့၊ ဟိုမိန်းမ နေခဲ့၊ ငါ့သားနဲ့ တစ်ညတာပေါင်းသင်းခအဖြစ် နစ်နာကြေး ပြန်လျော်ပေးမယ်၊ ဘယ်လောက်ပေးရမလဲ၊ ဒါပဲပြော .."

ယုန်လေးရဲ့ရင်ကို ကျည်စက်နဲ့ အတို့ခံလိုက်ရသလိုပါပဲ။ အသည်းနာစရာစကား။ ယုန်လေး မျက်လုံးစုံမှိတ်ပြီး အံကြိတ်ထားလိုက်၏။ ကိုကို့ရင်ခွင်က လုံခြုံနွေးထွေးနေပေမယ့် ဆက်တိုက်ထွက်ပေါ်လာသော ဒေါ်ကြည်ကြည်ခန့်ရဲ့ ပိုးစိုးပက်စက် စကားတွေကို မကြားရအောင်တော့ အကာအကွယ်မပေးနိုင်ခဲ့။

"ဘာမဟုတ်တဲ့ ဈေးသည်မကို မင်းမို့လို့ အရွှမ်းတင်ချစ်ပြနေတယ်၊ အံ့ဩပါရဲ့၊ လူကုံထံအသိုင်းအဝိုင်း ပွဲတက်အခါတိုင်း မင်းမိန်းမကို ဘယ်လိုပွဲထုတ်မှာလဲ၊ ဘာဘွဲ့မှမရှိ၊ ဘာဂုဏ်ဒြပ်မှမရှိ၊ ဘာစည်းစိမ်ဥစ္စာမှမရှိ၊ လမ်းဘေးကပန်း ရနံ့လဲမရှိတာကို မင်းမို့လို့ တန်ဖိုးထားတယ် မင်းခန့်ထည်ရယ်၊ မင်းပြန်မလိုက်ရင် နောက်ဆက်တွဲအခြေအနေတွေ ဒို့ထက်ဆိုးကုန်မယ်နော်"

မင်းခန့်ထည်ကလည်း ပေပြီး ငြင်းဆန်နေ၏။ အကြမ်းနည်းနှင့် ခေါ်ပြီးပြီ မရ။ အပျော့နည်းနှင့် ဆွဲဆောင်ခေါ်ဖို့ ဒေါ်ကြည်ကြည်ခန့် အလိမ္မာသုံးရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက အပျော့ဆွဲလေးနှင့် စီးစီးပိုင်ပိုင် ဆွဲထားနေပြီကို။

"အဟင့် .. ဟင့် .. မေမေ့ဘဝမှာ သားမရှိရင် ဘယ်လိုနေရမှာလဲ၊ ပြောပါဦး သားရယ်၊ သားလေးကိုပဲ ရှေ့ဆက်အားကိုးရတော့မှာ၊ မေမေ့ဘဝထဲကို ပြန်လာပါကွယ်၊ ငါ့သားကို မေမေ ဘယ်လောက်ချစ်တယ်ဆိုတာ သားအသိဆုံးပါ၊ ငါ့သားက ရွှေဆိုရင်ရွှေ၊ ငွေဆိုရင်လဲ ငွေ မေမေ ငြင်းခဲ့သလား ... ဟင် ..၊ ပြောစမ်းပါဦး .."

"မေမေရယ်၊ သားကို ခွင့်လွှတ်ပါ၊ မေမေတစ်ယောက်တည်းမနေချင်ရင် သားပြန်လာပါ့မယ်၊ ယုန်လေးကိုပါ တစ်ပါတည်း ခေါ် ခွင့်ရမှ ပြန်လာမှာပါ"

"မင်းဟာလေ ... ပြောလေကဲလေ မန်းလေပြဲလေဆိုတဲ့ကောင်ပါလား မှင်းခန့်ထည်၊ ဒီမိန်းမကို မေမေ သဘောမတူပါဘူးလို့ ပြောနေရတာ အပ်ကြောင်းထပ်နေပြီ၊ ဒီမိန်းမနောက်လိုက်သွားရင် ဆင်းရဲတဲ့ဘဝကို မင်းရင်ဆိုင်ရမှာနော်၊ အချစ်တွေ မှုန်မနေနဲ့၊ တူနှစ်ကိုယ် တဲအိုပျက်မှာ ထမင်းရည်ပူ လျက်ချင်လျက်ရပါစေဆိုတာ ချစ်တုန်းခဏပဲ၊ မင်းရှာကျွေးရတော့မှာ၊ မင်းမှာ အရင်းအနှီးမရှိဘူး၊ လုပ်အားနဲ့ စာရင်းရတော့မှာ၊ ဒုက္ခဆင်းရဲဒဏ်ကို မင်းအကြီးအကျယ် ခံရတော့မှာ၊ ဒါကို မေမေ မကြည့်ရက် မမြင်ရက်ဘူး၊ ငါ့သားလေးကို ရွှေလင်ပန်းနဲ့ အချင်းဆေးပြီးမွေးထားတာ၊ မိန်းမ ပေါပါတယ်၊ ဒီထက် ဆယ်ဆလောက်လှတဲ့ မိန်းကလေးမျိုး ဂုဏ်ရည်တူမျိုးကို မေမေ ရှာပေးစားပါ့မယ်"





"ကျွန်တော် နေတတ်ပါတယ် မေမေ၊ ဘယ်ဘဝမျိုးရောက်ပါစေ၊ ကျွန်တော် မမှုပါဘူး၊ ကျွန်တော် မေမေ့အနားမှာ အနှစ်နှစ်ဆယ်ကျော် နေပေးခဲ့ပြီးပါပြီ။ အချိန်တန်အရွယ်ရောက်ပြီမို့ ကျွန်တော့်လမ်းကို ကျွန်တော် လျှောက်ခွင့်ပေးပါ မေမေ"

ဒေါ်ကြည်ကြည်ခန့် နေမထိထိုင်မသာဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိ၏။

မင်းခန့်ထည်က ဖော်ကောင်လုပ်သော အာကာ့ကို အံကြိတ်ကြည့်နေ၏။ အာကာ က မျက်နှာငယ်လေးဖြင့် ...

"အန်တီက နေ့မအိပ် ညမအိပ် ရှာမှာကွ၊ ပြီးတော့ ယုန်လေးရဲ့ အစ်ကို လင်းယုန်နဲ့ အန်တီလဲ စကားအကြီးအကျယ် များသွားပြီးပြီ၊ ဒါတို့ လက်ဦးအောင် မရှာခဲ့ရင် လင်းယုန်က မင်းတို့နှစ်ယောက်စလုံးကို သတ်မှာ၊ ဒါကြောင့် ငါ ဖွင့်ပြောလိုက်တာပါ ကိုခန့်ရာ .."

"မင်းကွာ ... ဘာလို့ပြောရတာလဲ၊ လင်းယုန်က ဘယ်လိုလုပ် ရှာတွေ့နိုင်မှာလဲ၊ ဒီနေရာကိုမှ သူမသိတာ၊ ပြီးတော့ သူ့မှာ ရှာဖွေနိုင်တဲ့ငွေကြေးလဲ ပြည့်စုံတာမဟုတ်ဘူး၊ မင်းလုပ်လိုက်တာ စေတနာမဖြစ်ဘဲ ဝေဒနာဖြစ်သွားပြီကွ"

အာကာ ခေါင်းငုံ့နေ၏။ ဒေါ်ကြည်ကြည်ခန့်က တစ်မျိုးတွေးနေ၏။ သားဖြစ်သူ မှာ စိတ်မှန်နေပြီ။ ဒီအချိန်မှာ ဘယ်လိုခွဲခွဲ သူတို့ကွဲကြည်မဟုတ်။ သားဖြစ်သူနှင့်ကွဲအောင် လုပ်ဖို့နည်းကတော့ တစ်နည်းထဲသာ ရှိ၏။ သားဖြစ်သူကို အယုံသွင်းရမည်။ စရိုက်မတူ၊ လူတန်းစား



www.burmeseclassic.com

www.burmeseclassic.com



မညီသော အကျင့်တွေကိုပြုပြီး သားဖြစ်သူ ကောင်မလေးအပေါ် မှာ လုံးဝစိတ်ပျက်သွားအောင် လုပ်ဆောင်ရမည်။

ပညာရှိအမျက် အပြင်ထွက်လို့မရ။ လိုက်လျောမှုတွေပေးပြီး ဇွန် ကြိုးလျှော့ပေးရမည်။ တင်းကြိုးလုပ်ပြီး ဆောင့်ဆွဲလျှင် ပြတ်ကျသွား မည်။

မိခင်နဲ့သားရဲ့ ဆက်ဆံရေးသာ ပြတ်သွားမည်။ လျှော့ကြိုးလေး လုပ်ပြီး အသာမျှောကာ လိုအပ်သည့်အချိန်မှ ဆောင့်ဆွဲချလိုက်လျှင်...

ယုန်ဖြူ ဆိုသောကောင်မလေးနှင့် သားရဲ့ဆက်ဆံရေးတွေ လုံးဝပြတ်သွားလိမ့်မည်။ ဒီအချက်ကိုတွေးမိပြီး ဒေါ်ကြည်ကြည်ခန့် တစ်ယောက် သူမရဲ့ဒေါသကို သူမဘာသာ လျှော့၍ လျှော့၍ ချလိုက်၏။

ချွေးမလောင်း ဆိုတာကြီးကို မချစ်သော်လည်း အောင့်ကာနမ်း ရတော့မည်။

“မင်းခန့်ထည် ...”

“ဗျာ .. မေမေ ...”

“ဒီကောင်မလေးကို မေမေ့ထက် ပိုချစ်သလား”

မင်းခန့်ထည် အဖြေရကျပ်သွား၏။ ပြီးမှ စဉ်းစားချင့်ချိန်လိုက်ပြီး ...

“မေမေက ၅၂၈ သွယ် မေတ္တာနဲ့ ချစ်ရတာပါ၊ ယုန်လေးနဲ့ကျွန်တော် က ၁၅၀၀ မေတ္တာနဲ့ ချစ်နေရတာပါ၊ အချစ်ချင်း မနှိုင်းလို မတိုင်းလို ပေမယ့် ဒီအချိန်မှာ ကျွန်တော် ယုန်ဖြူကိုပဲ ရွေးချယ်ရလိမ့်မယ် မေမေ၊ သူက မေမေပြောသလို လမ်းဘေးကဝန်းကလေးပါ၊ ကျွန်တော်





ခူးခြွေပြီးရင် ကျွန်တော့် တန်ဖိုးထားမြတ်နိုးမှုပေးမှ သူ့ဘဝ မစုတ်ပြတ် သွားမှာပေါ့၊ ကျွန်တော်က ခူးလိုခူး၊ ဆိတ်လိုဆိတ် ပစ်ထားရင် လူ တကာ နင်းခြေခံရတဲ့ဘဝကို ယုန်ဖြူ ရောက်သွားလိမ့်မယ်”

“ဟင်းဟင်းဟင်း .. ငါ့သားက စာသိပ်တတ်သွားပြီကိုး၊ ချစ်တာ တွေ မေတ္တာတွေ၊ တန်ဖိုးထားတာတွေ ပြောတတ်လာပြီကိုး၊ အေးပေါ့ လေ ... မင်းဘက်က ဒီလောက်အလေးသာနေရင်လဲ မေမေ့ဘက်က ...”

ဒေါ်ကြည်ကြည်ခန့် တုံ့ဆိုင်းနေ၏။ မပြောလိုသော ဆုံးမစကား ကို မတတ်သာ၍ ပရိယာယ်ဆင်ပြီး ပြောရတော့မည်။

“ငါ့သားကို မစွန့်လွှတ်နိုင်တဲ့အတွက် စေ့စပ်လျှော့ပေးရတော့ မှာပေါ့ သားရယ်”

ဒေါ်ကြည်ကြည်ခန့် စိတ်မကောင်းဟန်ဖြင့် တစ်ဖက်သို့ မျက်နှာ လွှဲလိုက်၏။ ကွန်ဒိုအခန်းကျယ်ပြတင်းမှ လှမ်းမြင်နေရသော မိုးတိမ် တိုက်တွေကို စိုက်ကြည့်ငေးမောနေမိ၏။

“မေမေ .. သားတို့ချစ်ခြင်းကို မခွဲပါနဲ့ဗျာ ..”

ဒေါ်ကြည်ကြည်ခန့်ရဲ့ခြေသလုံးကို မင်းခန့်ထည် ပွေးဖက်ပြီး ဒူးတိုက် တောင်းပန်လေသည်။ ယုန်ဖြူမှာတော့ နေရအခက်။

ဒေါ်ကြည်ကြည်ခန့်က ယုန်ဖြူကို စိန်းစိန်းရှူးရှူး လှမ်းကြည့် လိုက်၏။ ယုန်ဖြူ သိလိုက်ပါပြီ။ အခဲမကျေတဲ့အကြည့်၊ ယုန်ဖြူ အပေါ်မှာ အမျက်သိုလိုက်သောအကြည့်၊ ယုန်ဖြူ ရင်မဆိုင်လိုစွာဖြင့် ခေါင်းငုံ့ နေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အာကာက ဒေါ်ကြည်ကြည်ခန့်အနား တိုးကပ်လာပြီး ...

"ကိုခန့်ကို ပစ်ထားလို့မဖြစ်ဘူး အန်တီ၊ ပိုဒုက္ခရောက်သွားလိမ့်မယ်၊ ကျွန်တော့်သဘောကတော့ အန်တီ့အိမ်မှာပဲ သူတို့လင်မယားကို ခေါ်ထားစေချင်တယ်၊ လင်းယုန် ကျေနပ်အောင် မင်္ဂလာပွဲလေး ဘာလေး .."

"တော်စမ်း အာကာ၊ အဲဒီကောင်ရဲ့နာမည်ကိုတောင် ငါမကြားချင်ဘူး၊ ဘာလက်ထပ်ပွဲမှလဲ လုပ်မပေးနိုင်ဘူး၊ သူတို့ဘာသာသူတို့ ရုံး တက်လက်မှတ်ထိုးပြီးပြီ၊ ဒီလောက်ဆိုတော်ပြီ၊ မင်းခန့်ထည် ..."

"ဗျာ .. မေမေ .."

"အိမ်ကို အခုပြန်လိုက်ခဲ့ .."

"ယုန်ဖြူ ကိုပါ ခေါ် ခွင့်ရမှာလား မေမေ"

ဒေါ်ကြည်ကြည်ခန့် အံကြိတ်လိုက်၏။ ပြီးမှ ...

"အေး ..."

"မေမေ တကယ်ပြောနေတာနော်"

ဒေါ်ကြည်ကြည်ခန့် ထပ်မပြောချင်။ ဒါကို အာကာက ရိပ်စားမိလိုက်၍ ...

"တကယ်ပြောနေတာပေါ့ ကိုခန့်ရာ၊ လူကြီးက နောက်ပြောပါ့မလား"

ဒေါ်ကြည်ကြည်ခန့် ရှေ့ကထွက်သွား၏။ အာကာက နောက်ကလိုက်၏။ မင်းခန့်ထည် ယုန်ဖြူကို ဖေးမတွဲကူပြီး နောက်ကလိုက်လာ





[illegible] ဓာတ်လှေကားထဲမှာ အတွေ့ဆုံစီးဖြစ်တော့ ယုန်ဖြူ့ခေါ်မျာ မှုးအိုက်ချင်လာ၏။

အောက်ရောက်တော့ ကားပေါ် တက်စီးလာဖြစ်ကြ၏။ ယုန်ဖြူ့ ဘဝမှာ သိပ်ကိုမျက်နှာငယ်နေရတဲ့ အချိန်တွေပေါ့။

ရှေ့ပုံပေါ်ကိုစံဖို့ လိုက်နေရပေမယ့် စိတ်ကတော့ ရှေ့စော်နံပြီး ငူစိစိကြီး ဖြစ်နေလေပြီ။ ကားမောင်းရင်းနှင့် ဆုပ်ကိုင်လာသော ကိုကို့ လက်ဖဝါးနွေးနွေးကြောင့် ယုန်ဖြူ့ရဲ့ အေးစက်စက်လက်ကလေးတွေ နွေးမြလာရတော့၏။

ကိုကို့မျက်နှာတစ်ခုတည်းနှင့် အရာရာကို ရင်ဆိုင်ရဲရတော့မှာ သို့ ကိုကိုရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



လင်းယုန်တစ်ယောက် မိခင်နှင့် စကားများပြီး အပြင်ကိုထွက်လာမိ၏။ ယုန်ဖြူကို တွေ့လိုတွေ့ငြား ဟိုဒီအနှံ့ လိုက်ရှာမိ၏။ သွားလာရလွယ်အောင် ရောထွန်းရဲ့ကားကို လှမ်းခေါ် လိုက်၏။ ရောထွန်း ရောက်လာသောအခါ ကားနှင့်ပတ်ရှာကြ၏။

"တွေ့ရင် ပွဲသိမ်မကြမ်းနဲ့နော် လင်းယုန် .."

"ငါ မကျေနပ်ဘူးကွ၊ ငါ့ညီမကို ရအောင်ပြန်ခေါ်မယ်"

"အမိပွာယ်မရှိတာကွာ၊ မင်းညီမ မင်းဆီ ပြန်ပါလာတော့ အဖို့ ပြန်ဖြစ်ရောလား။ မိန်းကလေးရှင်ကွ၊ မင်းညီမပဲ နစ်နာမှာပေါ့၊ အာကာ့ အစ်ကိုကလဲ တောင့်တင်းတဲ့လူပါ၊ သဘောတူလိုက်ပါ လင်းယုန်"

လင်းယုန် အံကြိတ်ပြီး ကားအပြင်ဘက်ကို ငေးနေလိုက်၏။

"ဟင် ... ဟိုကားပေါ်မှာ .. ဟိုကားပေါ်မှာ ...၊ ရော .. ဟိုရှေ့က ပရာဒိုတစ်ပတ်ရစ်နောက်ကို လိုက်စမ်း၊ မြန်မြန်လိုက်၊ အဲဒီကားပေါ်မှာ ငါ့ညီမ ပါသွားတယ်"





"ဟုတ်လို့လား"

"ဟုတ်ပါတယ်ဆိုကွာ၊ လိုက်စမ်းပါ မီအောင် ..."

ရောထွန်းလဲ ပရာဒိုကားအဖြူရောင် တစ်ပတ်ရစ်နောက်ကို နင်းလိုက်ရတော့၏။

"အဲဒီကားရှေ့ကနေ ပိတ်ရပ်လိုက်"

"ဝင်တိုက်သွားမှာပေါ့ကွ"

"မတိုက်ရဲပါဘူး၊ စိတ်ကနယ်မီးဖြပြီး ပိတ်ကာရပ်လိုက်စမ်းပါကွာ၊ နောက်ကားမှာ အာကာနဲ့ မင်းခန့်ထည်ရဲ့အမေ လိုက်လာတယ်၊ ဟုတ်ပြီ ရှေ့ကားပေါ်မှာ ငါ့ညီမပါတာ ကျိန်းသေပြီ၊ တွေ့ကြသေးတာပေါ့ကွာ ..."

ရောထွန်းက အချက်ပြမီးပေးပြီး ပရာဒိုရှေ့မှာ ပိတ်ရပ်လိုက်၏။ ကားပေါ်မှာ မင်းခန့်ထည်နှင့်ယုန်ဖြူတို့ လိုက်ပါလာတာကို အတိုင်းသား တွေ့လိုက်ရ၏။ လင်းယုန် ကားပေါ်ကနေ ဝုန်းခနဲ ခုန်ဆင်းလိုက်သည်။

"ဟေ့ကောင် ... ငါ့ညီမကို ခိုးပြေးတဲ့ကောင်၊ မင်းကို ငါသတ်မယ်၊ ဆင်းစမ်း .. အခု ကားအောက်ကို ..."

မင်းခန့်ထည်လည်း အံ့သြတုန်လှုပ်သွား၏။ ယုန်ဖြူဆိုတာ နေစရာမရှိတော့။ လင်းယုန်က လော့ခ်ချထားသည့်ကားတံခါးကို အတင်းဆွဲဖွင့်နေ၏။

မှန်ပိတ်ထား၍ မှန်ကို လက်သီးဖြင့် သုံးလေးချက် ထိုးခွဲပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း ..."

မင်းခန့်ထည်ကို လက်သီးဖြင့် လှမ်းထိုး၏။ မင်းခန့်ထည်က ခန္ဓာကိုယ်ကို ယို့တိမ်းပြီး မနည်းရှောင်နေရ၏။ ယုန်ဖြူက မလုပ်ဖို့ အော်တား၏။ နောက်ကားပေါ်မှ အာကာနှင့် ဒေါ်ကြည်ကြည်ခန့်တို့ ပြေးလာကြ၏။

ဒေါ်ကြည်ကြည်ခန့်က လင်းယုန်ရဲ့ကျောကုန်းကို အတင်းဝင်ထု၏။ လင်းယုန်က တစ်ပတ်လှည့်ပြီး ဒေါ်ကြည်ကြည်ခန့်ကို ဆောင့်တွန်းပစ်လိုက်၏။ ဒေါ်ကြည်ကြည်ခန့် ပစ်လဲပြီး လမ်းနှင့် နဖူးဆောင့်မိသွား၏။ သွေးတွေ ရဲခနဲ ဖြာထွက်လာ၏။

မှန်ကိုထိုးခွဲလိုက်သော လင်းယုန်ရဲ့လက်ထဲမှာလည်း သွေးတွေ။ ဒေါ်ကြည်ကြည်ခန့်ရဲ့နဖူးမှာလည်း သွေးတွေ။

"မေမေ ..."

မင်းခန့်ထည် ကားပေါ်က ခုန်အဆင်းမှာ လင်းယုန်ရဲ့လက်သီးချက် ပြင်းပြင်းတွေ တရစပ်ဝင်လာ၏။ မင်းခန့်ထည် အင့်ခနဲ အားခနဲ အထိုးခံပြီး ကားဘက်ကို ယိုင်ထွက်သွား၏။

"ဖြောင်း ..."

"အ .."

လင်းယုန်ကို အာကာက နောက်ကနေ လမ်းဘေးက တွေ့ရာတုတ်ခဲ့ပြီး ဝင်ရိုက်ပစ်လိုက်၏။ ရိုက်ချက်ပြင်း၍ လင်းယုန် လဲကျပြီး မှောက်သွား၏။





"အစ်ကို .. အစ်ကို .."

ယုန်ဖြူ ကားပေါ်က ကမန်းကတန်းဆင်းပြီး အစ်ကိုဖြစ်သူကို ပြေးပွေ့ဖို့အပြင် ယိုင်လဲမလိုဖြစ်နေသော မင်းခန့်ထည်ရဲ့ခန္ဓာကိုယ်ကရှေ့က ပြိုကျလာ၍ ဆီးပွေ့လိုက်ရ၏။

"ကိုကို .. နှာခေါင်းမှာလဲ သွေးတွေနဲ့ .. လုပ်ကြပါဦး"

အာကာက ဒေါ်ကြည်ကြည်ခန့်ကို ပြေးပွေ့ထူမတ်ပေး၏။ ဇရာထွန်းက လင်းယုန်ကို ပြေးပွေ့၏။

"ဇရာ ... မင်း ဘာလို့ ဂေါ့လ်ကောင်ကို ခေါ်လာရတာလဲ၊ အခုဖြစ်ကုန်ပြီ တွေ့လား"

"ငါလဲ ဘာမသိဘာမသိနဲ့ သူခေါ်လို့ လိုက်ပေးရတာ အာကာ၊ မင်းရိုက်ချက်ပြင်းတယ်၊ လင်းယုန်ကို ဆေးရုံပို့မှဖြစ်လိမ့်မယ်၊ သတိမရတော့ဘူး"

"သေပါစေကွာ၊ ငါ့အဒေါ် ရော ငါ့အစ်ကိုကိုပါ ဒီကောင် စော်ကားနေတာ၊ ငါ လက်ပိုက်ကြည့်မနေနိုင်ဘူး။ မင်းဘာသာ ဒီဂေါ့လ်ကောင်ကို ခေါ်သွားတော့"

ဇရာထွန်းက လင်းယုန်ကို ပွေ့ချီပြီး ကားပေါ်တင်ကာ မောင်းထွက်သွား၏။ ယုန်ဖြူ ခမျာ စိတ်မကောင်းခြင်းကြီးစွာနှင့် အစ်ကိုဖြစ်သူကို လှမ်းသာကြည့်နေနိုင်တော့၏။ မင်းခန့်ထည် ယိုင်လဲမလိုဖြစ်နေသာကိုလည်း တွဲမှီထားရသေး၏။ ဒေါ်ကြည်ကြည်ခန့်က ...

"အယုတ်တမာကောင်၊ အမျိုးယုတ်ကောင်၊ အဲဒီလို နာနာအော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကောင်းတယ်၊ ကြည့်စမ်း .. ငါ့နဖူးပေါက်သွားပြီ၊ ဟင်း .. ဒင်းတို့ကိုတော့လား .. ဒီတစ်သက် ဘယ်တော့မှ မကြေဘူး၊ ဟင်း .. တောက် ..”

“လာပါ အန်တီရယ်၊ ကိုခန့်လဲ အကြီးနာသွားတယ်၊ ကိုခန့်ကားကို ဒီမှာခဏထားခဲ့၊ ကျွန်တော့်ကားနဲ့ တင်ခေါ်သွားမယ်”

“မင်းပြောတာ ကောင်းတယ်၊ ဖြစ်နိုင်ရင် ဟိုကောင်ရဲ့ညီမကို တောင် ငါ့ကားပေါ် တင်မခေါ်ချင်တော့ဘူး”

ဒီစကားကို ယုန်ဖြူနားနှင့် အတိုင်းသား ကြားလိုက်ရ၏။ စိတ်ဆိုးအောင်ပြောတာက ခံရသက်သာသေး၏။ စိတ်နာအောင်ပြောတဲ့ စကား အသည်းနှလုံးတွေက တဆတ်ဆတ်တုန်အောင် နာချင်လာ၏။

မင်းခန့်ထည်က ယုန်ဖြူ ကားပေါ် တက်ဖို့ တွန့်ဆုတ်သွားတာကို သိလိုက်၏။ မိခင်အပေါ် နားလည်မှုပေးပါဆိုတဲ့အကြည့်နှင့် ယုန်ဖြူကိုကြည့်ပြီး သူ့ကိုယ်တိုင်မင် ကားပေါ် ကို တင်၏။ အသက်မဲ့သူပမာ ကားပေါ် ကို ယုန်ဖြူ ရောက်သွား၏။

အမေ ဘယ်လိုနေမလဲ၊ အစ်ကို ဘယ်လိုဖြစ်နေပြီလဲ။ သက်သာရဲ့လား၊ သတိမှ ပြန်ရပါတော့မလား။

ယုန်ဖြူ ရင်ထဲ သောကအပူတွေ ကဲနေမိ၏။





“လင်းယုန် .. မင်းပြန်သတိရလာပြီလား ...”

“အား .. ကျွတ် ကျွတ် ကျွတ် .. ငါ့ကိုဆော်သွားတာ ဟိုကောင်ကာ မဟုတ်လား”

“အေး ... သူ့အဒေါ်နဲ့ အစ်ကိုကို သွားထိတာကိုး”

“ဒီကောင် .. တောက် .. သူငယ်ချင်းအဖြစ်ကနေ ရုပ်စဲပစ်လိုက် ...် ဟင်း .. ငါပြန်ကောင်းလာလို့ကတော့ ဒီကောင့်ကို မိမိရရ ဖြုတ် ...ယ် .. ကြည့်နေ .. ဟင်း ...”

ဆေးခန်းတစ်ခုထဲမှာ လင်းယုန့်ခေါင်း ပတ်တီးပေါင်းထားရ၏။ ...တွဲသွား၍ ခြောက်ချက်ချုပ်ရ၏။ ပြန်သတိရမှ ခေါင်းတွေ ကိုက်ခဲ ...င်နေ၏။

“ကို့တစ်ခါက လာပြတဲ့ အထူးကုဆေးခန်းထဲ ရောက်တာလေ ... ဟိုတစ်ခါ အပေါက်ဆိုးတဲ့ ဆရာဝန်မလေး ကုပေးတာ၊ ချော်သိ



www.burmeseclassic.com

www.burmeseclassic.com



တာပါလို့ မနည်းပြောရတယ်၊ အဲဒါတောင် ကုမပေးဘူးလုပ်နေလို့ သူ ထက်မြင့်တဲ့ ပါရဂူကြီးက ဝင်ပြောပေးလို့ ကုပေးတာကွ"

"ဟုတ်လား .. အဲဒီဆရာဝန်မလေးရော .."

"အပြင်ခဏထွက်သွားတယ်၊ မင်းမဂေါ်နဲ့နော်၊ ငါဂေါ်မှာကွ"

"အေးပါ၊ မင်းကို သူငယ်ချင်းမို့ ဦးစားပေးလိုက်မယ်၊ မင်းကို ဆရာဝန်မလေးက ခါလိုက်ရင် မင်းနောက်ဆုတ်တော့၊ ငါဆက်လိုက် မယ် .. အိုကေ ..."

"အိုကေ .. သိပ်လှတဲ့ ဆရာဝန်မလေးကွာ၊ စလင်းဘော်ဒီလေး ဘယ်အချိန်ကြည့်ကြည့် အရမ်းမိတဲ့ မိုက်တဲ့ အလှပဂေးပဲကွ"

"ဟုတ်လား .. မွှမ်းတတ်သားပဲ"

ပိုးလွန်းနွယ် အကြောင်းကို တွေးမိလိုက်သောအခါ ဒေါသတွေ မကျေနပ်တာတွေ အကုန်လွင့်စဉ် ကွယ်ပျောက်ကုန်၏။

"ရေဆေးငါးကြီးလို ဖွေးရှနေတာပဲ၊ ပုစွန်တုပ်ကြီးလို အိနေမှာ ပဲ၊ ဂစ်တာရှိတ်လေး ..."

"မင်းပြောတော့ စလင်းဘော်ဒီဆို ..."

"မသိဘူး၊ သူများတွေ ခေါ် ပြောတာ ကြားမိလို့ ပြောကြည့်မိတာ အမှန်တော့ ဂစ်တာရှိတ်ကွ"

ဒေါက်တာပိုးလွန်းနွယ် နောက်ကရောက်လာတာကို ဇော မမြင် စွတ်တင်ပြောနေတော့၏။

"ဒီလို ဒေါက်တာမလေးနဲ့ ငါနဲ့ရလို့ကတော့ ကလေးသုံးခါင်





လောက် မွေးပစ်လိုက်မယ်"

လင်းယုန်က မျက်စပစ်ပြလည်း ဇောက အထာမပေါက်၊ ဒေါက်တာ ပိုးလွန်းနွယ်က မျက်မှောင်လေးချုံးပြီး ရင်ကလေးမောက်ကာ ခါး ထောက်ကြည့်လာ၏။

"သိမ်ချစ်ဖို့ကောင်းတဲ့ ဒေါက်တာမလေးကွ"

"ဟဲ့ .. နင် ဘယ်သူ့ကိုပြောနေတာလဲ"

ပိုးလွန်းနွယ်က နားကျပ်နှင့် ဇော့ခေါင်းကို မနာတနာရိုက်ပြီး မေး လိုက်၏။ ဇောကလည်း ယောင်ပြီး ...

"ဒေါက်တာ့ကို ပြောတာပါ"

"ဘာ ..."

"အဲ .. ဟုတ်ပါဘူး၊ ယောင်လို့ ... ဆောရီး ဒေါက်တာ၊ ကျွန်တော် တို့ပြောနေတာက မီဒီယိုဇာတ်ကားထဲက ဒေါက်တာမလေးကို ပြောနေ တာပါ၊ တိုက်ဆိုင်သွားရင် ဆောရီးတစ်သိန်းပါ"

"ဟင်း .. စကားကို အနှောင့်အသွားလွတ်အောင်ပြောနော်၊ ဒါ ဆေးခန်း၊ ယီးတီးယားတား မလုပ်နဲ့၊ ဖုန်းဆက်လိုက်တာနဲ့ လုံခြုံရေး တွေ လာဆွဲထုတ်သွားတာ ခံသွားရမယ်၊ ဘာမှတ်နေသလဲ"

ဇောလည်း ပါးစပ်ကို လက်နှင့်ပိတ်ပြီး မျက် ဝုံးလေးကလယ် ကလယ်နှင့် ပြန်ကြည့်နေရှာ၏။ လင်းယုန်က ရယ်ချင်နေမိ၏။ သို့ဖြား ရယ်မိ၊ ဒေါက်တာရဲ့ လက်ဖဝါးလေးတွေနှင့် ချုပ်မှာကို နောက်တစ် ကြိမ် ပြန်ခံချင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"လူနာ .. ဘယ်လိုလဲ"

"ကောင်းပါတယ် ဒေါက်တာ"

"ကောင်းရင် အပြင်ထွက်၊ ကောင်တာမှာ သောက်ဆေးဝယ်၊ ကုသစရိတ်ပါ ရှင်းသွားတော့ .."

"ခေါင်းထဲ နည်းနည်းမူးလို့ပါ။ ခဏလောက်လှဲပြီး ဒေါက်တာ့ကို ကြည့်နေပါရစေ"

"ဟင် .. လာပြန်ပြီ၊ နောက်ထပ်နှာဘူးတစ်ကောင်၊ လူနာမို့လို့ ကြည့်နေတာနေ့၊ ဘယ်လိုဟာတွေမှန်းကိုမသိဘူး။ အာရုံရှုပ်လိုက်တာ၊ နောက်ထပ်လူနာဝင်လာရင် တန်းဖယ် .."

"ဟုတ်ကဲ့ မမဒေါက်တာ .."

"လုပ်ပြန်ပြီ .."

"ဘယ်လိုခေါ်ရမလဲ"

"ဘယ်လိုမှမခေါ်နဲ့ .."

အခန်းထဲက ပြန်ထွက်သွား၏။

ရောထွန်းက ...

"ကဲ ... သက်သာပြီပဲ၊ ထကွာ .. ပြန်ကြရအောင်၊ အမှုတွေဘာတွေ လုပ်မနေပါနဲ့ .."

"မလုပ်ပါဘူး၊ ပြန်တော့ကာစ်မယ်"

နှစ်ယောက်သား ဆေးဖိုးဝါးခ ကျသင့်ငွေတွေ ပေးချေပြီး ဒေါက်တာ ပိုးလွှန်းနွယ်ကို လိုက်ရှာကြည့်၏။ ဆရာဝန်တွေနားနေခန်းထဲမှာ





ဆရာ ဝန်ယောကျ်ားတစ်ယောက်နှင့် စကားပြောရင်း ရယ်မောနေတာကို လှမ်းတွေ့ရ၏။

ခုလိုကျတော့ မျက်နှာက ကြည်ပြုံးလို့ ရွှင်နေပြန်ပါရော။ ဂုဏ်ရည်တန်းတူချင်းမှလူထင်နေတဲ့ ဒေါက်တာမရဲ့ သွေးနားထင်ရောက်နေတာကို လင်းယုန် ဆိုတဲ့ကောင်က ဖောက်ထုတ်ပစ်ချင်နေတာ၊ မရွှေအထက်တန်းစားကြီးရဲ့ ခနဲ့ငွေစက်ယန္တရားကြီးကို ဖျက်ဖြိုချင်နေတာ ...။

ရွှေချထားတဲ့ မာနကိုလည်း နေခသွားအောင် လုပ်ပြချင်နေတာ ဟောဒီလင်းယုန်ဆိုတဲ့ကောင်ပေါ့။

လင်းယုန် ခပ်တည်တည်နှင့် နားနေခန်းအပေါက်ဝကို လျှောက်သွားလိုက်၏။ အပေါက်ဝမှာ လင်းယုန် ရပ်လိုက်တာနှင့် ထိုင်နေရာမှ မော့ကြည့်လာ၏။ မျက်နှာငွေလ ရွှင်ပျပျလေး လငပုပ်ဖမ်းသွားတော့၏။

ဒေါက်တာက ...

"ဘာကိစ္စရှိလို့လဲ .."

လင်းယုန်က ဒေါက်တာ့ကို ပြန်မဖြေ။ ပိုးလွှန်းနွယ်ကို စိုက်ကြည့်လိုက်ပြီး ...

"ကျေးဇူးတင်ပါတယ် ဒေါက်တာပိုးလွှန်းနွယ်၊ ကျွန်တော် လာနှုတ်ဆက်တာပါ၊ ပြန်လိုက်ပါဦးမယ်"

ပိုးလွှန်းနွယ် ဘာမှပြန်မပြော။



www.burmeseclassic.com

www.burmeseclassic.com



လင်းယုန် ချာခနဲ လှည့်ထွက်လာလိုက်၏။

ရောထွန်းက ကြောင်ကြည့်နေ၏။

ဆေးရုံထဲက အထွက်မှာ ...

"ဟေ့ကောင် လင်းယုန်၊ မင်း ငါ့ထက် လက်သွက်ခြေသွက် မလုပ် နဲ့နော်၊ ငါက အရင်လူ၊ သဘောပေါက် .."

"အေးပါကွာ .. ငါနားလည်ပါတယ်၊ သွားစို့ .."





"ငါ့ညီမတော့ ပါသွားပြီကွာ၊ အဲဒီကို လိုက်ကြမယ်"

"မလိုက်ပါနဲ့ကွာ၊ သူများပိုင်နက်ထဲမှာ သွားကြမ်းရင် မင်း ငွမ်းသွားမှာပေါ့"

"အဲဒါဆို ငါ့ညီမကို ဘယ်လိုပြန်ခေါ်မလဲ"

"မင်းအမေနဲ့တိုင်ပင်ပြီး လူကြီးတွေနဲ့ တရားဝင်ပြန်ခေါ်ပေါ့"

"တရားဥပဒေရှိနေလို့ပေါ့ကွာ၊ နို့မို့ကတော့ အဲဒီသားအမိကို ရေလုံ့ပြုတ်သောက်ပစ်လိုက်တယ်"

"အနေအထားနဲ့ အခြေအနေကို နားလည်တတ်စမ်းပါ၊ မင်းညီမအတွက် ဘာအကောင်းဆုံးဖြစ်အောင် လုပ်ပေးရမလဲ၊ အဲဒါကိုပဲ စဉ်းစားပြီးလုပ် .."

လင်းယုန် လက်သည်းကိုက်ပြီး စဉ်းစားနေ၏။ လင်းယုန်က ဆယ်တန်းသုံးနှစ်ဖြေပြီး မအောင်ခဲ့။ ဆင်းရဲသောမိသားစုဘဝကို ပတ်ဝန်းကျင်ကမိနှိမ်ကြ၍ ပတ်ဝန်းကျင်ကို ပုန်ကန်ရာမှ တစ်စထက်တစ်စ ဆိုးမိုက်သည့်အဆင့်ကို ရောက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ညီမဖြစ်သူ ယုန်ဖြူကို လက်တည့်စမ်းချင်ကြသလို မိခင်ဖြစ်သူ ဒေါ်သန်းရင်ကိုလည်း သန်တုန်းမြန်တုန်း မဆိုးမရိုလို့ သက်တူရွယ်တူ လူကြီးတွေက သွေးတိုးစမ်းချင်ကြ၏။ အဲဒီလိုလူမျိုးတွေကို ရွှတ်ပေ ကြမ်းပြရာက လင်းယုန်လည်း လူမိုက်ဘွဲ့ကို ရခဲ့၏။ ကရာတေးသင် တန်းလေးဆင်းထားတော့ ရန်ပွဲတိုင်း လင်းယုန် နိုင်ခဲ့တာချည်းပင်။ အာတာနှင့်ကျမှ လင်းယုန် ခံလိုက်ရ၏။

"တောက် ..."

"စိတ်လျှော့ လင်းယုန် .."

"အိမ်ပြန်ရင်လဲ အမေနဲ့ စကားများရဦးမယ်"

"ငါ့အိမ်လိုက်နေမလား"

"အေး ..."

ရောထွန်းရဲ့အိမ်ကို လိုက်နေဖြစ်၏။

"ငါ ခေါင်းနည်းနည်းကိုက်တယ်ကွာ၊ အိပ်လိုက်ဦးမယ်"

"အရင်းအာက်ပေါ်မှာ နပ်ပေတော့"

ညအာက် ဆယ်နာရီလောက် ပြန်နိုးလာ၏။ ဆေးထပ်သောက် တော့ အိပ်ဆေးပါနေ၍ ထပ်အိပ်လိုက်တာ မိုးလင်းသွား၏။

ရောထွန်းက တစ်ယောက်တည်းနေသူ။ ထမင်းဆိုင်က ချိုင့်ဆွဲ စား၏။ ပင်မင်းဆီ အဝတ်အစားပို့၏။ မိဘတွေက နိုင်ငံခြားမှာ အလုပ် လုပ်ပြီး သားဆီ ငွေပို့ပေး၏။ မိဘမေတ္တာ ငတ်မွတ်နေသည့် ရောက အပေါင်းအသင်းတွေအပေါ် အမြဲအနွံအတာခံပြီးပေါင်း၏။





လင်းယုန်ကို ညီအစ်ကိုလိုချစ်သော ရော။ ရောအတွက်ဆိုလည်း လင်းယုန်က ရှေ့ကရင်ဆိုင်ပြီးသား။ ဆရာဝန်မလေးကို ရောလို ပြည့် စုံသောလူစားမျိုးက လိုက်ကြိုက်တာ နိုးစပ်နိုင်ပါသေး၏။ ဒါကြောင့် ဦးစားပေးလိုက်ခြင်းပင်။

ရောတစ်ယောက် မနက်စာကို ကားနှင့်ထွက်ဝယ်ပြီး ပြန်ရောက် လာ၏။

"မင်းအတွက် အံ့သြစရာသတင်းတစ်ပုဒ်ပါတယ် လင်းယုန်"

"ဘာလဲ .."

"ဒေါက်တာပိုးလွှန်းနွယ်ဆိုတာ အာကာရဲ့အစ်မတစ်ဝမ်းကွဲ၊ ပြီး တော့ မင်းခန့်ထည်ရဲ့ အစ်မအရင်းတဲ့ကွ"

"ဟင် ..."

"မင်းခန့်ထည်က တစ်ဦးတည်းသောသားမဟုတ်ဘူး။ မင်းခန့် ထည်ရဲ့အဖေက အငယ်အနှောင်းထားတယ်၊ အဲဒီမယားငယ်က အရင် သမီးကိုမွေးတာ၊ မင်းခန့်ထည်ရဲ့အမေ ဒေါ်ကြည်ကြည်ခန့်က မယား ကြီးဆိုပေမယ့် တော်တော်နဲ့ ကလေးမရဘူး၊ နောက်မှ မင်းခန့်ထည် ကို မွေးတာ၊ ပိုးလွှန်းနွယ်က လက်ရှိအမေနဲ့ အတူနေတယ်၊ ဖအေတူ အအေကွဲ မောင်နှမတွေပေါ့။ သူတို့မောင်နှမချင်း ဒေါ်ကြည်ကြည်ခန့် သိအောင် ခေါ်ပြောဆက်ဆံကြတယ်"

လင်းယုန်တစ်ယောက် နံနက်စာအဖြစ် တည်ခင်းထားသော မုန့် ဟင်းခေါက်ဆွဲကို လက်ဖျားနှင့်ပင် မတို့ဖြစ်သေး။ ခေါက်ဆွဲခေါက်



www.burmeseclassic.com

www.burmeseclassic.com



ပြန် လမ်းလျှောက်ရင်း စဉ်းစားနေ၏။ ပြီးမှ လက်ဖျောက်တစ်ချက် တီးလိုက်ပြီး ...

"ဒါ ခွင်ပဲ၊ ပိုးလွန်းနွယ်ကို ရအောင်လိုက်နိုင်ရင် မင်းခန့်ထည်ကို လက်စားချေရာလဲရောက်တယ်၊ ဒါကြောင့် ငါ လိုက်ပါရစေ ဧရာ ရာ၊ မင်းရဲ့ဝိတ်တွေကိုလဲ ထည့်ပေးပါ၊ ငါ့မှာ ပါဝါရှိရင် သူ့ရွှေးသားပုံစံ ပေါက်အောင် လုပ်ပေးနိုင်ရင် တန်းညှိလို့ရပြီ"

ဧရာတစ်ယောက် ရွှေတောင်ခေါက်ဆွဲကို ငုံ့စားနေရာမှ တအံ့ တဩ မော့ကြည့်လာ၏။ ဆက်၍ပင်မစားတော့ဘဲ နှုတ်ခမ်းကို တစ်ရှူး နှင့် သုတ်လိုက်၏။ ပြီးနောက် ရေခဲရေတစ်ခွက်ကို မော့သောက် လိုက်၏။

"မင်းကို ငါနောက်နေတာမဟုတ်ဘူး လင်းယုန်၊ ပိုးလွန်းနွယ်ကို ငါ တကယ်ကြွေနေတာပါ"

"သွားပြီ –"

လင်းယုန် သူ့နဖူးသူ ရိုက်မိသွား၏။ ပြီးနောက် ပင့်သက်မောကြီး ချကာ ...

"အေးလေ ... မင်းရသွားတော့လဲ ငါ့အတွက် လက်စားချေပေး တယ်လို့ပဲ အောက်မေ့ယူဆလိုက်ရတော့မှာပေါ့"

လင်းယုန်က ရေခဲရေတစ်ခွက်ကို အပြည့်ငှဲ့ထည့်ပြီး တစ်ချိုတည်း မော့သောက်ပစ်လိုက်၏။ ရင်ပူတာ ခေတ္တအေးသွား၏။

"ငါ စိတ်မကောင်းပါဘူး လင်းယုန်၊ ကံကောင်းရင်တော့ မင်း





အတွက် အခွင့်အရေး ပေါ်ချင်ပေါ်လာမှာပေါ့"

"မလိုပါဘူး ဧရာရာ၊ ဒီဆရာဝန်မက သူ့ပညာအပေါ် မာန်မောက် ချင်ပုံရတယ်၊ မင်းဝင်ရင် နည်းလမ်းရိုးတွေ သုံးလို့ရဘူးနော်"

"ငါပေါက်ပါတယ်၊ ငါ့မှာ နည်းလမ်းရှိပါတယ်"

လင်းယုန် ကြုံးစားပြုံးလိုက်ပြီး လက်ဝါးထောင်ပေးလိုက်၏။ ဧရာက သူ့လက်ဝါးနှင့် လှမ်းရိုက်ပြီး စိတ်ဓာတ်ညီညွတ်မှုကို ပြသ ယိုက် ၏။ ပြီးနောက် သူငယ်ချင်းနှစ်ယောက် ရွှေတောင်ခေါက်ဆွဲကို အဝလွေးကြကုန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယုန်လေး .. ဘာမှ ကြောက်လန့်ပြီး စိုးရိမ်မနေပါနဲ့ကွာ၊ ကိုကို တစ်ယောက်လုံးရှိပါတယ်၊ မေမေကတော့ ဝေါင်းရခက်တယ်၊ ဒါလဲ အစပိုင်းမို့ပါ၊ နောက်တော့ အထာသိရင် ဝေါင်းလို့လွယ်ပါတယ်"

ကိုကို့ရင်ခွင်ထဲမှာ မှိုအုံးနှဲ့ နှောင်းရင်း ပင့်သက်မောလေးတွေ တဟင်းဟင်းချနေမိသည့် ယုန်ဖြူရဲ့ ကျောပြင်လေးကို ကိုကိုက လက် ကလေးဖြင့် ပွတ်သပ်ရင်း ချော့မော့၏။

"ကိုကိုနဲ့ယုန်လေးက မထိုက်တန်ပါဘူး"

"ဘာလို့ အဲဒီစကားတွေ ပြောနေရတာလဲ၊ ထိုက်တန်လို့ပဲ ပုဆိုး တန်းဘင် အကြင်လင်မယား ဖြစ်နေပြီလေ၊ ကိုကိုချစ်တာ ယုန်လေးရဲ့ ဖြူစင်ရိုးသားသန့်စင်တဲ့ ချစ်ခြင်းကိုပါ၊ ယုန်လေးဟာ အပျိုဖြစ် ကတည်းက မရှုပ်ပွေခဲ့ဘူး၊ သမိုင်းကြောင်းကောင်းတယ်၊ အမည်းစက် မစွန်းထင်းခဲ့ဖူးဘူး၊ ကိုကိုက အပျိုစစ်တာကို လိုချင်တာ၊ အပျိုမစစ် တာကို မလိုချင်ဘူး၊ ယုန်လေးအကြောင်းကို အားလုံးစုံစမ်းပြီး ပုံအော ချစ်ပစ်လိုက်တာ"





"အိုး .. ကိုကိုရယ်၊ ယုန်လေးကလဲ ချစ်တာတစ်ခုပဲ ကမ္ဘာတည် ဝစ်လိုက်ချင်တဲ့လူပါ၊ ယုန်လေးရဲ့ဘဝမှာ ကိုကိုဟာ ရည်းစားဦးပဲ၊ ပြီး တော့ ကာမပိုင်ယောကျ်ားအစစ် ဖြစ်ခဲ့ပြီလေ၊ ကိုကို့ရဲ့ဘဝမှာလဲ ယုန် လေးပဲ ရည်းစားဦးဖြစ်ရမယ်နော်၊ ကိုကို့ကို ယုန်လေးတစ်ယောက်ပဲ ပိုင်ရမယ်"

"ပြောတတ်လိုက်တာ ယုန်လေးရယ်၊ ဒီနေ့ညစာဆင်းမစားခင် ကိုကိုတို့ တစ်ရေးလောက်နှပ်လိုက်ရအောင်"

"ဟင် .. ကိုကိုကဲ .. ဒါပဲကွာ"

"ဘာဒါပဲလဲ .."

"အိပ်ဖို့ပဲ စဉ်းစားနေတာပဲ၊ သူများအိမ်မှာ ယုန်လေး မနေတတ် ဘူး၊ ဝိုင်းကူပြီး လုပ်ပေးလိုက်ဦးမယ်လေ"

"မလိုပါဘူး၊ အိမ်ဖော်တွေရှိပါတယ်၊ ဒါ ယုန်လေးရဲ့ယောက္ခမ အိမ် ဖြစ်သွားပြီလေ၊ ယုန်လေးလဲ မိသားစုဝင်ဖြစ်သွားပြီပေါ့၊ လာပါ ကွာ၊ အိပ်စို့"

"ကိုကိုနော် – ဟွန့် .."

ယုန်လေးက ရှက်မျက်စောင်းလေးဖြင့် ချစ်စရာကောင်းအောင် ပိတ်ထိုးလာ၏။ မင်းခန့်ထည်က ယုန်လေးအပေါ် အုပ်မိုးဖိကပ်လိုက် ၏။ ပြီးနောက်မှာတော့ ချစ်အနမ်းတွေ ပန်းမိုးလို ဖွေအောင် ရွာကုန် တော့၏။ လျှပ်စီးတွေ ဝင်းခနဲ မြူးခနဲ ပြက်ခနဲ၊ အာရုံမွှေးဆော်မှုလှိုင်း တွေ ပြိုင်းခနဲ ရိုင်းခနဲ၊



www.burmeseclassic.com

www.burmeseclassic.com



အနက်ရှိုင်းဆုံးချစ်ခြင်းတွေ စစ်ခင်းကုန်ကြလေပြီ။ နံရံမျက်နှာကျက်မှ တွယ်ဆင်းလာသော ပင့်ကူလေးက သူ့ထောင်ချောက်မှာ မိနေသော သားကောင်ဆီ လျှင်မြန်စွာ ချဉ်းကပ်သွား၏။ အနားရောက်သည်နှင့် သူ့ရဲ့ပိုးမျှင်တွေနှင့် သားကောင်ကို အထပ်ထပ်ရစ်ပတ်၏။

အင်းဆက်ပိုးကောင်လေးခမျာ မလှုပ်နိုင်အောင် တုပ်နှောင်ခံလိုက်ရတော့၏။ ပင့်ကူက အင်းဆက်ကောင်လေးကို ဖောက်စားလိုက်၏။ အင်းဆက်ကောင်လေးခမျာ မရှိမဆန့်နာကျင်စွာ ခံစားလိုက်ရပြီး မလှုပ်မယှက် ငြိမ်သက်သွားလေတော့သည်။ ပင့်ကူခမျာလည်း သွက်လက်စွာလှုပ်ရှားလာရ၍မောပန်းပြီး အရသာခံမိန်းမောကာ ငြိမ်သက်သွားလေ၏။

ချစ်သူနှစ်ယောက် ဖက်ပွေ့လျက်သား အိပ်ရာထက်မှာ ငြိမ်သက် အနားယူနေကြစဉ် ...

"ဒေါက် ဒေါက် ဒေါက် ..."

အခန်းတံခါးခေါက်သံပြင်းပြင်းကို ကြားလိုက်ရ၏။ နှစ်ယောက်သား လူးလွန့်သွားကြ၏။

"ဘုန်း ဘုန်း ဘုန်း ဘုန်း ..."

"မင်းခန့်ထည် .. မင်းခန့်ထည်၊ ဘယ်လိုလဲဟေ့ .. ညစာတောင်ဆင်းမစားနိုင်တော့ဘူးလား။ ဒီလောက်တောင် ချစ်နေကြရင်လဲ နေ့တိုင်း အခန်းထဲသာ အောင်းနေကြပေတော့၊ အချစ်ဆိုတဲ့ အာဟာရတွေပဲ မှီဝဲအသက်ရှင်ကြတော့၊ ဘယ့်နှယ် ... ညစာလေးဘာလေးလဲ ဆင်း





စားကြဦးပေါ့၊ စားဖို့အရေးကအစ မအေက လိုက်ပြောနေရတာ ဘယ်ကောင်းတော့မလဲ"

"ကျွန်တော်တို့ အခုပဲ ညစာလာစားပြီ မေမေ ..."

နှစ်ယောက်သား လူးလဲပြီး အိပ်ရာထဲက ထလိုက်ကြ၏။ ကပိုကရိုဖြစ်နေသော အဝတ်အစားတွေကို ပြင်ဆင်လိုက်ပြီး အခန်းထဲက ထွက်လိုက်၏။ ဒေါ်ကြည်ကြည်ခန့်က ကွန်ပျူတာရှေ့မှာ စာရင်းဇယားတွေ အလုပ်ရှုပ်နေ၏။

"မေမေ စားပြီးပြီလား"

"ပြီးပြီ အရင်က အမေနဲ့သား လက်ဆုံစားနေကျပေမယ့် နောက်သက်ဆုံမစားတော့ဘူး၊ ငါ့သားက တန်းမဝင် တော်မဝင်တွေနဲ့ ပေါင်းပြီဆိုတော့ မေမေက ဥပေက္ခာပြုလိုက်ပြီ မေမေက တန်းဝင်ဓေ သ်ဝင်ချွေးမမျိုးနဲ့ပဲ ထမင်းလက်ဆုံစားချင်တာ၊ ရှေ့လျှောက် မင်းဘာသာပဲ စီစဉ်တော့၊ အိုးခွဲပြီးချက်စား၊ မင်းတို့ဝမ်းစာ မင်းတို့ရှာစားကြ၊ နေစရာဆေးထားတာပဲ လွန်လှပြီ၊ ငါ့သား ဂုဏ်သိက္ခာပျက်မှာစိုးလို့ အရင်အလုပ်ကို ဆက်လုပ်ခွင့်ပေးထားမယ်၊ လစာနဲ့ နေးမှာနေဘ၊ ငါးသောင်းသူ မင်းအထင်ကြီးပြီး ချစ်မြတ်နိုးနေတဲ့ မိန်းမက မင်းကို စိမ်ချက်ပြုတ်ကျွေးမွေးလိမ့်မယ်"

ယုန်ဖြူ့ရင်ထဲ နင့်ခနဲ ကျဉ်တက်သွားရ၏။ တန်းမဝင် တော်မဝင်ဆော့ ဂုဏ်ရည်နိမ့်မိန်းမအသွင် ယုန်ဖြူ့ကို ထပ်မံစော်ကားလိုက်ပြန်လေပြီ။ အကြီးနဲ့အငယ်မို့ သည်းခံနေလိုက်ရ၏။ ရင်ထဲမှာတော့ မချိ



www.burmeseclassic.com

www.burmeseclassic.com



မသန့်။ ဈေးထဲမှာ ဒါမျိုးလာချိုးလို့ကတော့ နှုတ်လှန်ထိုးပစ်လိုက်တာကြာပြီ။ ခုဖြင့် ကိုကို့မျက်နှာထောက်ပြီး မျိုသိပ်နေလိုက်ရ၏။ ကိုကိုက ယုန်ဖြူ့လက်ကို ဖျစ်ညှစ်ပြီး ထမင်းစားခန်းထဲ ဆွဲခေါ်သွား၏။

"ယုန် မစားချင်တော့ဘူး ကိုကိုရယ် ..."

"မစားလို့မရဘူး"

"သူများ မသဒ္ဓါတဲ့ ထမင်းဟင်းမျိုး ယုန်ဖြူ့ဘဝမှာ တစ်ခါမှ မစားခဲ့ဖူးဘူး"

"ယုန်လေးရယ် ... မေမေက အပေါက်ဆိုးတတ်လို့ပါ။ မေမေ့ကို စိတ်မကောက်ပါနဲ့။ တစ်နေ့တော့ ယုန်လေးရဲ့ ဖြူစင်မှုကို သူ နားလည်လာမှာပါ။ သည်းခံပေးပါကွာ"

ဖြူစင်မှုတဲ့လား ...။ အဲဒီအရည်သွေးလေးတစ်ရပ်ကို ဂုဏ်ထူးဆောင်ဘွဲ့ရဖို့ ရင်နင့်ရင်နာခံစားမှုတွေနဲ့ ယုန်ဖြူ ပေးဆပ်နေရတော့မှာလား။

ဘယ်အချိန်အထိလဲ၊ ဘယ်လောက်အတိုင်းအတာလဲ။

ယုန်ဖြူ ပေခံပြီး ငြင်းဆန်၏။

ကိုကိုကိုယ်တိုင် ထမင်းနှင့်ဟင်းကို ဇွန်းနဲ့နယ်ပြီး ယုန်ဖြူ့ကို အတင်းခွံ့ကျွေး၏။

"ယုန် မစားရင် ကိုကိုလဲ မစားတော့ဘူး"

မင်းခန့်ထည်က ဆန္ဒပြလာပြန်ချေပြီ။

ဒီလိုမစားတာကို ဒေါ်ကြည်ကြည်ခန့်သိလျှင် အပြစ်တစ်ဆိတ်ကို





တစ်အိတ်လုပ်ပြောတာ ခံရ ဦးမည်။

"ယုန် စားပါ့မယ်၊ ကိုကိုလဲ စားပေါ့။ တစ်ဇွန်းနှစ်ဇွန်း ဖြစ်ချင်လဲ ဖြစ်မယ်နော်"

"ယုန် နှစ်ဇွန်းပဲစားရင် ကိုကိုလဲ နှစ်ဇွန်းပဲစားမယ်"

"ယုန့်ကို အကျပ်မကိုင်ပါနဲ့ ကိုကိုရယ်၊ ယုန့်ကို စိတ်ထွက်ပေါက်လေးတော့ ပေးပါ။ ဖိအားတွေ နှစ်ဖက်ညှပ်ပေးလာရင် ယုန်ဖြူ ဘယ်လိုနေရမလဲ၊ ကိုကို့မေမေ ပြောတဲ့စကားတွေကို ယုန်ဖြူ ရေရှည်ခံနိုင်မှာမလွယ်ဘူး။ ဘာသားနဲ့ ထုထားတာမို့လို့လဲ"

ပြောရင်း ယုန်ဖြူ မျက်ရည်ဝဲစို့လာ၏။

မင်းခန့်ထည်လည်း ပင့်သက်မောကြီးချပြီး ငြိမ်သက်တွေဝေနေ၏။

"ကောင်းပြီလေ၊ ယုန် စားနိုင်သလောက်သာ စားပါတော့၊ ကိုကို အကျပ်ကိုင် ဖိအားပေးတာမျိုး မလုပ်တော့ပါဘူး"

ကိုကို့အတွက် စိတ်မကောင်းရပြန်။ ယုန်ဖြူ ထမင်းကို သုံးဇွန်းခတ်ခတ် ခပ်စားလိုက်၏။ ကိုကိုထည့်ပေးသော ပုစွန်တုပ်ကြော်ကို ဇွန်းနှင့်ခွဲ၍ လက်နှင့်ကိုင်ကာ တစ်ကိုက်သာ စားမိ၏။ သခွားသီးမြုပ်ထိုးရည်ဆမ်းကာ နှစ်လုပ်စားမိ၏။ ပြီးနောက် ရေခဲရေတစ်ခွက်သောက်ကာ နှုတ်ခမ်းကို တစ်ရှူးဖြင့် တို့သုတ်လိုက်၏။ ကိုကိုက ခေါင်းငုံ့ပြီးစားနေ၏။ ယုန်လေး နားလိုက်တာခြင်တော့ ဘာမှမပြောဘဲကို ရှစ်ဇွန်းခန့်သာ စား၏။ နောက်တော့ လက်စသတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲက တိတ်ဆိတ်စွာပင် အတူထဖြစ်၏။ အိမ်ဖော်အဒေါ်ကြီးက ..

"ဟင်းချက်တာ လက်ရာညံ့လို့ စားမကောင်းကြတာလားဟင်"

ဟု မေးလာသေး၏။

"အားလုံးကောင်းပါတယ်ရှင်"

ယုန်ဖြူကသာ ရှေ့က ပိတ်ဖြေလိုက်၏။ ကိုကိုက အိမ်ဖော်အဒေါ်ကြီးကို တီးတိုးမှာနေ၏။ ယုန်ဖြူက ထမင်းစားခန်းအပြင်ဘက်မှာ အသာရပ်စောင့်နေရ၏။ ကိုကိုပြန်လာမှ အပေါ်ထပ် အိပ်ခန်းကို တက်ဖို့အပြင်မှာ ...

"မင်းခန့်ထည် ... မေမေ့ဆီ ခဏလာဦး။ အဲဒီကောင်မလေးကို သူ့ဘာသာ သွားအိပ်ခိုင်းလိုက်"

မင်းခန့်ထည်က ယုန်ဖြူရဲ့လည်ကုပ်သား ဖွေးဖွေးလေးကို အနမ်းမြမြ ရှုတတလေးပေးပြီး ...

"ယုန်လေး ဝင်အိပ်နေနှင့်နော်၊ အလုပ်ကိစ္စအတွက် မေမေ စကားပြောစရာရှိလို့ဖြစ်မှာပါ"

ယုန်လေး နားလည်စွာဖြင့် ခေါင်းညိတ်ပြပြီး အိမ်ပေါ်တက်လာလိုက်၏။ သူစိမ်းတစ်ရံဆံရဲ့နေအိမ်မှာ နေရတာကိုက အိုးတိုးအမ်းတမ်းကြီး ဖြစ်နေမိ၏။ နေရာစိမ်းမို့ အနေစိမ်းနေတာဖြစ်ပါလိမ့်မည်။ အိပ်ခန်းထဲဝင်ပြီး အိပ်ရာပေါ် သားစောင်းလေး လှဲနေမိ၏။

မေမေ ဘယ်လိုနေရှာမလဲ၊ ယုန်ဖြူတို့ သတိရပြီး ငိုချင်ငိုနေမှာ





အို .. မေမေရယ် ...။

အစ်ကိုလင်းယုန်ရဲ့ဒဏ်ရာကရော၊ သတိမှ ပြန်လည်ရဲ့လား ..။ ဖုန်းဆက်ချင်လာ၏။ အိပ်ခန်းတွင်းသုံး ဖုန်းရှိနေ၍ မိခင်ဖြစ်သူထံ လှမ်းဆက်လိုက်မိ၏။ ယုန်ဖြူတို့ခေါင်းရင်းဘက်ရှိ လိုင်းကားပိုင်ရှင်အိမ်မှာ ဖုန်းရှိ၏။ အရေးကိစ္စရှိလို့ ဖုန်းလာတိုင်း ခေါ်ပေးတတ်၏။

ဖုန်းထဲမှာ မေမေနှင့်တွေ့ရ၍ ဝမ်းသာအားရဖြစ်သွားမိ၏။

"မေမေ နေကောင်းလား၊ အလုပ်တွေရော အဆင်ပြေရဲ့လား၊ အစ်ကိုလင်းယုန်ရောဟင် ..၊ အိမ်မှာ ရှိနေပြီလား၊ သူ ဘာဖြစ်သွားသေးလဲ"

"အမလေး .. ငါ့သမီးလေး ဖုန်းဆက်ဖော်ရသေးလို့ တော်သေးတာပေါ့၊ အမေ့မှာလဲ သမီးကိုသတိရတိုင်း ငိုနေရတယ်၊ အဲဒါကလွဲရင် အမေ နေကောင်းပါတယ်၊ လုပ်ငန်းတွေလဲ အဆင်ပြေပါတယ်၊ သမီး အစ်ကိုကတော့ သမီးပျောက်သွားတဲ့နေ့ကတည်းက အမေ့ကို ပြောဆိုရန်ဖြစ်ပြီး သမီးကို မြေလှန်ရှာမယ်ဆိုပြီး ထွက်သွားလိုက်တာ ခုထိ ပြန်ပေါ်မလာဘူး၊ သူက ထွက်သွားနေကျဆိုတော့ အမေ မပူတော့ဘူး"

ယုန်လေးက လင်းယုန်နှင့် ဖြစ်ပျက်ခဲ့တာတွေ အမြန်ရှင်းပြလိုက်တော့မှ ဒေါ်သန်းရင် ဘုရားတရှာ၏။

"ဘုရား .. ဘုရား ... ငါ့သား လူမိုက်ကြီးတော့ ဘာတွေဖြစ်နေပြီလဲမသိဘူး၊ စိတ်ပူလိုက်တာ သမီးရယ်၊ ငါ့သားကြီး အသက်ရှင်ရက်မှ ရှိပါတော့မလား"

"သမီး စုံစမ်းပြီး အမေ့ဆီ ဖုန်းထပ်ဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး .. သမီးရော အဆင်ပြေရဲ့လား"

မိခင်ဖြစ်သူ ထပ်မံစိတ်ဆင်းရဲနေမှာစိုးသောကြောင့် ...

"ပြေပါတယ် အမေ၊ အမေ စိတ်အေးအေးထားနော်၊ အချိန်တန်ရင် လူကြီးစုံရာနဲ့ ပြန်လာအပ်ကြမှာပါ၊ အလုပ်အတွက်လိုအပ်ရင် အမေ့တူမတွေ ခေါ်ထားပေါ့၊ နောက်ဆို ကိုခန့်ကို ကြည့်ပြောပြီး အမေနဲ့ ဆိုင်လာကူဖွက်ဖြစ်အောင် သမီး ကြိုးစားမှာပါ"

"အေးပါကွယ်၊ ငါ့သားနဲ့သမီး ဘေးရန်ကင်းဝေးပြီး ကျန်းမာချမ်းသာ ကြပါစေကွယ်"

ဖုန်းချလိုက်ပြီးနောက် ကိုခန့်ကို လမ်းလျှောက်ရင်း စောင့်နေမိ၏။ တစ်အောင့်ကြာတော့ ကိုခန့် ရောက်လာ၏။ မျက်နှာ သိပ်မကောင်း။ ဒေါ်ကြည်ကြည်ခန့်က ဘာတွေ သွေးထိုးလိုက်သလဲမသိ။ ယုန်ဖြူ သိချင်တာကလည်း အစ်ကိုလင်းယုန်ရဲ့ အကြောင်း။ ကိုခန့်က သူ့မျက်နှာ အညို့အမည်းစွဲနေတာကို မှန်ထဲကြည့်နေ၏။

"ယုန့်ကို တစ်ခုလောက် ကူညီပါလား ကိုကို"

"ပြောလေ ..."

"အစ်ကိုလင်းယုန်ရဲ့ အခြေအနေကို သိချင်လို့၊ သူ အခုထိ အိမ်ပြန်မရောက်သေးဘူး။ ခုလေးတင် မေမေ့ဆီ ဖုန်းဆက်မေးကြည့်လိုက်တာ၊ မေမေလဲ အရမ်းစိတ်ပူနေရှာတယ်"

မင်းခန့်ထည် မျက်နှာက တည်ရာမှ တင်းသွား၏။

"ကိုကို ဘယ်သိမှာလဲ"





"ကိုအာကာဆိုတဲ့ အစ်ကို့သူငယ်ချင်းကတော့ သိမှာပေါ့"

"သူနဲ့ရန်ဖြစ်ထားတာ ပိုဆိုးတာပေါ့"

"မဟုတ်ဘူးလေ၊ ကိုအာကာရယ်၊ အစ်ကိုလင်းယုန်ရယ်၊ သူတို့နဲ့တွဲတဲ့ အစ်ကိုလင်းယုန်ကိုကူညီတဲ့ ကိုဇေရာဆိုလား ... သူ့ဆီကို ကိုအာကာ ကတစ်ဆင့် ဖုန်းဆက်မေးလိုက်ရင် သိရမှာပေါ့"

မင်းခန့်ထည်က လင်းယုန်အပေါ် သိပ်ကြည်လင်ပုံမရ၊ ဖုန်းနံပါတ်ကောက်နှိပ်ပြီး ...

"ရော့ .. အာကာနဲ့ ပြောကြည့်လိုက်"

ယုန်ဖြူလည်း ဖုန်းယူပြီး ...

"ကိုအာကာ လား ..."

"ဟုတ်တယ်၊ ဘယ်သူသဲ၊ ကိုခန့်ရဲ့ ဇနီး ယုန်ဖြူ ဆိုတာလား"

"ဟုတ်ပါတယ်၊ ကျွန်မအစ်ကိုလင်းယုန် သတိပြန်ရ မရ သိချင်လို့ပါ၊ ကိုအာကာ့ဆီမှာ ကိုဇေရာရဲ့ဖုန်းနံပါတ်ရှိမှာပေါ့၊ ဆက်ပြီး စုံစမ်းပေးပါ"

"ကျွန်တော်နဲ့ သူတို့နဲ့ လမ်းပြတ်သွားပြီ၊ ဇေရာရဲ့ဖုန်းနံပါတ်တော့ ရှိတယ်၊ မှတ်ထားပြီး လှမ်းဆက်စုံစမ်းကြည့်လိုက်ပါလား၊ ကျွန်တော်ကိုယ်တိုင် မကူညီနိုင်တာတော့ ဝမ်းနည်းပါတယ်ဗျာ"

"ဟုတ် .. ဖြစ်ပါတယ်ရှင့်၊ ဖုန်းနံပါတ်သာ ပေးပါ"

အာကာပေးသော ဖုန်းနံပါတ်ကို ရေးမှတ်ပြီး ဇေရာထွန်းဆီ လှမ်းဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရောနှင့်လင်းယုန်တို့ နိုက်ကလပ်ရောက်နေကြ၏။ ဆဲလ်ဖုန်းမြည်လာ၍ ရော က ကောင်တာဘားမှ ထ,ထွက်သွားပြီး အပြင်ဘက်လသာဆောင်မှာ ထွက်စကားပြော၏။

"ဟယ်လို .. ဘယ်သူလဲ"

"ကျွန်မ ယုန်ဖြူပါ။ ကိုလင်းယုန်ရဲ့ညီမပါ"

"သြော် .. အေး ..ပြော .."

"ကိုလင်းယုန် အခြေအနေကို သိချင်လို့ပါ၊ သူသတိရပြီလား။ ဒဏ်ရာအခြေအနေ ဘယ်လိုလဲ"

"ကောင်းသွားပါပြီ အသက်နဲ့အဝေးကြီးပါ၊ သူ့အိမ်ကို မပြန်ချင်သေးလို့ ကိုယ့်ဆီမှာ ခဏခိုနေတာပါ။ ယုန်ဖြူရော .. အဆင်ပြေရဲ့လား"

"ဟုတ် .. ပြေပါတယ်"

"လင်းယုန်ကို ခဏထိန်းထားတာပါ၊ လွှတ်ပေးလိုက်ရင် အဲဒီကိုလာဝုန်းမှာ၊ သူ့ဒဏ်ရာလဲ သက်သာတယ်၊ ခုလောလောဆယ်တော့ အာကာနဲ့မင်းခန့်ထည်တို့သားအမိကို သူ အစာမကြေဘူးဖြစ်နေတယ်၊ ဒါမျိုးတွေက ဒီလိုပါပဲ၊ နောက်တော့လဲ သူ့ဟာနဲ့သူ အဆင်ပြေသွားမှာပေါ့"

"ဟုတ် .. ကျေးဇူးတင်ပါတယ်ရှင့်၊ အမေကလဲ စိတ်ပူနေလို့၊ ခုတော့ စိတ်အေးရပါပြီ၊ ဒါပါပဲနော်"

"ခဏနေဦးလေ၊ လင်းယုန်နဲ့ ပြောလိုက်ပါဦးလား"





"မပြောရဲပါဘူး၊ ကြောက်လို့ .. ဒါပဲနော်"

"သြော် .. အေး ..."

ဖုန်းချသွား၏။ နိုက်ကလပ်ထဲကို ခြေလှမ်းကျဲကြီးဖြင့် လှမ်းဝင်လိုက်သည်။ ညမင်းသားနှင့် ညနတ်မိမယ်လေးတွေ ရောင်စုံမီးအလင်းတွေထဲမှာ (ဒစ္စကိုလိုက်ထ်) တွေထဲမှာ မြူးကြွသော ဂီတနှင့်အတူ တွဲဖက်ကနန်နေကြ၏။

ကောင်တာရှေ့ ခုံရှည်ပေါ်မှာထိုင်ပြီး စကော့ဝီစကီကို ဘီယာနှင့်မြည်းနေသော လင်းယုန်အနား ရော ပြန်ရောက်လာပြီး ဘေးခုံမှာဝင် ထိုင်လိုက်၏။

"မင်းညီမ ယုန်ဖြူ ဖုန်းဆက်တာ ..."

လင်းယုန် အံ့ဩတုန်လှုပ်သွားမည်ဟု မျှော်လင့်မိ၏။ သို့ငြားဝတ် တီးခေါင်းပေါင်းနှင့် ကောင်တာက စာရေးမလေးကို စိုက်ကြည့်နေသော လင်းယုန်က မတုန်မလှုပ်။

"ဘာတဲ့လဲ .."

အေးတိအေးစက် ပြန်မေးလာ၏။ ရောလည်း ဒီကောင် သွေးအေးအေးနေတတ်၊ စဉ်းစားတတ်သွားပြီထင်၍ ...

"မင်း ဘာဖြစ်သွားသလဲဆိုတာကို စိုးရိမ်စိတ်နဲ့ လှမ်းမေးစုံစမ်းတာပါ၊ မင်းအမေကလဲ သိချင်နေလို့တဲ့"

လင်းယုန်က ဝီစကီတစ်ကျိုက်မော့လိုက်ပြီး အာလူးချောင်းကြော်လေးတစ်ချောင်းကို ကောက်ဝါးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ ဖုန်းပေးမပြောတာ ဘာကြောင့်လဲ"

"ငါ့ကိုအထင်မလွဲနဲ့ လင်းယုန်ရဲ့ ဖုန်းပေးပြောခိုင်းတာပေါ့ မင်းညီ ကိုယ်တိုင်က ကြောက်လို့ မပြောရဲဘူးဆိုပြီး ဖုန်းချသွားတယ်"

လင်းယုန်က လက်ကျန်တစ်ရှိုက်ကို ရှိုက်ပြီး စီးကရက်ကို ထိုး ချေလိုက်၏။ ပြီးနောက် ...

"သူ အဆင်ပြေတယ်တဲ့လား"

"အေး .. သူက နေတတ်စားတတ်မှာပါ"

"ငါတော့မထင်ဘူး၊ ငါနဲ့ ချဲခဲ့တဲ့အရှိန်က သူ့ကိုဟပ်မှာပဲ ဒေါ်ကြည်ကြည်ခန့်ဆိုတဲ့ အဘွားကြီးက ပိုဆိုးလိမ့်မယ်၊ ငါကြိုသိနေ တယ် ဖရော"

"ဒါပဲ ခဏတဖြုတ်ပဲဖြစ်မှာပါ လင်းယုန်ရာ"

လင်းယုန်က ကျစ်ခနဲ စုတ်သပ်ပြီး ...

"အာကာဆိုတဲ့ကောင် လာနေကျ နိက်ကလပ်ကိုတောင် မလာ တော့ဘူး၊ ဒီကောင့်ကို ငါ ပြန်ကိုင်မှာ ကြိုသိနေလို့ပဲဖြစ်ရမယ်၊ ဒီကောင် လက်ရှိထားတဲ့ရည်းစားက ရန်ကင်းက အိုင်းရစ် ဆိုတဲ့ ဘိုကပြား မလေးပဲကွ"

"ဘာလဲ .. အိုင်းရစ်ကို မင်းက ချိုးရင် အာကာ ရင်ကျိုးပြီလို့ မင်းဆိုလိုချင်တာလား"

"ဟုတ်တယ်၊ မင်းဘက်ကလဲ ဒေါက်တာပိုးလွန်းနွယ်ကို မနက် ဖြန်ပဲ စတင်ချဉ်းကပ်တော့ .."





"မင်းနဲ့ ငါနဲ့ ပြိုင်မလား၊ အိုင်းရစ်ကို မင်းဖြတ်သုတ်နိုင်တဲ့အချိန် မှာ ငါက ပိုးလွန်းနွယ်ကို လက်ဝယ်ပိုင်ပိုင် ရနေနိုင်ရမယ်ကွာ"

"မင်းက ငါ့ကို စိန်ခေါ်တာလား ဖရော"

"ဒါပေါ့၊ စိန်ခေါ်ရင် အိမ်ပေါ်အထိလိုက်တဲ့ လင်းယုန်ကို စိန်ခေါ် လိုက်တာပဲ"

"အခု ငါက စိန်ခေါ်ရင် အိမ်ပေါ်တင်မဟုတ်ဘူး၊ တိမ်ပေါ်အထိ ကို လိုက်တော့မယ်၊ စိန်လိုက် ..."



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူထံ ဖုန်းဆက်အကြောင်းကြားပြီးသွား၍ ယုန်ဖြူရင်တစ်ခုလုံးပေါ့ပါးလန်းဆန်းသွား၏။ သောကအပူခဲနေတာတွေ ပျောက်ရှသွားကုန်၏။ ငူငိုင်နေသော ကိုကို့ကို မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြရင်း ...

"ကိုကို ဘာဖြစ်နေတာလဲဟင်"

မင်းခန့်ထည်က ယုန်ဖြူရဲ့ခါးသိမ်ကျဉ်လေးကိုဆွဲဖက်လိုက်ပြီး သူ့ပေါင်ပေါ်မှာထိုင်ခိုင်းလိုက်၏။ နွေးအိနေသောယုန်ဖြူရဲ့ခါးသိမ်ကျဉ်လေးကို ဆွဲဖက်လိုက်ပြီး သူ့ပေါင်ပေါ်မှာထိုင်ခိုင်းလိုက်၏။ နွေးအိနေသော ယုန်ဖြူရဲ့ဆင်စွယ်ရောင်လက်မောင်းလေးကို အသာပွတ်သပ်ရင်း ...

"ယုန်လေးရယ် ဘယ်သူတွေ ဘယ်လိုခွဲခွဲ တို့တစ်တွေမကွဲကြေးနော်၊ တို့ပဲပေါင်းရမှာ၊ တို့နှစ်ယောက်ရဲ့စိတ်သဘောကသာ အရေးကြီးတာပါ"





"အင်း အခု ဘာဖြစ်လို့လဲ၊ ကိုကို့မေမေက ဘာပြောလိုက်လို့လဲ"

"ဘာရယ်လို့တော့မဟုတ်ပါဘူး၊ ကိုယ်တို့နဲ့ ယုန်လေးရဲ့အစ်ကိုနဲ့ဆက်ပြီးပတ်သက်မှုရှိရင် မေမေကိုယ်တိုင် ကိုယ်တို့ကို ခွဲဖို့လမ်းရှိနေတယ်။ မေမေကတော့ အဲဒီလိုတိုက်ရိုက်ပြောတာမဟုတ်ဘူးနော်၊ မေမေ့စကားအသွားအလာကို စဉ်းစားပြီး ကိုယ် ခန့်မှန်းပြောလိုက်တာ"

"ကိုကိုရယ် အစ်ကိုလင်းယုန်ဘက်က ဘယ်လိုခံစားရမလဲ၊ ရာသက်ပန်ပြတ်စဲနေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ တစ်မအေတည်းမွေးထားတဲ့ မောင်နှမတွေပါ"

"ဟုတ်တော့လဲဟုတ်ပါတယ်၊ နောက်မှ မီးစင်ကြည့်ကကြတာပေါ့၊ တစ်မအေတည်းမွေးတဲ့မောင်နှမဆိုလို့ ကိုကိုလဲ ခုမှသတိရတော့တယ်၊ ကိုကို့မှာ ဖအေတူ မအေကွဲ အစ်မတစ်ယောက်ရှိတယ်၊ သူက ဆရာဝန်ကြီးဖြစ်နေပြီ၊ ဒေါက်တာ ပိုးလွှန်းနွယ် တဲ့၊ မမနဲ့ ယုန်လေးတို့တောင် မိတ်မဆက်ပေးရသေးဘူး"

"အို... အဟုတ်၊ ပြောတော့ တစ်ဦးတည်းသောသားဆို၊ ခုမှ မမတစ်ယောက်က ဘာလို့ ဘွားခနဲပေါ်လာရတာလဲ"

"ကိုယ့်မေမေအနေနဲ့ ဆိုရင်တော့ ကိုယ်က တစ်ဦးတည်းသောသားပေါ့၊ ကိုယ့်ဖေဖေဘက်ကကြည့်ရင်တော့ မောင်နှမနှစ်ယောက်မွေးချင်းရှိတယ်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါပြီ၊ အဲဒီမမကရော ကိုကိုနဲ့ ယုန်လေးကို သဘောတူပို



www.burmeseclassic.com

www.burmeseclassic.com



မလား"

"တူမှာပါ၊ မမက ကိုကို ဘာလုပ်လုပ် ဘယ်တော့မှ အပြစ်မပြော
တတ်ဘူး"

"အို... အခုမှအပြစ်ဒေတွပြောရင်တော့ အိမ်ထောင်ပြုတာ ကြာ
လေးတဲ့အကြောင်းရင်းကြီးတစ်ခုပဲဟာ၊ တော်ကြာ သူ့မောင်ကို
နှမြောလှချည်ရဲ့ ဘာရဲ့ဆိုရင် ယုန်လေး ထပ်ပြီး အသည်းနာနေရပါဦး
မယ် ကိုကိုရယ်"

"တတ်လိုက်တဲ့စကား၊ မနက်ဖြန်သွားတွေ့တော့မှ ကိုကိုပြော
တာ မှန်၊ မမှန် သိပါလိမ့်မယ်၊ ဒီညတော့ မိုးစုန်းစုန်းချုပ်ပြီမို့ မှေးစက်
အနားယူပြီး အားမွေးလိုက်ကြစို့"

"ကိုကိုနော် လုပ်ပြန်ပြီ"

"ကိုကိုက အိပ်ခါနီးတိုင်း အားဆေးမှီဝဲပြီးမှအိပ်တတ်တဲ့အကျင့်
ရှိတယ်လေ"

"ဟွန့် ... ဒီမှာလဲ ခေါင်းမူးချင်နေပြီ"

"ကိုကို အားဆေးထိုးပေးရမလား"

"အို... နားရှက်စရာတွေ မပြောနဲ့"

"မိသားစုဆရာဝန်ကို ဖုန်းဆက်ခေါ်ပြီး အားဆေးထိုးပေးမလို့ပါ
ယုန်လေးရဲ့"

ယုန်လေးက ကိုကို့ရဲ့ပေါင်ကို မနာ့တနာလေးလိမ်ဆွဲပြီး အပြစ်
ပေးလိုက်ရင်း...





"သိပ်တတ်တဲ့လူကြီး၊ သူ့အကြောင်းမသိရင် ခက်မယ်၊ အကြော
င်းသေဘူး"

"ယုန်လေးက ကိုကို အသည်းယားအောင်ပဲများပြနေတာကိုး"

"အမ်... ဘယ်မှာများပြလို့လဲ"

"မျက်စောင်းနဲ့ကလိလိုက်၊ တုန်တုန်ဆတ်ဆတ်နဲ့ နေရာရွှေ့
လိုက်၊ နှုတ်ခမ်းလေးစူစူနဲ့လိုက်နဲ့ အမျိုးမျိုးလုပ်ပြနေတာကိုး၊ သိပ်ချစ်
ဘယ် ယုန်လေးရယ်"

ယုန်လေးရဲ့ဆင်စွယ်ရောင်လက်မောင်းလေးကို မင်းခန့်ထည်က
ဘယုတယအနမ်းလေးပွတ်ခြွေလိုက်တော့ ယုန်လေး တွန့်သွား၏။

"ယားတယ် ကိုကိုရယ်၊ အဲလိုမလုပ်နဲ့ကွာ"

"ဒါလေးများ အသည်းယားအောင် မိုင်ပိုပြပြန်ပြီ"

"ကိုကိုရဲ့စိမ်းဖန့်ဖန့်နှုတ်ခမ်းမွေးပေါက်စနလေးတွေက လက်
မောင်းကိုပွတ်လိုက်တော့ မယားဘဲ ဘယ်သူခံနိုင်မှာလဲလို့ ကိုယ်ချင်း
စာပြီးလဲ ပြောစမ်းပါဦးရှင်ရယ်"

"ကောင်းပြီ၊ ကိုယ်ချင်းစာကြည့်လိုက်တာပေါ့"

မင်းခန့်ထည်က ယုန်လေးကို ကောက်ပွေ့လိုက်၏။

"အို...အ....အင့်...ကိုကိုနော်"

မင်းခန့်ထည်ရဲ့ အနမ်းမိုးတွေက ယုန်လေးရဲ့လည်တိုင်နုနုမှာ
မိုးစက်မိုးဥလေးထိမှန်သလိုဖြစ်ကုန်၏။

အိစက်ညက်ညောလှသောဖဲမွေ့ရာကြီးပေါ် နှစ်ယောက်သားတူ



www.burmeseclassic.com

www.burmeseclassic.com



ပြို့လဲ.....။

ချစ်သူနှစ်ဦးရဲ့အာရုံတွေက တိမ်တွေပေါ် မှာလွင့်ဝဲ.....။

ဘိုးရင်းဂျက်လေယာဉ်ကြီးတစ်စင်းက တိမ်အုပ်တစ်မထဲကို

လျှောခနဲတိုးဝင်သွား၏။ တိမ်စိုင်တိမ်လိပ်တွေ တွန့်ချိတ်ကုန်၏။

တိမ်သားညိုညိုလည်း မိုးရေစိုစိုထွက်ကာ ပြာပြာညွတ်ညီရှာလေ

ပြီ။

ချစ်သူနှစ်ယောက်ရဲ့အိပ်ခန်းထဲမှာတော့ ချစ်စကားသံတွေ ညီညီ

စီစီ။

"အရမ်းချစ်တယ် ယုန်လေးရယ်၊ ချစ်လို့ကိုမဝနိုင်ဘူးကွာ၊ သိပ်

ချစ်တယ်ကွာ"

"အို...ကိုကိုရယ်၊ ယုန်လဲ ကိုကို့ကိုအရမ်းချစ်တယ်၊ ပြောမပြ

တတ်လောက်အောင်ပါပဲ ကိုကိုရယ်"

ထပ်တူညီသောခံစားမှုတွေက တောက်လောင်ပြိုင်လင်းကုန်၏

လေပြင်းပြင်းက ခန်းဆီးစတွေကိုပွတ်တိုက်သွား၏။ ခန်းဆီးစ

ကလေးများ လူးလူးလွန့်လွန့်လူပ်ခါတွန့်ကာ ကော့ပျံနေရှာတော့၏

နောက်ဆုံး အားပြင်းလွန်းသောလေပြင်းက ခပ်ကြမ်းကြမ်း

အထွတ်အထိပ်ရောက်အောင်တိုက်ခတ်လိုက်သောအခါ ခန်းဆီးလေး

ခများ လေထဲအမြင့်ဆုံးရောက်အောင်မြောက်တက်သွား၏။

"အား...အား...အား..."

ပြင်ပ ညရှုခင်းထဲမှာ အိပ်တန်းတက်နေသောကျီးတွေကို ဓိ





ကွက်(သို့)လင်းနို့ကြွက်အုပ်တွေက လိုက်ထိုးဆိတ်၍လားမသိ ကျီးကန်း

တွေ အော်ပြီး လန့်ပျံပြေးကုန်ကြ၏။

လေပြင်းလည်း အမြင့်ဆုံးအရှိန်ဖြင့်တိုက်ခတ်ပြီးသည်နှင့်အား

လျော့သွားကာ ပျော့ပျော့လေးနှင့်နှော့နှော့ညင်းညင်းတိုက်ရင်း လေ

ငြိမ်သွားတော့၏။

လေပြင်းဒဏ်ခံပြီးသွားသောအခါ ခန်းဆီးစလေးခများလည်း

လေပြင်းမွှေ့ရာ လိုက်ပါရာက လေပြင်းအထွတ်အထိပ်အရှိန်မှာ အလူး

လူးအလိမ့်လိမ့်တွန့်သွားပြီး လေပြင်းအားအပျော့မှာ ခန်းဆီးစလေး

လည်း တငြိမ့်ငြိမ့်တအိအိပြန်ကျလာပြီး ငြိမ်သက်သွားတော့၏။

ချစ်သူနှစ်ယောက်ရဲ့ညက ငြိမ်သက်မောနွမ်းဖို့လိုက်စွာဖြင့် လှပ

ကြည်သာကျေနပ်ခြင်းများစွာဖြင့် အေးမြငြိမ့်မောနေပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း"

"ခွမ်း ... ခလွမ်း"

"အိုကေ"

ရှေ့ကကားကို မလွတ်ဟန်ဖြင့် ဝင်တိုက်လိုက်ပြီး ရောထွန်း ကျေနပ်စွာဖြင့် ပြုံးလိုက်မိ၏။

ကြွေဖြူရောင်စွပ်ဆလွန်းကားရဲ့နောက်မီးတွေ ကြေကြကုန်၏။

ဒီကားက ဒေါက်တာပိုးလွန်းနွယ်ရဲ့ကား။ သူမကားကို ဝင်တိုက်၍ အလျော်ခိုင်းမည်။ ကားကွဲလိုက်ပြင်ပေးရင်းနှင့် ရင်းနှီးမှုရအောင်ယူပြီး ဒီအကွက်ထွင်ပြီး ရော တမင်ဝင်တိုက်လိုက်ခြင်းဖြစ်၏။

"ဟော ... ဟိုက်ပါမားကကာ်ကြီးထဲက ဒေါက်တာပိုးလွန်းနွယ်နှင့် အမျိုးသားတစ်ယောက် ပြန့်ထွက်လာ၏။ ပါတ်ကင်အိတ်မျိုးစုံကို သယ် ဆောင်လာ၏။

ရောထွန်းက ကားဘေးမှာရပ်ပြီး မျက်မှန်ကို နဖူးပေါ် ချိတ်ကာ လက်ပိုက်လျက် မျက်မှောင်ကြုတ်ပြီး ကားမီးခွက်အကွဲအကြေတွေကို စိုက်ကြည့်နေလိုက်၏။





ပိုးလွန်းနွယ်တို့စုံတွဲရောက်လာ၏။ ကားမီးကွဲနေတာကိုမသိ၊ ကား ပေါ်တန်းတက်နေကြ၏။ ရောထွန်းက အနားကပ်သွားပြီး ...

"ဒီမှာ ဒေါက်တာ ... ခင်ဗျားရဲ့ကားနဲ့ ကျွန်တော့်ကား ချိတ်မိလို့ ခင်ဗျားကား မီးလုံးတွေကွဲသွားပြီ"

"ဟင်"

ငနဲက ထိတ်သိတ်ပျာပျာဖြစ်သွား၏။ ပိုးလွန်းနွယ်ကတော့ ရော့ကိုမှတ်မိနေ၍ အကဲခတ်လှေလာကြည့်နေ၏။ ငနဲက ကားပေါ်က အမြန်ဆင်းကြည့်ပြီး...

"သွားပါပြီ၊ အကုန်ကွဲကြေကုန်ပြီ"

"ဟော့လူ ခင်ဗျားကားမို့လို့လား"

"ဟုတ်တယ်လေ၊ ကျုပ်ကားဗျာ ကျုပ်ကား"

"ဟိုက်"

"မင်းကားနဲ့ချိတ်မိတာပဲ၊ ပြန်လျော်ပေး ... ပြန်လျော်ပေး"

"လျော်ပေးမယ်၊ အာမခံကျယ်နဲ့"

"ဟော့ကောင် မင်းက ငါ့ကိုပမာမခန့်နဲ့ ငါ ဆရာဝန်ကွ၊ ဆရာဝန်"

"ဆရာဝန်ဆိုတော့ကော ဘာဖြစ်သလဲ၊ ခင်ဗျားကိုယ်ခင်ဗျား အမေရိကန်သမ္မတထင်နေသလား။ ကမ္ဘာ့ပုလိပ်ကြီးလုပ်ပြီး နေရာ တကာဖင်ခေါင်းကျယ်လို့မရဘူး"

"မင်း မိုက်ရိုင်းလှချည်လား"

"စကားကိုပြင်ပြော၊ ဆဲဆိုတဲ့စကားပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အပြောမတတ်ရင် ဆဲသလိုပဲပေါ့ကွ"

"ခင်ဗျားက ဆရာဝန်ဆိုပြီး ကြံဖန်မာန်တက်နေတယ်။ လူနာတွေက ခင်ဗျားတို့ရဲ့ ကျေးဇူးရှင်၊ လူနာပေးတဲ့ပိုက်ဆံနဲ့ စားနေရတာတောင် ကိုယ့်ဘဝကို နားမလည်ဘူး၊ ခင်ဗျားမီးလုံးလျှော်ပေးမယ် လိုက်ခဲ့"

"ကိုခင်မောင်ထွန်း ဒါမျိုးတွေနဲ့ တုဖက်ပြောမနေပါနဲ့ လိုက်ပြင်နိုင်းလိုက်"

"နေ့လယ်(၁၂)နာရီ အစည်းအဝေးရှိတယ် ပိုးရဲ့"

"အဲဒါဆိုလဲ ပိုးပဲ ကားကိုပြင်ပြီးတဲ့အထိ စောင့်ယူလိုက်မယ်၊ ကိုခင်မောင်ထွန်း Taxi ငှားစီးသွားတော့"

"အချိန်က နာရီဝက်ပဲလိုတော့တယ်၊ ပိုးပြောတဲ့အတိုင်းပဲ လုပ်ရတော့မှာပေါ့"

ဒေါက်တာခင်မောင်ထွန်းတစ်ယောက် ရှုံ့မဲ့မဲ့နှင့် အငှားကားစီးပြီး ထွက်သွားတော့၏။ ပိုးလွှန်းနွယ်က ...

"ကဲ ... ဘယ်ဝပ်ရှော့ကိုသွားမှာလဲ"

"ဆားဗစ်စင်တာဆီခေါ်သွားမယ်၊ အကောင်းဆုံးပြင်ပေးမယ်၊ ဒေါက်တာ ကားပေါ်တက်၊ ကျွန်တော့်ကို မှတ်မိပါတယ်နော်"

"ခွေးချီသွားတာတောင် မှတ်မိတယ်"ဟုပြောပြီး ဒေါက်တာပိုးလွှန်းနွယ် ရှုပါသလွှန်းပေါ် ဆောင့်အောင့်ပြီးတက်သွားတော့၏။





"ကျွန်တော့်နာမည် ရောထွန်းပါ"

"မင်းကို ဘယ်သူကမေးနေလို့လဲ"

"ဒေါက်တာ စိတ်ဝင်စားမလားလို့"

"သေလိုက်ပါလား"

"ကျွန်တော်ကတော့ ဒေါက်တာ့ကို စိတ်ဝင်စားတယ်၊ မြင်ကတည်းက ဆိုပါတော့"

"ဟော့ ဟိတ် ... ဒါ ဝပ်လျှော့နော်၊ လာမကြောင်နဲ့၊ ဒေါသဖြစ်လာရင် မလွယ်ဘူးမှတ်"

"ကျွန်တော် ဒေါက်တာ့ကို ချစ်တယ်"

"ဘာ ..."

"ဒေါက်တာနဲ့နီးစပ်ဖို့ဒီကားကို ဒေါက်တာ့ကားအမှတ်နဲ့ဝင်တိုက်ခဲ့တာ"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ့ဆေးခန်းကို အကြောင်းရှာပြီး ဝင်တွေ့ချင်လို့ ကျွန်တော့်သူငယ်ချင်းကိုခေါင်းရိုက်ခွဲပြီး ဆေးခန်းလာပြခဲ့တာ"

"ဟောတော်"

"ဒေါက်တာ့ကို ကျွန်တော် အဲဒီလောက်ချစ်နေတာပါ"

"တောက်"

"ဒေါသမထွက်ပါနဲ့၊ အချစ်ကို အချစ်နဲ့တုံ့ပြန်တာ အလှပဆုံးပါပဲ ဒေါက်တာ"

"ထပ်မပြောနဲ့"

"ရင်ထဲကစကားတွေ မကုန်နိုင်သေးဘူး။ ကျွန်တော့်ကို ပြန်ချစ်ပါလား ဒေါက်တာ"

"သေတောင်မချစ်ဘူး"

"ကျွန်တော် အသည်းကွဲလူနာပါ"

"သေပေါ့"

"မသေခင် ဒေါက်တာနဲ့လက်ထပ်ခွင့်ရစေ"

"မချစ်နိုင်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ၊ နားမပါဘူးလား၊ တော်တော်သေချင်နေသလား"

"ဒေါက်တာ မချစ်ရင်တောင် မင်္ဂလာဆောင်ပါရစေနော်"

"မင်း လူကြားထဲမှာ အရှက်လိုက်ခွဲနေတာလား၊ ငါ အရှမ်းစိတ်တိုနေပြီနော်"

"ချစ်မိလို့ အပြစ်ရှိတယ်ဆိုရင်လဲ ကြိုက်သလိုဒဏ်ခတ်လိုက်ပါဗျာ"





ရော်ထွန်းက ပါးထိုးပေးပြီး အသနားခံလိုက်၏။ ပိုးလွန်းနွယ်ရဲ့ လက်ကလည်း ဒေါသနဲ့ထပ်တူမြန်၏။

"ဖြန်း"

"အား"

"မှတ်ပြီလား"

"ရက်စက်လိုက်တာ ဒေါက်တာရယ်၊ ဒေါက်တာ့ကိုချစ်မိလို့ အပြစ်ခံရတာ ကျေနပ်ပါတယ်၊ ဒေါက်တာ မကျေနပ်သေးရင် ဟောဒီ ပါးတစ်ဖက် ကျန်သေးတယ်၊ ကျေနပ်တဲ့အထိ ထပ်ရိုက်လိုက်"

"ဖြန်း"

"အောင်မလေး သေပါပြီဗျာ"

"မှတ်ထား၊ ဆေးထိုးအပ်ကိုင်တဲ့လက်ပေမယ့် နှာဘူးတွေကို ဆုံးမတဲ့နေရာမှာတော့ ထက်သေးတယ်"

"ရက်စက်လိုက်တာ ဒေါက်တာရယ်၊ ကျွန်တော့်အသည်းတွေ ကွဲကြေကုန်ပါပြီ"

"အသည်းအထူးကုနဲ့ပြပြီး ကွဲနေတဲ့အသည်းကို ပြန်ချုပ်ခိုင်းလိုက်"

"ချုပ်လို့မရတော့ဘူး၊ အစိတ်စိတ်အမြွှာမြွှာကွဲသွားပြီဗျ"

"အဲဒါဆိုလဲ ကြေးအိုးလုပ်သောက်ပစ်လိုက်"

"ခင်ဗျားဟာ အသည်းနှလုံးမရှိဘူး၊ မသနားတတ်ဘူး၊ ကျောက်ခဲလို အသည်းနှလုံးနဲ့မိန်းမ၊ ပါးနှစ်ခြမ်း ဖြန်းဖြန်းကွဲအောင်ရိုက်ခဲ့တဲ့မိန်းမ၊

www.burmeseclassic.com



အသည်းစားဘီလူးမ၊ စုန်းမ၊ ကဝေမ"

ရောထွန်းက စွတ်ရွတ်ပြောတော့၏။ ပိုးလွန်းနွယ်က လက်ဝါး ဖြင့်ပြီး အနားတိုးကပ်လာမှ ရောထွန်းလည်း ...

"ထပ်မရိုက်နဲ့နော်၊ ကျုပ်က သည်းခံတော့မှာမဟုတ်ဘူး၊ လုပ်ရဲ လုပ်ကြည့်"

"မင်း ထပ်ပြောရဲပြောကြည့်၊ ယောက်ျားနဲ့မိန်းမ ဖြစ်ရင် ဘယ်သူ ခံရမလဲ၊ ဒီခေတ်ကြီးမှာ သိတယ်မဟုတ်လား၊ ပြောလေ"

"သိပါတယ်၊ ဟီး ... ဒီမှာ မီးလုံးဖိုးတွေရှင်းပေးခဲ့မယ်၊ ကျုပ် သွားပြီ၊ လန့်ပြီ၊ ဆလံပဲ"

BURMESE CLASSIC .com

"မြန်မြန်သာဒိုးတော့"

ရောထွန်း ပွစိပွစိဖြင့်ပြောပြီး ကားပေါ်အမြန်ပြေးတက်ကာ တစ် ချိုးတည်းမောင်းထွက်ပြေးတော့၏။

ချစ်တဲ့ဖီလင်လေးတောင် ဘယ်နားပျောက်သွားမှန်းမသိ။ ထူပူ ဖျဉ်းစပ်နေသောပါးပြင်နှစ်ဖက်ကို လက်ဝါးတစ်ဖက်ဖြင့်စမ်းရင်း ငိုချင်း အတွေတွေသာ ဟစ်ချလိုက်ချင်တော့၏။

"မယ်မင်းကြီးမ ဒေါက်တာမ ခလုတ်တိုက်လဲပြီး ခွေးချီးပုံပေါ် မျက်နှာမှောက်လျက်လဲပါစေဗျာ၊" ဒီလိုကျိန်နည်းမျိုးသာ ရော တတ် နိုင်တော့လေသည်။





ဒေါက်တာပိုးလွန်းနွယ် အိမ်ပြန်ရောက်သည်နှင့် အိမ်မှာ ဧည့် သည်တွေရောက်နေသည်ဟု မေမေက ပြော၏။ ဒီလောက်ဆို မိုး သိ လိုက်ပါပြီ၊ မေမေက မောင်လေးမင်းခန့်ထည်ကို ချစ်ခင်၏။ ဒေါ်ကြည် ကြည်ခန့်နှင့်သာ အဆက်အဆံမရှိ။

"မောင်လေး မလာတာကြာပြီ၊ ဖုန်းလဲမဆက်ဘူး၊ သူ့ကိုသာ ပြောနေရတယ် ကိုယ်လဲ မအားလို့ မဆက်သွယ်ဖြစ်ဘူးလေ"

"သမီးမောင်လေး မိန်းမခိုးပြီးပြီ၊ မကြာခင် လက်ထပ်တော့မှာ ကဲ့"

"ဟင်... ဟုတ်လား"

အိမ်ဧည့်ခန်းထဲဝင်လိုက်သည်နှင့် ...

"မမ"

"မောင်လေး... ဟယ်... သူလေးလား၊ ဖြူဖြူချောချောလေး



www.burmeseclassic.com

www.burmeseclassic.com



ဟယ်၊ မမမောင်လေးက အချောအလှလေးကိုမှ ရွေးယူတတ်ပလေတယ်"

ယုန်ဖြူ စိတ်ထဲ ကြည်နူးချမ်းမြေ့သွားမိ၏။ ထင်ထားတာနှင့် တခြားစီ။ သဘောမနောကောင်းပုံရသည်။ ဆက်တီခုံမှာဝင်ထိုင်ပြီး...

"ဘယ်လိုလဲ၊ မင်းအမေက ပွပွမ်နေသေးလား"

"ပွပွမ်တာပေါ့ဗျာ၊ ယုန်လေးက မပြည့်စုံရှာတဲ့သူဆိုတော့ မေမေ သဘောမတူဘူးလေ"

"ဒေါ်ကြည်ကြည်ခန့်ကတော့ ပြောမနေနဲ့ အသက်ကြီးလာတာ တောင်မှာန်မာနက မလျှော့သေးဘူး။ ကလေးမလေးတော့ အနေခက်ရှာတော့မှာပဲနော်"

ယုန်ဖြူ ဘာမှဝင်မပြောဝံ့ပါ။ အထူးသဖြင့် ဒေါ်ကြည်ကြည်ခန့်နှင့် ပတ်သက်လို့ပေါ့။ မင်းခန့်ထည်တို့မောင်နှမ ရေပက်မဝင်အောင် ပြောဆိုနေကြ၏။ ပြီးမှ ...

"ကိုကိုရဲ့မမ ဒေါက်တာပိုးလွှမ်းနွယ် တဲ့"

"ငါ့မောင်ရယ် သိနေတာကိုများ အခုမှ မိတ်ဆက်ပေးနေရသေးတယ်၊ မြင်မြင်ချင်း ညီမလေးလိုတန်းချစ်သွားပြီ၊ ညီမလေးရဲ့နာမည်က ယုန်ဖြူနော်၊ နာမည်လေးနဲ့လိုက်အောင် အေးအေးဖွေးဖွေး လှလှလေးနော်"

"ဟုတ်၊ ယုန်က မမလောက်သန့်ခန့်ပြီး ချောနေတာမဟုတ်ပါဘူး မမကသာ ပြစ်မျိုးမဲ့မထင်အလှပိုင်ရှင်ပါ"





"အိုးမိုင်ဂေါ့ဒ်...၊ ပြောတတ်လိုက်တာနော်၊ ကဲ ဘာစားချင်သလဲ ပြော၊ ဪ ... နေ့လယ်စာစားပြီးကြပြီလား"

"ဟုတ်"

"ဒါဆို ညနေစာတော့စားသွားမှဖြစ်မယ်၊ မမကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးမယ်၊ ဒါပဲနော်၊ စားပြီးမှ အေးအေးဆေးဆေးပြန်ကြ"

"အားနာစရာ မမရယ်"

"ဟဲ ဟဲ ဟဲ"

ယုန်ဖြူက အားနာစကားဆို၏။ မင်းခန့်ထည်က ရယ်နေ၏။ ပိုးလွှမ်းနွယ်က ...

"ဘာလို့ အားနာရမှာလဲ၊ ဆွေမျိုးတော်နေပြီပဲဟာ၊ သူစိမ်းမဆန်စမ်းပါနဲ့"

"ဟုတ်သားပဲ ယုန်လေးရယ်၊ မမက ဆွေမျိုးဆို အရမ်းချစ်တတ်ခင်တတ်တာ၊ စားဆိုစားမှ မမက ကြိုက်တာ"

"အဲဒါဆို ယုန်လဲ ဝိုင်းကူချက်ပေးမယ်လေ"

"ပိုရင်းနှီးသွားတာပေါ့၊ ဝိုင်းချက်ကြမယ် ယောင်းမရေ၊ မမက ကမ္ဘာကျော်စားဖိုမှူးကြီးတွေရဲ့ ပေါ်တတ်တဲ့ ဟင်းလျာတွေကို ချက် ပြုတ်တာ ညီမလေးရဲ့"

"ဟုတ်၊ မမခိုင်းတဲ့အတိုင်း လိုက်လုပ်ပေးပါ့မယ်"

"လိမ္မာလိုက်တာနော်၊ ဒီလိုချွေးမမျိုးမှမတည့်ရင်တော့ မေး မေမေ သိပ်ဆိုးသွားမှာပေါ့၊ ဟုတ်တယ်မဟုတ်လား ငါ့မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ဗျာ"

ပိုးငှာန်းနွယ်ရဲ့မိခင် ဒေါ်သဇင်နွယ်က ...

"ဒီမောင်နှမကတော့ အမြဲအတိုင်အဖောက်ညီခဲ့တာချည်းပဲ၊ ဒီသမီးလေးရောက်လာတော့ ပိုပျော်စရာကောင်းသွားတာပေါ့၊ သမီးရဲ့ယောက္ခမကိုတော့ တည့်အောင်ပေါင်းပေါ့ကွယ်၊ အန်တီတို့တုန်းကလဲ ဒီလိုပဲ၊ နင်ပဲငဆ သိပ်ပြောချင်ဆိုချင်တာ၊ အန်တီဘက်ကလဲ သည်းခံအလျှော့ပေးလိုက်ပါတယ်၊ နောက်တော့ပြောရတာမောလို့ သူလဲပါးစပ် ပိတ်သွားရော။ ကိုခန့်လေး ဒီကိုလာမှန်း ခုထိ သူမသိလို့၊ သိလို့ကတော့ မလွယ်ရေးချမလွယ်ဘဲ"

မင်းခန့်ထည်ကတော့ မိခင်အကြောင်းမို့ ဘာမှဝင်မပြော။ ယုန်လေးကတော့ ယောက္ခမအတင်းပြောစရာ အဖော်ကောင်းတွေတွေ့နေပြီမို့ အားပြန်ဟက်လာမိ၏။

မမပိုးလွန်းနွယ်နဲ့ လုပ်ကိုင်ပေးရတာ ယုန့်အတွက် ပျော်စရာပါကိုကိုပါ မနေသာတော့ ယုန်လေး ပင်ပန်းမှာစိုးလို့ဆိုပြီး ဝင်ကူလုပ်ပေး၏။

အဲဒီအချိန်မှာပဲ ဟမ်းဖုန်းမြည်လာ၍ မင်းခန့်ထည် ဖြုတ်နားထောင်လိုက်၏။ မိခင် ဒေါ်ကြည်ကြည်ခန့်ရဲ့ဖုန်း။

"မင်း ဘယ်ရောက်နေတာလဲ သား"

"ကျွန်တော် .....မြို့ထဲရောက်နေတာပါ"

"မင်းကို အလုပ်ခန်းဆီသွားဖို့ မေမေ မှာထားတယ်လေ"





"ဒီနေ့တစ်နေ့တော့ ခွင့်ပေးပါ မေမေ"

"မင်းဘဝကိုမင်း ဖွဲချထားတာပဲ၊ မင်းဟာ မေမေရဲ့အလုပ်သမားဖြစ်သွားပြီ ထား ဒီတစ်ကြိမ်၊ နောက်နေ့ စဆောင်းပါ ထုံးစံအတိုင်းခွင့်ယူတဲ့နေ့အတွက် လုပ်အားခတစ်ထောင် လခထဲက ဖြတ်တယ်"

"ဟုတ်ကဲ့ပါ၊ မေမေ့သဘောပါ"

ဖုန်းပြန်ပိတ်လိုက်ပြီး ဟင်းချလိုက်၏။ ယုန်ဖြူနှင့် ပိုးလွန်းနွယ်တို့ ဖုန်းပြောနေတာကို အတိုင်းသားကြားနေရ၍ ပိုးလွန်းနွယ် က ...

"ဘွိုင်လာကြီးက ဘာတွေထပ်ပူပွမ်နေတာလဲ၊ ကြားရသလောက်တော့ ပါးစပ် ငါ့မောင်ကို အဆင့်လျှော့ချလိုက်ပြီနဲ့တူတယ်"

"ဒီလိုပါပဲ မမ့ရာ၊ မိဘဆိုတာ ပြန်ပြောလို့မရတဲ့အရာပဲ၊ ရှိပါစေတော့။ မမကရော အပျိုကြီးစာရင်းဝင်နေပြီ၊ အဖော်လေးဘာလေးရှာတော့ဘူးလား"

"အဖော်တွေလား၊ ဝိုင်းဝိုင်းလည်နေလို့ ခါတောင်ထုတ်ထားရသေးတယ်"

မင်းခန့်ထည်ကခပ်လျောင်လျောင်ဟား၏။ ယုန်လေးက အလိုက်သင့်ပြုံးနေရသော်လည်း ဒေါ်ကြည်ကြည်ခန့်ရဲ့စကားသံတွေ နားထဲက ပြန်ကြားယောင်နေမိ၏။

"ဟဲ့ ညီမလေး ဘာငိုင်တွေနေတာလဲ"

"ဘာမှမဟုတ်ပါဘူး မမ"

"အင်း မင်းလေးရဲ့ရှေ့ရေးကိုတော့ မမ ရင်လေးမိပါရဲ့၊ အရိပ်တို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လိုချင်ရင် နေပူထဲကစောင့်ရမှာပေါ့လေ"

ယုန်လေး ခေါင်းငုံ့ပြီး ပန်းသီးခွာနေမိ၏။ မင်းခန့်က ...

"မမကလဲ ယုန့်ကို အဲဒီလိုစကားမျိုးတွေ မပြောပါနဲ့"

"ဪ... အေး မမ လွှတ်ခနဲထွက်သွားတယ်ကွယ်၊ ကဲ ကဲ အသားပြုတ်အိုးတည်ထားတာ ပွက်၊ မပွက် ကြည့်ရအောင်၊ ညီမလေးပဲ ဂက်(စ်)မီးဖိုပေါ်ကအိုးကို ထကြည့်လိုက်ပါကွယ်"

ယုန်ဖြူ ထကြည့်လိုက်မိ၏။ အသားပြုတ်အိုးက ယုန်ဖြူ့ရင်နှင့်မခြား ပွပ်ပွက်ဆူနေလေပြီ။

"ချလိုက်တော့မယ်နော် မမ"

"ချသာချလိုက် ညီမလေးရေ"

ရုတ်တရက်ဆိုရင်တော့ ဒီစကားက အမှတ်ထားဖို့မကောင်း။ ယောက္ခမနဲ့ချွေးမ တိုက်ပွဲအတွက်တော့ ဒီစကားက စိန်ခေါ်ဖို့ အားပေး အားမြှောက်လှုပ်ပေးလိုက်သလိုဝင်း။

ကိုခန့်လည်း ပန်းငုပ်ပွတွေကိုလှီးနေရာက ရှေ့ရေးကိုတွေးမိပြီး ငိုင်ငေါင်သွားတတ်ပြန်၏။



BURMESE CLASSIC .com



"အိုင်းရစ် ... နင် ဘယ်ကပြန်လာတာလဲ"

"မြို့တော်ပါလာက ပြန်လာတာလေ၊ နင်ရော ဘယ်ကလာတာလဲ၊ တွေ့တာတောင်အတော်ကြာပြီ၊ ဪ... အာကာနဲ့ မနေ့ညက ဖုန်းပြောဖြစ်တော့ နင်တို့ချင်း လမ်းခွဲလိုက်ကြပြီဆို"

"ဒီကောင်က အဲဒီလိုပြောလား၊ ငါကတော့ ဒီကောင့်ကို စာရင်းထဲ မထည့်တော့ဘူး အိုင်းရစ်"

"ဦးထုပ်ဆောင်းထားတဲ့နင့်ခေါင်းပေါ်မှာ ပတ်တီးကြီးနဲ့လားလို့၊ ဪ ... အဲဒါ အာကာ ရိုက်လိုက်တယ်ဆိုတာနဲ့တူတယ်၊ နင်တို့ကလဲ သိပ်ချစ်ကြပြီး မုန်းတော့လဲ အပြန်မြန်းတော့တာပဲ"

"ဒီကောင့်ကာစင်က ငါ့ညီမကိုသုတ်သွားတယ်လေ၊ အဲဒါ ငါ ဒေါကန်ပြီးဖောင်းတော့ ဒီကောင် နောက်ကနေ အလစ်ဖြောင်းခနဲရိုက်လိုက်တာ၊ ကဲပါ ဒါတွေထားတော့၊ နင့်ကို ငါ တမင်လာတွေ့တာ အိုင်းရစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဘာကိတ်"

"ဗယ်လင်တိုင်းဒေးကိတ် ကျွေးချင်လို့"

"ဘာလာကြောင်တာလဲ၊ ဗယ်လင်တိုင်းဒေးက ဒီလထဲမှာမဟုတ်ဘူး။ အဲဒီနေ့ အဲဒီကိတ်စားရတယ်လို့လဲ မကြားဖူးပါဘူး၊ လက်ဆောင်အပြန်အလှန်ပေးတယ်၊ အတူစားသောက်ပျော်ပါးလည်ပတ်ကြတယ် ဒါမျိုးပဲရှိပါတယ်"

"ငါက ထွင်ပြောတာပေါ့ဟာ"

"အန်… နင်နဲ့ငါနဲ့ သမီးရည်းစားမှမဟုတ်တာ"

လင်းယုန်က ဂျင်းဘောင်းဘီထဲ လက်နှစ်ဖက်ထည့်ပြီး ဟက်ခနဲရယ်လိုက်၏။ ပြီးနောက်…

"နင် ငါ့ကို ကပ်ညှိမနေပါနဲ့ အိုင်းရစ်ရယ်၊ နင် ငါ့ကိုစ ကြွေခဲ့တာပါ။ ငါက မောင်နှမလိုတွဲသွားမယ်ဆိုပြီး အာကာ့ဘက်ကို ဖယားရှေပေးလိုက်လို့ အာကာနဲ့နင် အတွဲဖြစ်သွားတာပါ"

"လင်းယုန် နင်ကတော့ ရှင်းမကုန်အောင်ရှုပ်တော့မယ်၊ အာကာနဲ့ငါ ငြိနေပြီးပြီဟာ၊ နင် ငါ့ကို လာမဆွယ်နဲ့တော့၊ အာကာနဲ့ ငါ အခြေအနေကောင်းနေချိန်မှာ ဘာပြဿနာမှ မတက်ချင်ဘူး"

နှစ်ယောက်သား ကျောက်ကုန်းလမ်းအတိုင်း လမ်းလျှောက်နေရာက ဘေးနားကို ကားတစ်စီးဆိုက်လာ၏။ ရောထွန်းရဲ့ကား။

"ဟာ… ရှာလိုက်ရတာ လင်းယုန်ရာ၊ ငါ ကမ္ဘာပတ်ပြီးပြီ၊ မင်းက ဒီမှာ အိုင်းရစ်နဲ့ လာဥနေတာယ်၊ ခွီးတယ်မှပဲ"





"ဘာအရေးပေါ်တွေဝင်လာလို့လဲ၊ ဒီမှာ ပွဲကောင်းနေမှကွ အရေးကောင်းဆို ဒိန်းဒေါင်းဖျက်ပြီ"

"နောက်မှ ဆက်ကောင်းစမ်းပါကွာ၊ အခု ငါ အရေးကြီးလို့ မင်းကို ပြောစရာရှိတယ်၊ ကားပေါ်တက်"

"အိုင်းရစ်ကိုပါ ခေါ်ရမလား"

"နင်တို့ဘာသာနင်တို့ သွားကြစမ်းပါဟယ်၊ အာကာ သိသွားရင် မိုးမီးလောင်လိမ့်မယ်၊ ကိုယ့်လမ်းကိုလျှောက်တော့၊ ငါ့ကို အာရုံ လာမနောက်နဲ့"

"နင်ကလဲ အသားယူပြောနေသေးတယ်၊ သိပ်ပြီး စကားလုံးတွေ ဖွာမနေနဲ့၊ နှင့်ကောင် အာကာမှ ယောကျ်ားထင်မနေနဲ့၊ ငါတို့လဲ ယောကျ်ား ပေါက်တယ်နော်"

လင်းယုန်က အိုင်းရစ်ရဲ့ မျက်နှာရှေ့မှာ လက်ဖျောက်တစ်ချက် တီးပြီး ပြောလိုက်၏။ အိုင်းရစ်က ရှုံ့မဲ့ပြီး မျက်စောင်းထိုးနေဆဲမှာ လင်းယုန် ကားပေါ်ခုန်တက်သွားလေပြီ။

လင်းယုန် ကားပေါ်ရောက်သည်နှင့်တန်းမောင်းတော့၏။ မောင်းနေရင်းမှာပင် …

"ကဲ ပြော၊ ဘာတွေ အရေးပေါ်လာသလဲ"

"အရေးပေါ်လို့ အလျော်ပေးခဲ့ရတာမှ ကားမီးလုံးပိုးတွေအပြင် ဟိုနှစ်ဖက်ပါ ဖြန်းဖြန်းကွဲအောင် အရိုက်ခံခဲ့ရတယ်၊ တော်တော်မျှတဲ့ ဒေါက်တာမကွာ၊ ငါ လက်လျှော့လိုက်ပြီ၊ မင်းပဲ အဲဒီဒေါက်တာကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တိုမဖြစ်အောင် ဆက်လုပ်ပေတော့"

"ဟာ ... ခွီးတယ်မှ၊ အိုင်းရစ်ကို ငါ ဝင်ဖော်နေတာ အလကား ဖြစ်ကုန်မှာပေါ့"

"အိုင်းရစ်ကို ငါ ဆက်ခြေဖျံမယ်။ မင်းနဲ့ငါ နေရာအမြန်လဲလိုက်တဲ့ သဘောပေါ့ကွာ"

"ဟူး ... မင်းလုပ်လိုက်ရင် အသည်းအသန်ချည်းပဲ၊ ငါ့မှာ ချက်ချင်းကြီး မှန်ပြင်သွင်းရတာ မလွယ်ဘူးကွ၊ အင်း ... စမ်းကြည့်ရသေးတာပေါ့လေ"

"အဲဒီဒေါက်တာရဲ့ မာနကို ရိုက်သာချိုး"

"အေးပါ၊ စွတ်တင်းပြီး စွတ်ရပ်ခိုင်းနေပြန်ပြီ၊ အဲဒီဒေါက်တာက အခု ဘယ်မှာလဲ"

"သူ့အိမ်ပြန်သလား၊ ဆေးခန်းမှာ အလုပ်ဆင်းနေသလား ဘာလား ညာလား မသိဘူးကွာ"

"ကဲပါ မင်းနဲ့စတွေ့ပြီး ဖြစ်ပျက်ခဲ့တာလေးတွေကို စားမြုံ့ပြန်စပါဦး"

"ဟော့ကောင် လင်းယုန် စားမြုံ့ပြန်တာက နွားကွ၊ ငါက လူ"

"နောက်ကြောင်းပြန်ခိုင်းတာကွာ"

ရောထွန်းက ဒေါက်တာမနှင့်တွေ့ခဲ့တာတွေ နောက်ကြောင်းပြန် ပြောဏ်။

အားလုံးနားထောင်ပြီးသောအခါမှ လင်းယုန်က ...





"မင်းက တွေ့တွေ့ချင်း နင်းပြောတော့ ဘယ်ကအစေညက်တော့မှာလဲ၊ မိန်းကလေးပဲ မှုဦးမှာပေါ့"

"မာင်း... သူက ကုလားမှုမှုနေတာထက်ဆိုးတယ်ကွ"

လင်းယုန် ဟက်ဟက်ပက်ပက်ရယ်မောလိုက်၏။ ရောထွန်းကတော့ သုန်မှုန်နေ၏။

"တောက် ... မိန်းမနဲ့ယောက်ျား ဖြစ်နေလို့ပေါ့ကွာ၊ နို့မို့ကတော့ ယောက်ျားအချင်းချင်းသာဆို ပြန်ဗျင်းပစ်လိုက်တယ်"

"မင်းပဲဆက်အရိုက်ခံခိုင်းတာကိုး"

"သနားမလားဆိုပြီး ပေးခံတာပေါ့၊ အရင်တုန်းက စာတ်ကားတွေထဲမှာဆို မင်းသမီးက ပါးရိုက်လိုက်မိလို့ သနားပြီး ပြန်ချစ်သွားသေးတယ်"

"အဲဒါ ခေတ်ဟောင်းရုပ်ရှင်ထဲမှာလေ၊ အဲဒီခေတ်က အဲဒီအယာတွေ ခေတ်စားတာပေါ့၊ ဒီခေတ်ကောင်မလေးတွေကိုတော့ သွားမလုပ်နဲ့ မားရိုးကာမ်းပေးရင် တန်းထိုးချင်ထိုးမှာ"

"ဟ ... ဒေါက်တာမမက တို့ထက် အသက်အိုဟာဖြစ်နေပြီလေ၊ ဒီခေတ်ကောင်မလေးမှ မဟုတ်တာ"

"ဩော် ... သူလဲ ဒီခေတ်အယာတွေ လက်ခံကျင့်သုံးနေတာ ဖြစ်ချင်ဖြစ်မှာပေါ့"

ဒီနေ့တစ်နေ့လုံး စိတ်လေနေသည့် ရောထွန်းကို လင်းယုန်က အစ်ပြန်လိုက်ချော့နေရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းယုန်အနေနှင့် ဒေါက်တာပိုးလွန်းနွယ်ကို ဝင်တွေ့ဖို့ လမ်းကြောင်းအသင့်ရှိပြီးသား။

ပတ်တီးဖြုတ်ပြီး ချုပ်ရိုးဖြေရမည့်နေ့မှာ ချုပ်ပေးခဲ့သော ဆရာမလေးရဲ့လက်ရာကို ပြန်လည်ခံစားရပေဦးတော့မည်။

ဒီလိုတွေးမိလိုက်တော့ လင်းယုန်ရဲ့ရင်တွေ တဒိတ်ဒိတ်လှိုက်ခုန်လာတော့၏။





"အား နာတယ် ဒေါက်တာရဲ့"

"ဘယ်လိုဖြစ်နေတာလဲ၊ ယောကျ်ားမဟုတ်ဘူးလား"

"ယောကျ်ားလဲ သိပ်နာရင် မခံနိုင်ဘူးလေ"

"တော်တော်အသည်းနုတဲ့လူ"

"ဟုတ်ကဲ့ မမဒေါက်တာ"

"ဘာ ကဲပါယ်"

"အား ... ဒီတစ်ခါ တကယ်နာတာ"

ချုပ်ရိုးကို ခပ်ကြမ်းကြမ်းဖြေပစ်လိုက်၏။

"နပ်(စ်) ဆေးထည့်ပေးလိုက်ပါ"

ဘေးနားက နပ်(စ်)မကို ဆေးထည့်ခိုင်းလိုက်၏။ လင်းယုန် တပ်ယောက်တည်း ချုပ်ရိုးလာဖြေခြင်းဖြစ်၏။ ပိုးလွန်းနွယ်က အခန်းထဲက ခပ်တည်တည်ပင်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှပြီ နပ်(စ်)၊ ကျွန်တော် ပြန်မယ်"

"ဆေးထည့်ဦးလေ"

"အိုကေ၊ မလိုတော့ဘူး"

လင်းယုန်က စကြံလမ်းအတိုင်း လျှောက်သွားသော ဒေါက်တာ့ဘေးကနေ ကပ်လိုက်သွား၏။

"ဟဲ့ လူနာ ... ရှင် ဘာလုပ်တာလဲ"

"ကျေးဇူးတင်စကား ပြောမလို့ပါ"

"မလိုဘူး၊ ဆေးမထည့်ဘူးလား"

"ဒဏ်ရာကအသက်နဲ့အဝေးကြီးပါ၊ အရေးကြီးတာက ဒေါက်တာ ပိုးလွန်းနွယ်တို့ဆေးရုံအတွက် မျက်ကြည်လွှာ လှူဒါန်းချင်လို့ပါ"

ခြေလှမ်းတွေ ရပ်တန့်သွား၏။ ပိုးလွန်းနွယ်က လင်းယုန်ကို တအံ့ တသြပြန်ကြည့်လိုက်၏။ လင်းယုန်က ...

"ကျွန်တော် တကယ်ပြောနေတာပါ"

"တို့နောက် လိုက်ခဲ့"

ဒါပဲပြောပြီး ဒေါက်ဖိနပ်သံလေးတချပ်ချပ်ပေးပြီး ရှေ့ကနေ ကြော့ကြော့မော့မော့လေးထွက်သွား၏။ အတော်လှပကြည့်ကောင်းသော မိန်းမပါပဲ၊ နောက်ကနေပြေးပြီး ပွေ့ဖက်ပစ်ချင်စိတ်ပင် ပေါက်သွားမိ၏။





ကိုကို အလုပ်ဆင်းနေတာ သုံးရက်ခန့်ရှိသွားလေပြီ။ အိမ်အလုပ်တွေကို အိမ်ဖော်တွေနှင့်တန်းတူ လိုက်လုပ်ပေးနေ၍ ဒေါ်ကြည်ကြည်ခန့် ဘာမှမပြောသာတော့။ သို့ပြား အပြစ်ပြောဖို့ မျက်လုံးဒေါက်ထောက် ကြည့်နေတတ်၏။

"ဟဲ့ ... ရှူးကော့စ်ကို ဘယ်သူပွတ်တိုက်ပြီး သန့်ရှင်းရေးလုပ်ထားတာလဲ"

"ဟို ... ကျွန်မပါ မေမေ"

"ငါ့ကို အမေလို့မခေါ်နဲ့"

"ဟုတ်"

"မင်းရှင်းတာ မပြောင်ဘူး၊ ဒီပန်းအိုးကြီးတွေက ဘယ်လ်ဂျီယံကတောင် မှာရတာ၊ ဈေးမနည်းဘူး၊ မင်းပွတ်တိုက်တာ မပြောင်ဘူး ထပ်တိုက်၊ မကွဲ မပဲ့ မအက်စေနဲ့နော်"

www.burmeseclassic.com



"ဟုတ်"

"ဘာဟုတ်လဲ၊ ဟုတ်ကဲ့လို့ဖြေစမ်း"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ အိမ်ကြီးရှင်လို့ပြော"

"ဟုတ်ကဲ့ပါ အိမ်ကြီးရှင်"

"အေး ... လုပ်တော့၊ ဟော့ ... မိအေးရေ ဒီဘက်က ရှိုးကေ့စ်ကြီးထဲက ပစ္စည်းပစ္စယတွေကို ဘယ်သူရှင်းထားတာလဲ၊ ရှုပ်ယှက်ခတ်နေတာပဲ"

"မိအေး ရှင်းတာပါ အန်တီကြီး"

"သြော် ... ညည်းရှင်းတာလား၊ ပင့်ကူမျှင်လေးယှက်နေတာကလွဲရင် အားလုံးကောင်းတယ်၊ ညည်း တော်တယ်၊ ဘောက်ဆူးပေးမယ် သိလား"

"ဟုတ်ကဲ့ အန်တီကြီး"

"ငါအလုပ်သွားမယ်၊ သက်လွင်ကို ကားထုတ်ခိုင်းလိုက်တော့ မြန်မြန်လုပ်ခိုင်း"

"ဟုတ်ကဲ့ အန်တီကြီး"

အိမ်ကြီးရှင် ဒေါ်ကြည်ကြည်ခန့် ထွက်သွားတော့မှ နားအေးပါးအေးနေရပြီလို့ မထင်ပါနှင့်။ အိမ်ဖော်တွေလောက်တောင်မှ မျက်နှာကောင်းမရသည့်ခွေးမကို အိမ်ဖော်တွေကပင် မလေးစားကြတော့

"မယုန်ဖြူ အဲဒီကြက်သွန်လေးတွေ ခွာထားလိုက်ပါဦး၊ ဒီနေ့





ထမင်းအိုးငှဲ့နေရလို့ လက်မအားလို့ပါ"

လုပ်ပေးလိုက်ပါရဲ့။ ဝါရင့်နေသော အိမ်ဖော်မကြီး ဒေါ်တင်တင်ခင်းကတော့ အိမ်ဖော်မလေးတွေထက်ပင် ပိုဆိုးသေး၏။

"မဖြူရေ ကြက်သွန်ခွာပြီးရင် အိမ်သာသန့်ရှင်းရေး ဝင်လိုက်ပါဦး နော်၊ ကြီးကြီးတို့ကတော့ နနွင်းမကင်းလုပ်နေလို့ မအားလို့ပါ"

သံသာရှုံ့အေးမလိုနှင့် စိတ်ကောင်းမရှိ။ တစ်ခုပြီးတစ်ခု ဖိခိုင်းတတ်ပြန်သေး၏။ ဒါတွေကို ကိုကို မသိ။ ပိုက်ဆံမရှိတဲ့ခွေးမကို ကျွန်လိုခိုင်းနေကြခြင်းပင်။ ယုန်ဖြူ သိပါသည်။ ဒီစနက်တွေက ဒေါ်ကြည်ကြည်ခန့်ရဲ့ စနက်တွေပါ။ ဒေါ်ကြည်ကြည်ခန့် သင်ပေးထားတဲ့အတိုင်း အိမ်ဖော်တွေကလည်း အပြတ်ကြောပြနေခြင်းပါ။

ဒေါ်ကြည်ကြည်ခန့် ဘာလို့ ဒီလောက်တောင်မုန်းတီးနေရတာလဲ။ စေ့စေ့တွေးကြည့်တော့ ရေးရေးမြင်လာမိပြန်၏။ အစ်ကိုလင်းယုန်က ဒေါ်ကြည်ကြည်ခန့်ကို ဆောင့်တွန်းလိုက်တာရယ်၊ ကိုခန့်ကို သူမရှေ့မှာ အစ်ကိုလင်းယုန်က လက်သီးတွေနှင့်ပိတ်ထိုးတာရယ် ဒီအပြီးတွေနှင့် ယုန်ဖြူ့အပေါ်မှာ ယိုးစွပ်ဖိခိုင်းနေခြင်းသာ။

တစ်နေကုန်အောင် ဖယ်ဆက်သလိုလုပ်ခဲ့ရပြီး ကိုကို ပြန်လာချိန်မှ ကမန်းကတန်းရေမိုးချိုးက သနပ်ခါးရေကျဲလိမ်းပြီး ကိုကို ဝယ်ပေးထားသည့် ရယ်ဒီမိတ်အင်္ကျီလေးနှင့် ထိုင်စောင့်နေရတော့၏။

ဒေါ်ကြည်ကြည်ခန့်က နောက်မှရောက်လာတတ်၍ တော်သေးသည်။ ကိုကိုက အရင်ပြန်ရောက်လာတာနှင့် ယုန့်ပါးကသနပ်ခါးလေးတို



www.burmeseclassic.com

www.burmeseclassic.com



မွှေးမွှေးပေးတတ်၏။ ပြီးလျှင် ယုန်ခါးလေးကိုဖက်ပြီး အိပ်ခန်းထဲ ခေါ်သွားတတ်၏။

အဲဒါကိုပင် အိမ်ဖော်တွေက မျက်စောင်းတခဲခဲဖြစ်ချင်နေကြ၏။ အိပ်ခန်းထဲရောက်တော့ ကိုကိုအဝတ်အစားတွေ ချွတ်ခိုင်းရ၏။ ကိုကို ရေချိုးနေတုန်း အဝတ်အစား ပေါင်ဒါဘူး၊ ခေါင်းလိမ်းဆီနှင့် ဘီးတွေ အဆင်သင့်ပြင်ပေးရ၏။

လင်သားယောက်ျားကို ပြုစုပေးရတာ ယုန်လေးအတွက် ကြည်နူးစရာပါ။ တစ်အိုးတစ်အိမ်ခွဲနေရလျှင် ဘယ်လောက်တောင် ပျော်စရာ ကောင်းလိုက်မလဲ။

လွတ်လွတ်လပ်လပ်ချစ်လို့ရ၏။ အကန့်အသတ်မရှိ ပျော်လို့ရ၏။ ဒီမှာနေရတာက မလွတ်မလပ်။ အကန့်အသတ်ပေါင်းစုံ အနှိပ်စက် အဖိခံဘဝ။

ရေချိုးပြီး ထွက်လာသော ကိုကိုရဲ့ ခေါင်းရေစိုကို အမွေးပွတဘက် ပိုင်းဖြင့်သုတ်ပေးသောအခါ ကိုကိုက ယုန်လေးရဲ့ ခါးသိမ်လေးကို သိမ်းကျုံးဆွဲဖက်လိုက်၏။ ယုန်လေးခမျာ ခါးရိုးကျိုးမတတ် ကိုကိုရဲ့ ရင်ခွင်ကျယ်ထဲ နစ်မြုပ်ဝင်သွားရတော့၏။

နအိတုန့်ဆတ်သော ဂျယ်ရီတုံးပမာ အသားဆိုင်တို့ကိုလည်း ဖိညှစ်ဆုပ်ကိုင်လိုက်၏။

"အိ ... ကိုကို နာတယ်ကွာ၊ ခါးကျိုးတော့မယ်၊ လွှတ်ပါဦး၊ ဒီမှာ ခေါင်းရေစိုကြီးကို သုတ်ပေးလို့မရတော့ဘူး သိပ်ကဲတာပဲ"





"ချစ်လွန်းလို့ပါ ယုန်လေးရယ်၊ အိမ်ပြန်ရောက်တာနဲ့ ကိုယ့်မိန်းမ မျက်နှာလေးကို မြင်လိုက်ရတာ လုံးဝလန်းသွားတယ်ကွာ၊ သိပ်လှသိပ် ချောတဲ့ ကိုကို့မိန်းမလေးရယ်"

ဒါပါပဲလေ။ ဒီစကားတွေနဲ့တင် ယုန်လေးဘဝမှာလည်း ကျေနပ်နှစ်သိမ့်နေရတာပါ။ ကိုကို့ရဲ့ ချစ်မြတ်နိုးမှုထဲမှာ ယုန်လေး အလိုက်သင့် မျောပါသွားမိ၏။ ကိုကိုရဲ့ ထူးဆန်းတဲ့အချစ်ပညာကြွယ်ဝမှုတွေက လည်း ခံစားလေ နက်ရှိုင်းလေနဲ့ပေါ့။

ဒေါ်ကြည်ကြည်ခန့် မရောက်သေးခင်ကာ နတ်စည်းစိမ်ခံနေရတဲ့ ဘဝ။ ဒေါ်ကြည်ကြည်ခန့် ရောက်လာတာနဲ့ လောကငရဲ ထပွက်တော့မည်။

ကိုကိုက စိတ်ရှိလက်ရှိချစ်ပြီးသွားသည်နှင့် ယုန်လေးရဲ့ ခေါင်းပေါ်မှာ မေးတင်မှိန်းမောနေ၏။

"ကိုကို"

"အင်း"

"ယုန်လေးတို့ တစ်အိုးတစ်အိမ် ခွဲနေရအောင်လားဟင်"

"ဘာဖြစ်လို့လဲ၊ ဒီမှာနေရတာ အဆင်မပြေဘူးလား၊ မြော်... မေမေ့ကြောင့် ယုန်လေး စိတ်ညစ်နေတယ်နဲ့တူတယ်"

"ဒီလိုလဲမဟုတ်ပါဘူး၊ ခွဲနေတာ ပိုကောင်းမယ် ကိုကိုရယ်"

"ဒီလိုရှိတယ် ယုန်လေးရဲ့၊ မေမေ့အယူပ်မှာဆို လစာ ငါးသောင်း ခြင် အောက်ဆိုက်က တစ်သိန်းခွဲလောက်ဝင်တော့ ကိုကို့ သုံးစွဲ



www.burmeseclassic.com

www.burmeseclassic.com



လောက်တယ်၊ စုဆောင်းလို့လဲရတယ်လေ၊ အပြင်မှာဆို မလွယ်ဘူး ယုန်လေးရာ၊ ကိုကိုပါ ကသိမှာ"

"ကိုဂ ကလဲ အိမ်ခွဲနေပြီး ယုန်လေးတို့အိမ်ကလေးကပဲ အလုပ်ဆင်းပေါ့"

"ဒါတော့ လွယ်မယ်မထင်ဘူး၊ မေမေက ခွဲနေနိုင်းမှာမဟုတ်ဘူး၊ တစ်ခါမှလဲ မနေခဲ့ဖူးဘူးလေ"

ယုန်လေး သက်ပြင်းချရတော့၏။ ကိုခန့်က ယုန်လေးကို ပွေ့ဖက် နှစ်သိမ့်နေ၏။

"စုမိဆောင်းမိအောင် ခဏနေစမ်းပါဦးကွာ၊ နောက်ဆို ယုန်လေး ဆန္ဒတိုင်းဖြစ်အောင် ကိုယ်ကြိုးစားမယ်"

ဩော်... ကိုကိုရယ် ...

ယုန် ဘာများတတ်နိုင်ဦးမှာတဲ့လည်းကွယ်။





မသေခင်ကတည်းက မျက်ကြည်လွှာလှူဖို့ စာရင်းပေးထားရ၏။ ဒေါက်တာပိုးလွန်းနွယ်ကိုယ်တိုင် လိုက်လံဆောင်ရွက်ပေး၏။

နောက်နေ့ကစပြီး ဈေးထွန်းရဲ့ကူညီပေးမှုနှင့် ဗီဒီယိုကင်မရာယူလာ၏။ မှတ်တမ်းစာအုပ်ယူလာ၏။ ကားလည်းယူလာ၏။ ဒေါက်တာပိုးလွန်းနွယ်တစ်ယောက် သူမအိမ်ကကားနှင့် ထွက်လာပုံကို မှန်ဘီလူး နှင့်ဆွဲပြီး လှမ်းရိုက်၏။ အချိန်နာရီ၊ အဝတ်အစားနှင့် မမဒေါက်တာကို မြင်ရသည့်ခံစားမှုတွေ စုံစီနဖာချရေးလိုက်၏။

ပြီးနောက် ကားနှင့်လိုက်၏။ ပိုးလွန်းနွယ် ထိုင်သောဆေးခန်း အဝင်အထွက်တွေကို လှမ်းရိုက်၏။ တစ်အောင့်တနား ကော်ဖီဆိုင်ကို ဝင်သောက်တာကအစ မှတ်တမ်းတင်ထား၏။ အိမ်ပြန်ချိန်အထိပေါ့။

နောက်တစ်နေ့မှာလည်း ထိုနည်းအတိုင်း လိုက်လုပ်၏။ တတိယနေ့မှာတော့ ပိုပြီး နီးနီးကပ်ကပ်လိုက်ရိုက်၏။ ပိုးလွန်းနွယ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လင်းယုန်တို့ သတိပြုမိသွား၏။ စတုတ္ထနေ့မှာတော့ ပေါ်တင်လိုက် ရိုက်ချ ရိုက်လိုက်၊ မှတ်တမ်းတင်လိုက် လုပ်နေမိ၏။

မမဒေါက်တာရယ် ...

နို့စိမ်းရောင်ကိုယ်ကျပ်၊ ထဘီစကတ်ကလေးနဲ့ ကြည့်ကောင်း လိုက်တာဗျာ။ ကျွန်တော့်တာဝရဲ့နတ်သမီးလေးပါပဲ။ နေ့နေ့ညည အချိန် တိုင်းစိုးမိုးနေလို့ မမဒေါက်တာကို လိုက်ရိုက်ထားတဲ့အခွေလေးကြည့် ပြီး အလွမ်းဖြေရတယ်၊ အဲဒီလိုကြည့်နေရင်းနဲ့ ဖက်အုံးသာ မမဒေါက်တာ ဖြစ်မယ်ဆိုရင် ကျွန်တော့်အချစ်ရူးလေးကြောင့် ဆက်တောင်မတွေးရဲ တော့ဘူး၊ အဲဒီလောက်ထိ မမဒေါက်တာကိုချစ်နေတာပါဗျာ။ မမ ဘယ် ဆီရောက်ရောက်၊ ဘာတွေလုပ်လုပ်၊ ဘာတွေစားစား ဘယ်လို နားနား ကျွန်တော် တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်နေချင်တော့ တယ်။ မမစိတ်နဲ့ ကျွန်တော် ရူးမယ်ဆိုလည်းရူး၊ သေမယ်ဆိုလဲ သေပါစေ၊ မမကို ထာဝရချစ်သွားမယ်၊ စစ်မှန်တဲ့ချစ်ခြင်းမှန်ရင် တုံ့ပြန် လာမယ့်ကောန်ဟာ မမရဲ့ချစ်ခြင်းဆိုတာ မလွဲနိုင်ပါဘူး။

အခုလည်း ဆေးခန်းထဲက မမ အလုပ်ချိန်ပြီးလို့ ပြန်ထွက်လာမှာ ကို ကျွန်တော် စောင့်ကြည့်နေတယ်၊ မမကို ကင်မရာနဲ့ရိုက်ယူဖို့ အသင့် ပြင်ဆင်လိုက်ဦးမယ်။

ဒိုင်ယာရီထဲ ရင်တွင်းခံစားမှုတွေရေးသွင်းပြီး စာအုပ်နှင့် ဘောပင် ကို ကားဘောနက်ပေါ် တင်ထားလိုက်၏။ ဒီနောက် စာအုပ်နှင့် ဘော ပင်ကို ကျောခိုင်းပြီး ရှေ့တိုးကာ ကင်မရာနှင့်ဆေးခန်းပေါက်ဝကို လှမ်း





ချိန်လိုက်၏။

ထွက်လာချိန်တန်ပါပြီ။

အရင်က အချိန်မှန် ပြန်နေကျပါ။

ကင်မရာရှေ့ လက်တစ်ဖက် ဘွားခနဲပေါ်လာ၍ လန့်ဖျပ်ပြီး ကင် မရာပေါက်ချောင်းနေရာက ဆတ်ခနဲထွက်ကြည့်လိုက်၏။

"ဟင် ... ဒေါက်တာမမ"

အရင်လိုမဟုတ်၊ အနည်းငယ်ချိုသာဟန်ပေါက်နေ၏။ ပြုံးချင် ချင်မျက်နှာထားဖြင့် လင်းယုန်ကို စိုက်ကြည့်နေလေသည်။

လင်းယုန်ဆိုတာ ဘာမှမပြင်မဆင်ဘဲနှင့်တောင် ရုပ်ထွက်နေသူ၊ ဂိုက်ဆိုက်ကလည်း တောင့်တင်းကြံ့ခိုင်သူ။ ခုတစ်လော ဝတ်စားဆင် ယင်တာသပ်ရပ်ခန့်ငြားလာသူ။ ရော့အဖေထားရစ်ခဲ့သော ရှပ်အင်္ကျီ အကောင်းစားနှင့် ဘာကီပန်(လ်)ကာကီရောင်ကို အနန်းခွဲရောင်ရှူး ဖိနပ်နှင့်ဝတ်ဆင်ထား၏။

ခေါင်းလိမ်းဆီလိမ်းပြီး ဆံပင်ကိုနောက်လှန်တင်ကာဖြီးထား၏။ ယခင်လို မစုတ်စုတ်မနေတော့။ ယောကျ်ားပီပီ ခံ့ညားချောမောနေ သော လင်းယုန်ကို ပိုးလွှမ်းနွယ် စိုက်ကြည့်လိုက်ပြီး ...

"ဘာသဘောနဲ့ တို့နောက်ကို လိုက်ရိုက်နေတာလဲ၊ မင်းကားပေါ် က စာအုပ်ကရော မင်းဥစ္စာပဲလား"

"အဲဒီစာအုပ်တွေကို မမဒေါက်တာ ဖတ်ပြီးပြီလား"

"အင်း ... ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ၊ ရှက်လိုက်တာ"

လင်းယုန် ခေါင်းကြီးငုံ့နေ၏။ ပိုးလွန်းနွယ်က လင်းယုန်လက်ထဲက ကင်မရာကို ဆွဲယူပြီး ရိုက်ထားတဲ့ဖလင်တွေကို ဆွဲထုတ်ပစ်၏။

"ဟာ... သွားပြီ"

"မင်း နောက်ဆို ဒါမျိုး ထပ်မလုပ်ပါနဲ့"

ချက်ချင်း မျက်နှာအရိုးပြောင်းသွား၏။ အတော်သရုပ်ဆောင်ကောင်းသည့်မိန်းမ။ အခြေအနေကောင်းပြီထင်ပြီး လင်းယုန် ယဉ်ကျေးပြခဲ့၏။ ခုဖြင့် ...

"ကျွန်တော့်အသည်းနှလုံးကို တစ်စစီခြေမွလိုက်တာပဲဗျာ"

"စိတ်ကူးလာယဉ်မနေနဲ့၊ ရူးသွားမယ်"

စာအုပ်ကို နဂါးမျက်စောင်းနှင့် လှမ်းစိုက်ကြည့်လိုက်၏။ ပြီးနောက် လင်းယုန်ရဲ့ကားနောက် ညက်ညက်ကလေး ထိုးရပ်ထားသောသူမရဲ့ကားပေါ် ပြန်တက်သွား၏။

ခုနှ လင်းယုန် စာငုံ့ရေးနေတုန်းမှာ ဒီကားထွက်လာပြီး နောက်ကနေ ရောက်နေခြင်းပဲဖြစ်လိမ့်မည်။ ပိုးလွန်းနွယ်ရဲ့ကားနောက်ကို လင်းယုန်က ကားနှင့်လိုက်လေသည်။ လမ်းမှာ အာကာရဲ့ကားနှင့် ပိုးလွန်းနွယ်ရဲ့ကားတို့ တိုက်မိမလိုဖြစ်သွား၏။

"မပိုး ဘယ်သူများလဲလို့ လန့်သွားတာပဲဗျာ၊ ကျွန်တော် အာကာလေ၊ ကိုခန့်ရဲ့ညီဝမ်းကွဲ မပိုးရဲ့မောင်ဝမ်းကွဲလေ"

"အေးဟယ်၊ ငါ့မောင်နဲ့ ထိတ်လန့်တကြား လာဆုံရတယ်လို့





မင်းကိုလဲမတွေ့တာကြာပြီ၊ မင်းက ဒီလမ်းချိုးထဲ ဘာလာလုပ်တာလဲ"

"ဝပ်ရှော့ပ်မှာ ကားလာပြင်တာလေ၊ မပိုးက အိမ်ပြန်မလို့လား"

"ဟုတ်တယ်၊ နောက်မှာကွာ တို့ကို လိုက်နှောင့်ယှက်နေတဲ့ငနဲလေးတစ်ကောင်ပါလာတယ်၊ သူ့ကို ခြေရာဖျောက်ဖို့ အာရုံနောက်ပြီး မောင်လေးရဲ့ကားနဲ့ ဝင်တိုးမိမလိုဖြစ်သွားတယ်"

"ဟုတ်လား၊ ကျွန်တော် ကြည့်ရှင်းလိုက်မယ်"

အာကာ နောက်ကားကို လှမ်းကြည့်ပြီး ကျောရိုးတစ်တောင့်မတ်သွား၏။ ရောရဲ့ကားနံပါတ်ကို မှတ်မိ၏။ ကားပေါ်ကဆင်းလာသူကို တွေ့လိုက်ရမှ ရင်ထဲ ဒိန်းခနဲဖြစ်သွား၏။ လင်းယုန်။

အရင်က အချစ်ဆုံးသူငယ်ချင်း လင်းယုန်။

အခုမတော့ မဟာရန်သူ လင်းယုန် ဖြစ်နေ၏။

လင်းယုန် က ခြသေ့်ခြေလှမ်းမျိုးနှင့် လှမ်းလျှောက်လာ၏။ အာကာက မျက်နှာကို ကျားရိုင်းလို တင်းခက်ထား၏။ ပိုးလွန်းနွယ်က အကဲခတ်လေ့လာနေ၏။

"ခြောက်ရုံခြောက်လှန့်ကြည့်ပါ ငါ့မောင်၊ ရန်တွေဘာတွေတော့ မဖြစ်ပါနဲ့"

ပိုးက အာကာ့အနားကပ်ပြီး တီးတိုးပြောလိုက်၏။ အာကာ က ခေါင်းဆတ်ပြပြီး ရှေ့ကိုလှမ်းထွက်လာ၏။ လင်းယုန်နှင့်ဆိုင်ပြီး ဗိတ်ရပ်လိုက်၏။

"မင်း ဘာကြောင့် ငါ့အစ်မကို လိုက်နှောင့်ယှက်နေတာလဲ လင်းယုန်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ခေါင်းကို မင်းရိုက်ခဲ့တဲ့ဒဏ်ရာကို ကုစားပေးထားတဲ့ ဒေါက်တာမမမို့လို့ ငါ ကျေးဇူးတင်ပြီး အော်ဒီဂတ်လိုက်လုပ်ပေးချင်နေတာကွာ မင်းအစ်မထိတော့ နာတယ်၊ ငါ့ညီမကိုကျတော့ မင်းက အသာယူတယ်၊ မင်း တော်တော်ဖျံကျတတ်နေပါလား အာကာ"

"စကားနာတွေထိုးမနေနဲ့၊ မင်းလမ်းကို မင်းပြန်ဒိုးတော့၊ ဆက်ပြောရင် ငါ လက်ပါမိလိမ့်မယ်"

"မင်းက လူမိုက်ကြီးကိုး၊ မပြန်ဘူးကွာ၊ ငါ့ညီမ ယုန်ဖြူကို မင်းရဲ့ကာစင် မင်းခန့်ထည် အတင်းယူသွားတယ်၊ အခု ငါ့ရဲ့ရင်ထဲက အချစ်ကိုပါ မင်းလိုက်ပိတ်ပင်ဦးမယ်ဆိုရင် မင်းဘာသာ အုတ်နံရံပဲဖြစ်ဖြစ် ငါ ဝင်တိုက်ပစ်မှာပဲ"

"ဘာကွ... ကဲကွာ"

"ဝိုး"

အာကာက တစ်ခါ အနိုင်ရဖူး၍ ရဲတင်းသွက်လက်နေ၏။ ဖြောင့်လက်သီးလှမ်းကျွေး၏။ လင်းယုန်က ခေါင်းကိုတိမ်းရှောင်လိုက်ပြီး အာကာ့လက်ကိုဖမ်းဆုပ်ကာ အကြောတွေကုပ်ဆွဲပြီး ရှေ့လက်ကို လိမ်ချိုးပစ်လိုက်၏။

"အား"

"မင်း ပညာ နုပါသေးတယ်၊ အရင်တုန်းက အလစ်အငိုက်မို့ မင်းနောက်ဗိုသိပ်တာ ခံရပေမယ့် ခု မရတော့ဘူး၊ ရော့ တို့ဒ်ဒွး"

လက်ကျိုးပြီး လိမ်ခေါက်နေသော အာကာရဲ့မျက်နှာကို ဒူးဖြင့်





တိုက်လိုက်၏။

"ဒုတ်"

"အင့်"

လမ်းပေါ် ပက်လက်လန်ကျပြီး နှာခေါင်းကသွေးတွေ စီးကျလာ၏။

"ဟဲ့ ကောင်စုတ် ငါ့မောင်ကို မလုပ်နဲ့"

"သူ စထိုးလို့ တုံ့ပြန်တာပါ မမဒေါက်တာ"

ပိုးလွှန်းနွယ်လည်း မျက်လုံးတွေပြာသွားပြီး လင်းယုန်ရဲ့ပါးကို အလစ်မှာ ...

"ဖြန်း"

ခနဲ ပိတ်ရိုက်ပစ်လိုက်၏။ လင်းယုန်ရဲ့ မျက်လုံးတွေ မီးဝင်းဝင်း တောက်သွားပြီး ပိုးလွှန်းနွယ်ရဲ့ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချပစ်လိုက်၏။

"ဖြန်း"

"အ"

"ဖြန်း"

"အား"

ပိုးလွှန်းနွယ် ယိုင်ထွက်သွား၏။ မဟာအရှက်တော်ကွဲရလေပြီ။ ကားသုံးစီးရပ်ထားကတည်းက ဘာလဲဟာဆိုပြီးလှမ်းကြည့်နေသည့် လူတွေ ဝိုင်းအုံကြည့်လာကြကုန်ပေပြီ။

ပိုးလွှန်းနွယ် တအံ့တသြနှင့် လင်းယုန်ကို ပြန်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိ၊ ခါးသိုး ခံခက်၊ အုံသြ တုန်လှုပ်စွာဖြင့် နှုတ်ခမ်းတွေ ဆတ်ဆတ် တုန်ပြီး ပြန်ကြည့်နေမိ၏။ တူပူဖျဉ်းစပ်သွားသည့် နာကျင်မှုကြားက မျက်ရည်စီးကြောင်းနှစ်သွယ် ဖြာခနဲကျလာ၏။

ပိုးလွန်းနွယ် အမြဲတမ်းအနိုင်ယူခဲ့သည့်ယောကျ်ားတွေချည်ပင် ပိုးလွန်းနွယ် တွေ့ခဲ့ရ၏။ ခုဖြင့် အဲဒီယောကျ်ားတွေနှင့်မတူသော ယောကျ်ားတစ်ယောက်ကို မျက်ဝါးထင်ထင် တွေ့လိုက်ရလေပြီ အရှင် သခင်နှင့်တူသောယောကျ်ားမျိုး။

မာနဘုရင်၊ ဘဝင်နားထင်သွေးမြောက်နေသော စစ်သူရဲ တစ် ယောက်လိုယောကျ်ားမျိုး။

ခြင်္သေ့နှင့်တူသော မင်းယောကျ်ားမျိုးပါလား။ လင်းယုန်က အာကာ့ကိုဆွဲထူပြီး အရိုးကျိုးနေသောလတ်ကို 'ဂွတ်'ခနဲပြန်တည့်ပေး ၏။ အာကာ မချိမဆံ့အော်ကာ အံကြိတ်ခံနေရတော့၏။

"စိတ်မကောင်းပါဘူး၊ မင်းရဲ့ မမဒေါက်တာက မင်းအဏ်ရာ ဘယ် မှာပြရင် သင့်တော်မလဲဆိုတာ ညွှန်ပြပေးလိမ့်မယ်၊ ငါ့ကို မင်းရိုက်တုန်း ကလဲ ငါ အမှုမလုပ်ခဲ့ဘူး၊ မင်းအစ်မက အမှုလုပ်ချင်တယ်ဆိုလဲ ကြိုက် သလိုလုပ်ပါ၊ ငါစောင့်နေမယ်၊ ဒါပဲ"

လင်းယုန် ပြောပြီး ချာခနဲလှည့်ထွက်သွား၏။

လင်းယုန်ရဲ့ ကျောပြင်ကို ပိုး စိုက်ကြည့်နေမိ၏။ ပါးနှစ်ဖက်က လက်နှင့်ပွတ်သပ်ရင်း ဒွိဟစိတ်ခံစားမှုတွေ၄ ၄ လှမ်းကြည့်နေမိခြင်း ရယ်ပါ။





"လင်းယုန်၊ အား ... ကျွတ်...ကျွတ်၊ မင်းကို ငါ သတ်မယ်၊ မင်းကို အား ... ငါ သတ်မယ်၊ မင်း မသေသရွေ့ ငါ ဘယ်တော့မှမကျေဘူးကွ"

အာကာက ရှုံ့မဲ့ရင်း ကြိမ်းဝါးနေ၏။ ပိုးလွန်းနွယ်က ...

"ဘာမှမပြောနဲ့တော့ မောင်လေး"

"မပိုးရဲ့ ပါး(ကို ဒီကောင် ရိုက်သွားတယ်၊ မကျေနပ်ဘူး လုံးဝ မကျေ နပ်ဘူး"

"ထားလိုက်ပါတော့ကွယ်၊ မမက သူ့ကို အရင်ရိုက်မိလိုက်တာ ကိုး၊ အဲဒါ မဟုတ်မခံစိတ်ဓာတ်မျိုးပဲ"

"ဘာ ... မပိုး၊ ဘာတွေပြောနေတာလဲ"

"မင်းနားမလည်ဘူးလား အာကာ"

ပိုးလွန်းနွယ်က မှိုင်းမိထားသူပမာ ထွက်သွားသော လင်းယုန်ရဲ့ ကားကို လိုက်ကြည့်ရင်း ပါးစပ်က တတွတ်တွတ်ပြောနေ၏။ အာကာ က...

"ကျွန်တော် လုံးဝကို နားမလည်တော့ဘူးဗျာ"

လင်းယုန်ရဲ့ကား လမ်းချိုးအတိုင်း ကွေ့ဝင်ပျောက်ကွယ်သွား တော့မှ ပိုးလွန်းနွယ် တစ်လုံးချင်းပြောချလိုက်၏။

"မခကိုယ်မမလဲ ဘယ်လိုမှကိုနားမလည်နိုင်တော့ပါဘူး အာကာ ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မိယုန် ငါ့ရဲ့ ညှော်ကောင်းဆောင်ကောင်း ဂုဏ်သရေရှိ လူကြီးမင်းတွေ ရောက်နေတယ်၊ အအေးဖျော်ခဲ့၊ နှစ်ခွက်နော်၊ ဘာလီနဲ့ သံပရာဖျော်စပ်ကလေး လုပ်ခဲ့"

"ဟုတ်ကဲ့ အိမ်ကြီးရှင်"

ဒီလိုအမည်နာမမျိုးခေါ်ဝေါ်နေတာကို ကိုကိုလည်း ကြားသိထားပြီးပြီ။ ခေါ်လိုက်တိုင်း သူ့အမေကို မကျေမနပ်ပြန်ကြည့်လျှင် ခေါ်ကြည်ကြည်ခန့်က မီးဝင်းဝင်းတောက်မတတ် မျက်လုံးတွေနှင့် ပြန်စိုက်ကြည့် လာ၍ ကိုကိုလည်း ခေါင်းငုံ့နေလိုက်ရတော့၏။

"ခေါ်ကြီး အအေးဖျော်စပ်လေး ဘာလီနဲ့ သံပရာ အဲဒါလေး လုပ်ပေးစမ်းပါ"

"ဟဲ့ ကိုယ့်ဘာသာကိုယ်လုပ်ပါလား။ ဒီမှာ အဝတ်လျှော်စက်ထဲ





က အဝတ်တွေကို အခြောက်ခံစက်ထဲ ပို့ရဦးမယ်"

"ကျွန်မ အဲဒီလိုဖျော်စပ်မျိုး မဖျော်တတ်သေးလို့ပါ။ နောက်ဆို သင်ထားပါ့မယ် မိအေးဆီမှာ"

"ဟွန်း လုပ်ပြီ ရှင်ကတော့၊ ဒါဆို ဒီအဝတ်တွေ အခြောက်ခံလိုက်"

"ဟို... အဲဒါ ဘယ်ခလုတ်နှိပ်ပြီး ဘယ်ဟာကိုပိတ်ရမှာလဲဟင်"

"ဪ ... အ,ပါ့ဟယ်၊ မိအေးကိုသာ သွားခေါ်လိုက်တော့၊ ဘယ်အရာကိုမှ အသုံးချလို့မရပါလား။ မောလိုက်တာ ပြောရတာ"

ယုန်ဖြူလည်း နောက်ဖေးဆောင်ဘက်ထဲ ထွက်လာလိုက်၏။ ခြံစောင့်လူကြီးနှင့် ဟီးဟီးဟားဟား အတင်းတုပ်ရယ်နေသော မိအေးကို တွေ့လိုက်ရ၏။ ခြံစောင့်လူကြီးက တိုက်နောက်ဘက် ကီလို မာလကာပင်ကအသီးတွေကို အိတ် လိုက်စွပ်နေ၏။ ဒါကို မိအေးက ကူလုပ်ပေးနေ၏။

"မိအေးရေ ဘာလီနဲ့သံပရာဖျော်ရည်လေး လာဖျော်ပေးပါဦးလား။ အိမ်ကြီးရှင် ခိုင်းလိုက်လို့ပါ"

"ကျွန်မကိုခိုင်းချင်ရင် လှမ်းခေါ် လိမ့်မယ်၊ မယုန်ကိုခိုင်းကာ မယုန် ပဲ လုပ်ပေါ့၊ ဒီမှာ မအားဘူး၊ မာလကာသီးတွေ လင်းနို့ကိုက်မှာစိုးလို့ အိတ်လိုက်စွပ်ပေးနေတယ်"

ယုန်ဖြူလည်း ဒင်းတို့ကို အဖက်လုပ်ပြီး စကားဆက်မပြောချင်တော့။ ရေခဲသေတ္တာရှိရာဆီ လျှောက်လာပြီး ရေခဲတုံးတွေ ခက်နှစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ထဲထည့်၊ ဘာလီနှင့်သံပရာရည်တွေ တစ်ဝက်စီထည့်ပြီး ယူလာလိုက်၏။

ဧည့်ခန်းထဲမှာ နှုတ်ခမ်းမွေးကားကားနှင့်လူမိုက်ရုပ်ပေါက်နေသော လူနှစ်ယောက်ထိုင်နေတာကို တွေ့လိုက်ရ၏။ ဒေါ်ကြည်ကြည်ခန့်နှင့် ဖက်လဲတကင်း ခင်းနှီးကျွမ်းဝင်ပုံရ၏။ နှုတ်ခမ်းမွေးကားကား မျက်လုံးပြူးပြူးနှင့် တစ်ယောက်က ဒေါ်ကြည်ကြည်ခန့်ရဲ့ပေါင်ကို လက်နှင့်တို့တို့ပြီး စကားပြောနေ၏။

"ဟဲ့ မိယုန်"

"ရှင် ... အိမ်ကြီးရှင်"

"အအေးခွက်တွေကို ဗန်းနဲ့ထည့်လာလေ၊ ဘာလို့ ဒီအတိုင်းကြီး ကိုင်လာတာလဲ၊ လုပ်လိုက်မှဖြင့် တလွဲချည်းပဲ၊ နင့်ကြောင့် ငါ စိတ်ညစ်ပါတယ်၊ ဒီအအေးလေးနှစ်ခွက်ဖျော်နေတာလဲ တစ်နှစ်လောက်ကြာနေပြီ"

"ဟုတ်ကဲ့ အိမ်ကြီးရှင်၊ အခုပဲ ဗန်းသွားယူလိုက်ပါ့မယ်၊ ခဏလေးပါ"

ယုန်လည်း ရှက်ကြောက်ကြောက်နှင့် ထမင်းစားခန်းထဲပြန်ဝင်လာရ၏။ လန့်စရာကြီး။ နှုတ်ခမ်းမွေး နှစ်ယောက်က ယုန်ဖြူ့ကို စားမတတ်ဝါးမတတ်စိုက်ကြည့်နေ၏။ ဗန်းပေါ်တင်ပြီး ပြန်ယူလာခဲ့၏။

"တစ်ရှူး မေ့လာခဲ့ပြန်ပြီ မဟုတ်လား"

"ဟုတ်ကဲ့၊ သွားယူလိုက်ပါ့မယ်"





တစ်ရှူးပြန်ယူနေစဉ် သူတို့ချင်း ပြောနေသံတွေ ယုန်ဖြူ့နားထဲ ဒိုင်းခနဲကြားလိုက်ရ၏။

"အဲဒါ အိမ်ဖော်အသစ်ကလေးလား၊ မတန်လိုက်တာဗျာ၊ လှချက်ကတော့ စက်စက်ယိုပဲ"

"ဟုတ်တယ်၊ ဘာလဲ စိတ်ဝင်စားလို့လား"

"ဝင်စားတာပေါ့၊ ဒီအိမ်ဖော်မျိုးဆို တစ်လတစ်သိန်းတောင် ပေးသေးတယ်"

"နည်းတာပေါ့ ကိုမောင်မောင်တင်ရယ်၊ ပုလဲတစ်ကုံး မြတစ်လုံးဆိုရင်တော့ အဆင်ပြေမယ်ထင်တာပဲ"

နှုတ်ခမ်းမွေးနှင့် မျက်ပြူးက နှုတ်ခမ်းမွေးသပ်ပြီး စဉ်းစားသွား၏။ ကျန်နှုတ်ခမ်းမွေး မျက်မှေး။ ထိပ်ပြောင်နှင့်လူက မုတ်ဆိတ်မွေးသပ်ရင်းက...

"တကယ်လဲမှာလား ကြည်ကြည်ခန့်ရယ်၊ တို့က အပိုင်သိမ်းမှာနော်"

"ပွဲဖြစ်ရင် အိုကေမှာပါ ကိုထွန်းအုံရဲ့"

"ဟား ဟား ဟားဟား ကြိုက်ပြီကွာ၊ ကြိုက်သွားပြီ"

"ဟုတ်တယ်ဗျို့၊ ပုဆစ်ပျိုလေးအတွက်ဆို ကျုပ်တို့ညီအစ်ကိုက ဒီခေတ်စကားနဲ့ လာထားပဲ၊ ဟား ဟား ဟား ဟား"

ယုန်လေးရင်ထဲ ဒိန်းခနဲ အသိတရားတွေ ချာချာလည်ထွက်သွားမတတ်။ မတ်မတ်တောင်မရပ်ချင်တော့။ သူတို့တွေရဲ့ ဆက်ဆံရေးက



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလဲ။ ဘယ်လိုစကားတွေလဲ။ ငွေရမယ်ဆို ချေးမကိုတောင် ဘာညာသာရကာလုပ်ရဲတဲ့ ဒေါ်ကြည်ကြည်ခန့်ပါလား။ ပြောတော့ လူကြီးလူကောင်းတွေတဲ့။ သူတို့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလောကထဲက လက်မရှုံ့တွေများလား။

ယုန်ခများ ကြောက်လန့်လွန်းလို့ တစ်ရှူးလေး သွားချပေးတာ ဖေ. ၁၆ လက်တွေ တဆတ်ဆတ်တုန်နေမိ၏။

ဦးမောင်မောင်တင် ဆိုတဲ့လူက ယုန့်လက်ကလေးကို ပိုင်စိုးပိုင်နင်းနှင့်ဆွဲကိုင်လိုက်၏။

"ကြည့်စမ်း၊ အသားအရေကောင်းခြင်းနဲ့လဲ ပြည့်စုံတယ်ဗျာ၊ နုဖတ်ဝင်းမွတ်နေတာပဲ၊ ဘာလို့ လက်တွေတုန်နေတာလဲ၊ မိန်းကလေး ဦးကို မကြောက်ပါနဲ့ ဦးက လူကောင်းပါ၊ ..... ဟုတ်တယ်လို့ ထောက်ခံလိုက်စမ်းပါ မကြည်ရဲ့"

"ဟုတ်ပါသတဲ့ရှင်၊ ဟုတ်ပါသတဲ့၊ အကောင်းတွေစား အကောင်းတွေဝါးတဲ့ လူကြီးလူကောင်းတွေပါနော်"

"ဝါး ဟား ဟား ဟား ဟား ဟား"

ယုန်ဖြူ လက်ကို ပြန်ရုန်း၏။ မလွတ်။ ပိုမိုဖျစ်ညှစ်ဆုပ်ကိုင်လာ၏။ ဒေါ်ကြည်ကြည်ခန့်က ဒီနှာဘူးကြီးတွေနှင့်လိုက်ရယ်ဖို့ပဲ သိ၏။ ယုန်ဖြူ ဘာဖြစ်ဖြစ် မသိကျိုးကျွန်ပြုနေ၏။ ဒေါ်ကြည်ကြည်ခန့် ကိုယ်တိုင်ရော လွတ်ရဲ့လားမသိ။ နယ်စပ်တွေကို ခရီးထွက်ချောင် တစ်လလောက် ကြာတတ်သတဲ့။ ကိုကို့ကို ရွှေဆိုင်ထိုင်ခိုင်းခြင်းမှာ လုပ်ငန်း





ဗန်းပြသက်သက်သာ။ ရွှေဆိုင်အငယ်စားလေးပါ။ ဗိုလ်ချုပ်ဈေးထဲမှာက ဆိုင်သေးမျိုးလေးတွေပေါ့။

"ကျွန်မကို သွားခွင့်ပြုပါ"

"မသွားပါနဲ့ ကိုကြီးသောအားမှာ လာထိုင်စမ်းပါ၊ ထိုင်ခ မုန့်ဖိုးပေးမှာပေါ့"

ယုန်ဖြူ ရင်နာပြီးရင်းနာလာ၏။ ချေးမကို အိမ်ဖော်လို့ပြောရက်ရ၏။ ယောက္ခမရှေ့မှောက်မှာ ယောက္ခမရဲ့ ညီသည်တွေက လက်ကိုင်ပြီး သားပြောမယားပြောတွေ ပြောခံနေရ၏။

ယုန်ဖြူ လက်ကိုဆောင့်ရုန်းပြီး ထမင်းစားခန်းထဲ သွက်သွက်လှမ်းဝင်လာလိုက်၏။ နံရံမှာကျောကပ်ပြီး စိတ်အပူမောကိုမှုတ်ထုတ်ကာ အသက်မရှူရဲလောက်အောင် နားစွင့်ထားလိုက်မိ၏။

"မကြည် ဒီကောင်မလေးက အလာလေးပါလားဗျ၊ အစစ်ကလေးမို့ ကြောက်ရွာတယ်နဲ့တူပါတယ်"

"အသည်းငယ်တာလေ ကိုမောင်မောင်တင်ရဲ့၊ နာမည်ကိုက ယုန်ဖြူ တဲ့"

"ယုန်ဖြူ လိုက်ဖက်ပါရဲ့ဗျာ၊ မကြည်က အရွယ်တော် တဆိတ်ကိုင်းပြီး ဒါလေးနဲ့သာ ကျောက်လောကထဲ ပတ်မွှေ ဆွဲဆောင်လိုက်ရင် အငိုက်မိခံရမယ့်ကျောက်သမားနှာဘူးတွေ ရှုံးကုန်ကြမှာပဲနော်"

"ဟုတ်ပ့ါရှင် ဟုတ်ပါ၊ ဟင်း ဟင်း ဟင်း ဟင်း"

"ကဲ ကျုပ်တော့ အသည်းယားလာပြီဗျာ၊ ကျောက်တစ်ခုံး



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကျုပ်တို့ကိုဖျော်ဖြေဖို့ ဒီကလေးမလေးကို အခုပဲ ကျုပ်တို့နဲ့ထည့်လိုက်”

“အို … ကိုမောင်မောင်တင်ကလဲ ဖွတ်ကြီးပါလား၊ အခုလာပြတဲ့အထဲက ကြိုက်တာတစ်ခုပေးလိုက်ရင်လဲ ဖြစ်ပါတယ်။ ပစ္စည်းကောင်းရင် ဈေးကြီးပေးရတာတတ်တယ်လေ၊ ဖြစ်တယ်ဟုတ်”

“ဖြစ်ပါတယ်၊ ပါတ်ကင်ပိတ်ပစ္စည်းဆို ပိုဈေးကြီးတာပေါ့၊ ကဲ … ပြလိုက်စမ်းကွာ ဈေးအကြီးဆုံးရွေးချင်လဲရွေး၊ ဒီကိစ္စမျိုး စိတ်ပါလာပြီဆိုရင် ဘယ်လောက်ကုန်ကုန် ကျုပ်က ရင်းတတ်တယ်”

“ဒါကိုသိလို့ ဒီလိုကြံရတာပေါ့ရှင်၊ ဟင်း ဟင်း ဟင်း”

ဒေါ်ကြည်ကြည်ခန့်တို့ အတိုင်အဖောက်ညီနေတာကို နားထောင်ပြီး ယုန်လေး ဒေါ်လည်းကန်၏၊ ကြောက်လည်းကြောက်၏။ ခဏအကြာ တီးတိုးပြောပြီးနောက် …

“မိယုန်ရေ … မိယုန်ဖြူ”

“ရှင် အိမ်ကြီးရှင်”

“ဒီကိုလာခဲ့”

“ဟုတ်ကဲ့”

ယုန် မသွားချင်ဆုံးနေရာကို ဒေါ်နေ၍ ယုန်လည်း မငြင်းဆန်ဝံ့တာနှင့် တွန့်ဆုတ်တွန့်ဆုတ်ကလေး ရောက်သွားရ၏။

“ကဲ မိယုန်ဖြူ ငါ ခြေထောက်နာပြီး ခေါင်းတွေလဲကိုက်နေလို့ ဟောဒီလူကြီးမင်းတွေနဲ့ ခဏလိုက်သွားလိုက်၊ ငါမှာထားတဲ့ကျောက်





တွေကို ဒီလူကြီးမင်းတွေက ပေးလိုက်လိမ့်မယ်၊ ငါ မလိုက်နိုင်လို့ နင့်ကို လူယုံအနေနဲ့ခိုင်းတာ နားလည်လား”

“ဟုတ် … ဟုတ်ကဲ့”

“လာ ညီမလေး သွားကြနို့”

“အို … လက်ကိုအတင်းမဆွဲပါနဲ့”

“ဟဲ့ မိယုန် လူကြီးလူကောင်းတွေကို ကောင်းကောင်းမွန်မွန်ဆက်ဆံစမ်း၊ ဘာလို့ရိုင်းပျနေရတာလဲ၊ တယ်လေ ငါ လုပ်ထည့်လိုက်ရ”

“ဟင့်အင်း ကျွန်မ သူတို့နဲ့မလိုက်ချင်ဘူး၊ တခြားတစ်ယောက်ယောက်ကို ခိုင်းလိုက်ပါ”

“အရေးကြီးတဲ့ပစ္စည်းမို့လို့ နင့်ကိုယုံပြီးခိုင်းတာ၊ ငါက လိုက်ဆိုလိုက်၊ သူတို့ကားနဲ့ခေါ်သွားပြီး ချက်ချင်း ကားနဲ့ပြန်ပို့မှာ၊ ညည်းက ဘာကို စိုးရိမ်နေရတာလဲ”

“အမေ အဲဒီလို သမီးကိုမလုပ်ပါနဲ့၊ သမီး တောင်းပန်ပါတယ်”

“ဘာအမေလဲ၊ အိမ်ဖော်မကများ ငါ့ကို ရာရာစစ၊ ငါ လုပ်ထည့်လိုက်ရ၊ ဟဲ့ နောက်ကမိန်းမတွေ အခုတက်လာကြစမ်း၊ မြန်မြန်လာခဲ့ကြ။

အိမ်ဖော်မကြီးကော မိအေးပါ အမြန်ရောက်လာကုန်ကြ၏။ ဒါကျ တော့ နားပါးကြသား။

“ဒီကောင်မ ငါ့ကိုအာခံနေတယ်၊ ငါခိုင်းတဲ့အတိုင်းမလုပ်ရင် နင်တို့ ဒီကောင်မကို ဝိုင်းရိုက်ကြ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမကြီး"

"ဟဲ့ ... လိုက်သွား"

"ကျွန်မ မလိုက်ဘူး"

"ရိုက်ကြစမ်း"

"ဖောင်း"

"ဘုတ်"

ယုန်ဖြူ ဇက်ပိုးအုပ်ခံရ၏။ ကျောထုခံရ၏။ အသားထိလာလေ မဟုတ်မခံစိတ်က ဒေါသတလူလူနှင့် ရန်ကြွလာ၏။

"လိုက်သွား"

"ကျွန်မမှာ ကာမပိုင်ယောက်ျားရှိတယ်၊ ကျွန်မ အိမ်ဖော်လဲ မဟုတ် ဘူး။ မလိုက်နိုင်ဘူး"

"အောင်မယ် ကောင်မ မဟုတ်မဟတ်လုပ်ဇာတ်တွေထွင်ပြော ပြီး အာခံရဲတယ်ပေါ့၊ ရိုက်ကြစမ်း"

အိမ်ဖော်အဒေါ်ကြီး မရိုက်ခင် ယုန်ဖြူက အိမ်ဖော်အဒေါ်ကြီးရဲ့ မျက်နှာကို လက်သီးဖြင့် ပိတ်ထိုးပစ်လိုက်၏။

"ခွပ်"

"အောင်မလေး သေပါပြီ အမေတို့ရဲ့"

အိမ်ဖော် မိအေးက ကျောကိုလှမ်းအထုမှာ ယုန်က လက်ကိုဖမ်း ဆွဲပြီး မိအေးရဲ့ ပါးကို ဂျပန်ရိုက် ရိုက်ပစ်လိုက်၏။

"ဖြန်း"





"ဖြန်း"

"ဖြန်း"

"ဖြန်း"

"အား... အီးဟီးဟီးဟီး ... အန်တီ ကျွန်မ သွားနှစ်ချောင်း ကျွတ် သွားပြီ၊ နာတယ်"

နှစ်ယောက်စလုံး ယုန်ဖြူ အနားကို မကပ်ရဲတော့။ ဝေးရာ ရှဲကုန် ကြ၏။ ဒေါ်ကြည်ကြည်ခန့်က ဝုန်းခနဲ ဒတ်တတ်ရပ်လိုက်ပြီး နံရံမှာ ကပ်ထားသောကျာပွတ်ကို ဆွဲဖြုတ်လိုက်၏။

"အမေ ဒီလိုမလုပ်ပါနဲ့"

"ရှမ်း"

"အား"

ယုန်ဖြူ လက်မောင်းကို တစ်ချက်ရိုက်မိသွား၏။ နာလိုက်သည့် ဖြစ်ခြင်း။ နောက်တစ်ချက် ကျောကိုထိ၏။ နောက်တစ်ချက်ရိုက်ဖို့ အပြင်မှာ ကျာပွတ်ကို မိမိရရလှမ်းဆွဲပြီး ဒွတ်လုပ်ပစ်လိုက်၏။ ကျာ ပွတ် ယုန်ဖြူ လက်ထဲပါလာသောအခါ ဒေါ်ကြည်ကြည်ခန့် ထိတ်လန့် သွား၏။ လူကြီးမင်း နှုတ်ခမ်းမွေးတွေကလည်း မှင်တက်ကြည့်ငေးနေ ကြဆဲ။ ဒေါ်ကြည်ကြည်ခန့်ကို ပြန်ရိုက်ဖို့အပြင်မှာ ...

မလုပ်သင့် မလုပ်ထိုက်သောအလုပ်ဆိုတာ သိလိုက်၍ ကျာပွတ် ကို ပြန်ချလိုက်၏။ ယောက္ခမဆိုတာလည်း မိဘလိုသဘောထားရသူ တွေပါပဲလေ၊ ကျာပွတ်ကို လွှတ်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းတို့ ကြည့် အစွမ်းနဲ့တော့ မရတော့ဘူး။ လူကြီးမင်းတို့ ဘာသာပဲ အတင်းအဓမ္မဆွဲခေါ်သွားကြတော့။

ဒီတော့မှ သားစားကျားတွေလို ခုန်ထလာပြီး ယုန်ဖြူ့လက်ကို အတင်းဆွဲလွဲကုန်ကြ၏။ တစ်ယောက်က ယုန်ဖြူရဲ့ဇက်ပိုးကို လက်ဝါး စောင်းဖြင့်ခုတ်လိုက်၍ ယုန်ဖြူ မေ့ခနဲ မိုက်ခနဲဖြစ်ကာ ပျော့ခွေလဲကျ သွားရတော့လေသည်။ ယုန်ဖြူ ဘာဆိုဘာမှ မသိ တော့။





မေ့ကြောကိုထိသွား၍ ယုန်ဖြူ မိနစ်ခွဲခန့် မေ့မြောသွား၏။ သတိ ပြန်ရလာတော့ ကားနောက်ခန်းထဲမှာ ခွေခေါက်ခေါက်လေးဖြစ်နေ၏။

ကားရှေ့ခန်းထဲမှာ နှုတ်ခမ်းမွေးနှစ်ကောင်။ ယုန်ဖြူ အသာထပြီး ကားမောင်းနေသူရဲ့ ဆံပင်ကို နောက်ကဆောင့်ဆွဲကာ နားရွက်ကို ...တ် ကိုက်ပစ်လိုက်၏။

"အား"

ကားက ဟိုဒီယိမ်းထိုးပြီး စူပါမားကက်ကြီးတစ်ခုရှေ့မှာ ရပ်တန့် သွား၏။ ဘေးကနှုတ်ခမ်းမွေးက ယုန်ဖြူရဲ့ဇက်ပိုးကို လက်ဝါးစောင်း ဖြင့်ခုတ်ဖို့အပြင်မှာ ကားဘရိတ်ဆောင့်အုပ်ရပ်လိုက်၍ ဟန်ချက်ပျက် ပြီး ရှေ့ကို ဟပ်ထိုးငိုက်သွား၏။

ယုန်ဖြူလည်း သွေးထွက်ရှံလောက်သာကိုက်ပြီး သွေးစတွေကို ထွေးထုတ်ကာ ကားနောက်ခန်းထဲမှ အမြန်ထွက်၏။ ခြေဦးတည့်ရာ ...ပြေးမိတော့၏။ ကားပေါ်က ဒေါကန်ပြီး နားကို လက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



အုပ်သူအုပ်၊ ဖြူးဖြူးပြိုပြိုရှာသူရှာနှင့် နွတ်ခမ်းမွေးနှစ်ကောင် ယုန်ဖြူကိုတွေ့သွားပြီး ...

"ဟိုမှာ စူပါမားကက်ထဲဝင်ပြေးနေပြီ၊ ဘယ်လိုလုပ်မလဲ"

"မိအောင်လိုက်မယ်၊ တော်... ငါ့နားရွက်ကို ကိုက်သွားတဲ့ခွေးမ မိအောင်ဖမ်းပြီး နပ်နပ်စဉ်းပစ်လိုက်မယ်၊ လိုက် ..."

"ဟော့ကောင် ဖြစ်ပါ့မလား၊ လူကြားထဲမှာ"

"လိုက်ဆိုလိုက်ကွာ၊ မိဖို့ကအဓိကပဲ၊ မကြည်က တို့ပစ္စည်း ယူထားလိုက်ပြီးပြီ၊ ဒါ တို့ပိုင်တဲ့ကောင်မ၊ လိုက် ..."

နှစ်ယောက်သား စူပါမားကက်ထဲကို ပြေးလိုက်သွားကြ၏။ ယုန်ဖြူ လွတ်ပြီအထင်နှင့် နောက်လှည့်ကြည့်လိုက်တော့ နှစ်ယောက်သား ရဲရဲတင်းတင်းပင် ပြေးလိုက်လာကြ၏။

"ဟော့ကောင် လုံခြုံရေးတွေ၊ ဒီလိုလိုက်လို့ ဖြစ်ပါ့မလားကွ"

"ဖြစ်တယ်၊ ငါတို့ စိန်ကျောက်တွေ ခိုးပြေးသွားတယ်လို့ လုပ်ကြံလိုက်ရင် ဒီကောင်မကို ဝိုင်းတောင်ဖမ်းပေးကြဦးမယ်"

ယုန်ဖြူ ကြောက်လန့်တကြားဖြင့် စူပါမားကက်ထဲ အတင်းဝင်ပြေး၍၏။ နောက်ကလည်း ထက်ကြပ်မကွာလိုက်၏။ လူတွေက ဝင်ပေါက်မှာတင် ရှုပ်ယှက်ခတ်နေ၏။

မိန်းမဝဝကြီးတစ်ယောက်နှင့်ရောကပ်ပြီး ယုန်ဖြူ အထဲဝင်လိုက်၏။ လုံခြုံရေးတွေက မိုင်းရှာကိရိယာနှင့် လိုက်စစ်ကြည့်နေကြ၏။ နှုတ်ခမ်းမွေး နှစ်ကောင်ကလည်း အရှိန်တန့်ပြီး ကုတ်အင်္ကျီရှေ့ ပြုပြင်





လိုက်ပြီး မှင်မောင်းနှင့် အထဲကို ခပ်တည်တည်လိုက်ဝင်လာလေသည်။

ဆိုင်ခန်းမျိုးစုံမှာ ဈေးဝယ်သူ၊ လမ်းလျှောက်သူတွေကို ကွေ့ရှောင်ပြီး စက်လှေကားပေါ် ပြေးတက်လိုက်၏။ နောက်ကနေ မျက်ခြည်မပြတ်လိုက်လာသောနှုတ်ခမ်းမွေးတို့ကြောင့် နောက်ထပ် စက်လှေကားပေါ် ပြေးတက်လိုက်ရပြန်၏။ ခြောက်ထပ်မြောက်ရောက်သည်အထိ တက်လာ၏။ နောက်ကလည်း လိုက်တက်လာ၏။

လင်းယုန်တစ်ယောက် စိတ်ခလပြီးလျှောက်သွားနေရာက စူပါမားကက်ထဲမှာ ခေါင်းလိမ်းဆီနှင့် အမျိုးသားသုံး ရေမွှေးဝယ်ဖို့ ရောက်လာ၏။ ဝယ်ပြီးတာနှင့် စိတ်အေးလက်အေး ကော်ဖီဆိုင်သန့်သန့်လေးမှာ ဝင်ထိုင်နေဖြစ်၏။ ဒီမားကက်ထဲကို သူ့ညီမ ယုန်ဖြူ ရောက်လာပြီး ဒုက္ခရောက်နေတာကို မသိသေး။ ထို့ပြင် ...

ဒေါက်တာပိုးလွှန်းနွယ်တစ်ယောက် မောင်လေးမင်းခန့်ထည်တို့ ဇနီးမောင်နှံအတွက် အမှတ်တရလက်ဆောင်ပေးဖို့ ဖန်စီပစ္စည်းဆန်းဆန်းလေးတွေ လိုက်ရှာဝယ်နေမိ၏။ မောင်လေး အာကာကို အရိုးအကြောနှင့်ကုသပြီး ညာလက်ကောက်ဝတ်ကို ကျောက်ပတ်တီးကိုင်ပေးထား၏။ ဒေါသတရှုံ့ရှုံ့ထွက်နေသော မောင်လေးကို တရားသဘောနှင့်ချော့ရင်း ကိုယ်ပါ တရားရနေမိ၏။

ဒေါသ ဟူသည် ကောင်းကျိုးမရှိ။ လောဘ၊ မောဟ၊ မာန်မာနတွေသည်လည်း ကောင်းကျိုးမရှိ။ ဝဋ်ကြွေးတဲ့တင် မလည်စေချင်မေတ္တာထား၍ ခမေတ္တာပြန်လာမည်။ လင်းယုန်ရဲ့ ရိုက်ချက်ကို ခံပြီး



www.burmeseclassic.com

www.burmeseclassic.com



ကတည်း က ပိုးရဲ့စိတ်တွေ မထက်သန်တော့။ မာန်မာနတွေလည်း မခက်ထန်တော့။

ပိုးလိုမိန်းမရဲ့ပါးကို ရိုက်ရဲတဲ့လူ ဘယ်သူမှမရှိ။ ပိုးလိုမိန်းမတို လှန်ရဲတဲ့သူ ဘယ်သူမှမရှိ။ ရုတ်တရက်ရှိလာတဲ့လူကြောင့် ...

ပိုးခမျာ လင်းယုန် ဆိုတာ စိတ်ဝင်စားစရာယောကျ်ားတစ်ယောက် ဖြစ်လာ၏။ အိပ်ပျော်နေသည့်နှလုံးသားကို ရိုက်နှိုးလိုက်သလိုပင်။

ပိုးတစ်ယောက် တစ်ဖက်ဖန်စီဆိုင်ဆီ ဖြတ်အကူး ...

အူယားဖားယားပြေးလာသော မိန်းကလေးတစ်ယောက်...။

လင်းယုန်ကလည်း ကော်ဖီဆိုင်ထဲကအထွက် စကြံလမ်းတစ်ခု ထဲအပေါ်မှာ ...

ဆုံမှတ်ဖြစ်ပေါ်လာမှုတွေ မြန်ဆန်သွား၏။

လင်းယုန်က ပိုးအနားကိုရောက်သွား၏။ ပိုးကို လင်းယုန် တွေ့လိုက်စဉ် အံ့ဩငေးမောမိလိုက်၍ ဘေးနားကဖြတ်ပြေးသွားသော ယုန်ဖြူကို သတိမထားမိလိုက်။

ပိုးကတော့ ယုန်ဖြူကို ကွက်ကွက်ကွင်းကွင်းတွေ့လိုက်ရ၍ အံ့ဩသွား၏။ နောက်က ဘာတွေလိုက်လာတာလဲလို့ လှည့်ငေးနေစဉ် ...

နှုတ်ခမ်းမွေးနှစ်ယောက်က ရှေ့က လမ်းပိတ်ခံသလိုဖြစ်နေသော ပိုးကို ဆွဲတွန်းပစ်လိုက်၏။ ဆွဲတွန်းရှိန်များလွန်း၍ စကြံလမ်း တစ်ဖက်က အလှဆောက်ထားသောဝရန်တာလက်ရန်းကို ခါးနှင့်





ပစ်တိုက် လွန်ကျသွား၏။ ဒါကို သတိရှိရှိနှင့် လင်းယုန်က အမြန်ဖမ်း ထိန်းလိုက်၏။

လင်းယုန့်သာမကယ်လျှင် ခြောက်ထပ်အမြင့်ရှိသော အဆောက် အအုံရဲ့အလယ်ဗဟိုကွင်းပြင်ကွက်လပ်ထဲ လွင့်ကျသေဆုံးသွားနိုင်၏။

ပိုဆိုးတာက လန့်ပြီး နှလုံးသွေးရပ်သွားမတတ်ဖြစ်ကာ ဒူးဆတ် ဆတ်တုန်အောင်ကြောက်သွားမိ၏။ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မဖြစ်ဖူးသောအဖြစ်။ အသေဆိုးမည့်အဖြစ်ကနေ ကပ်သီသီလွတ်သီလေး လွတ်လာရသဖြင့် ကြောက်သေးဖြန်းဖြန်းပါမိလေတော့သည်။

ကြောက်လိုက်တာ၊

ရှက်လိုက်တာ၊

လန့်လိုက်တာ။

ရင်ထိတ်ပြာဝေမှုးချင်လေလေနှင့် ယိုင်ထိုးနေသော ပိုးကို လင်း ယုန်က တယုတယပွေ့ရင်း ...

"ဒေါက်တာ ... မမဒေါက်တာ ... ဒေါက်တာပိုးလွန်းနွယ်၊ ဘာမှ မဖြစ်တော့ဘူး၊ အန္တရာယ်ကင်းသွားပြီ"

"အို ... ဟင် ... လင်း...လင်းယုန်"

"ဟုတ်တယ်၊ ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေရတာလဲ"

"ဈေးလာဝယ်တာ၊ ခုနက ..."

"လူမိုက်ရုပ်နဲ့ နှစ်ကောင် ပြေးလာတဲ့အရှိန်နဲ့ ဆောင့်တွန်း ဆွဲချ သွားတော့ကောင်းလို့ အောက်ကို ပြုတ်မကျတာယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားကယ်ဘာ၊ ပြီးတော့ မင်း ... လင်းယုန် ကယ်လိုက်တာ"

လင်းယုန်က လှုကြားထဲ ရှုပ်ထွေးသွားတာကိုသာ လှမ်းမြင်ရ၏။ ယုန်ဖြူကို ပီပီပြင်ပြင် မမြင်ရ။

"အဲဒီနှစ်ကောင်ကို ကိုယ် လိုက်ဆုံးမလိုက်မယ်"

"လိုက်... လိုက်ရမယ်၊ ခုန လူမိုက်နှစ်ကောင်က နောက်က အတင်းလိုက်နေတာ၊ ယုန်ဖြူမှာ အန္တရာယ်ရှိတယ်၊ လိုက်"

"ဟုတ်လား၊ လိုက်မယ်၊ ဒေါက်တာ ကိုယ့်ဘာသာကိုယ် ဂရုစိုက်ပါ၊ အနံ့တွေထွက်နေတယ်၊ ရော့ ဒီရေမွှေးလေးဖွတ်လိုက်၊ အသင့်ဝတ်သွား လို့ရတဲ့ဆိုင်မှာ ထဘီဝင်လဲလိုက်၊ သွားပြီ"

လင်းယုန် ပြေးထွက်သွား၏။ အောက်ထပ်ကို ပြန်ဆင်းနေတာ တွေ့လိုက်ရ၏။ အမြင့်ပေါ်မှလှမ်းတွေ့လိုက်ရ၏။ ဟုတ်နေပြီ။ ညီမလေးယုန်ဖြူ ကြောက်လန့်တကြားပြေးနေရှာ၏။ နောက်ကလိုက်တဲ့ နှစ်ကောင်ကို အမှုန့်ထောင်းပစ်ချင်စိတ်ပေါက်သွား၏။

လင်းယုန်တစ်ယောက် စက်လှေကားလက်ရန်းပေါ်ကနေ လျှောစီးချလိုက်၏။ သူတို့ထက် လျင်မြန်စွာရောက်လာ၏။ ရှေ့ကပိတ်ဆီးလိုက်ပြီး ...

"ယုန်ဖြူ"

"အစ်ကို ... ကို"

ယုန်ဖြူက လင်းယုန်ကို အားကိုးတကြီး ပြေးဖက်၏။ လင်းယုန်က ဆီးဖက်လိုက်ပြီး ...





"ဘာဖြစ်လာတာလဲ ညီမလေး"

"နောက်မှာ အန္တရာယ်ကောင်တွေ ညီမလေးကို မတရားသိမ်းပိုက် ဖို့လိုက်နေတယ်"

"နင့်ယောက်ျားကော၊ ဒီကောင် ဘာလို့မစောင့်ရှောက်တာလဲ"

"သူမသိဘူး၊ အလုပ်သွားနေလို့"

နောက်ကလိုက်လာသော နှုတ်ခမ်းမွေးနှစ်ကောင် အနားရောက်လာ၏။ လင်းယုန်ကိုတွေ့တော့ ခြေလှမ်းတွေတုံ့တန့်သွား၏။ လင်းယုန် အဖို့ ဘာစကားမှ ပြောစရာမလိုတော့။

ပြေးပြီး ဒူးနှစ်ဖက်နှင့်ခုန်တိုက်ပစ်လိုက်၏။

"ဒုတ် ... ဒုတ်"

"အီး ... အား"

ငမိုက်သားနှစ်ကောင် ဒူးပျံစာမိပြီးနောက် ပက်လက်လန်လဲကုန်၏။ လင်းယုန်က မုဆိုးဒူးထောက်အထိုင်နှင့် ကြောင်ကျကျ၏။ ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး ပြန်ထလာသော နှုတ်ခမ်းမွေးတစ်ကောင်၏ မျက်နှာကို ဖနောင့်နှင့်ဆောင့်နင်းလိုက်၏။

"အား"

နောက်တစ်ယောက် ကုန်းထလာစဉ်မှာ နံကြားတွေကို ဘောလုံးကန်သလို လှိမ့်ကန်ပစ်လိုက်၏။

"ဘုတ် ဘုတ် ဘုတ်"

"အာ"



www.burmeseclassic.com

နှစ်ကောင်စလုံး မထနိုင်တော့။ လုံခြုံရေးတွေ အပြေးအလွှား ရောက်ချလာ၏။

"ကျုပ်တို့ ဆိုနီကျောက်တွေကို အား ... ကျွတ်... ကျွတ် ဒီကောင်မလေး ခိုးသွားလို့ဗျ"

စကားပြောနိုင်သေးသောနွတ်ခမ်းမွေးက လုပ်ကြံလီဆယ်ပြီး ပြော၏။ ယုန်ဖြူက အသည်းအသန်ငြင်း၏။ နောက်ဆုံး တာဝန်ခံရဲ့ ရုံးခန်းဆီရောက်သွား၏။

ဒီတော့မှ အဖြစ်သနစ်အမှန်တွေ ပေါ်ထွက်လာ၏။ ရုံးခန်းထဲ အထိ ပိုးလွန်းနွယ် လိုက်ပါလာ၏။ ထဘီအသစ်ကလေးဝယ်ဝတ်ထားလို့ပေါ့။ မမျှော်လင့်ထားတဲ့စကားတွေကြားပြီး အံ့သြတုန်လှုပ်မျက်ဝန်းပြူးလေးနှင့်ပေါ့။

လင်းယုန်ကတော့ လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကြိတ်ထား၏။ ယုန်ဖြူကတော့ ငိုလို့မဆဲ။ နွတ်ခမ်းမွေးနှစ်ကောင်ကတော့ ခေါင်းငိုက်စိုက်ချလို့ပေါ့။





လင်းယုန်က ယုန်ဖြူကို အိမ်ပြန်ခေါ်လာ၏။ အိမ်ရောက်တော့ မိခင်ဖြစ်သူကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်၏။

"အမလေး အိမ်ကြီးရှင်တို့ လုပ်ရက်လိုက်တာ"

"အမေ ဘာမှခံစားမနေနဲ့တော့၊ အမေ့သမီးကို အိမ်မှာပဲခေါ်ထား၊ သူ့ယောက်ျား လိုက်လာလဲ လုံးဝ ပြန်ထည့်မပေးနဲ့"

ဒေါ်သန်းရင်ခမျာ မျက်ရည်စမ်းစမ်းနှင့်ဖြစ်နေ၏။ သားအမိ နှစ်ယောက် ဖက်ငိုလိုက်ကြတာ တစ်နာရီလောက်ကြာ၏။

"အေးပါ ငါ့သားရယ်၊ တော်သေးတာပေါ့ အမေ့သမီးလေး ရေတိမ်မနစ်လို့"

"အမေကလဲ ရေတိမ်နစ်ပြီးပြီ၊ ခုဟာက ဖွက်နစ်တာဗျ။ ညီမလေး ကိုယ့်ဘာသာ အပျိုလိုပြန်နေ၊ လင်မယားကွဲလာတယ် ပတ်ဝန်းကျင်က အပြောအဆိုတွေကို ခုထိုင်ထားလိုက်၊ ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် အစ်ကို၊ ညီမလေးလဲ အဲဒီအသိုင်းအဝိုင်းကို ကြောက်သွားပါပြီ၊ အမြင်မှန်ရပါပြီ၊ အမေနဲ့ပဲ တစ်သက်လုံးနေတော့မယ်"

ယုန်ဖြူ ပြောရင်း မျက်ရည်တွေစီးကျလာပြန်၏။ လင်းယုန် အပြင်ထွက်လာလိုက်၏။ ဒေါ်ကြည်ကြည်ခင်နှင့်ကို စာရင်းရှင်းဖို့ ညနေစောင်းမှာ ထွက်အလာ ...

လင်းယုန် လမ်းလျှောက်နေသော ပလက်ဖောင်းဘေးနားကို ကားတစ်စီး ထိုးရပ်လာ၏။ ယခင်ကဆို ဇရာရဲ့ကားမှန်း လှည့်ကြည့်စရာမလို။ ယခု ကားစက်သံက ပိုမိုညက်ညော၍ လှည့်ကြည့်လိုက်တော့ ...

"ဟင် ... ဒေါက်တာ"

"ဟုတ်တယ် လင်းယုန်၊ တို့ မင်းနဲ့ စကားနည်းနည်းပြောချင်လို့ အချိန်ပေးနိုင်မလား"

"ကိုယ့်မှာ စာရင်းရှင်းစရာရှိတယ်၊ လက်လွန်ရင် ထောင်ထဲရောက်မှာပဲ၊ ထောင်ထဲမရောက်ခင် ဒေါက်တာ့ရဲ့စကားတွေ တစ်ခွန်းကြီး ကြားသွားချင်သေးတယ်"

"မင်း ရာဇဝတ်မှုသင့်မှာစိုးလို့ တို့ကိုယ်တိုင် ကြွတင်လာတာပါ။ ဒီလို မင်း နာကျင်နားကြည်းလက်တုံ့ပြန်ချင်တဲ့အချိန်မှာ တားနိုင်မယ့်လူဟာ တို့ပဲရှိတယ်လို့လဲထင်လို့ပါ"

လင်းယုန်က မြေပြင်ကို ဖိနပ်ဦးနှင့်ရုပ်ထိုးပြီး စဉ်းစားနေ၏။

"လင်းယုန် ကားပေါ်တက်လေ၊ အအေးဆိုင်လေးတစ်ဆိုင်





သွားထိုင်ပြီး စကားပြောကြတာပေါ့"

လင်းယုန် ကားပေါ်တက်လိုက်၏။ ကားမောင်းထွက်လာ၏။ ရှင်းသန့်ခေတ်မီ မွှေးပျံ့နေသောကားလေး။ အဲယားကွန်းလွှတ်ထား၍ အေးစိမ့်နေ၏။

"ငွေရှိတဲ့လူတွေရဲ့ကားကျတော့ နေပူဒဏ်တောင်ခံစားဖို့မလိုဘူးနော်၊ အေးဆေးပဲ"

"သူများလိုဖြစ်အောင်ကြိုးစားပေါ့"

"ဒေါက်တာတို့လို ပညာမှမတတ်ခဲ့တာ"

"အရင်းအနှီးရှာပြီး ကြီးပွားအောင်လုပ်ပေါ့"

"လုပ်မှာပါ၊ ဒေါက်တာပြောချင်တာ ဒါတွေပဲလား"

"မဟုတ်ဘူး၊ ပိုအရေးကြီးတာရှိသေးတယ်၊ ရှေ့မှာ အအေးဆိုင်ရောက်ပြီ၊ အအေးသောက်ပြီး ပြောကြတာပေါ့"

အအေးဆိုင်လေးက အရှေ့တိုင်းဆန်ဆန်လေး။ ညနေမှောင်ရီမှာ ဆည်းဆာပုစွန်ဆီသွေးကို မြှော်ငေးလို့ရသော အမိုးချွန်တဲကလေးနှင့်။

"ဒိုမီနိုတစ်ခွက်ပေး။ မင်းကော ဘာသောက်မလဲ၊ ကြိုက်တာမှာလေ"

"ရေခဲရည်ပဲသောက်ချင်တယ်၊ ရင်ပူလို့"

"တို့ စိတ်မကောင်းပါဘူး။ မင်းဟာ တို့ရဲ့ အသက်သခင်လဲဖြစ်နေပြီ၊ ယုန်ဖြူ့အတွက်လဲစိတ်မကောင်းဘူး။ ဒေါ်ကြည်ကြည်ခင်နဲ့ အကွက်ချစီစဉ်မှုတွေပါ။ ကိုခန့်က ဒီအကြောင်းတွေကို လုံးဝမသိသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အခု အိမ်ပြန်ရောက်တော့ သူ့အမေကို မေးတယ်၊ သူ့အမေက တော့ လှည့်ပတ်ညာပြောတာပေါ့၊ သူ့ကိုစော်ကားသွားတယ်၊ ညှဉ်းပန်း သည်တွေရှေ့မှာ ဆူပေါက်တာကို ရှက်လို့ဆိုပြီး ကက်ကက်လန် အောင် ရန်တွေ့ပြီး အိမ်ပေါ်ကဆင်းသွားတယ်၊ ဒါကြောင့် ငါ့သား တစ်ခါတည်း အဆက်ဖြတ်ဆိုတာမျိုးတွေ ပြောလာတယ်၊ ကိုခန့်က မယုံဘူး၊ အာကာ့ ဆီ ဖုန်းဆက်စုံစမ်းတယ်၊ အာကာလဲ ဘယ်သိမှာလဲ၊ နောက်ဆုံး တို့ဆီ ဖုန်းဆက်စုံစမ်းတယ်၊ တို့နဲ့ ကိုခန့်က ဖအေတူ မောင်နှမတွေဆိုတာ လင်းယုန် သိပြီးလောက်ပါပြီနော်"

လင်းယုန် စိတ်မပါ့တပါဖြင့် ခေါင်းညိတ်ပြ၏။

"ယုန်ဖြူ့အပေါ် ဒေါ်ကြည်ကြည်ခန့် ဆက်ဆံလိုက်တာဟာ တရားလွန်ပါတယ်၊ ဒီလို လုံးဝမဖြစ်သင့်ပါဘူး၊ ချွေးမကို အိမ်ဖော်ပြော လိုပြော၊ တဏှာရူးတွေလက်ထဲ ကျောက်တစ်စုံနဲ့ လဲလှယ်လိုလဲလှယ် နဲ့ တော်တော်ဆိုးဆိုးကိစ္စတွေကို လုပ်ခဲ့တာပါ။ ဒီအကြောင်းတွေ မင်းခန့်ထည် သိအောင် တို့ ပြောပြလိုက်တယ်၊ သူလဲ သူ့အမေကို စိတ်ဆိုးတယ်၊ မအေနဲ့သား ဆိုတော့ ဘာလုပ်လို့ရမှာလဲ၊ သူ့အခေ ကိုယ်စား မင်းနားလည်အောင် တို့ကနေတစ်ဆင့် တောင်းပန်ခိုင်း လိုက်တယ်၊ ဘို့ပါ ရောပြီး တောင်းပန်ပါတယ် လင်းယုန်ရယ်"

လင်းယုန်က အအေးဆိုင်ထဲက ရေတံခွန်အတုလေးကို စိုက်ငေး နေ၏။ လင်းယုန်အနေနှင့် ပိုးလွန်းနွယ်ကိုတွေ့ပြီးကတည်းက မိုက် စိတ်တွေ အလိုလိုလျော့ပါးသွား၏။ ပိုးလွန်းနွယ်ကို ပညာတတ်အနေ





နေ၍ ပညာအသိတွေရနိုင်ခြင်းထက် အကြင်နာအကြည့်တွေ တွယ်ငြိ နေမိခြင်းကြောင့်ပဲဖြစ်မည်။

"မမဒေါက်တာဆီက ရင်းနှီးမှုပြီးတော့ အရေးပိုင်ဆိုမှုတချို့ကို ကျွန်တော် ရမယ်ဆိုရင် ဒီအဖြစ်တွေ လှန်မှောက်ပျောက်ကွယ်ပစ်လို့ ရပါတယ်"

"အို ... ဝမ်းသာလိုက်တာ၊ မင်း ကယ်တင်လို့ တို့ အသက်ရှင်ရ တယ်ဆိုတဲ့အတွေးဝင်ပြီးတဲ့နောက် အရင်တုန်းက ဒေါက်တာပိုးလွန်း နွယ် လိုစိတ်ဓာတ်မျိုးတွေ တို့ ဖယ်ရှားပစ်နိုင်ပါပြီ။ အခု ဆရာဝန်ပိုး လွန်းနွယ်က အသပြာဆရာဝန် မဟုတ်တော့တဲ့ စေတနာဆရာဝန် ဖြစ်သွားပါပြီ၊ ဆရာတော်တွေရဲ့ စာအုပ်တွေဖတ်ပြီး ဗုဒ္ဓဘုရားရှင်ကို ပိုကြည်ညိုပြီး ပိုကိုးကွယ်မိတယ်။ ပြီးတော့ တရားတော်မြတ်တွေကို နာကြားပြီး ပိုလို့ယုံကြည်ဦးခိုက်ပြီး တရားလမ်းစဉ်အတိုင်း ကျင့်သုံး နိုင်အောင် တို့ကြိုးစားနေပြီလေ။ လက်တွေ့အကောင်အထည်ဖော်တဲ့ အနေနဲ့ လင်းယုန်ကို ခင်မင်ခွင့်အပြည့်ပေးလိုက်ပြီ၊ အရေးဆိုပိုင်ခွင့် ဆိုတာ ဘာလဲဟင်"

"မမဒေါက်တာ အိပ်ချင်ယောင်ဆောင်မနေပါနဲ့"

"ဘာရယ် ..."

"ကျွန်တော့်ဒိုင်ယာရီကိုဖတ်ပြီးပြီပဲ သဘောပေါက်ပြီးသားကို ထပ် မမေးပါနဲ့ဗျာ၊ ကျွန်တော် ဘာမျှော်လင့်ချက်မှမထားဘဲ မမ ဒေါက်တာကို ချစ်မိနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မင်းဟာကလဲ ပေါ်တင်ကြီးပါလား"

"မမဒေါက်တာကို မြင်ကတည်းက ရင်ထဲကစွဲခဲ့ရတဲ့ နှယ်ပါ"

"အပြောကောင်းလေး"

ပိုးလွန်းနွယ်ရဲ့ ချစ်မျက်စောင်းလေးက လင်းယုန်ရင်ကို ဆွဲဖြဲသွား၏။

"မမဒေါက်တာကိုသာရရင် ကျွန်တော့်ဘဝမှာ ပျော်လွန်းလို့ ဘယ် လိုနေရမယ်မှန်းတောင် မသိတော့ပါဘူး"

"အို့ ... ဒီလောက်တောင်ပဲလား ကိုယ့်ဆရာရဲ့"

"ကျွန်တော်က ဆရာမဟုတ်ပါဘူး။ မမရဲ့အသည်းစွဲလူနာပါ။ မမ မုန်းရင် အချိန်မရွေး အသည်းကွဲသွားနိုင်တယ်၊ မမကို ကျွန်တော် ရိုက်ခဲ့ မိတဲ့အတွက်လဲ အနူးအညွတ်တောင်းပန်ပါတယ်"

"တို့ခွင့်လွှတ်နားလည်ပေးပါတယ်၊ တို့က အရင်စရိုက်ခဲ့တာကိုး"

"ကျွန်တော် တစ်ချက်ပိုသွားတယ်"

"အဲဒီတစ်ချက်က တို့မာနကို ဖျက်ဖြိုပစ်လိုက်သလိုပဲ"

"ဟုတ်ရဲ့လား၊ ကျွန်တော်ကတော့ မယုံရဲရဲပဲ။ ကျွန်တော့်ကို လက် စားချေတဲ့အနေနဲ့ ကျွန်တော့်အသည်းကို တမင်ခွဲချင်လို့ မျက်နှာသာပေးချင်ယောင်ဆောင်တာလားဆိုပြီး ရင်တထင့်ထင့်ဖြစ်နေရတယ်"

ပိုးလွန်းနွယ် မျက်လုံးလေးဝိုင်းပြီး နှုတ်ခမ်းလေး ခကွေးရစ်ပေါ်ရုံ ပြုံးလိုက်၏။





"မင်းမို့လို့ ရှာကြံတွေးတတ်တယ်၊ မင်းကို အသည်းခွဲလို့ရတော့ကော တို့ကို ဘယ်သူတွေက ရွှေတံဆိပ်ဆုချမှာလဲ"

"မမအသိုင်းအဝိုင်းကပေါ့၊ အထူးသဖြင့် အာကာ ပေါ့"

"တို့က မိန်းကလေးပါ၊ အနှစ်နှာခံပြီးလုပ်ရမယ့်အလုပ်မျိုးဆို ဝေးဝေးရှောင်ပြီးသား၊ တို့ဂုဏ်သိက္ခာလဲ အပွန်းအပဲ့မခံနိုင်ဘူး"

"ကျေးဇူးတင်ပါတယ် မမဒေါက်တာ"

"ဆရာဝန်လို့ပဲ ခေါ်စမ်းပါ လင်းယုန်ရယ်"

"ဟုတ်ကဲ့ပါ မမဆရာဝန်"

"ဒီလိုကြတော့လဲ မင်းဟာ လူလိမ္မာလေးပဲ"

"ကျွန်တော့်ကို အချစ်က သွန်သင်ပဲ့ပြင်ပေးလိုက်တာပါ၊ ရှေးဘဝ ရေစက်ကြောင့်ထင်ပါရဲ့ မမနဲ့တွေ့မှ ကျွန်တော့်စိတ်တွေ သိသိသာသာ ကြီးပြောင်းလဲသွားတယ်၊ အရင်လို ဂျစ်မတိုက်ချင်တော့ဘူး။ အရင်စိတ်နဲ့ဆို မရဘူး၊ မမ ချစ်ချစ်၊ မချစ်ချစ် ကျွန်တော် ဖွတ်ချစ်ပစ်မှာပဲ၊ အခုတော့ မမကြည်ဖြူမှ ချစ်ခြင်းမေတ္တာရည်စာကိုသာ လက်ခံရယူချင်တော့တယ်၊ ဒါဟာ စစ်မှန်တဲ့ချစ်ခြင်းကောန်အမှန်မလွဲဘူးပေါ့နော် မမ"

ပိုးလွန်းနွယ်က ရှက်ပြုံးလေးဖြင့် ခေါင်းညိတ်ပြလိုက်၏။ ပိုးရဲ့ လက်ကလေးကို လင်းယုန် ဆွဲကိုင်လိုက်၏။

မင်းခန့်ထည်က ဖုန်းကြိုဆက်ပြောထား၏။

လင်းယုန်ကို အချိန်ဆွဲပြီးထိန်းပေးဖို့ အချိန်က တစ်နာရီလောက် ကြာမည်။ လင်းယုန် မရှိတုန်း ယုန်ဖြူတို့သားအမိကို သူ သွားရောင်း



www.burmeseclassic.com

www.burmeseclassic.com



ဒူးထောက်တောင်းပန်မည်ပေါ့။

ပိုးလွန်းနွယ်လည်း ချစ်ရလွန်းသည့် မောင်လေးအလိုဆန္ဒအတိုင်း လင်းယုန်ကို ထိန်းထားလိုက်၏။ ကြိုတင်ပြီးတောင်းပန်လိုက်တာလည်း အဆင်ပြေနေပြီ။

“တို့မောင်လေး မင်းခန့်ထည်ကို ခွင့်လွှတ်ပေးပါ လင်းယုန်ရယ် တို့ကို တကယ်ချစ်တယ်ဆိုရင်ပေါ့ ပြီးတော့ သူ့ဓမျာ ယုန်ဖြူကို သိပ်ချစ်ရှာတာ၊ သူတို့လင်မယားချင်း ပေါင်းဖက်ပေးလိုက်ပါနော်”

လင်းယုန်က ရန်းမထွက်သော ပိုးရဲ့လက်ကို ပြန်လွှတ်လိုက်ပြီးအအေးတစ်ငုံသောက်လိုက်၏။

“ခွင့်လွှတ်ပေးဖို့ကတော့ ရပါတယ်၊ သူတို့ချင်းပေါင်းဖက်ဖို့အထိတော့ လိုက်မလုပ်ပေးနိုင်ဘူး မမ၊ ကျွန်တော်က အစ်ကိုအရင်းခေါက်ခေါက်လေ၊ နှမလင်နေ မောင်ဖင်ကျိုန်း ဆိုတဲ့ စကားလဲ ရှိနေသားပဲ”

“အို ... ဒီစကားလောက်နဲ့တင် ကိုခန့် ဝမ်းသာသွားမှာပါ အလိမ္မာ လင်းယုန်လေးဖြစ်သွားပြီနော်”

“ကျွန်တော် အရင်ကဆို သဘောမတူဘူး၊ ဆင်ပိန်ကျွဲဆိုတာကို ခေါင်းထဲထည့်ခဲ့မိလို့လဲ မမနဲ့ကျွန်တော်တို့ဘက်ကနေ တွက်ချေကြည့်လိုက်တော့ မင်းခန့်ထည်အနေနဲ့ကြည့်ရင် ကျွန်တော်က ကျွဲပိန်ဝက်လောက်တောင်မရှိတဲ့ကောင်ဖြစ်နေပြန်ရော။ ကျွန်တော့်နောက်ခံမိသားစုအခြေအနေတွေ မမ သိနေလောက်ပါပြီ၊ သူဌေးသားလိုလဲ ဟန်မဆောင်ချင်တော့ဘူး။ ကျွန်တော် ဝပ်ရှော့ထောင်မယ်၊ ဈေးအပြင်





အခြားသူငယ်ချင်းတွေနဲ့ စုပေါင်းစပ်ပေါင်းထောင်မယ်၊ ကားပစ္စည်းတွေလဲရောင်းမယ်၊ နောက်ဆိုရင် လုပ်ငန်းရှင်ကြီးဖြစ်တဲ့အထိပေါ့။

ပိုးရဲ့မျက်လုံးတွေ အရောင်တလက်လက်တောက်ပလာ၏။

“လင်းယုန်မှာ ရည်မှန်းချက်ရှိသွားပြီ၊ မျက်ကန်းမဟုတ်တော့ဘူး၊ အဲဒီယောက်ျားမျိုးကို မိန်းကလေးတိုင်းက လိုလားကြပါတယ်”

“ကျွန်တော် မမရဲ့လိုလားမှုကိုပဲ လိုချင်တယ်”

“ဒါဆို စောင့်”

“ဘယ်တော့လောက်လဲ”

“မကြာမီ လာမည်၊ မျှော် ...”



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်ထည် တစ်ယောက် ဒေါ်သန်းရင်နှင့်ယုန်ဖြူတို့ရှေ့မှောက်မှာ ဒူးထောက်ပြီး အကြိမ်ကြိမ်တောင်းပန်နေ၏။

အစပိုင်းမှာတော့ ယုန်ဖြူတို့သားအမိတွေရဲ့မျက်နှာထားတွေက တင်းမာခက်ထန်နေကြ၏။ နောက်တော့ သားအမိဆိုတဲ့ အမြင်တွေ သွေဖယ်ပြီး ဒေါ်ကြည်ကြည်ခန့်က သပ်သပ် ဘာမှမလုပ်မိတဲ့ မင်းခန့်ထည်က သပ်သပ်ဆိုသည့်အမြင်တွေ ဝင်လာ၍ တင်းမာမျက်နှာထားတွေ လျော့ကျသွားကုန်၏။

"ကိုကို ယုန့်ကိုချစ်ရင် ယုန်တို့ဘဝထဲကို ဆင်းလာခဲ့ပါ။ ကိုကို လုပ်မကျွေးနိုင်ရင်တောင် အိမ်မှာပဲ အငြိမ်းစားထိုင်နေပါ၊ ယုန် လုပ်ကျွေးပါ့မယ်"

မင်းခန့်ထည် တွေဝေသွား၏။ ရေရှည် ရေရှည်မှာဖြစ်ပါ့မလား။ ဒေါ်သန်းရင်က အသံတုန်ရှိုက်ရှိုက်နှင့် ဝင်ပြောလာ၏။





"တို့က ဆင်းရဲပေမယ့် မငတ်အောင်တော့ ကျွေးနိုင်ပါတယ်၊ ဆီဦး ထောပတ်တွေမစားရပေမယ့် ထမင်းနဲ့ဟင်းတော့ စားရမှာပါ၊ မင်းတို့ အိမ်ကိုတော့ ငါ့သမီးကို လုံးဝထည့်မပေးနိုင်ဘူး။ မင်းအမေနဲ့ဖြစ်ကို မဖြစ်ဘူး၊ ဘယ့်နှယ် သူများသားသမီးကို ဒီလောက်အထိ ရက်ရက်စက်စက် စက်၊ မိဘဆီပြန်အပ်ရမှန်းမသိ၊ အုန်းတစ်ပွဲမလာ ငှက်ပျောတစ်ဖီးမလာ နဲ့ လူကို ဟင်းရွက်ကန်စွန်းမှတ်နေတယ်၊ မင်္ဂလာဆောင်ပေးဖို့ဆိုတာ လဲ ဝေလာဝေး။ လူဆန်ကြသေးရဲ့လား"

"ပြောပါ အဒေါ်၊ ကျွန်တော်တို့အမှားပါ၊ မင်္ဂလာပွဲ အမြန်လုပ်ပေးပါ့မယ်"

"အေး အေး ... ပေါင်းချင်ရင် ဒီမှာပေါင်း။ မပေါင်းချင်ရင့် မင်းသဘောပဲ၊ တို့ဘက်က နစ်နာရပေမယ့် အချိန်မရွေးကွာပေးမယ်၊ ဘာလျော်ကြေးမှ ပေးစရာမလိုဘူး"

ဒေါ်သန်းရင် အပြတ်ပြောလိုက်၍ မင်းခန့်ထည်လည်း စိတ်နှလုံးကို တုံးတုံးချလိုက်ရတော့၏။

"ကောင်းပါပြီ အဒေါ်၊ ကျွန်တော် ဒီမှာလိုက်ပေါင်းပါ့မယ်"

"ကိုကို တကယ်ပြောတာနော်"

"ဟဲ့ သမီး ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ ငါ အရင်ပြောပါရစေဦး။ ပြီးတော့ နင့်အစ်ကိုရဲ့သဘောကလဲ ရှိသေးတယ်လေ၊ ညည်းအဖေ ပြောတော့ ပြတ်တယ်လေး ဘာလေးနဲ့ ခုတော့ တယ် ငါမပြောလိုက်ရင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ယုန်လေး ဖက်ပုသွားရတော့၏။ မင်းခန့်ထည်က ယုန်လေးကို အသေနားခံကြည့်နေ၏။ ဒေါ်သန်းရင် က ...

"ငါ့ကို ခုရိုန်ထိ အဒေါ်ခေါ်တုန်းပဲလား၊ ငါက မင်းယောက္ခမပါကွယ်"

"ဩော် ... ဟုတ်ကဲ့ အမေ၊ အမေ ... အမေ... အမေ"

"တော် ...၊ ဘယ်နှယ် တော်သင့်ရှိပဲခေါ်ပေါ့"

"လျှာစွဲသွားအောင်လို့ပါ အမေ"

"မင်း အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ပဲ ဆင်းလာပါ။ ဘာမှမလိုဘူး"

"မင်္ဂလာဆောင်ဖို့အတွက် စုထားတဲ့ငွေလေးတွေတော့ ပြန်ယူပါရစေ အမေ"

"ဟုတ်သားပဲ အမေကလဲလို့" ယုန်ဖြူက ဝင်ပြောတော့ ...

"အဲဒါဆိုရင် ပြီးရော"လို့ ဒေါ်သန်းရင် ပြန်ပြောလိုက်ရပါလေရော .....။





လင်းယုန် ည ရှစ်နာရီခွဲလောက် အိမ်ပြန်ရောက်တော့ မင်းခန့်ထည်နှင့် ညီမလေးယုန်ဖြူတို့ ပွဲဖက်နေတာနှင့် တန်းတိုး၏။

အကုန်လုံး အိုးတိုးအမ်းတမ်းတွေဖြစ်ကုန်၏။ လင်းယုန်က မာဆတ်ပြင်းထန်သောလေသံဖြင့် ...

"ဟေ့ကောင် ... မင်း ဘာလာလုပ်တာလဲ၊ အတင့်ရဲလှချည်လားဟင်"

"ကျွန်... ကျွန်တော် ..."

"ကိုလင်း ခဏလေး။ ညီမလေး ရှင်းပြပါ့မယ်၊ အမေ သဘောတူလိုက်တာပါ"

"ဘာသဘောတူတာလဲ၊ ဘာရှင်းပြတာလဲ၊ ဟေ့ကောင် ငါ့ညီမဘေးက ခွာနေ"

www.burmeseclassic.com



မင်းခန့်ထည်က မခွာ။ ယုန်ဖြူက အိပ်ခန်းထဲမှာ ခဏမှိန်းနေသော ဒေါ်သန်းရင်ကို အမြန်အော်နိုးရတော့၏။ ဒေါ်သန်းရင်လည်း ဘီးစပတ်အမြန်ထုံးပြီး အခန်းထဲက အိပ်ချင်မူးတူးဖြင့် ထွက်လာရရှာ၏။

"ငါ့သား အမေပြောမယ်၊ ဒီကောင်လေး ဒီမှာလာပေါင်းတာ၊ မင်္ဂလာလဲဆောင်ပေးမှာ၊ သူ့အမေအိမ်ကဆင်းလာခဲ့ပြီ၊ သူ့အမေ ဆိုတာ သပ်သပ်ဖယ်ထား၊ တို့တွေ သဘောထားကြီးဖြရမယ်လေ"

လင်းယုန် ငြိမ်သွား၏။ ဒေါ်သန်းရင်က လင်းယုန်ကို အပြင်ခေါ်သွားပြီး နှစ်ကိုယ်ကြားနှစ်သိမ့်နားချနေပေသည်။

အတန်ကြာမှ အိမ်ပေါ် ပြန်တက်လာ၏။ လင်းယုန် အပြင်ထွက်သွား၏။ ဒေါ်သန်းရင်က ...

"ဟူး ... မနည်းပြောရတယ်၊ သူ မျက်နှာပူလို့တဲ့၊ သူ့သူငယ်ချင်းအိမ် သွားနေမယ်တဲ့၊ နောက်ဆို အလုပ်ထဲမှာနေမယ်တဲ့။ သူ့ညီမလေးကို သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းရင် သူ ကျေနပ်ပြီတဲ့၊ ကဲ ငြိမ်းချမ်းရေးရသွားပြီ၊ လွတ်လွတ်လပ်လပ်သာနေတော့"

"ဟေး ... ဒါမှ တို့မေမေကွ"

"မိယုန်ဖြူ သိပ်မထနဲ့နော်၊ ဟွန့် ..."

"မေမေကလဲ မေမေတော်တာကို ချီးမွမ်းတာပါ၊ ဟုတ်တယ်နော် ကိုကို"

"ဟုတ်တယ် ယုန်"

"တစ်ယောက်ကလဲ ကိုကို၊ တစ်ယောက်ကလဲ ယုန်နဲ့ ချစ်စခင်စ





လင်မယားတွေ မိုးမမြင်လေမမြင် ပျော်ကြတာ ပျော်ပါ၊ ငါသာ အာရုံနောက်လို့ နောက်ဆို ဈေးရောင်းချိန်ပြီးတာနဲ့ ငါ့မိတ်ဆွေ ကုန်စိမ်းသည် မတင်မြတို့အခန်းမှာ နားအေးပါးအေး သွားနေတော့မယ်"

ဒေါ်သန်းရင်က အဲဒီလိုအငေါ်တူးပြီး ပြောလိုက်တော့ ယုန်ဖြူက ချစ်စဖွယ်ဟန်လေးနှင့် မထိတထိလုပ်ကာ ပြောလိုက်ပုံက ...

"ငွဒ်ဘိုင် မေမေ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နတင်မရှိ၊ မွေ့ရာမရှိ၊ ကြမ်းပြင်ပေါ်မှာ ဖျာခင်းပြီး အောက်သိုးသိုးအိပ်ရာခင်းတွေနှင့် တစ်ညအိပ်ရသည့်ညမှာ မင်းခန့်ထည် အိပ်မပျော်ပါ။

ဘယ်နေရာကိုင်ကိုင် ညှီစို့စို့အနံ့အသက်တွေကလည်း စိတ်ပျက်ချင်စရာ။

ကြမ်းပိုးတွေကလည်း ကိုက်သေး၏။ ဒီလိုဘဝမျိုးနှင့် တူသားပေသားကျနေသည့် ယုန်ကတော့ မင်းခန့်ထည်ကိုဖက်လုံးလိုဖက်ခွပြီး တခေါခေါနှင့် အိပ်မောကျနေရှာလေပြီ။

မနက်မိုးလင်းမှ မှေးခနဲပျော်သွား၏။ ပါးပြင်ကို မနာအောင် လာရိုက်မှ လန့်နိုးလာ၏။

"ဟာင် ... ယုန်"

"အိပ်ပုပ်ကိုကို မိုးလင်းနေပြီ ထတော့လေ"





"ဒီအချိန်ကြီး စောသေးတယ်လေ၊ အိမ်မှာဆို ရှစ်နာရီထိုးလောက်အထိနပ်တာ ယုန်လေးရဲ့ သိရဲ့သားနဲ့ကွာ၊ ခုမှ အိပ်ပျော်စရှိသေးတယ်"

"ဒါဆိုလဲ ကိုကိုပဲအိပ်၊ မေမေ ဈေးထသွားပြီ၊ မနက်စာအတွက် ပဲပြုတ်ဆီဆမ်း၊ ထမင်းကြမ်းလေး ပြင်လိုက်ဦးမယ်၊ ကိုကို စားနိုင်ပါ့မလား"

"အင်း ... ကြိုးစားကြည့်ရမှာပေါ့"

"မစားနိုင်လဲ လမ်းထိပ်ကမုန့်ဟင်းခါး သွားဝယ်ပေးမယ်၊ ဒါမှမဟုတ် လက်ဖက်ရည်နဲ့ အီကြာကွေး ဝယ်ပေးမယ်"

"နေပါစေ ယုန်၊ အပိုအကုန်မခံ လူအပင်ပန်းမခံပါနဲ့၊ ကိုကို စားတတ်မှာပါ။ အခု ယောက္ခမ မရှိမှဘဲ လွတ်လွတ်လပ်လပ်လေး ..."

"ဟင်းနော် ကိုကို မကဲနဲ့၊ အိမ်က လုံတာမဟုတ်ဘူး၊ ဘေးအိမ်တွေက ကပ်နေတာ၊ တော်ကြာ ချောင်းကြည့်ကုန်ကြမှ အရှက် ဟက်တက်ကွဲမယ်"

မင်းခန့်ထည်က ခြင်ထောင်ဆွဲချလိုက်၏။

"ကဲ ... အချစ်လေး ဘာပြောချင်သေးလဲ"

"အို ... ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေမှာ လင်းယုန် တစ်ယောက် ပိုးလွန်းနွယ်နှင့် နေ့တိုင်းလိုလို သွားတွေ့ဆုံတတ်၏။ ပိုးလွန်းနွယ် ဆေးခန်းအလုပ်သိမ်းသည့်အချိန်များမှာဖြစ်၏။ ကျန်အချိန်များမှာ ရောထွန်းတို့နှင့် အလုပ်ရှုပ်နေတတ်၏။ ရောထွန်းက ...

"အခြေအနေ ဘယ်လိုလဲ လင်းယုန်"

"မှုားနေတုန်းပဲ"

"ငါတော့ အိုင်းရစ်ကိုမှုားတာ ကိုင်း ခဏခဏကျိုးနေတယ်ကွာ၊ ငါးအကြီးကြီးနဲ့ ငါးမှုားတံနဲ့ မကိုက်လို့ လွှတ်ပေးလိုက်တော့မယ်၊ ပင်ပန်းတယ်"

"သဘောပဲ၊ မင်း စိန်ခေါ်တဲ့ပွဲမှာ မင်းပဲ နစ်ခါရှုံးနေပြီ၊ သဘောပေါက်တော့"

"အေးပါ၊ ဒီနေ့ည ငါ လိုက်ပြုပေးမယ်"

"မအားဘူး၊ မမပိုးနဲ့ချိန်းထားတယ်၊ သူက ညနေငါးနာရီလောက်





မှ အားတာ၊ ဆေးရုံပြေးရ၊ အထူးကုဆေးခန်းတွေပြေးထိုင်ရနဲ့ အလုပ်ရှုပ်တယ်"

"မမပိုး ... မမပိုးနဲ့ နောက်တော့မှ ရင်ကျိုးပြီး ပြန်မလာခဲ့နဲ့နော်"

"စိန်ခေါ်ပွဲကို ရုပ်သိမ်းပစ်လိုက်တော့၊ ငါ မမပိုးကို အတည်ယူမှာကွ"

"ဟမ်... ငါ့အတွက် လက်စားချေမပေးတော့ဘူးလား လင်းယုန်၊ မင်း အချိုးတွေ လုံးဝပြောင်းနေတယ်"

"မကောင်းတဲ့ လက်စားချေမှုမျိုးကို ငါ စွန့်လွှတ်လိုက်ပြီကွာ၊ အမြင်မှန်ရသွားတဲ့သဘောပေါ့"

"မင်းညီမကို ခိုးသွားတဲ့ကောင်ကိုရော မဆုံးမတော့ဘူးလား"

"ကိုယ်ချင်းစာတတ်သွားလို့ ခွင့်လွှတ်လိုက်ပြီ"

"ပြောလိုက်ရင် မိုးသားကဲလားနဲ့၊ နောက်ကျတော့ ဘာမှလဲ မဟုတ်ဘူး"

"မင်းလဲ အမြင်မှန်ရစေချင်တယ်"

"ဟင်း ... မှတ်တောင်ထားရဦးမယ်၊ မင်းပဲပြောတော့ အမျိုးမျိုးကောင်ရေ..."

ရောထွန်း စကားနှင့်ကလိ၍ လင်းယုန်လည်း တဟဲဟဲ လိုက်ရယ်နေရတော့၏။ လူကြီးရှက်တော့ ရယ်၏။

အချစ်ရှက်တော့ ကာလယ်၏ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ယုန်လေး ဆိုင်ဆင်းနေ၍ အိမ်မှာနေခဲ့ရသော်လည်း ဘာအလုပ်မှမလုပ်ရ၍ ယောင်ချာချာ။ မနက်လေးနာရီခွဲလောက် ထပြီး ယုန်လေးချက်ထားခဲ့တာတွေကို ထမင်းချိုင့်ထဲထည့်ပြီး ဈေးထဲကို လိုက်ပို့ရသည့်တာဝန်ကို မင်းခန့်ထည် ယူထားမိ၏။

မိခင်ဖြစ်သူကို မင်းခန့်ထည် အိမ်ပေါ်က ဆင်းလိုက်ပြီဖြစ်ကြောင်း ဖုန်းဖြင့်သာ ဆက်ပြောဖြစ်၏။

"မေမေ ကျွန်တော် ယုန့်နောက်ကို လိုက်ပေါင်းနေပါပြီ"

"ဘာ ... လူမိုက်၊ မင်း တကယ့်လူမိုက်ပဲ"

"ရှိပါစေတော့၊ မေမေ မရှိခင် သား အဝတ်အစားတချို့နဲ့ သားစုထားတဲ့ငွေတွေ ယူသွားတယ်။ ဆွဲကြိုး၊ ဟမ်းချိမ်း၊ နာရီ၊ လက်စွပ်တွေ ချွတ်ထားပြီး အံဆွဲထဲ သော့ခတ်သိမ်းခဲ့တယ်၊ သော့ကိုစီးကွက်ရုပ်ခေါင်းထဲမှာ ထားခဲ့တယ်၊ ယွန်းစီးကွက်ရုပ်လေ"





"မင်း ပြန်လာခဲ့၊ မေမေ့ကို ခွဲမသွားပါနဲ့"

"မဖြစ်တော့ဘူး မေမေ၊ မေမေ လုပ်တာတွေက အရှမ်းလွန်သွားပြီ၊ ဒီအကြောင်းတွေ ကျွန်တော် အားလုံးသိပြီးပါပြီ၊ မေမေ မလုပ်သင့်ပါဘူး"

"ဪ... သိနေပြီကိုး၊ ငါ့သားကို ငါချစ်လို့ ငါလုပ်တယ် ဘာဖြစ်သလဲ၊ ဖြစ်ချင်တာဖြစ် ငါ့သားကို ငါ ပြန်ချစ်ရဖို့ပဲ အရေးကြီးတယ်"

"မေမေ အတ္တကြီးနေပြီ၊ မေမေ မလုပ်သင့်တာဗျာ"

"ဟဲ့ ... ငါ့လုပ်ငန်းနဲ့ပတ်သက်တဲ့ လူကြီးလူကောင်းတွေကို လိုအပ်ရင် ပေးဆပ်ဖို့ ငါ့မှာ ဝတ္တရားရှိတယ်"

"အဲဒါနဲ့ ယုန်ဖြူကို ပစ်ကျွေးစရာလား၊ သူတို့လိုအပ်ရင် မေမေပါ ..."

"ဘာဖြစ်သလဲ၊ မင်း ငါ့ကို ဘာမှ ပြန်ပြီးစောဒကတက်မနေနဲ့၊ မင်းအဖေ မရှိကတည်းက မိန်းမသားတန်မယ့် ငါ ရုန်းကန်ခဲ့ရတာ၊ အခြေမပျက် ဆက်လက်နေနိုင်တာ သူတို့ထောက်ပံ့မှုတွေ အများကြီးပါတယ်၊ မင်းဟာမက ဘာကျေးဇူးခံရှိခဲ့လို့လဲ"

"မေမေ သွားပြီဗျာ၊ ကျွန်တော် စိတ်ပျက်သွားပြီး တုန်လှုပ်ချောက်ချားသွားပြီ၊ ကျွန်တော် ရှက်တယ်၊ ပြန်မလာတော့ဘူး"

မင်းခန့်ထည် လမ်းဘေးဖုန်းကို ဆောင့်ချမိ၍ ဖုန်းပိုင်ရှင်ကို မနည်းတောင်းပန်လိုက်ရ၏။ ဒီအကြောင်းတွေ ပြန်တွေးမိတိုင်း ရင်လေး စိတ်မောရ၏။ နေ့လယ် ထမင်းစားချိန်မှာ ချိုင့်ဆွဲပြီး ဈေးလာတော့ ဈေး



www.burmeseclassic.com

www.burmeseclassic.com



သည်တချို့က မကြားတကြား (သူတို့အချင်းချင်း)လှမ်းပြောကြ၏။

"အဲဒါပေါ့ ယုန်ဖြူ ယောက်ျား သူဌေးသားလေးဆိုတာ၊ ဘာတွေ ဌေးလဲတော့မသိဘူး၊ အခုတော့ ထမင်းချိုင့်ပို့တဲ့အဆင့်ကို ရောက်နေပြီ၊ ဟီး ဟီး ဟီး"

"မိန်းမထဘီနားနိုစားမယ့်ရုပ်ပါကွာ၊ လူက ဖြူဖွေးဖွေးနဲ့ ဘာမှ လက်ကြောတင်းအောင်လုပ်နိုင်မယ်မထင်ဘူး"

"ဟုတ်မယ်နော်၊ ယုန်ဖြူ အနားပဲ လာလာထိုင်နေတယ်၊ ဘာ အလုပ်မှမရှိဘူးနဲ့တူပါရဲ့၊ ရေပေါ်ဆီတွေနေမှာပေါ့ရှင်၊ အလကား ကောင်ပါ၊ သိပ်မကြာခင် အလယ်ကောင်ကားလိမ့်မယ်"

မင်းခန့်ထည် ခေါသထွက်ပြီး ပြောနေသူတွေကို ဆတ်ခနဲလှည့် ကြည့်လိုက်တော့ သူတို့ မပြောမိသလို ဟိုလှည့်ဒီလှည့်လုပ်နေကြ၏။ ဒါမျိုးတွေနှင့် ဆက်ပြောနေရင် ရှော့ပ်ရှိတာမို့ ယုန်ဖြူ ဆိုင်နားရောက် အောင် သွက်သွက်လျှောက်လာလိုက်၏။ ယုန်ဖြူ ဆိုင်အနီးအနားတွေ က ပိုသာဆိုးနေ၏။

"ယုန်ဖြူတို့ သူဌေးသားဆိုတာနဲ့ အညာမိသွားပြီလေ၊ သူဌေး သားက မင်္ဂလာဆောင်ဖို့မပြောနဲ့ ဖွဲ့နဲ့တောင် ပြန်မအပ်နိုင်ဘူးတဲ့တော်"

"ဟုတ်လားဟယ်၊ ရှက်စရာကြီး၊ မိယုန်ဖြူနေရာမှာ ငါသာဆို လဲသေပစ်လိုက်ချင်တယ်"

ဒီလို မကြားတကြားစကားကို ယုန်ဖြူရော ကျွန်တော်ပါ ကြား လိုက်ရ၏။ ယုန်ဖြူ ဆိုင်ရာက ဆတ်ခနဲထပြီး ကဘီတိုတိုပြင်ဝတ်





လိုက်၏။ မင်းခန့်ထည် ဝင်တားလို့ မမီလိုက်။ အရင်ဆို လင်မယား နှစ်ယောက် ပြုံးနေကြတာ၊ ဒီနေ့မှာတော့ ပြုံးမပြနိုင်။

"ဟဲ့ ကြားစိန်မ ... နင် ဘာစကားပြောတာလဲ၊ ဘာလို့ ငါ့အတင်း ကို ပေါ်တင်တုပ်နေရတာလဲ"

ကြားစိန်မကလည်း ထဘီစွန်တောင်ဆွဲပြီး ထ,ရပ်၏။

"မှန်တာပြောတာ ဘာဖြစ်သလဲ၊ မကျေနပ်ရင် ကြိုက်တဲ့နေရာ တိုင်၊ လိုက်ရှင်းမယ်"

"အောင်မယ် မဟုတ်တာလုပ်ပြီး သူကတောင် ပြန်ဟန့်နေသေး ဘယ်၊ နင် လင်(၆)ယောက်ယူပြီး ကလေးတွေ ဟိုနေရာ၊ ဒီနေရာ မွေးစားဖို့ပစ်ထားခဲ့တာကျတော့ နင့် ငယ်ကျိုးငယ်နာမို့ ငါ ဖော်တာလဲ မနာနဲ့"

"အမလေး ကောင်မက လူပါးဝလို့ ရှုပ်ကလေး သနားကမားနဲ့ ပြောရက်လိုက်တာ၊ ငါ့ကိုများ ဗိသာလေးနဲ့ဘေးပစ်လိုက်တဲ့အတိုင်း ပဲ"

ကြားစိန်မနှင့် အတင်းတုပ်ဖက် ငါးပိသည် မစိန်ပိုက အမောက် လှန်ကောဘုတ်သိုက်လေးထောင်ပြီး စုန်းမလို ခုန်ထလာတယ်။

"ဟဲ့ ယုန်မ ... မနေ့တစ်နေ့က လူဖြစ်လာပြီး စွာကျယ်နေလိုက် တာ အံ့ရော။ နင့်အမေ သန်းရင်ကျတော့ မနက်လေးနာရီ ကုန်ကားနဲ့ ကွမ်းခိုင်သွား၊ မုန့်ဖိုတွေလျှောက်သွား၊ အဲဒီလိုသွားဖို့ငှားထားတဲ့ လေးဘီး ကားသမား သန်းနိုင်နဲ့ ကြုံတဲ့နေရာမှာ ပွမ်းနိုင်တာကိုလဲ



www.burmeseclassic.com

www.burmeseclassic.com



နင် ထည့်ပြော ဦးလေ"

"မဟုတ်မဟတ်ဘဲ လုပ်ကြံစွပ်စွဲပြောတဲ့ဟာမကြီး သတ္တိရှိရင် ထွက်ခဲ့၊ နှစ်ယောက်တစ်ယောက်လဲ နပန်းလုံးတယ်၊ မိယုန်တို့က ပျော့ ရင်ဖယောင်း၊ မာရင် သံချောင်းပဲ"

"လုံးတယ်၊ ညည်း အခုဆင်းခဲ့စမ်း"

မင်းခန့်ထည်လည်း ယုန်ဖြူ ကိုဆွဲထိန်းတာ ထိန်း၏။ ယုန်ဖြူက မရ။ လက်ထဲက အတင်းရုန်းထွက်နေ၏။ အဲဒီအချိန်မှာ ဒေါ်သန်းရင် အူယားဖားယားပြေးလာပြီး မ,လာသည့်ထဘီကို တိုတိုပြင်ဝတ်ကာ...

"ငါလာပြီ၊ သန်းရင် လာပြီ၊ ဘယ်ကောင်မတွေလဲ ငါ့သမီးနဲ့ငါ့ကို စော်ကားတာ၊ ကြက်အမွေးနုတ်သလို တဖြုက်ဖြုတ်နဲ့ နုတ်ပစ်လိုက်မယ်၊ ရန်ဖြစ်တိုင်း အမွေးကကိုင်(ဆံပင်ဦးစွန်းဖုတ်)ပြီး ဆောင့်နုတ်တတ်လွန်းလို့ ငါ့ရဲ့နောက်ထပ်နာမည် 'မွေးညှပ်မ'ဘွဲ့ ရထားတာ ဘာလဲ ကြိုက်တဲ့လူ လာစမ်း၊ သန်းရင် တဲ့ဟေ့"

ဒေါ်သန်းရင်က ယုန်လေးတို့ဆိုင်ရှေ့မှာပင် ကဆုန်ပေါက်ပြီး သောင်းကျန်းပါလေရော။ ဒီတော့မှ ကြွားစိန်မတို့ အပြင်မထွက်ရဲ၊ ဒေါ်သမုံးရင်က ဒေါ်သဘီလူးစီးပြီဆိုရင် အကုန်လှန်ပစ်တာကိုး(ငယ်ကျိုးငယ်နာတွေကိုပြောပါတယ်)။ သူက ဈေးဝါရင့်နေပြီ၊ မင်းခန့်ထည်လိုလူစားမျိုးနှင့်ကျမှ ဒေါ်သန်းရင် စိတ်လျှော့ထားခြင်းဖြစ်၏။ မင်းခန့်ထည်ရဲ့အမေကို သွားချဲဖို့ ဒေါ်သန်းရင် ပြင်ဆင်သေး၏။ ယုန်လေးက ဆွဲတားထားလို့သာပေါ့။





"ငါ့သမီးနဲ့ ငါ့အကြောင်းကို မဟုတ်မဟတ် လုပ်ဇာတ်ခင်းတဲ့ကောင်မ"

ဘေးနားက ပရဆေးဆိုင်မှာ ဗန်းထဲထည့်ထားသော ကျောက်ချဉ်တုံးအရွယ်အမျိုးမျိုး ကောက်ကိုင်ပြီး ကြွားစိန်မရဲ့ဆိုင်ဖက်ကို အဆက်မပြတ်ထုတော့၏။

"ရှင်ကြီးနော် အဲလိုမလုပ်နဲ့"

"လုပ်တော့ ဘာဖြစ်လဲ၊ ကဲဟယ်"

"ဒုတ်"

"အောင်မလေး သေပါပြီတော်"

ကြွားစိန်မ နဖူးပေါက်သွား၏။ တည့်လိုက်သည့်လက်။ ဈေးခေါင်းရုံးဆီ ပြဿနာရောက်သွား၏။ ပြစ်ဒဏ်ခတ်ခံရသည့်အနေဖြင့် ဆိုင်ကို နှစ်ပေပတ်လည်ခန့် ပိတ်ရ၏။ ဆေးဖိုးဝါးခ လျော်ရ၏။ ဘယ်သူတွေက ပြဿနာရှာတာလဲ၊ မဟုတ်မခံတာနှင့် တွေ့တော့ တန်းတက်ရော ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



၂၃

မင်္ဂလာပွဲလေးကို ဆင်ခြေဖုံးရပ်ကွက်ကလေးမှာပင် ကျင်းပဖြစ်လိုက်၏။ မင်းခန့်ထည်ဘက်က သူငယ်ချင်းတွေသာ ရောက်လာ၏။ များသောအားဖြင့် ဒေါ်သန်းရင်နှင့် ယုန်ဖြူတို့ရဲ့ မိတ်ဆွေသာ တက်ရောက်လာ၏။ လင်းယုန်ကတော့ မျက်နှာပူလို့ဆိုပြီး ရောက်မလာ။

"ဟဲ့ မိယု နှင့်ယောက်ျား နံပါတ်(၆)ယောက်မြောက် အသက်ကြီးကြီး ဘိလူးသရဲရုပ်ကြီးကိုထိန်းဦး မုန့်ဟင်းခါးစားတာ ဆယ်ပွဲကျော်ပြီ"

"သူက အတော်တိုင်းပြည်ကလာတာ စားပါစေ၊ ကျွန်မရှာင် (၆)ပွဲရှိနေပြီ၊ မသက်ကရော ဘာထူးလဲ၊ (၇)ပွဲရှိနေပြီကိုများ ..."

"ဟင်းဟင်း ... ကြုံတုန်း အတင်းတုပ်ရဦးမယ်၊ သွားခေါမတို့အိမ်က တစ်အိမ်လုံး မီးခိုးတိတ် လာအားပေးတယ်၊ သူ့ယောက်ျားရေခဲမုန့်ရောင်းတဲ့ မျက်လုံးစွေစောင်း စိတ်ကောင်းမရှိကလဲ လက်ဖက်သုပ်ပွဲကိုတောင် အပြောင်ရိတ်တယ်တော်"





မိယုနှင့် မသက်တို့ အတင်းတုပ်နေကြ၏။

"ဟဲ့ မပေါက်စရေ နင့်ကလေး ငိုနေပြီ၊ စားပြီးရင် အမြန်ပြန်၊ နင့်ယောက်ျား ချစ်ငွေလဲ စောစောစီးစီး မူးပြီး နင့်အိမ်ရှေ့မှာ မှောက်ခုံကြီးလဲနေလို့"

"မသာ သေပါစေ၊ ဟင်း"

မင်္ဂလာပွဲမှာလဲ အ,မင်္ဂလာအဆဲတွေနှင့် ချိုးမြှင့်ကြသေး၏။ တကယ့်စရိုက်ရပ်ကွက်ပါပဲ။ မင်းခန့်ထည် ဖြစ်နိုင်ရင် ဒီနေရာက ထွက်ပြေးချင်နေပြီ။ လုံးဝကိုမနေလိုတော့။ မိုက်ပူကြည်ဝင်းနဲ့ အသားမည်းဖော်တို့ကလည်း ယောက်ျားကြီးတွေတန်မဲ့ အတင်းတုပ်နေကြပြန်၏။

"မျိုးစန်းငကြောင်ရဲ့အဖေ ဦးငကြောင်ကြီးကိုများ ဓမ္မာရုံမှာ ဘဏ္ဍာထိန်းခန့်တယ်တဲ့ အံ့ရောကွာ၊ အမှန်ဆို တို့ကိုခန့်ရမှာ၊ ခုတော့ မုန့်လာဥပိုဒေါင်ကို ယုန်စောင့်ခိုင်းသလိုဖြစ်နေပြီ၊ ကုန်မှာပဲ"

မင်္ဂလာပွဲကတော့ မုန့်အချိန်တစ်ရာနီးပါးကုန်ကာ ပြီးဆုံးသွား၏။ လက်ဖွဲ့ကတော့ မဖြစ်စလောက်ကလေး ပြန်ရ၏။

ယုန်လေး ပျော်နေ၏။ မင်းခန့်ထည် မပျော်ပေမယ့် အားတင်းပြုံးနေရ၏။ ဒေါ်သန်းရင်ကလည်း စရိုက်တောကစရိုက်တွေတွေကို ဆဲဆိုညှော်ခံနေ၏။ ပြောမနာဆိုမနာတွေကို။

"ဟဲ့ ဦးစွန်းဖုတ်မ ထည့်စားဦးလေဟယ်"

"ဟောတော် ဟိုဘက်က လင်တစ်ယောက်ရဖို့ အောက်ဆရာနဲ့ တောင်လှုပ်ယူထားရတဲ့ နှာဝိမ ထပ်ယူစားဦးလေဟယ်၊ နင်ကမြေ



www.burmeseclassic.com

www.burmeseclassic.com



အတင်းပြောချန်ပီယံမကြီးတော့ တရားနာသလိုလိုနဲ့ အစောကြီး လာ တီးပြီး ဘုန်းကြီးပွဲကျအချိုပွဲတွေ အကုန်ဖြုကားစား ပြန်သွားပြီ”

“အပေါင်းပေါင်း ... ဟုတ်တယ်၊ အမေ အိမ်ပြန်ရောက်နေပြီ၊ မိုက် ကားပြီး မထနိုင်တော့ဘူး”

ဒီလို ညည့်ကောင်းဆောင်ကောင်းတွေနှင့် မင်္ဂလာပွဲကြီးကို အောင် မြင်စွာကျင်းပပြီးစီးလိုက်ရ၏။

မင်းခန့်က သူငယ်ချင်းတွေနှင့် ခဏလိုက်တော့ ယုန်လေးပါ အတင်းလိုက်လာ၏။ သူငယ်ချင်း မင်းမောင် က...

“မင်းတို့ မင်္ဂလာပွဲကလဲ ဆဲပွဲကြီးကျနေတာပဲ၊ စရိုက်တွေက ညစ် ဖို့ကောင်းတယ်၊ ဝက်တွေ ကြက်တွေ မွေးကြတော့ ဗွက်ထပြီး အနံ့ အသက်တွေလဲ မကောင်းဘူး၊ ငါတို့တော့ မုန့်ဟင်းခါးမစားချင်လို့ နုလို လက်ဖက်ရည်ထွက်သောက်ရတာပဲ”

ကျော်သူရကလည်း...

“ဒီစရိုက်တွေက မမိုက်ဘူး၊ မမိုက်ဘူး”

သဲယုစံ ကလည်း ...

“ငါလေ ဝက်ချေးစော်တွေ လေတိုက်တိုင်းနံ့တာနဲ့ အော်ဂလီဆန် ပြီး ဘာမှမစားနိုင်ဘူး၊ ခုမှ ဗိုက်ဆာလို့ လမ်းထိပ်ထွက်စားရတယ်”

သူတို့တစ်တွေရဲ့ ပွင့်လင်းမှုက အဲဒီစရိုက်တောမှာ ကြီးပြင်းခဲ့ရ သော ယုန်ဖြူ ကို ပိုရှုံ့သေးသိမ်သွားအောင် စော်ကားမော်ကားပြော ဆိုနေရာရောက်သွား၏။ ဒါကို မင်းခန့်ကသာ ရိပ်မိလိုက်၏။ ယုန်ဖြူ





မျက်နှာပျက်သွားပြီလေ။ မျက်နှာကို မနည်းပြန်ပြင်ပြီး ရှင်ချို့အောင် ကြိုးစားနေရှာ၏။ ဒါဟာ ဆက်စပ်မှုတွေရဲ့ အက်ရာအက်ကြောင်းဖြစ် လာမယ်ဆိုတာ မင်းခန့်ထည် မစဉ်းစားမိခဲ့။ ထို့ကြောင့်လည်း မင်းခန့် ထည်ကိုယ်တိုင် မျိုသိပ်ခဲ့ရတာတွေကို ရင်ဖွင့်မိတော့၏။

“ငါတော့ ဒီလိုနေရာမျိုးမှာ မနေနိုင်တော့ဘူးကွာ၊ ယုန်က ပြန် မလိုက်လို့ ကျိတ်မှိတ်နေတယ်၊ မပျော်ဘူး၊ ယုန်နဲ့နေရတဲ့ခဏသာ နတ် ပြည်၊ ကျန်တဲ့ဟာတွေ ရင်ဆိုင်ရှင်သန်နေရတာ ငရဲပြည်လိုပဲ၊ အထူး သဖြင့် ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုဒဏ် မခံနိုင်ဘူး၊ ငါက အလုပ်ကြမ်း တွေလဲ မလုပ်တတ်ဘူး၊ အလုပ်နုတာရအောင်လိုက်ရှာတော့လဲ ကိုယ် လိုလူစား အများကြီးမို့ ရဖို့မလွယ်ပြန်ဘူး”

ယုန်ဖြူ ဝုန်းခနဲထ,ရပ်လိုက်၏။

“ကိုကို ဒီလောက်တောင်ဖြစ်နေရင်လဲ ကိုကို့အမေဆီ ပြန်သွားပါ၊ ယုန် တကယ်ပြောနေတာပါ”

“ယုန်ဖြူကော ကိုယ်နဲ့လိုက်မှာလား”

“မလိုက်ဘူး၊ လုံးဝ မလိုက်ဘူး”

“မင်း ဘာကြောင့် ဒီလောက်တောင် ခက်ထန်နေရတာလဲ ယုန် လေး”

“ကိုကိုတို့ပြောတဲ့စကားတွေက ကြာရှည်သည်းခံလို့မရတော့ တာ၊ ယုန်ဖြူတို့ဘဝတွေက ဆင်းရဲတယ်၊ ဆင်းရဲသူမကိုယူရင် ဆင်းရဲ တဲ့ဒဏ် ခံနိုင်ရမှာပဲဆိုတာ ကိုကို နားမလည်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း ယုန်ဖြူ အဓိပ္ပာယ်မရှိတာတွေ၊ မင်းတို့က ဆင်းရဲတာ ပြိုင်နေကြတာလား၊ သူများဆင်းရဲတိုင်း ကိုယ်လိုက်ဆင်းရဲရမှာလား၊ ခေါင်းမသုံးတတ်ဘဲ ကြုံရာကျဘမ်း လုပ်နေရင်တော့ ဆင်းရဲမှာပဲ"

"အဲဒါဆို ကိုကို ခေါင်းသုံးပြီးလုပ်လေ"

"ငါ့မှာ အရင်းအနှီးမှမရှိတာ၊ ရှိတာလေးလဲ မင်္ဂလာဆောင် လိုက်ရလို့ ပြောင်ပြီ၊ ကြွေးမတင်တာ ကံကောင်း"

"သြော် ... ကိုကိုက ယုန်ဖြူကို မင်္ဂလာဆောင်ပေးရလို့ သိပ်စိတ်ဆင်းရဲနေတယ်ပေါ့လေ"

"မင်းစကားက ဘာလဲ၊ မင်း ပြောင်းလဲနေပါလား၊ အဆင့်မရှိတဲ့ နေရာမှာနေပြီး အဲဒီအတွေးအခေါ်တွေ ဝင်နေတာလား"

"အဲလိုမပြောနဲ့"

"ပြောတယ်"

"ဆင်းရဲတဲ့လူမှာလဲ မာနတော့ရှိပါတယ်၊ ရှင်တို့ငွေနဲ့ ထမင်းစားနေတာမဟုတ်ဘူး၊ ရှင်တို့က ဖိနှိပ်တာလဲ ခေါင်းငုံ့ခံနိုင်ဘူး၊ သွားစမ်းပါ၊ ငွေရမယ်ဆို ဘဝကိုတောင်ရောင်းစားရဲတဲ့လူတွေ၊ စိတ်ဓာတ်အောက်တန်းကျတယ်"

"မင်းကွာ ...၊ ယုန်ဖြူ ... မင်းအမေနဲ့ မင်းနဲ့ အသွေးတူ အရောင်တူ၊ ပတ်ဝန်းကျင်ကသွေးထိုးပေးဘာတွေ လိုမ့်ယုံနေတယ်၊ ငါ့အမေကို လိုအပ်တာထက်ပိုပြီး ဆွဲချမပြောနဲ့"

"ဒါကျတော့ သိတတ်တယ်၊ ယုန်ဖြူ့မေမေကိုရော ဘာလို့ ကိုကို





ဆွဲထည့်ပြောရတာလဲ"

"မင်း အရင်ပြောလို့ပေါ့"

"ကိုကိုက အကြီး၊ ပိုပြီးမပြောသင့်ဘူး"

"မင်းက အငယ်ဆိုပြီး လူကြီးကို ထိုင်ဆဲလို့ ရကောင်းလား"

လင်မယားချင်း လျှာနှင့်သွားဖြစ်နေစဉ် တအံ့တသြနှင့် ကြောင်ကြည့်နေသော သူငယ်ချင်းတွေလည်း ဝိုင်းတားကုန်၏။

"နေပါကွာ၊ ဒီနေ့ မင်္ဂလာဆောင်တဲ့နေ့ပါ၊ မင်္ဂလာရှိတဲ့စကားပဲ ပြောကြစမ်းပါ၊ နားလည်မှုလွဲရင် ပြန်တည့်သွားအောင် ညှိနှိုင်းကြပါ"

"ဟော့ကောင် ခန့်ကြီး စိတ်လျှော့လေကွာ"

"ယုန်လေးရယ် စိတ်လျှော့ပါကွယ်၊ မယားနဲ့လင်ဆိုတာ ကျားနဲ့ဆင်လိုပါပဲ၊ လယ်ပြွင်မှာလဲတွေ့တတ်ကြတယ်၊ လင်နဲ့မယားဆိုတာ ဆင်နဲ့ကျားလိုလဲဖြစ်တတ်တယ်၊ သြော် ... ပြောရင်းနဲ့ ငါ့စကား ငါ နားမလည်တော့ပါဘူး"

ယုန်ဖြူက ဆောင့်အောင့်ပြီးပြန်သွား၏။ မင်းခန့်လည်း အံကြိတ်ပြီး ...

"နေပါစေတော့၊ ငါ့အိမ်ကို ဖုန်းဆက်မယ်၊ ငါ့အမေနဲ့ဆွေးနွေးမယ်၊ ရွှေဘုံရွှေနန်းကိုပြန်ရရင် ယုန်ဖြူ ဘာသာ လာချင်လာ မလာချင်နေ၊ ရွှေလက်နဲ့ခေါ်မယ်၊ ငွေလက်နဲ့ခေါ်မယ်၊ မလာရင်တော့ သူ့ကံပဲ၊ ငါ နေလို့မရတော့ဘူး"

"မင်းတို့ကလဲ အပျက်အပျက်နဲ့ နှာခေါင်းထဲက နှပ်ချေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကုန်တော့မှာပဲကွာ"

မင်းမောင်က စိတ်မကောင်းဟန်ဖြင့် မုန့်တွေ ပလုတ်ပလောင်း စားပြီး လက်ဖက်ရည်ကို အတင်းမျို၏။ ကျော်သူရက အခြောက်တိုက် ကြီး ...

"ဟား ဟား ဟား ဟား ... ဟီး ဟီး ဟီး ဟီး"

"ဟေ့ကောင် ဘာရယ်တာလဲ"

"အဲဒီလိုတောင်မရယ်နိုင်တော့တဲ့အထိ ငါလဲ ဝမ်းနည်းမိတယ်လို့ ပြောမလို့ပါ ခန့်ကြီးရာ"

မင်းခန့်ထည်တစ်ယောက် ထိုင်ရာမှ ဝေါက်ခနဲထပြီး ခြေဦးတည့်ရာ လမ်းလျှောက်ထွက်လာလိုက်၏။

"ဟေ့ကောင် မင်း ရှင်းရမှာလေ၊ မင်းက သူတို့သားလေ၊ ဘတ် ရှလာဒေးအဖြစ် မင်းရှင်းရမှာလေ"

"မရတော့ဘူး သွားပြီ၊ မင်းမောင် ကိုယ့်စရိတ်ကိုယ်ပေး ဘာရှ လာဒေးပဲလုပ်လိုက်ကြတာပေါ့"

"တိန်"





ပန်းဥယျာဉ်ထဲမှာ ညနေရီ ပုစွန်ဆီရောင်သွေး နေခြည်လေးတွေ ယွန်းလဲ့သီရီနေ၏။ ပန်းခက်ဆင်ဝင်လေးအောက်က မိုးပြာရောင်ခုံ တန်းလေးပေါ်မှာ လင်းယုန်နှင့်ပိုးလွန်းနွယ်တို့ နှစ်ယောက် အတူထိုင် နေကြ၏။

ပိုးလွန်းနွယ်က နားကျပ်ဖြင့် လင်းယုန်ရဲ့ရင်ခုန်သံကို နားထောင် ဝေးနေ၏။

"မမကိုချစ်တယ် ... မမကိုချစ်တယ်လို့ ရင်ခုန်သံတွေမြည် နေတာ မမ ကြားပြီမဟုတ်လား"

"ဟင် ... ဟုတ်ပဲနဲ့ ဒိတ်ဒိတ်ဒိတ်ဒိတ်နဲ့ပဲ ခုန်တဲ့ဟာကိုများ၊ လူကို သာအချဉ်မပေမ်းနဲ့"

"ကျွန်တော့်ကိုချစ်တဲ့အဖြေပေးပါတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...၊ အချိန်တော့ကျနေပြီပဲ"

"မမရဲ့မောင်မင်းခန့်ထည်နဲ့ ကျွန်တော့်ညီမကို သဘောတူလိုက်လို့ မင်္ဂလာတောင်ဆောင်ပြီးသွားပြီနော်"

"သိပ်ကောင်းတဲ့လာပ်ဆောင်ချက်ပဲ၊ အဲဒီနေ့က တို့လဲ အရေးပေါ်ကေ့စ်တွေရှိနေတော့ ပွဲမတက်ဖြစ်လိုက်ဘူး၊ မင်းလဲ ရှောင်လင်လုပ်လိုက်တာ မျက်နှာပူလို့ဆိုတာထက် ရှက်လို့မဟုတ်လား"

"ရှက်တာပေါ့၊ ညီမပေးပြီးရင် သူ့အစ်မကို ပြန်ယူရမယ်လေ ဒါမှ ဘဲစားဘဲခြေဖြစ်တော့မှာပေါ့"

"ကြည့်စမ်း လက်စားချေတာပေါ့လေ"

"တကယ်ချစ်မြတ်နိုးမှုနဲ့ တစ်ဘဝလုံး ထာဝရသိမ်းပိုက်ထားချင်လို့ပါ မမရယ်"

လင်းယုန်က ပိုးလွန်းနွယ်ရဲ့ ခါးသိမ်လေးကို ဆွဲဖက်လိုက်တော့...

"အမေ့၊ ရှက်တယ်ကွာ အဲလိုကြီးမဖက်နဲ့"

"ဘယ်လိုဖက်ရမှာလဲ"

"သိဘူး"

"သိအောင်ဖက်ကြည့်မယ်နော်၊ တင်ပါးကိုဖက်ထားမယ်"

"အဲ့ မလုပ်နဲ့ကွာ"

"ဒါဆို လက်မောင်းကိုဖက်မယ်"

"ဟင့်အင်းကွာ"





"ပန်းကိုပြောင်းဖက်မယ်"

"မကဲနဲ့၊ မောင်လူဆိုးရဲ့"

"အဲဒါဆို ဘယ်နေရာဖက်ရမှာလဲ"

"ဘယ်နေရာမှမဖက်နဲ့"

"ဖက်မယ်ဗျာ၊ နွေးနွေးအိအိ ချောချောမွတ်မွတ်ကြီးကို မဖက်ရရင် မနေနိုင်တော့ဘူး"

"တို့က အဖက်ခံရရင် ယားတတ်လို့ပါကွယ်"

"မမ ကျွန်တော့်ကို ချစ်တယ်နော်"

"ပြောမိလို့လား"

"ဒါဆို မချစ်ဘူးလား"

"မဆိုမိပါဘူး"

"ဒါဆို ဘာကြီးလဲဗျာ"

"အဖြေပေးရမှာလား"

"အင်း"

"မချစ်တာချစ်"

"မဟာင်မကျကြီး မလုပ်နဲ့လေ"

"ရင်ထဲမှာ အဲဒီလိုပဲခံစားနေရတာကို"

"ဒါဆို ချိန်ခွင်လျှာဆွဲပစ်လိုက်မယ်၊ ကဲ ..."

"အို... မင်းနော် လွှတ်၊ အ .. မွန်းတယ်ကွာ၊ မကဲနဲ့ မောင်ရယ် မမ မနေတတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လင်းယုန်က ပွေ့ဖက်ပြီး အနမ်းပန်းတွေ ပွင့်လန်းပေးလိုက်သော အခါ ပိုးလွန်းနွယ်တစ်ယောက် ဒေါက်တာမဆိုသောမာန်စွယ်မာနတွေ ပျောက်ရှပြီး အပျိုစင်စစ်စစ်လေးပမာ လင်းယုန်ရင်ခွင်ထဲမှာ လူးလွန့် နေရှာတော့၏။ လင်းယုန်နှင့် ပိုးလွန်းနွယ်တို့ ချစ်သူရည်းစားဘဝကို ရောက်သွားကြလေပြီ။





"သားလေး ... အို ... သားလေး အမေ့ဆီပြန်လာတယ်"

အိပ်ရာထဲလဲနေသည့် ဖြူဖပ်ဖြူရော်မိခင်ကိုကြည့်ပြီး မင်းခန့် ထည် စိတ်မကောင်းခြင်းကြီးစွာဖြစ်သွားမိ၏။ မိခင်ရဲ့ခုတင်ပေါ် တင်ပါးလွှဲဝင်ထိုင်ပြီး မိခင်ရဲ့လက်ကို ဆုပ်ကိုင်နွေးထွေးလိုက်ရင်း ...

"အမေ နေမကောင်းနေတာ သားကို ဘာလို့အကြောင်းမကြား တာလဲ၊ ဖြစ်ရလေတယ်ဗျာ"

"သားရယ် ငါ့သားကို ငါ့ရင်ထဲကဆွဲခေါ်သွားပြီးကတည်းက အမေ့စိတ်ရောကိုယ်ပါ ဆွဲချလိုက်သလို အိပ်ရာထဲလဲတော့တာပဲ၊ မိသားစုဆရာဝန်နဲ့ပဲခေါ်ကုနေရတယ်။ သားက မ,စိတ်မွန်နေတော့ မေမေခေါ်လဲ လာမှာမဟုတ်ဘူးထင်လို့ မခေါ်တာပါ၊ ခုလို ဗြုန်းစား ကြီးရောက်လာတော့ မေမေ အံ့သြဝမ်းသာကြီးကိုဖြစ်လို့"

"အမေရယ် ... သား နားလည်သင့်သလောက် နားလည်ပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲတဲ့ဘဝမျိုးမှာ သား မနေနိုင်ဘူး။ ဒါကြောင့် ပြန်ခဲ့တာ၊ မေမေ့ကို သား ပြုစုပါ့မယ်၊ လုပ်ငန်းတွေကိုလဲကူညီလုပ်ကိုင်ပေးမယ်၊ အရင်လို မေမေ့အနားမှာပဲနေတော့မယ်၊ ဘယ်မှမသွားတော့ဘူး။ မငိုပါနဲ့ မေမေ ရယ်”

“လောကမှာ ဘာမှမပိုင်ပါလားဆိုတာ တရားအသိနဲ့လက်တွေ့ ကြုံပြီး သိလိုက်ရပြီလေ၊ အိမ်ကိုဆွမ်းခံကြွတဲ့ကိုယ်တော်ကလဲ မေ့ ကထိကတရားဟောဆရာဖြစ်သွားတော့ ဆွမ်းခံကြွလာတိုင်း မေမေ့ ကို တရားရေအေးအမြိုက်ဆေးတွေ မိနစ်ပိုင်းလောက်ဆီ တိုက်ကျွေး သွားတတ်တယ်”

“ကောင်းတာပေါ့ မေမေရာ”

“မင်းရဲ့မိန်းမရော”

“သူ့အိမ်မှာ ကျန်ခဲ့တယ် မေမေ”

“ဘာလို့ ခေါ်မလာတာလဲ”

“သူလဲ ဒီမှာမနေနိုင်ဘူး”

“မေမေ့ကို သိပ်ကြောက်သွားရှာမှာပေါ့။ ဟုတ်ပါတယ်လေ မေမေ့ဘက်ကလဲ လွန်သွားတာကိုး။ မေမေ့မှာ ကျောက်တစ်စုံအလိမ် ခံလိုက်ရတယ်၊ အဲဒါ မိတ်ဆွေဦးမောင်မောင်တင်ဆီက ကျောက်တစ် အစား ပြန်လိုချင်တဲ့လောဘစိတ်နဲ့ ယုန်ဖြူ့ကို စတေးမိခဲ့တယ်၊ အဲ တုန်းက ယုန်ဖြူ့ကို အရှိမ်းမုန်းနေမိတာကိုး။ ခုတော့ မေမေ နောင်တ ရပါပြီကွယ်။ ဦးမောင်မောင်တင်တို့ ထောင်ကျသွားပြီး ကျောက်မို





လာမတောင်းတော့ဘူး၊ မေမေ့ပြဿနာလဲ ပြေလည်သွားပြီ၊ ယုန်ဖြူ့ ကို စတေးလိုက်မိတာကို တနင့်နင့်နဲ့ နောင်တရနေပါတယ်၊ သားကို သူပိုင်သွားပြီလေ၊ သား ဖုန်းဆက်ပြောစာန်းက မေမေ မာန်မာနတွေ ချလို့မရသေးဘူး၊ အဲနောက်ပိုင်းမှ ချလို့ရသွားတာကွယ့်”

“စကားတွေ သိပ်မပြောပါနဲ့ မောနေပါ့မယ်၊ မျက်ရည်လဲမကျနဲ့ တော့၊ မေမေ ကောင်းတဲ့ဘက်ကိုရောက်လာလို့ သား အရမ်းဝမ်းသာ ပါတယ်၊ ယုန်ဖြူ့ကို ပြန်ခေါ် လို့ရပြီပေါ့နော်”

“ရပါပြီ သားရယ် ရပါပြီ ချွေးမအဖြစ်ထက် သမီးအဖြစ်လို သဘော ထားပါတော့မယ်”

“သား ထီဆုကြီးပေါက်တာထက်တောင် ဝမ်းသာပါသေးတယ်၊ အဲဒီလို ညှိနှိုင်းဖို့ပြန်လာတာ ခုတော့ ရေကန်အသင့်ကြာအသင့် ဆိုသလို ဖြစ်နေပြီ၊ ယုန်ဖြူ့ကို ဖုန်းဆက်ပြောလိုက်တော့မယ်နော်”

“အကောင်းဆုံးပေါ့ သားရယ်”

မင်းခန့်ထည် ဖုန်းရှိရာ သွက်သွက်ပြေး၏။ ဟမ်းဖုန်းကို ဖုန်းနား နာပင် မေမေ ထားပေး၏။ မသိမ်းဆည်း။ ကိုယ်ကသာ မာနနှင့် ဖုန်း သားပေးခဲ့မိ၏။

ဩော်... မေမေရယ် .....။

ဖုန်းဆက်ခေါ် လိုက်၏။ တစ်ဆင့်ခေါ် ဖုန်းမို့ ငါးမိနစ်ခန့်စောင့်နေရ ၏။ ဖုန်းလာကိုင်သူက ယုန်ဖြူ။

“ယုန်လေး မေမေ နောင်တရသွားပြီ၊ ယုန်လေးကို ကိုယ် ပေါ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မယ်၊ မေမေက ယုန်လေးကို သမီးအရင်းလို ချစ်ပါမယ်တဲ့၊ တကယ် ပြောနေတာနော်”

တစ်ဖက်က ယုန်ဖြူအသံကို နားစွင့်ကြည့်၏။ ယုန်ဖြူဘက်က နေ တုံ့ပြန်လာသံမှာ ...

“ယုန်မယုံဘူး ကိုကို၊ အဲဒီကို ယုန်ဖြူ လိုက်မနေရဲဘူး၊ ကိုကို့ မေမေ ရှိနေသမျှ ယုန် လိုက်မနေရဲဘူး၊ ယုန့်ကိုခွင့်လွှတ်ပါ ကိုကို၊ ယုန့်ဆီပြန်လာရင် အချိန်မရွေး တံခါးဖွင့်ထားပါတယ်၊ ယုန့်ဘက်က ဒီလောက်ပဲလိုက်လျောနိုင်တော့တယ်”

“ယုန်... မင်းကွာ သဘောမပေါက်ဘူး၊ ဆင်းရဲတဲ့ဒုက္ခကို အတင်း ခါးဇာည်းခံခိုင်းနေသလိုပဲ၊ ကိုကို့ကိုချစ်တဲ့အချစ်က အဲဒါမျိုးကြီးလား။ ကိုကို့မေမေက ဒီတစ်ကြိမ် တကယ်ကို နောင်တရနေတာ၊ အိပ်ရာထဲ တောင်လဲနေပြီ၊ ကိုကိုတို့ ပြုစုစောင့်ရှောက်သင့်တယ်၊ နောက်တစ်ခါ ပြီးခဲ့တဲ့အမှားကြီးမျိုး မဖြစ်စေရဘူး၊ ကိုကို ကတိပေးတယ်၊ လူဆိုတာ ခလိမ္မာတစ်ခါမိုက်စမြဲပါ၊ မေမေ့ကို နားလည်ပေးလိုက်ပါတော့ကွာ”

“ဟင့်အင်း ကိုကို၊ ယုန် ကြောက်တယ်၊ ယုန် မလာရဲဘူး၊ အိုကွာ... လုံးဝမလာဘူး၊ ကိုကို့မေမေ ရှိနေသမျှ လုံးဝမသွားဘူးလို့ ကိုယ့်စိတ် ကိုယ်မနိုင်မှာကြောက်လို့ ဘုရားရှေ့မှာတောင် သစ္စာဆို ထားမိသေးတယ်”

“ယုန်ရယ် လုပ်ပစ်လိုက်တယ်ကွာ”

“ယုန် ... အဟင့် ဟင့်”





“နောက်ဆုံးတစ်ကြိမ် ထပ်ခေါ်မယ်၊ ယုန် ပြန်လာပါကွာ၊ မေမေ နဲ့ ကိုကို အမြဲတမ်းကြိုဆိုနေပါ့မယ်”

“ဝမ်းနည်းပါတယ် ကိုကိုရယ်၊ ယုန် မလာနိုင်ဘူး”

မင်းခန့်ထည် ဒေါသတကြီးဖြင့် ဖုန်းချပစ်လိုက်၏။ ဖုန်းဆက်ပြော သံအားလုံးကို ဒေါ်ကြည်ကြည်ခန့် နားပါးပါးနှင့်ကြားသိလိုက်ပါ၏။

(ငါမရှိမှ ဒီကလေးမ ငါ့သားနဲ့ပြန်ပေါင်းမှာပါလား၊ ငါ့သားကလဲ သူတို့ဘဝထဲကို လိုက်နေနိုင်မှာမဟုတ်ဘူး၊ ငါ့သားအတွက် အကောင်း ဆုံးဖြစ်အောင် ငါ တစ်ခုခုလုပ်ရတော့မယ်၊ ငါ ဘာလုပ်ရမလဲ၊ ဘာလုပ် ရမလဲ)

ဒေါ်ကြည်ကြည်ခန့် စဉ်းစားခန်းဝင်သွား၏။ မင်းခန့်ထည်က မိခင်ဖြစ်သူ စိတ်မကောင်းမှာစိုး၍ ဘာမှမပြော။

မေမေရဲ့မိုက်ပြစ်မိုက်ဒဏ်ပါ သားရယ်။ မေမေ့ဘာသာ အကောင်း ဆုံးနည်းနဲ့ ရှာကြံပြီးခံယူပါ့မယ်။

သားရင်ထဲမှာ ဇလောင်ဆူပွက်နေတာကို သား ဖွင့်မပြောလဲ မေမေ သိပါတယ်။

မျက်ရည်ဥတွေ တစ်လိမ့်ချင်း ပါးပြင်ပေါ် သက်စီး၏။ စီးပါစေ လေ၊ ကြည်ကြည် မသုတ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတင်ထွန်းဖုံတစ်ယောက် ဆောက်တည်ရာမရ ဖြစ်နေ၏။ အထူးကုဆေးခန်းရဲ့နားနေခန်းထဲသို့ ဝင်းမွတ်ချောသန့်နေသော ဒေါက်တာပိုးလွှန်းနွယ် ဝင်ရောက်လာ၏။

"ပိုး မင်း ဘာတွေလုပ်နေတာလဲ၊ မင်းသတင်းတွေ အရမ်း အပုပ်နံ့ထွက်နေပြီ"

"ရှင် ... ဘာဖြစ်လို့လဲ"

"မင်း ဘာမဟုတ်တဲ့ ဂျစ်ပစီတစ်ကောင်နဲ့ စုံတွဲခုတ်နေတယ်ဆို"

"ကျွန်မတွဲနေတာ ဂျစ်ပစီမဟုတ်ပါဘူး အားမာန်ရှိတဲ့ လူငယ် သွေးသစ်လေးတစ်ယောက်ပါ။ သူ့နာမည်က လင်းယုန် တဲ့"

"မင်းက ဒေါက်တာပါ၊ ဘာမဟုတ်တဲ့ အဆင့်မရှိတဲ့ကောင်ကို မင်း အပျော်တွဲတာလား အဖော်တွဲတာလား ကိုယ့်ကို ရှင်းအောင်ပြော စမ်းပါ"





"အဖော်အဖြစ်တွဲတာ"

"ဘာ ... ဒါ ... ဒါဆို ငါ မင်းကို ပရိုပိုစ်လုပ်ခဲ့တာတွေ သဲထဲရေသွန် ဖြစ်သွားပြီလား"

"အဲလိုယူဆလို့ရသွားပါပြီ ဒေါက်တာ တင်ထွန်းဖုံ၊ ငါ ဆရာဝန်ဆိုပြီး ငါတကောကောတဲ့အကျင့်တွေ ကျွန်မမှာ မရှိတော့ဘူး၊ ရှင့်မှာ ရှိနေတာကိုပြင်ဖို့ ဆရာတော်တွေရေးထားတဲ့စာအုပ်တွေ များများဖတ်လိုက်ဦး"

ပိုးလွှန်းနွယ်က ဣန္ဒြေရရပင် ဂျူဘီကုတ်ဝတ်ဆင်ပြီး သွေးပေါင်ချိန်တိုင်းကိရိယာ၊ နားကျပ်တို့ကိုယူပြီး လူနာရှိရာအခန်းကို သွားဖို့အပြင် ဒေါက်တာတင်ထွန်းဖုံက ဆတ်ခနဲ ပိုးရဲ့လက်မောင်းကို ဖမ်းဆွဲလိုက်၏။

"ပိုး ... မင်း ကိုယ့်ကိုမလှည့်စားပါနဲ့၊ မင်းနဲ့ကိုယ်နဲ့ အတိအလင်းသာရည်းစားမဖြစ်သေးတာတွဲနေတာတော့ ဒီဆေးရုံတစ်ရုံလုံး သိတယ်၊ ကိုယ် အရှက်တကွဲအကျိုးနည်းအဖြစ်မခံနိုင်ဘူး၊ မင်း ပြင်ဆင်ဖို့ အချိန်မီပါသေးတယ်၊ အဲဒီကောင်ကိုဖြတ်ပြီး ကိုယ်နဲ့ပြန်ပေါင်းပါ၊ ကိုယ်တို့အသိုင်းအဝိုင်းဘက်က တိုက်တစ်လုံး၊ ကားတစ်စီး တင်တောင်းမှာ ပါ ပြောထားပြီးပြီ၊ ကိုးမိုင်ထဲမှာ တိုက်တောင်ဆောက်နေပြီ၊ ကိုယ့်အသိုင်းအဝိုင်းကို ကိုယ် ဘယ်လိုမျက်နှာပြရတော့မှာလဲ"

"ကိုတင်ထွန်းဖုံဘက်က တစ်ဖက်သတ်ကြီး သေချာနေတာပဲ၊ လုပ်ဖော်ကိုင်ဖက်အနေနဲ့ ကျွန်မတို့ တွဲဖြစ်ကြတယ်၊ ကျွန်မဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်နဲ့ဆုံးဖြတ်ခဲ့ရတာတွေများနေပြီ၊ ဒီတစ်ကြိမ်တော့ နှလုံးသားနဲ့ဆုံးဖြတ်လိုက်တယ်၊ ကျွန်မနဲ့လင်းယုန်ပဲ မကြာခင် လက်ထပ်တော့မယ်"

ဒေါက်တာတင်ထွန်း၏ မခံမရပ်နိုင်အောင်ဖြစ်သွား၏။ ဘောင်းဘီအိတ်ထဲက ချော့ကလက်ပုံစံမျိုးစုံကိုထုတ်ကာ စားပွဲပေါ် ချခင်းလိုက်၏။

"ပိုးကြိုက်တတ်တဲ့ ချော့ကလက်တွေလေ၊ ချော့ကလက်ပုံစံမျိုးစုံကို စားရတာ ပိုး နှစ်သက်တယ်ဆိုလို့ ကိုယ် အမြဲတမ်းဆောင်ထားတာ၊ နောက်ဆို ဒီလိုချော့ကလက်ပုံစံမျိုးစုံရဖို့ အပင်ပန်းခံလိုက်မယ်ပြီး ဘယ်သူ့ကျွေးတော့မလဲ၊ ပြောလေ"

"ကျွန်မ ချော့ကလက် သိပ်မကြိုက်တော့ဘူး၊ ထန်းလျက်ကိုပြောင်းစားတတ်နေပြီ၊ ကျွန်မယူတဲ့ယောက်ျားဟာ ဂုဏ်သိက္ခာမရှိချင်ဘူး၊ ဒါပေမယ့် ကျွန်မ တကယ်ချစ်တဲ့လူဖြစ်ရမယ်"

ပိုးလွှန်းနွယ် အခန်းအပြင်ထွက်သွားတော့ တင်ထွန်း၏ 'တောက်' ခေါက်ပြီး ချော့ကလက်တွေကို ခြေမွပျက်ဆီးပစ်လိုက်၏။ ဒေါသသွေးပူနေချိန်မှာပင် ...

"ငါ့ရင်ကိုခွဲရင် မင်းရင်လဲကွဲရစေမယ် ပိုးလွှန်းနွယ်"

ဟု စိတ်ထဲက ကျိုးဝါးဟစ်အော်ပစ်လိုက်၏။





အာကာက ဖုန်းနှင့်လှမ်းချိတ်ခေါ်၍ မင်းခန့် ရောက်သွား၏။ အာကာတို့ပိုင် စားသောက်ဆိုင်ရဲ့အထူးသီးသန့်ခန်းထဲမှာ ထိုင်ပြီး စကားပြော သောက်စားဖြစ်ကြ၏။

"ငါ့လက်ကဒဏ်ရာ သက်သာလာပေမယ့် ရင်ထဲကဒဏ်ရာကတော့ မပျောက်နိုင်သေးဘူး ကိုခန့်"

"မင်း ဘယ်သူ့ကိုတင်းနေတာလဲ"

"လင်းယုန်"

"ငါ့ယောက်ဖကိုလား၊ လျှော့ပစ်လိုက်ပါကွာ၊ ဘာမှသွားမရှုပ်ပါနဲ့တော့"

"မရဘူး၊ ဒီကောင် ဘယ်လိုအကြံကြီးသွားသလဲဆိုရင် ငါ့ချစ်သူအိုင်းရစ်ကိုတောင် ကျူးသွင်းတော့မလို့၊ ဒါတွေ အိုင်းရစ် ပြန်ပြောလို့ငါ ဒေါကန်နေတာ၊ ရှော့ကိုပါ ဆက်လွှတ်ပေးသေးတယ်၊ အိုင်းရစ်ကတောင့်ခံလိုက်လို့ ရှောလဲ လန့်ထွက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခု လင်းယုန်က လိမ္မာသွားလောက်ပါပြီ၊ သူ့ညီမအပေါ် တို့သားအမိ အမှားရှိခဲ့တာကိုလဲ ခွင့်လွှတ်နိုင်တဲ့လူ ဖြစ်နေပါပြီ၊ ငါ့မမပိုးလွှန်းနွယ်ရဲ့ မာယာပရိယာယ်ကြွယ်တာကြောင့်ပေါ့"

"အဲဒီလို ပရိယာယ်ကြွယ်လို့လဲ မပိုး ပါသွားပြီလေ၊ လင်းယုန်ရဲ့အတတ်ထဲမှာ မပိုး အရုပ်ကြိုးပြတ်ပါသွားပြီကွ"

"မင်းစကားကလဲ ရှင်းမလိုနဲ့ ရှုပ်လိုက်တာကွ"

"လင်းယုန်နဲ့မပိုး မကြာခင်မှာ လက်ထပ်တော့မယ်"

မင်းခန့်ထည်တစ်ယောက် ပြုံကြောင်ကြောင်ဖြစ်ရာကနေ ချက်ချင်း ပြူးကြောင်ကြောင်ဖြစ်သွားရတော့၏။

"ဟုတ်လို့လားကွ၊ ငါ့အစ်မ မာနခဲက လင်းယုန်လိုလူမျိုးကို စဉ်းစားပါ့မလား"

"ပညာရှိသတိဖြစ်ခဲ ဖြစ်သွားတာနေမှာပေါ့။ မပိုးကို ငါပြောပြမလို့ ဖုန်းဆက်တာ ဖုန်းပိတ်ထားတာနဲ့ချည်းတိုးနေတယ်၊ မပိုးကို မင်းရယ် ငါရယ် သွားပြောရအောင်၊ ငါက မင်းနဲ့စပ်မှတော်ရတဲ့မောင် ဆိုတော့ မင်းပါမှ ပြောလို့ဆိုလို့ပိုကောင်းမှာပေါ့"

"ငါ မလိုက်ချင်ဘူး၊ ငါ့ယောက်ဖဖြစ်နေပြီ"

"အန်တီ ဖုန်းဆက်တယ်၊ မင်းနဲ့ယုန်ဖြူ ပြတ်ပြီဆို၊ အဲဒါကြောင့် ငါ လှမ်းခေါ်လိုက်တာ"

"မပြတ်သေးဘူး၊ သံယောဇဉ်ရေစီးကြောင်းတွေပဲကွာ၊ ယုန်ဖြူကို ငါ မေ့လို့မရသမျှ လင်းယုန်ကို ငါ ဘာမှလွှန်ကျူးလို့မဖြစ်နိုင်ဘူး"





"မင်း မပြောင်းလဲသေးပါလား ကိုခန့်"

"ငါ့အမေတောင် ပြောင်းလဲနေပြီပဲ၊ မင်းလဲ ပြောင်းလဲသင့်ပါတယ်အာကာ"

"ငါက ဘာကိုပြောင်းရမှာတုန်း"

"လူကိုလူလို့မြင်ပြီး ကိုယ်ချင်းစာစိတ်နဲ့ ဖြည့်တွေးတတ်ဖို့ပေါ့"

"ငါ ကိုလင်းယုန်မဲ့သွားတာ ဒီမှာ လက်ဒဏ်ရာတောင် အရှင်းမပျောက်သေးဘူး"

"မင်းလဲ သူ့ကို ရိုက်ခဲ့ပြီးပြီပဲ"

"မင်းတို့သားအမိကြောင့် ငါ ရိုက်ခဲ့ရတာကွ၊ မင်းကြောင့် လင်းယုန်နဲ့ငါနဲ့ သူငယ်ချင်းဘဝကနေ ရန်သူဖြစ်ခဲ့ရတာ"

"ပြီးတာတွေ ထားလိုက်ပါတော့၊ ငါ့အမေတောင် ယုန်ဖြူကို ပြန်ကြည်နေပြီ၊ ယုန်ဖြူမှာ အစွမ်းသတ္တိရှိတယ်၊ သိမ်မွေ့တဲ့မိန်းကလေးဟာ ငါ့အမေ့ရှေ့မှာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလေးနေပြခဲ့တယ်၊ ဖြူစင်တဲ့ ယုန်မလေးအသွင် နေပေးခဲ့တယ်။ ငါ့အမေကို အမှုမပတ်အောင် အရှုပ်ဖာတ်ကို ရှင်းပေးခဲ့တယ်၊ ယုန်ဖြူဟာ သူ့ကိုယ်သူအစွယ်ချိုးပြီး ငါ့ကိုချစ်တဲ့စိတ်နဲ့ သူ့ကိုယ်ကျင့်ကို ချက်ချင်းပြုပြင်နေထိုင်ခဲ့တယ်။ ငါ့အတွက်တော့ ယုန်ဖြူဟာ မိုးတိမ်နန်းမှာပွင့်တဲ့ပန်းပဲ။

"တော်ပြီ ကိုခန့်၊ မင်းကို စည်းရုံးလို့မရတော့ဘူး၊ အန်တီကြောင့် စိတ်ပြောင်းသွားတာလဲ မင်း အပေါအပြောကောင်းလို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ တရားဟောဆရာဘုန်းဘုန်းရဲ့ ဟောပြောသွန်သင်မှုကြောင့် အဓိပ္ပါယ်မရှိ သုံးလူထွတ်ထား မြတ်ဗုဒ္ဓဘုရားရှင်ဟာ ရိုင်းစိုင်းမိုက်မဲသူတွေကို ယဉ်ကျေးလိမ္မာလာအောင် ဆုံးမသွန်သင်ပြသတော်မူတယ်။ ရှင်တော်ဘုရားရဲ့ သားတော် ရဟန်းသံဃာတော်တွေကလဲ ဘုရားလမ်းစဉ်အတိုင်း သွန်သင်ဆုံးမတော်မူတယ်၊ ဒါကြောင့် မေမေ စိတ်ပြောင်းသွားတာ"

အာကာ တွေငိုင်သွား၏။ သူ့လက်ကောက်ဝတ်ကိုကြည့်၏။ ပြီးတော့ အံကြိတ်၏။ ပြီးနောက် တွေဝေသွားပြန်၏။ ဒီဟာတွေအမျိုးမျိုးနှင့်...

"မင်း မလိုက်ဘဲနေ၊ ငါ မပိုးကို သွားတွေ့မယ်"

မင်းခန့်ထည် ဘာမှ ထပ်မပြောတော့။ ကျွတ်သင့်ကျွတ်ထိုက်သူမှ ချွတ်သင့်ချွတ်ထိုက်တယ်မဟုတ်ပါလား"





"မပိုး ရှေ့ဆက်တိုးမယ်ဆိုရင်တော့ အဲဒီမင်္ဂလာပွဲကို ကျွန်တော်ကိုယ်တိုင် ဖျက်မယ်၊ အရှုံးက ထိထိပေါက်သွားတယ်"

"မင်းစိတ်လျှော့စမ်းပါ အာကာ၊ သူဟာ လူကောင်းတစ်ယောက်ပါ။ ပတ်ဝန်းကျင်ရဲ့ အရောင်အရိပ်တွေစိုးလွှမ်းလွန်းလို့ မိုက်ခဲဖြစ်ခဲ့ရတာ၊ အခု သူ ကောင်းအောင်ပြင်နေပြီ မင်းသူငယ်ချင်းပါ။ မင်း မကြည့်ဆိုနိုင်ဘူးလား"

"ကျွန်တော့်လက်ကိုချိုးပြီး မပိုးရဲ့ပါးကို နှစ်ချက်ရိုက်ခဲ့တဲ့ကောင်ကို မပိုး ဘာလို့ ဂုဏ်တင်နေရတာလဲ၊ နားခါးစရာဗျာ"

"မောင်လေးအာကာ အမုန်းနဲ့ကြည့်ရင် အမုန်းလိုမြင်မှာပဲ၊ သူ မမရဲ့အသက်ကိုကယ်ခဲ့ဖူးတယ်"

ပိုးလွှန်းနွယ်က စူပါမားကက်ကြီးထဲမှာ ဖြစ်ပျက်ခဲ့တာတွေ ပြန်ပြောပြလိုက်၏။ အာကာ ငြိမ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း သဘောပေါက်နားလည်ပေးတော့နော်"

အာကာက နှာခေါင်းတစ်ချက်ပွတ်လိုက်ပြီး ...

"အဝေးကြီး မပို၊ မပိုးလဲလုပ်ချင်တာလုပ်၊ ကျွန်တော်လဲ လုပ်ချင်တာလုပ်မယ်"

အာကာတ လက်ဝါးတစ်ဖက်ကို လက်သီးနှင့်ပိတ်ထိုးပြီး ထ၊ ထွက်သွား၏။ ပိုးလွန်းနွယ်တစ်ယောက် ခေါင်းတခါခါနှင့် သက်ပြင်းချလိုက်မိတော့၏။

ဘယ်လိုအကြောင်းကြောင်းနှင့်မျှ မင်္ဂလာပွဲကို အဖျက်မခံနိုင်။

အဲဒီညမှာပဲ ဒေါက်တာတင်ထွန်းဇံဆီက ဖုန်းဝင်လာပြန်၏။ မင်္ဂလာပွဲကျင်းပတာနှင့် လာရောက်ဖျက်ဆီးပစ်မည်။ ဖြစ်ချင်တာဖြစ်တဲ့၊ နှစ်သိမ့်ပြောဆိုလို့လည်းမရ။ ဒီတော့ ...

လုပ်ချင်သလိုလုပ်လို့ ပြန်ပြောပစ်လိုက်ရ၏။ ဩော် ... ချာတိတ်လေး လင်းယုန်ရယ် မင်းကိုချစ်ရတာလည်း ရင်တုန်ရင်ခုန်စရာကြီးပါလား။ မေမေကတောင် သဘောတူပြီးသား။ မေမေ့ကိုယ်တိုင်လဲ သူများမယားငယ်ဘဝနှင့်နေခဲ့ရတာကိုး။

"သမီးလဲ ရင့်ကျက်ပြီ သမီးသဘော။ မေမေ ဘာမှမပြောလိုဘူး။ သမီး ကောင်းမယ်ထင်ရင် လုပ်သာလုပ်။ သမီးက ပညာတတ် တစ်ယောက်ပဲ ချင့်ချိန်စဉ်းစားဆုံးဖြတ်နိုင်တဲ့အသိတရားရှိတာပဲ"

မေမေရဲ့သဘောကတော့ ဒါပါပဲ။ လင်းယုန်နှင့်မင်္ဂလာပွဲကျင်းပဖို့ တိုင်ပင်ဖြစ်၏။ ဟိုတယ်(လ်)တစ်ခုခုမှာပေါ့ အချိန်နှစ်နာရီစာ ခန်းမငှား





ပြီး ကျင်းပကြမည်။ အဖျက်တွေအကြောင်း ပြောပြတော့ လင်းယုန်က ...

"ဘယ်သူ့မှဂရုမစိုက်နဲ့ မမအနားမှာ မောင်တစ်ယောက်လုံး ရှိတယ်"

"မမ ယုံပါတယ်"

"ညီမလေးတို့ အိမ်ထောင်ရေးကတော့ တန်းလန်းကြီး၊ သူတို့ကံကြမ္မာ သူတို့ဖန်တီးလိမ့်မယ်၊ ကျွန်တော် ဘာမှဝင်မပြောဘူး မမ"

"အဲဒါ အကောင်းဆုံးပဲပေါ့"

လင်းယုန်ဟာ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး ဆိုသလို လူလိမ္မာနားနီး လူလိမ္မာလေး ဖြစ်နေပါပြီ။

ပိုး သူ့ကိုယုံသည်။

ဒါကြောင့် ဘဝလက်တွဲဖော်အဖြစ် အားလုံးကို ဆန့်ကျင်တော်လှန်ပြီး ရွေးချယ်လိုက်ပြီ။

ဟိုသီချင်းလေးလိုပေါ့ ...

(သီကြားမင်းဖျက်တောင် xxx မပျက်နိုင်ပါဘူးရှင် xxx)



www.burmeseclassic.com

www.burmeseclassic.com



မောင်လင်းယုန်
နှင့်
ဒေါက်တာ ပိုးလွှမ်းနွယ်

တို့၏ လက်ထပ်မင်္ဂလာပွဲ။

ဒီစာလုံးကြီးတွေရှေ့က စင်မြင့်ငါပေါ်မှာ မြန်မာဆန်ဆန် သတို့သား၊ သတို့သမီးဝတ်စုံတွေနှင့် သားနားခံ့ညားစွာ ကနုတ်တွင်းဆိုဖာ ဆက်တီကြီးတွေပေါ်မှာ ထိုင်နေကြ၏။

သတို့သား သတို့သမီး။

အရုံတွေနှင့် နှစ်ဖက်မိခင်တွေ။ ဖခင်တွေကတော့ မရှိကြတော့။ ဒေါ်သန်းရင်ကော ပိုးလွှမ်းနွယ်ရဲ့မိခင်ပါ အပြုံးတမြမြနှင့်ပေါ့။ လူကြီးလူကောင်းတွေရော နှစ်ဖက်မိတ်သင်္ဂဟတွေပါ တစ်လုံးတစ်ခဲတည်း တက်ရောက်လာကုန်ကြ၏။ ဈေးသူဈေးသားအပေါင်း၊ ဆရာဝန်၊ ဆရာဝန်မ၊ ပါရဂူကြီးတွေ အပါအဝင် အခြားဂုဏ်သရေရှိလူကြီးမင်းတွေ တက်ရောက်လာကုန်ကြ၏။





မင်းခန့်ထည်လည်း တက်ရောက်လာသလို ယုန်ဖြူလည်း တက်ရောက်လာ၏။ အစ်ကိုအစ်မတွေ ညှော်ခံပွဲမို့ အခါတော်ပေးပြီး ဇေယျတုသဗ္ဗမင်္ဂလာအခါပေးခရာတွေမှုတ်ပြီး လက်ထပ်ကာ ရွှေရည် ငွေရည်သွန်းပြီး လက်ထပ်စာချုပ်မှာ လက်မှတ်ရေးထိုးပြီး မင်္ဂလာပွဲကြလာ ဧည့်ပရိသတ်တွေကို သတို့သား၊ သတို့သမီးတွေကိုယ်တိုင် သိုက်လံ ဧည့်ခံနေကြစဉ် ...

ခန်းမထဲကို ဧည့်သည်နှစ်ယောက် အနောက်တိုင်းဝတ်စုံ လောင်းကုတ်ရှည်၊ မျက်မှန်နက်တွေနှင့် မာဖီးယားဂိုဏ်းစတားစတိုင်(လ်) တွေနှင့် ဝင်ရောက်လာ၏။

တစ်ယောက်က ဒေါက်တာတင်ထွန်းဖံ။

နောက်တစ်ယောက်က အာကာ။

နှစ်ယောက်စလုံး မျက်နှာထားတင်းမာထားကြ၏။ သတို့သား၊ သတို့သမီး ဧည့်ခံနေရာကို တန်းတန်းမတ်မတ်လျှောက်လာကြ၏။ သတို့သား၊ သတို့သမီး အနားမှာ မင်းခန့်ထည်နှင့်ယုန်ဖြူတို့ နှစ်ယောက် ရှိနေကြ၏။ တေးသံသာတွေ တိတ်ဆိတ်သွား၏။ မင်္ဂလာပွဲလာ ဧည့်ပရိသတ်တွေက ဝင်လာသူ ဧည့်သည်နှစ်ယောက်ကို ဝိုင်းကြည့်ကုန်ကြ၏။

သတို့သားလင်းယုန်နှင့် သတို့သမီး ဒေါက်တာပိုးလွှမ်းနွယ်တို့လည်း အံ့အံ့ဩဩနှင့် ဂိုဏ်းစတားနှစ်ယောက်ကို ရပ်တန့်ငြိမ်ကြည့်နေမိကြ၏။ ထိုအတူ မင်းခန့်ထည်နှင့် ယုန်ဖြူတို့လည်း အံ့အားတွေ



www.burmeseclassic.com

www.burmeseclassic.com



သင့် ကြည့်နေမိကြ၏။

ဒေါက်တာတင်ထွန်းဖဲက ကုတ်အင်္ကျီထဲက ခြောက်လုံးပြူး သေနတ်ကိုဆွဲထုတ်ပြီး သတို့သား လင်းယုန်ကို ချိန်လိုက်၏။ အနားမှာ ရှိနေသော မင်းခန့်ထည်က လင်းယုန့်ရှေ့မှာ ပိတ်ကာလိုက်၏။ သေနတ်ပြောင်းက ဒေါက်တာပိုးလွန်းနွယ်ဘက် ပြောင်းသွား၏။ သတို့ သမီး ဒေါက်တာပိုးလွန်းနွယ်ဘက် ပြောင်းသွား၏။ သတို့သမီး ဒေါက် တာပိုးလွန်းနွယ်ရဲ့ ရှေ့မှာ ယုန်ဖြူက ပိတ်ကွယ်လိုက်၏။

ထိုစဉ်မှာပင် လျှပ်တစ်ပြက် လှုပ်ရှားလိုက်သူက လင်းယုန်။ မင်းခန့်ထည်ကို ပိတ်တွန်းလွှတ်လိုက်ပြီး တင်ထွန်းဖဲဆီ ပြေးဝင်ကာ လက်ထဲကသေနတ်ကို ရိုက်ချလိုက်၏။ ပြီးနောက် တံတောင်နှင့် ပတ် ပတ်လည်ရိုက်လိုက်ရာ တင်ထွန်းဖဲမှာ ...

"အွပ်"

ခနဲသာ အော်နိုင်ပြီး ကြမ်းပြင်ပေါ် ဒူးထောက်ကျသွား၏။ သတို့ သမီး ဒေါက်တာပိုးလွန်းနွယ်က ဆတ်ခနဲရှေ့ကိုတက်လာပြီး လွှတ်ကျ သွားသောသေနတ်လေးကို ကောက်ကြည့်လိုက်၏။

ခန်းမထဲ အံ့ဩဘနန်းအဖြစ်အပျက်ကိုတွေ့လိုက်ရ၍ ဟာင်ခနဲ ဟာခနဲဝေ့ဖြစ်ကုန်ကြ၏။

သေနတ်ကို ပိုးလွန်းနွယ်က ကိုက်ဝါးပစ်လိုက်၏။ ချော့ကလက် အကြွတ်အမာနှင့်လုပ်ထားသော သေနတ်အတုကြီးဖြစ်နေ၏။

"တင်ထွန်းဖဲ နင် ဒါ ဘာလုပ်တာလဲ"





တင်ထွန်းဖဲက ပါးချိတ်ကို လက်နှင့်အုပ်ပြီး အသာမော့ကြည့် ကာ...

"ကိုယ်... မင်းအတွက် လာလက်ဖွဲ့တာပါ။ ဒီသေနတ်က အမေရိ ကားကမှာထားလို့ ရောက်လာတာ၊ ရှားတယ်၊ တကယ့်သေနတ် အတိုင်းပဲ၊ အဲဒါကြောင့် အား... ကျွတ်... ကျွတ် နင့်ကို လက်ဖွဲ့တာ ပါဟာ"

ဘယ်သူမှ တုံ့ပြန်စကား မပြောနိုင်ပေ။ အံ့ဩတွေဝေကုန်ကြစဉ် အာကာက လက်ရှည်ကြားထဲညပ်ကိုင်ထားသည့်ဓားမြှောင်ကို ပုံ့ကိုင် လိုက်ပြီး ...

"ငါကတော့ နောက်တာမဟုတ်ဘူး၊ ဟောကောင် လင်းယုန် သေဖို့သာပြင်ပေတော့"

လုပ်မည်မထင်၍ အံ့ဩမှင်တက်နေသော လင်းယုန်ကို အာကာ က ဓားနဲ့ဝင်ထိုး၏။ သတိရှိနေသော မင်းခန့်ထည်က ရှေ့ကဝင်ခံ လိုက်၏။

"အား"

ဓားက ခေါက်ဝင်သွား၏။ ဓားရဲ့အပေါ်ယံလွှာ သတ္တုစက္ကူတွေ ကွာကျပြီး ချော့ကလက်တွေ ထွက်လာပြန်၏။

"ဟာင်"

"ဟာ"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်ထည် မသေ။ ဓားအတုဖြင့် အထိုးခံလိုက်ရခြင်းလားမသိ၊ သို့ဖြား သွေးတွေတော့ မင်းခန့်ထည်ရဲ့ဝမ်းဗိုက်မှာ ပေရွှဲစိုကုန်၏။ အာကာ က နောက်ထပ်ဓားတစ်ချောင်းကို ခါးကြားကဆွဲထုတ်လိုက်ပြီး...

"မင်းတို့က ဓားပြီးတယ်ပေါ့လေ၊ ဓားမပြီးတဲ့ ပြောမကောင်း ဆိုမကောင်း မပိုးကိုပဲသတ်မယ်၊ အချစ်မှန်နေတဲ့ မပိုးအတွက် ရော့ ..."

အာကာက ပိုးလွှန်းနွယ်ကို ပြေးထိုးလိုက်၏။ အနားမှာရှိနေသော ယုန်ဖြူက...

"မမပိုး ဘေးဖယ်"

ပိုးလွှန်းနွယ်ကိုတွန်းဖယ်ပြီး ယုန်ဖြူ ခန္ဓာကိုယ်နှင့် ထိုးခံလိုက်၏။

"စွပ်"

"အား"

"ယုန်လေး"

"ညီမလေး"

"အို ..."

ယုန်ဖြူ ဓားတန်းလန်းနှင့် လဲကျသွား၏။ သွေးတွေဆိုတာ မြင်မကောင်း။

အာကာ က ...

"ဟား ဟား ဟား ဟား"

ဒူးထောက်နေသည့် တင်ထွန်းဖုံကလည်း ထ,ရပ်လိုက်၏။





အာကာ က "ခင်ဗျားတို့ ... မင်းတို့ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတယ်၊ မေတ္တာစစ်မေတ္တာမှန်နဲ့ ချစ်ကြတယ်၊ အားလုံးရဲ့ အချစ်ကို ယုံ ကြည်သွားပြီ၊ ဟော့ကောင် မင်းခန့်ထည် မင်း မသေပါဘူး၊ ငါထိုးလိုက်တာ ချော့ကလက်ဓားအတုပါ၊ သေနတ်အတု၊ ဓားအတုနဲ့ ခင်ဗျားတို့ မင်းတို့ နင်တို့တစ်တွေရဲ့ ချစ်ခြင်းကို စမ်းသပ်လိုက်တာပါ"

"ဟုတ်ပါတယ်၊ ကိုယ်တို့နှစ်ယောက် တိုင်ပင်ပြီး ပျော်စရာအစီအစဉ်လေးအဖြစ် တင်ဆက်လိုက်တာပါ။ ညှိပရိသတ်ကြီးခင်ဗျာ စိတ်မရှိပါနဲ့၊ ဒီမင်္ဂလာပွဲမှာ နောက်ပြောင်ပြီး ဧပရယ်အရူးလုပ်လိုက်တာပါ၊ ဒီနေ့က ဧပရယ်အရူးလုပ်တဲ့နေ့ပါခင်ဗျား"

အာကာကလည်း ...

"အားလုံး အထိတ်တလန့်ဖြစ်သွားတော့ တောင်းပန်ပါတယ်။ သေနတ်က အတုကြီးပါ။ ဓားကလည်း အတုပါ၊ သွေးတွေကလဲ အတုပါ၊ ဟော့ဒီ ..."

လဲကျနေသော ယုန်ဖြူကို မင်းခန့်ထည်က ကောက်ပွေ့လိုက်၏။ လင်းယုန်၊ ပိုးလွှန်းနွယ်တို့လည်း အံ့သြမှင်တက်နေရာက ယုန်ဖြူ အနားကို ဝိုင်းကပ်လိုက်၏။

"ယုန်...ယုန်ဖြူ... ယုန်လေး"

"အား ... အင် ... ကိုကို ... ယုန် ... နာတယ်"

"ဟင် ... ဒါ ဓားအစစ်၊ ဓားအစစ်"

မင်းခန့်ထည်က ဓားရိုးကိုကိုင်ပြီး ဆွဲနုတ်ပစ်လိုက်၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အား"

လင်းယုန် ခုန်ထပြီး အာကာ့ကို ထ,ထိုးနက်တော့၏။ ဒေါက်တာတင်ထွန်းဖုံက လစ်ပြေးလေပြီ။ ပိုးလွန်းနွယ်က အတင်းလိုက်ဆွဲထားရ၏။ မင်္ဂလာပွဲတစ်ခုလုံး ထိတ်လန့်တုန်လှုပ်ကုန်၏။ မင်းခန့်ထည်က ယုန်ဖြူကိုပွေ့ချီပြီး မင်္ဂလာပွဲထဲကပြေးထွက်သွား၏။

အာကာက ပါးစပ်ထဲက သွေးတွေထွက်ပြီး ဗလုံးဗထွေးနှင့် အော်ပြော၏။

"ငါ ... ငါ မဟုတ်ဘူး၊ မားအတုတွေဆိုပြီး ဟိုလူ တင်ထွန်းဖုံ လုပ်ကြံပေးသွားတာ၊ မားအတုမှတ်လို့၊ အား ... ငါထိုးမိတာပါကွာ"

"ငါ့ညီမသေရင် မင်းလဲ သေပြီမှတ်"

လင်းယုန်ကို ဝိုင်းဆွဲထားရ၏။ ရောထွန်းတို့က အာကာ့ကို ဆွဲထုတ်သွား၏။ မင်္ဂလာပွဲထဲက ဧည့်ပရိသတ်တွေလည်း မားထိုးမှုဖြစ်တယ်ဆိုတာတွေ့လိုက်ရ၍ ထိတ်လန့်တုန်လှုပ်ပြီး ထပြန်ကုန်ကြလေသည်။

လင်းယုန် တုန်တုန်လှုပ်လှုပ် ရှိုက်ရှိုက်ငို၏။ ပိုးလွန်းနွယ်ပါ လင်းယုန်ကိုဖက်ပြီးငို၏။

ဒေါ်သန်းရင်နှင့် ပိုးလွန်းနွယ် အမေက လာရောက်နှားချကြ၏။ နှစ်ဖက်လူကြီးမိဘတွေလည်း ဝိုင်းဝန်းနှစ်သိမ့်ကာ ယုန်ဖြူနောက်ကို လိုက်ဖို့ အားလုံး တာစူကုန်ကြ၏။

မင်းခန့်ထည်တစ်ယောက် ယုန်ဖြူကို ကားပေါ်ပွေ့တင်ပြီး





နီးရာ အထူးကုဆေးရုံကြီးဆီ အပြင်းမောင်းလေပြီ။ နောက်က ဆွေမျိုးအုပ်စု တွေကားတသီကြီးနှင့်လိုက်လာကြ၏။ ဖုန်းဆက်ပြီး ဘယ်ဆေးရုံလဲ မေးကြ၏။

S.S.Cလို့သာ မင်းခန့်ထည် တစ်လုံးတည်းတုံ့ပြန်အော်လိုက်နိုင်၏။ ယုန်ဖြူသာသေရင် ... ဆက်မတွေးရဲတော့။ ယုန်ဖြူ ရှင်ကိုရှင်ရမည်။

ဒီယုံကြည်ချက်တစ်ခုတည်းနှင့် မင်းခန့်ထည် အသက်ရှူရှိုက်သွင်းသံတွေ တုန်ခုန်နေရခြင်းလည်းဖြစ်၏။

အရှိန်ဖြင့်မောင်းလာသော မင်းခန့်ထည်ရဲ့ကားက လမ်းထဲက ထွက်လာသော ဒိုင်နာကားကို ကွေ့ရှောင်ရင်း လမ်းဘေးအုတ်ခုံကို...

"ဒုန်း"

"ခလွမ်း"

ဝင်တိုက်မိသွား၏။ မင်းခန့်ထည် ရှေ့မှန်နှင့်ခေါင်းဆောင့်မိပြီး သတိမေ့သွား၏။

အမှောင်၊ လုံးဝအမှောင်ထဲ လွင့်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ယုန်ဖြူ သတိပြန်ရလာ၏။ ကားတိုက်မှုဖြစ်လိုက်တာကိုလည်း သိလိုက်ရ၏။

"သမီးလေး သတိရပြီလား"

"ညီမလေး ယုန်ဖြူ"

"ညီမ ... ညီမလေး"

"အား ... ကျွတ် ... ကျွတ်"

ခေါင်းအနည်းငယ်ထိသွားပြီး ဓားဒဏ်ရာကိုလည်းကုစားထား၏။ စိုးရိမ်စရာအခြေအနေမရှိတော့၍ ဆရာဝန်ကြီးက ဝင်တွေ့ခွင့်ပေးထား၏။

"ကို ... ကိုကို ... ကိုကိုရောဟင်"

"ရှိပါတယ်၊ သူလဲ သက်သာပါတယ်"

လူနာသုံးခေတ်မီခုတင်ကြီးပေါ်မှာ ဖွေးလျှံနုညံ့သော လူနာအဝတ်အစား၊ ပတ်တီးခေါင်းပေါင်းလေးနှင့်လှဲနေသော ယုန်ဖြူ့အနားမှာ...

ဒေါ်သန်းရင်၊ ပိုးလွန်းနွယ်တို့သားအမိ၊ လင်းယုန်၊ ဈေးထဲက လူကြီးတွေ ဝိုင်းဝိုင်းလည်နေ၏။





"ယုန်ကိုပြောပါ၊ ကိုကို တစ်ခုခုဖြစ်သွားပြီလားဟင်၊ မျက်နှာတွေလဲ မကောင်းကြဘူး"

ပိုးလွန်းနွယ်က ကြားဝင်ပြီးပြောလာ၏။

"မောင်လေး မင်းခန့်ထည်က ဟိုဘက်ခန်းမှာပါ၊ ခေါင်းထိသွားတယ်၊ ရင်ဘတ်က နံရိုးနှစ်ချောင်းကျိုးသွားလို့ အတွင်းလူနာအဖြစ် တက်နေတယ်။ ယုန်ဖြူကတော့ အစာအိမ်နဲ့ အူတွေကို ဓားမထိလို့ တော်သေးတာပေါ့၊ ခေါင်းထိတာလဲ နည်းနည်းပါ၊ စိုးရိမ်စရာမရှိပါဘူး၊ မောင်လေးရဲ့ခေါင်းကို ဓာတ်မှန်ရိုက်ကြည့်နေလို့ ခဏစောင့်နေတာပါ၊ မကြာခင် မောင်လေးနဲ့တွေ့ပေးမှာပါ"

လင်းယုန်ကလည်း...

"ဟုတ်တယ် ညီမလေး၊ မင်းတို့ဇနီးမောင်နှံရဲ့ သစ္စာပြောင်မြောက်မှုကို အစ်ကိုတို့လင်မယားက ချီးကျူးထောပနာပြုပါတယ်၊ တို့အပေါ်ထားတဲ့ ညီမလေးနဲ့ယောက်ဖတို့ရဲ့မေတ္တာစေတနာ အသက်ပါစွန့်ပုံတာတွေဟာ အံ့မခန်း ကြက်သီးထလောက်ပါတယ်။ ဒါကြောင့် ညီမလေးတို့ချစ်ခြင်းကို အစ်ကို ဘယ်တော့မှမခွဲတော့ဘူးလို့ ရာသက်ပန် ကတိပေးပါတယ်"

ယုန်ဖြူက ကျေးဇူးတင်သောမျက်လုံးလေးဖြင့် ပြန်ကြည့်လာ၏။

"အစ်ကိုနဲ့မမပိုးတို့ရဲ့ မင်္ဂလာပွဲ ပျက်သွားတာ စိတ်မကောင်းပါဘူး"

"မပျက်ပါဘူး ယုန်ဖြူရဲ့၊ မင်္ဂလာပွဲ အထမြောက်အောင်မြင်ပြီးမှ ဒါတွေဖြစ်လာတာပါ၊ ဟုတ်တယ်နော် မောင်"

"ဟုတ်တယ် ညီမလေး၊ အာကာနဲ့ဒေါက်တာတင်ထွန်းဖုံတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရဲက ဖမ်းသွားပြီ၊ ညီမလေး တို့ သတိလစ်နေတာ နှစ်ရက်လောက် ရှိသွားပြီ၊ ရန်ရှင်းသွားတာပေါ့၊ ပြီးတော့ ...”

လင်းယုန် ပြောရခက်နေတုန်း ဗိုးလွှမ်းနွယ်က ကြားဖြတ်ဝင်ပြော လာ၏။

“ဒေါ်ကြည်ကြည်ခန့်လဲ သူ့သားကို လာစောင့်ကြည့်သွားတယ်။ သူ့သား သတိရတော့မှ ယုန်ဖြူတို့နဲ့ ရင်မဆိုင်ရဲလို့ စစ်ကိုင်းတောင်မှာ တရားသွားအားထုတ်ဖို့ သူ့သားကိုခွင့်ပန်သွားတယ်။ အဲဒီမှာ ဇရပ် ဆောက်ထားတယ်လေ၊ သူ သေဆုံးတဲ့အထိ အဲဒီမှာပဲနေသွားဖို့ ပြောပြီး ဒီနေ့မနက်ပဲ ခရီးထွက်သွားရှာပြီ”

ယုန်ဖြူ အံ့ဩတွေမောသွား၏။ ဒေါ်သန်းရင်က...

“နှစ်ဖက် လှသွားသလို နှစ်ဖက် ကောင်းသွားတာပေါ့ သမီးရယ်၊ သူလဲ အကျွတ်တရားရ၊ သမီးတို့လဲ စိတ်ချမ်းမြေ့သွားတာပေါ့၊ ဖေသမက် နဲ့သာ ဖေသမီးလေးလိုက်နေပါတော့၊ မေမေ စိတ်ချသွားပါပြီ”

ယုန်ဖြူက ဝမ်းသာမျက်လုံးဖြင့် မိခင်ကိုကြည့်၏။ ပြီးနောက် လင်းယုန်ရဲ့သဘောကိုသိလိုတာနှင့် လှမ်းကြည့်၏။

လင်းယုန်က ...

“အစ်ကိုလဲ အဲဒီလိုသွားနေဖို့ လုံးဝခွင့်ပြုလိုက်ပြီ ဟုတ်ပြီလား”

အခြေအနေအရပ်ရပ်က အားလုံးကောင်းမွန်ငြိမ်းချမ်းသွားလေ ပြီ။ တွန်းလှည်းလေးဖြင့် မင်းခန့်ထည်ကို သူ့သူငယ်ချင်းတွေကတွန်း ပြီး ခေါ်လာကြ၏။

“ယုန်... ယုန်ဖြူ”





“ကို... ကိုကို”

ချစ်သူနှစ်ဦး ဒဏ်ရာကိုယ်စီဖြင့် ပြန်တွေ့လိုက်ရ၍ ဝမ်းသာဝမ်း နည်းကြီးတွေဖြစ်ကုန်ကြ၏။ ကျန်လူတွေက အလိုက်သိသိဖြင့် အပြင် ထွက်ပေးကုန်ကြ၏။ အခန်းကျယ်ကြီးထဲမှာ ယုန်ဖြူနှင့် မင်းခန့်ထည် တို့သာ ကျန်ရစ်ခဲ့၏။

“ယုန် ဘာမှမဖြစ်တော့ဘူးနော်၊ ကိုကို့မှာ စိတ်ပူလိုက်ရတာကွာ”

“ဟုတ်၊ ကိုကိုလဲ ဘာတွေဖြစ်သွားသေးလဲဟင်၊ တွန်းလှည်းကြီး နဲ့ ခြေထောက်အောက်ပိုင်းတွေ ထိခိုက်သွားလို့လား”

“မဟုတ်ဘူး၊ ကိုကို မူးတာမော်တာဖြစ်မှာစိုးလို့ လမ်းမလျှောက် ခိုင်းသေးတာ၊ ယုန်ဖြူ့ ကိုတွေ့ချင်လွန်းလို့ နားပူနားဆာတိုက်တာနဲ့ ဆရာဝန်က ဒီလိုဝှီးချဲနဲ့လာတွေ့ခိုင်းတာပါ”

မင်းခန့်ထည်က ယုန်ဖြူ့လက်ကလေးကို ဆုပ်ကိုင်နွေးထွေးထား လိုက်၏။ ယုန်ဖြူကလည်း ကိုကို့လက်ကို မလွှတ်တမ်း ပြန်ဆုပ်ထား၏။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မြင်တွေ့ပြုံးလိုက်ကြမိ၏။

“ကိုကိုနဲ့ ပြန်နေပါနော်”

“နေမှာပေါ့ ကိုကိုရယ်”

“ဘယ်တော့မှ ဖြန်မခွဲကြေးနော်”

“တစ်သက်လုံး မခွဲတော့ဘူး”

“နေကောင်းပြီးအားပြန်ပြည့်ရင် အများကြီးချစ်ကြမယ်နော်၊ ကိုယ့် အိမ်မှာလေ လွတ်လွတ်လပ်လပ်ပေါ့၊ မေမေ တရားစခန်းဝင်သွားပြီ”

“ယုန် သိပြီးပါပြီ ကိုကိုရယ်၊ ကိုကို့သဘောပါပဲ”

www.burmeseclassic.com



"ချစ်လိုက်ရတာ ယုန်လေးရယ်၊ ကိုကိုတော့ သေပြီထင်တာ၊ အင်း... ဝိညာဉ်ဘဝများရောက်နေသလားတောင်ထင်မိရဲ့"

"ဟုတ်တယ်နော်၊ တကယ့်ဘဝအစစ်မှဟုတ်ရဲ့လားတောင် ယုန်လဲ ထင်နေတာ၊ အခြေအနေတွေ အကုန်ကောင်းနေလို့ လူ့ဘဝဆိုတာ ဗုံလုံတစ်လှည့် ငါးပုံတစ်လှည့်ပါလား"

"အဆိုးတွေပြီးသွားလို့ အကောင်းတွေလာတာနေမှာပေါ့၊ ကဲ... တို့နှစ်ယောက် ဝိညာဉ်တွေ ဟုတ်,မဟုတ် စမ်းသပ်တဲ့အနေနဲ့ ယုန့်လက်ကလေးကို နမ်းမယ်"

"ဟာကွာ ကိုကိုကလဲ လူတွေနဲ့ ရှက်စရာကြီး"

"သူတို့က အပြင်မှာပါ ကိုယ့်ဘဝရဲ့ မိုးတိမ်နန်းက ပန်းကလေးရဲ့၊ ကိုယ်လိုစိတ်ဓာတ်မျိုး ယုန်လေးမှာရှိနေတော့ ကိုယ်က မိုးတိမ်နန်းဆို ယုန်လေးက ကိုယ့်ဘဝနဲ့တန်းတူပန်းကလေးဖြစ်သွားပြီပေါ့ကွာ"

"ကိုကိုနော် ညာတာပါတေးနဲ့ ရေ့နားတိုးလာပြန်ပြီ၊ ပါးကိုတော့ ဟင်းနော်"

"မရဘူးကွာ၊ ဖွတ်ချစ်မှာပဲ"

"ရှုတ်"

"အို... လုပ်ပြန်ပြီ၊ ဒီလောက်ကဲနေတာ ပြန်ပေါင်းရင် အကြောက မလွယ်တော့ဘူး"

"ယုန်လေးနဲ့ ခွဲအိပ်ရတဲ့ညတွေ၊ ယုန်လေးမရှိတဲ့နေ့တွေမှာ ကိုကို ဘယ်လိုမှနေလို့မရဘူး၊ ဟိုငှက်မောင်နှံလို တစ်ညလေးဝေးရတာနဲ့ ရက်ပေါင်းခုနစ်ရာ ဝေးရတယ်ဆိုတာ ကိုကို ယုံသွားပြီ"





"ဘယ်ငှက်လဲ၊ ငှက်ကြီးဝန်ပိုလား"

"ကိန္နရီကိန္နရာလေ၊ မသိချင်ယောင်ဆောင်တဲ့ ငါ့မိန်းမ ကြာပါတယ်ကွာ ..."

မင်းခန့်ထည်က နုတင်ပေါ်ကိုတက်လိုက်၏။ ယုန်ဖြူက အလန့်တကြားဖြင့် ...

"အို... ဆင်းပါ၊ ဆရာဝန်, ဆရာမနဲ့ အိမ်ကလူတွေ,ဧည့်သည်တွေ ဝင်လာလို့မြင်သွားရင်တော့ မဟာအရှက်တော်ကွဲရချည့်ရဲ့"

"လူတိုင်းမှာ အချစ်ရှိတယ်၊ ကိုယ်တို့ချစ်ကြတာကိုလဲ သူတို့ နားလည်မှာပါ"

"မဆိုးနဲ့ကွာ၊ အိုကွာ ... ကိုကိုရယ်"

"သိပ်ချစ်လွန်းလို့ပါ ယုန်လေးရယ်"

"အိုကွယ်"

ချစ်သူနှစ်ဦးရဲ့ ကြည်နူးမှု အချစ်ပန်းတွေ ဆေးခန်းကျယ်ကြီးထဲမှာ တစ်ပွင့်ပြီးတစ်ပွင့် ဝေလိုက်ကြွေလိုက်နှင့် စီးမျောလည်ပတ်နေတော့၏။

ဒုက္ခရာတွေကိုလည်း မေ့ကုန်ကြလေပြီ။

လင်းယုန်နှင့်ပိုးလွန်းအိမ်တို့ ဝင်တွေ့ဖို့ ဝင်လာကြပြီးမှာ နှစ်ယောက်သား မျက်စိတွေအမြန်ပိတ်ပြီး ရင်တဒိတ်ဒိတ်ဖြင့် ပြန်ထွက်လာကုန်ကြ၏။

"ငါ့မောင်ကလဲ ကဲလိုက်တာနော်"

ပိုးလွန်းနွယ်က ရှက်မျက်နှာထား ပန်းရောင်လေးလွှားပြီး ပြောလာ၏။ လင်းယုန်က မျက်နှာကြီးရဲတွတ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တောက် … မင်းအစ်မနဲ့ငါ ဒီညတော့ တွေ့ကြပြီပေါ့ ယောက်ဖ ရာ၊ လောကမှာ သူ့အလှည့် ကိုယ့်အလှည့်ဆိုတာ ရှိတယ်ကွ"

"အို… မောင်ကလဲ သူတို့က ဖက်ရုံဖက်နေတာပါနော်"

"မမကိုလဲ ကျွန်တော် တစ်ညလုံး ပြန်ဖက်ထားမယ်လို့ ပြောနေ တာပါဗျာ"

"ဟင်း … လူတတ်ကြီး"

"နုပျိုဝင်းအိနေတဲ့ မမရဲ့အချစ်ကို ငတ်မွတ်နေတဲ့ လူငတ်လေးပါ မမရဲ့"

နှစ်ယောက်သား အခန်းရှေ့မှာ တံခါးစောင့်ပေးရင်း တီးတိုးရယ် မောလိုက်ကြကုန်၏။ လူကြီးတွေကတော့ မသိ။ ဖြစ်ခဲ့ပြီးသမျှ ရင် ထိတ်လန့်ဖွယ်ရာအကြောင်းကို ပြန်ပြောင်းအတင်းတုပ်လျက် ရှိနေ ကြလေကုန်တော့သတည်း။

ပျော်ရွှင်ငြိမ်းချမ်း ချစ်ခြင်းအာနုဘ်များဖြင့်
ထာဝရပေါင်းဆုံနိုင်သောသူတွေဖြစ်ကြပါစေတော့သတည်း …..။ ။

ရိုက်

ရွှေသမင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com